
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


ဝင်းကြွယ်

မိုးကုပ်စက်ဝိုင်းရန်နိမ်သိုင်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၉၃၀၆၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၁၉၀၆၁၀

ထုတ်ဝေသူ - ဦးချစ်ညွှန့်

(စင်ရဲ့စာနှာစာပေ)

အမှတ် (၂၀၅)၊

မြို့သစ် (၄)လမ်း၊ အင်းစိ

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျော်စိန်

(ကျောက်စိမ်းအော့ဖ်ဆက်

၁၇၁၊ ၃၃-လမ်း။

စီစဉ်သူ - မောင်တင်ရွှေ

မျက်နှာဖုံးပန်းချီ - သိဇာ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၇၅၀ ကျပ်

ပထမအကြိမ် - ဒီဇင်ဘာလ၊ ၂၀၀၆။


# ဝင်းကြွယ်

# မိုးကုပ်စက်ဝိုင်း ရန်နိမ်သိုင်း

## ဒုတိယပိုင်း(ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

ဘုရား ၊ တရား ၊ သံဃာ
အမိ ၊ အဖ ၊ ဆရာသမား
အနန္တော အနန္တ ငါးပါးအား
ဦးထိပ်ထားလျက်

ရွှေဟင်္သာ
စာပေ

(ရွှေဟင်္သာစာပေ)
အမှတ်(၂)ဘယသုန္ဒိလမ်း၊ ကျောက်မြောင်း
တာမွေ၊ ရန်ကုန်မြို့။



## အခန်း(၁)

လက်ဖွာမင်းသား ရင်မိန်ယန်သည် စိတ်တိုင်းကျ ပြည့်စုံရွာသို့ ရောက်လာပြီး အထူးညစာ စားသောက်ပွဲ ခင်းကျင်းကာ သိုင်းမင်းသား ကျွန်းထင်ကျင့်၊ ကျောက်စိမ်းမင်းသား အိုက်တဲ့ရင့်၊ မိုးစပ်စု ကောင်းလင်ဖုန်း၊ ပလွေနက် စွန်းလူယိနှင့် မီးခဲထန်ဟန်တို့ကို ဖိတ်ကြားခဲ့သည်။

ညစ်ခံပွဲသို့ ကျွန်းထင်ကျင့် ရောက်ရှိလာပြီး ကျန်လူများ ခြေရာပျောက်နေသောကြောင့် ရင်မိန်ယန်မှာ အတော်ပင် အတွေးရခက်နေသည်။

ရင်မိန်ယန်သည် ကျွန်းထင်ကျင့်ဘက်လှည့်ကာ ...

"ဒါက ဘယ်လိုဖြစ်တာလဲ၊ ဒီလူတွေ တစ်ယောက်ပြီး တစ်ယောက် ဘာကြောင့် ခြေရာပျောက်ကုန်ကြတာလဲ"

ကျွန်းထင်ကျင့်က ခေတ္တတွေဝေစဉ်းစားလိုက်ပြီး ...

"အိုက်တဲ့ရင့်နဲ့ ကောင်းလင်ဖုန်းတို့နှစ်ယောက်ဟာ ဝမ်လင်ထူးနဲ့ ရင်ဆိုင်တိုက်ခိုက်တဲ့နေရာမှာ ဒဏ်ရာရသွားကြဟန် တူတယ်။ ဒါကြောင့် သူတို့နှစ်ယောက် လူသူကင်းဝေးတဲ့နေရာ တစ်နေရာရာမှာ ပုန်းအောင်းပြီး ဒဏ်ရာကို ကုနေကြတာ ဖြစ်နိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"စွန်းလှုယိကျတော့ရော"

"စွန်းလှုယိဟာ ရိုးသားပြီး အေးချမ်းတိတ်ဆိတ်တာကို သဘောကျတယ်၊ အရှုပ်အခဲတွေးတွေထဲမှာ မပါချင်ဘူး။ တကယ်လို့ သူဟာ တောတောင်ထဲမှာ မျက်စိလည်လမ်းမှားနေတာမဟုတ်ရင် ဒီရွာကနေ ထွက်သွားတာ ဖြစ်ချင်ဖြစ်နိုင်တယ်"

ရင်မိန်ယန်က ခေါင်းကို ခါယမ်းလျက် ...

"ခင်ဗျားပြောတာ ဖြစ်နိုင်မယ်မထင်ဘူး"

"ဘာကြောင့်လဲ"

"စွန်းလှုယိအကြောင်းလည်း ခင်ဗျား သိတာပဲ၊ သူသာ ရိုးသားဖြောင့်မတ်တယ်ဆိုရင် အခုလို တည်းခိုခန်း စားသောက်ခတွေကိုလည်း မရှင်းပေးတဲ့အပြင် ဆိုင်ရှင်ကိုလည်း အသိမပေးဘဲနဲ့ သည်အတိုင်း ထွက်ခွာသွားပါ့မလား"

"အင်း ... ခင်ဗျားပြောတာလဲ ဟုတ်တာပဲ"

"ထန်ဟာန်ကို ရှာမတွေ့တာကိုတော့ ကျွန်တော့်အဖို့ သိပ်မဆန်းပါဘူး၊ ထန်ဟာန်ဟာ ခြေထောက် ပေါ့ပေါက်နေသလို လျှောက်သွားနေတတ်တယ်၊ သူ့ကို ရှာတွေ့ဖို့ဆိုတာက လေကို ဖမ်းရတာထက် ခက်ဦးမယ်"

"ကျွန်တော့်စိတ်ထင်တော့ ဒီညစားသောက်ပွဲမှာ ကျွန်တော် ပါတယ်ဆိုတာကိုသိလို့ ထန်ဟာန် တမင်ရှောင်နေတာ ဖြစ်လိမ့်မယ်"

"ခင်ဗျားနဲ့ ထန်ဟာန်တို့ ပြဿနာဖြစ်နေကြပြီ ထင်တယ်"

"ပြဿနာရယ်လို့တော့ မဟုတ်ပါဘူး၊ ဒီလို ပြောတဲ့စကား မတည်တာကြောင့် ကျွန်တော့်ကို မျက်နှာချင်းမဆိုင်ဝံ့ပဲ ဖြစ်နေမှာပါ"



"ရင်မိန်ယန်ရေ နောက်ကွယ်မှာ သူတစ်ပါးအကြောင်း မကောင်းပြောတတ်တဲ့လူနဲ့ ကြည့်ပေါင်းနော်"

အသံမှာ ထန်ဟာန်၏အသံ ဖြစ်နေသောကြောင့် ရင်မိန်ယန်နှင့် ကျန်းထင်ကျင့်တို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

"ဟော ... ထန်ဟာန် ရောက်လာပြီ"

ရင်မိန်ယန်က တီးတိုးရေရွတ်သည်။

မကြာမီမှာပင် ဧည့်ခန်းဆောင်ထဲသို့ ထန်ဟာန် လျှောက်လှမ်းဝင်လာသည်။

"ဘယ်လိုလဲ ကျန်းထင်ကျင့်၊ ကျွန်တော်နဲ့က ဘယ်နေရာမှာများ စကားမတည်ခဲ့သလဲ"

အခန်းထဲရောက်သည်နှင့် ထန်ဟာန်က ကျန်းထင်ကျင့်ကို မေးလိုက်သည်။

"ရိပ်ရင်ကူနဲ့ပတ်သက်ပြီး ခင်ဗျား ဘယ်လိုပြောခဲ့သလဲ"

"ရိပ်ရင်ကူကို ရှေ့လ ငါးရက်နေ့ ပြည့်စုံစားသောက်ဆိုင် အရောင်းအဝယ်ပွဲ အချိန်မတိုင်မီ ပြန်တွေ့ရမယ်လို့ ပြောခဲ့ပါတယ်"

"ကျွန်တော် ရိပ်ရင်ကူကို အခုထက်ထိ မတွေ့ရသေးဘူး"

"ကျွန်တော်က တွေ့ကောင်းတွေ့နိုင်မယ်လို့သာ ပြောခဲ့တာပါ၊ လာမဲ့ လဆန်းငါးရက် ပြည့်စုံစားသောက်ဆိုင် အရောင်းအဝယ်ပွဲ အချိန်ထက် ပိုမကြာနိုင်တာကိုပဲ သေချာပေါက် ပြောခဲ့ပါတယ်၊ ဒါပေမဲ့ ကိစ္စမရှိပါဘူး၊ တကယ်လို့ ခင်ဗျားက မစောင့်နိုင်ရင် ဒီညစားသောက်ပွဲ ပြီးတာနဲ့ ခင်ဗျားကို ရိပ်ရင်ကူဆီ ခေါ်သွားပေးပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ဘာကြောင့် မစောင့်နိုင်ဝဲ့ ဖြစ်နေရမှာလဲ"

"ဒါဆိုရင် ဒီကိစ္စကို အသာထားလိုက်ပေါ့၊ ကဲ... ကျွန်တော်နဲ့ ခါတိုင်းလို အရက်သောက် ပြိုင်ချင်သေးသလား"

"အသင့်ပါပဲ၊ ဒါပေမဲ့ ဒီနေ့ည ညစာ စားသောက်ပွဲဟာ ရင်မိန်ယန်က ကျွန်တော်တို့ကို ဧည့်ခံတာ ဖြစ်တယ်၊ ခင်ဗျားနဲ့ ကျွန်တော် အရက်ပြိုင်သောက်လို့ ဘယ်သူရှုံးရှုံး ခါတိုင်းလောင်းနေကျလို အရက်ဖိုးရှင်းပေးစရာ အကြောင်းမရှိဘူး"

"ဒါဆိုရင် ခင်ဗျားကြိုက်တဲ့ လောင်းကြေးကို ပြောလေ"

"ကျွန်တော် ရှုံးရင် အသာပြာတစ်သိန်း ပေးမယ်၊ ခင်ဗျား ရှုံးတယ်ဆိုရင်တော့ ကျွန်တော်ခိုင်းတဲ့ အလုပ်တစ်ခုကို လုပ်ပေးရမယ်"

"ကောင်းပြီ စိန်လိုက်"

တစ်ယောက်တစ်ခွက်စီနှင့် သောက်လာခဲ့ကြရာ နောက်ဆုံးတွင် ထန်ဟန်က အရင်မူးကာ အိပ်ပျော်သွားလေတော့သည်။

* * *

ညသန်းခေါင်ကျော်နေပြီ ဖြစ်သည်။

မည်းမည်းသဏ္ဍာန်တစ်ခုသည် ပေါ့ပါးသွက်လက်သော ကိုယ်ဟန်ဖြင့် နတ်နန်းဆောင် တည်းခိုရိပ်သာ အထူးတည်းခိုဆောင် အမှတ် (၁)၏ ခြံဝင်းအနောက်ဘက်မှ အပြင်သို့ ခုန်ထွက်လာသည်။

ထိုညသည် လသာသောည ဖြစ်သည်။



ထိုသူ၏ အဝတ်အစားများသည် အဖြူရောင်ဖြစ်ရာ လရောင်တွင် လင်း၍နေသည်။ သို့သော် သူ၏ လှုပ်ရှားမှုများသည် မြန်ဆန်လှသောကြောင့် ရုတ်တရက် ကြည့်လိုက်လျှင် လူတစ်ယောက် လျှောက်လှမ်းသွားနေသည်ဟုပင် မထင်ရ။ အဖြူရောင်တစ်ချက် လင်းလက်သွားသည်ဟုသာ ထင်ကြပေမည်။

ပြည့်စုံစားသောက်ဆိုင် ပရဝဏ်တစ်နေရာရှိ စာကြည့်ဆောင်တွင်မူ မီးရောင်လေး လင်းလက်နေသည်။

ဤစာကြည့်ဆောင်သည် ပြည့်စုံစားသောက်ဆိုင်၏ အထူးသီးသန့်နေရာ ဖြစ်သည်။

စားသောက်ဆိုင် အမှုထမ်းများထဲမှ အထူးခွင့်ပြုချက်ရရှိသူများသာ ဝင်ထွက်နိုင်ခွင့် ရှိသည်။

လူတွင်ကျယ် ပိုင်ထင်တိန်းသည် စာကြည့်ဆောင်တွင် ထိုင်နေသည်။

သူ့စားပွဲပေါ်တွင် မီးအိမ်တစ်အိမ်ထွန်းထားကာ စာရင်းစာအုပ်အမျိုးမျိုးတိုလည်း ပြန့်ကျဲလျက် ရှိနေသည်။

ပိုင်ထင်တိန်းသည် စာရင်းစာအုပ်တစ်ခုကို ဖတ်နေရာမှ အသာ မတ်တတ်ထရပ်လိုက်သည်။

ထိုအချိန်မှာပင် စာကြည့်ဆောင် တံခါးဝဆီမှ ခြေသံသဲ့သဲ့ ပေါ်ထွက်လာသည်။

"ကြယ်တံခွန် စေတမန်လား"

ပိုင်ထင်တိန်း ခပ်တိုးတိုး မေးသည်။

"ကောရဲဗိမင်းရဲ့ ကြယ်တံခွန်ခုနစ်က အမတ်ကြီး ပိုင်ထင်တိန်းကို လာရောက်ဂါရဝပြုပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



စကားသံနှင့်အတူ စာကြည့်ဆောင်၏တံခါး ပွင့်သွားကာ အဖြူရောင် ဝတ်စုံဝတ်ထားသည့် လက်ဖွာမင်းသား ရင်မိန်ယန် လျှောက်လှမ်းဝင်လာသည်။

စောစောက နက်နန်းဆောင် တည်းခိုရိပ်သာ အထူးတည်းခိုဆောင် အခန်းအမှတ် (၁) ထဲမှ လျင်မြန်စွာ ခြေဖွတ်ထွက်ခဲ့သည်။

အဖြူရောင် ဝတ်စုံဝတ် လူမှာ ရင်မိန်ယန်ပင် ဖြစ်ပေသည်။

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ခေါ်လိုက်သည့် အခေါ်အဝေါ်တို့မှာ ထူးခြားလှသည်။ ရင်မိန်ယန်က ပိုင်ထင်တိန်းကို အမတ်ကြီးဟုခေါ်ပြီး ပိုင်ထင်တိန်းက ရင်မိန်ယန်ကို ကြယ်တံခွန်စေတမန်ဟု ခေါ်နေသည်။

သူတို့နှစ်ယောက်တွေ့ဆုံရာတွင် တစ်ယောက်ကို တစ်ယောက် ခေါ်ဝေါ်ကြသည့် အခေါ်အဝေါ်များကို ကြားရလျှင်လည်း အလွန်ပင် အံ့ဩသွားကြပေမည်။

ကေရာဇ်မင်း ဆိုသူက မည်သူဖြစ်မည်နည်း။

သိုင်းလောကတွင် ဂိုဏ်း၊ ဂေဟာ၊ ရဲတိုက် စသည့် အခေါ်ဖြင့် အဖွဲ့အစည်းများ ရှိသော်လည်း နန်းတော်အသွင်ဖြင့် ဖွဲ့စည်းသည့် အဖွဲ့အစည်းမျိုးကား မရှိခဲ့ပေ။

ယခု သူတို့နှစ်ယောက် ပြောဆိုနေပုံအရဆိုလျှင် သူတို့၏ အဖွဲ့အစည်းမှာ အတော်ပင် ကြီးကျယ်ခမ်းနားပေမည်။

နန်းတော် ဖွဲ့စည်းပုံသဘောအရဆိုလျှင် အမတ်ကြီးဟု အခေါ်ခံရသည့် ပိုင်ထင်တိန်းမှာ အတော်ပင် အဆင့်မြင့်ပေမည်။ ပိုင်ထင်တိန်းက ရင်မိန်ယန်ကို လေးလေးစားစားပင် ပြောဆို



ဆက်ဆံသည်ကိုထောက်လျှင် ကြယ်တံခွန်စေတမန် ဆိုသည်မှာလည်း အဆင့်နိမ့်မည် မဟုတ်ပေ။

* * *

ပိုင်ထင်တိန်းသည် အသာလက်ရိပ်ပြကာ ရင်မိန်ယန်ကို နေရာပေးလိုက်သည်။

"လက်ဝဲလက်ယာ စစ်တဲကြီးနှစ်ယောက် အမတ်ကြီးဆီ လာဆက်သွယ်ကြပြီးပြီလား"

ထိုင်ခုံများတွင် ထိုင်ကြပြီးနောက် ရင်မိန်ယန်က ပိုင်ထင်တိန်းကို မေး၏။

"သူတို့ လာရောက်ဆက်သွယ်ပြီးကြပါပြီ၊ ကေရာဇ်မင်းရဲ့ အမိန့်အတိုင်း စစ်ကဲကြီးနှစ်ယောက်ကို တာဝန်ခွဲပေးလိုက်ပြီးပါပြီ၊ ရှင်ကျန်မြို့မှာ ခေတ္တ မထင်မရှားနေထိုင်ဖို့နဲ့ အမိန့်ရမှ ရှေ့ဆက် လှုပ်ရှားကြဖို့လည်း မှာလိုက်ပါတယ်"

"မိုးကုပ်စက်ဝိုင်းဂိုဏ်းက လူတစ်ယောက်ယောက် စိတ်တိုင်းကျပြည့်စုံရွာကို ရောက်လာတဲ့သတင်းမျိုး ကြားရပြီလား"

ရင်မိန်ယန်က မေးသည်။

"အခုထိတော့ မိုးကုပ်စက်ဝိုင်းဂိုဏ်းနဲ့ပတ်သက်ပြီး ဘာသဲလွန်စမှ မရသေးဘူး"

"အခု စိတ်တိုင်းကျပြည့်စုံရွာကို ရောက်လာကြတဲ့လူတွေ အထဲက သတိပြုသင့်တဲ့လူကော ရှိလား"

ပိုင်ထင်တိန်းက ခေါင်းညိတ်ပြပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ရှိတယ်"

"ဘယ်သူတွေလဲ"

"မီးခဲထန်ဟန်နဲ့ သိုင်းမင်းသား ကျန်းထင်ကျင့်တို့ပဲ"

"သူတို့နှစ်ယောက်အပေါ်မှာ သံသယဖြစ်နေကြသလား"

"အဲဒါကိုတော့ သေသေချာချာ မပြောနိုင်ပါဘူး၊ ဒါပေမဲ့ တကယ်လို့ ပြည့်စုံစားသောက်ဆိုင်မှာ တစ်ယောက်ယောက်ကို သံသယဖြစ်မယ်ဆိုရင်တော့ သူတို့နှစ်ယောက်ဟာ ရှေ့ဆုံးက ပါလိမ့်မယ်"

"ဒီလိုဆိုရင် သူတို့နှစ်ယောက်ကို ဘာကြောင့် အပြတ်ရှင်းမပစ်ရတာလဲ"

"ထန်ဟန်နဲ့ ကျန်းထင်ကျင့်တို့ရဲ့ သိုင်းပညာဟာ နယ်နယ်ရရ မဟုတ်ဘူး၊ ကေရာစ်မင်းဆီက အမိန့်မရဘဲ သူတို့နှစ်ယောက်ကို အရမ်း ဘယ်လုပ်ရဲမှာလဲ"

"အမတ်ကြီးပြောတာ ဟုတ်ပါတယ်၊ ကျွန်တော် ဒီရွာမှာ ရက်အတော်ကြာကြာ နေဦးမယ်၊ သူတို့နှစ်ယောက်ကို ဖြေရှင်းဖို့ ကျွန်တော့်ကို တာဝန်ပေးပါလား"

"ကောင်းပါပြီ၊ ဒီကိစ္စမှာ ကြယ်တံခွန်စေတမန်ကိုပဲ အားကိုးပါတော့မယ်"

"ဒီလ ပြည့်စုံစားသောက်ဆိုင် အရောင်းအဝယ်ပွဲမှာ ထန်ဟန်ရဲ့သိုင်းပညာဇာစ်မြစ်နဲ့ ဆရာသမားအကြောင်း လျှို့ဝှက်ချက် အရောင်းအဝယ်ဖြစ်ခဲ့တယ် မဟုတ်လား"

"ဟုတ်တယ်"

"ဝယ်သွားတဲ့လူက ဘယ်သူလဲ"



"မီးခဲ ထန်ဟန်ပါ"

"ရောင်းတဲ့လူကကော"

"မီးခဲထန်ဟန်ပါပဲ"

ရင်မိန်ယန်က အံ့အားသင့်သွားကာ ...

"သူကပဲ ရောင်းပြီး သူကပဲ ပြန်ဝယ်သလား၊ အဲဒါ ဘယ်လိုသဘောရလဲ"

"ဒါကိုတော့ ကျုပ်လည်း သေသေချာချာ မပြောနိုင်ဘူး၊ သူ့ရဲ့ သိုင်းပညာဇာစ်မြစ်နဲ့ ဆရာသမား အကြောင်းဟာ သိုင်းလောကမှာ လျှို့ဝှက်ချက်ကြီးတစ်ခုလို ဖြစ်နေတာကြောင့် ထန်ဟန်က ဒါကို လူတွေ ဘယ်လောက် စိတ်ဝင်စားတယ်ဆိုတာ သိရအောင် ပရိယာယ်ဆင် လှုပ်ရှားကြည့်နေတာလို့ပဲ ထင်မိပါတယ်"

"အမတ်ကြီးက ဒီအရောင်းအဝယ်ကို ကြားကနေ လုပ်ဆောင်ပေးခဲ့ရတာကိုတော့ ထန်ဟန်ရဲ့ သိုင်းပညာ ဇာစ်မြစ်နဲ့ ဆရာသမားအကြောင်း လျှို့ဝှက်ချက်တွေကို သိလိုက်ပြီပေါ့"

"ဟုတ်ကဲ့ သိတယ်လေ၊ ဒါပေမဲ့ ဒါဟာ ဘယ်လိုမှ အသုံးကျမယ် မထင်ပါဘူး"

"ဘာကြောင့်လဲ သူ ပြောသွားတာတွေက အလိမ်အညာတွေ ဖြစ်နေလို့လား"

"လိမ်ညာတာတော့ မဟုတ်ပါဘူး၊ သူဟာ ဖြူမည်းအဘိုးကြီးနှစ်ယောက်ဆီက ဝက်ပါခြေလှမ်းတွက်၊ ရွက်ဝါကြွေ ကိုယ်ဖော့ပညာနဲ့ လေလှိုင်းလက်ဝါးသိုင်းတို့ကို တက်မြောက်ခဲ့တယ်လို့ ပြောခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် သူနဲ့ပတ်သက်ပြီး အတော့်ကို သိရတာပေါ့၊ ဘာကြောင့် အသုံးကျမယ်မထင်လို့ ပြောရတာလဲ"

"စေတာမန်ကြီး၊ စဉ်းစားလို့ရအောင် တစ်ခုပြောမယ်"

"ပြောပါ"

"ဒေါင်းညီအစ်မသုံးဖော်တို့ဟာ ဖိုးစပ်ရ ကောင်းလင်ဖုန်းကို အတော်မကျေမနပ် ဖြစ်သွားကြတယ်၊ သူတို့နဲ့ လက်ဝဲလက်ယာ စစ်ကဲကြီးတို့ ပင့်ကူမျှင်အကျိုကို အရယူပေးနိုင်ရင် ရိပ်ရင်ကူကို အရယူပေးမယ်လို့ သဘောတူခဲ့တာကို သူတို့က ပြောင်းလဲပြီး ဖိုးစပ်ရကို လမ်းပြောင်းလိုက်ကြတယ်"

ဖုန့်ယန်ရဲတိုက်သခင် နှစ်ယောက်ဖြစ်သော စူးနဝါးတုကျူးဝေးနှင့် မီးနဂါး တုကျူးကျက်တို့သည် လက်ယာစစ်ကဲကြီးနှင့် လက်ဝဲစစ်ကဲကြီးတို့ ဖြစ်နေကြသည်။

"အင်း ... ဘယ်လို ပြောင်းလဲကုန်ကြတာလဲ၊ ပြောစမ်းပါဦး"

ရင်မိန်ယန်က မေးသည်။

"လက်ဝဲနဲ့ လက်ယာစစ်ကဲကြီး၏တို့ စေလွှတ်ပေးလိုက်တဲ့ လက်မရွှေ ဝမ်လင်ထူးကို ဒေါင်းညီအစ်မ သုံးဖော်တို့က ကောင်းလင်ဖုန်းကို သွားသုတ်သင်ဖို့ စေလွှတ်လိုက်တယ်၊ ဝမ်လင်ထူးဟာ ကောင်းလင်ဖုန်းကို မသုတ်သင်နိုင်ပဲ သူကိုယ်တိုင် အသက်ဆုံးခဲ့ရတယ်"

"ဒီအကြောင်းကို ကျွန်တော်လည်း ကြားမိပါတယ်၊ အဲဒီ အချိန်တုန်းက အိုက်တာရင့်လည်း ကောင်လင်ဖုန်းနဲ့ အတူတူ ရှိနေတယ်ဆိုပဲ"



"ဟုတ်ပါတယ် အိုက်တာရင့်ဟာ အတွင်းဒဏ်ရပြီး သိုင်းပညာ အသုံးမပြုနိုင် ဖြစ်နေရာက ဖြေဆေးကောင်း သောက်သုံးရလို့ အတင်းအားပြန်ပြီး ပြည့်ဝလာကာစ ဖြစ်ပါသေးတယ်၊ သိုင်းပညာကို အားပြည့်အင်ပြည့် မသုံးနိုင်ပါဘူး၊ ဒီလို အခြေအနေမှာ အိုက်တာရင့်နဲ့ ကောင်းလင်ဖုန်းတို့နှစ်ယောက် ပူးပေါင်းပြီး တိုက်ခိုက်ကြတဲ့တိုင်အောင် ဝမ်လင်ထူးကို အနိုင်မရနိုင်ဘူး"

"ဝမ်လင်ထူးဟာ အခြားလူတစ်ယောက် ကြားဝင်စွက်ဖက်မှုကို ရင်ဆိုင်ခဲ့ရတယ်လို့ အမတ်ကြီးက ထင်မိတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်"

"အဲဒီလို ကြားဝင်စွက်ဖက်ခဲ့တဲ့လူဟာ ဘယ်သူဖြစ်မယ် ထင်သလဲ"

"စေတာမန်ကြီး ကိုယ်တိုင် စဉ်းစားပြီး ထင်ကြေးလေးပေးပါ"

"မီးခဲထွန်ဖုန်လား"

"ဟုတ်ပါတယ်"

"အော် ... အရောင်းအဝယ်ပွဲမှာ သူ ပြောပြခဲ့တဲ့ သိုင်းသမားတွေအပြင် ထန်ဟာန်မှာ အခြားလျှို့ဝှက် အဆင့်မြင့်သိုင်းပညာတွေ ကာတ်မြောက်ထားသေးတယ်လို့ အမတ်ကြီးက ယူဆထားဘာကိုး"

"ဟုတ်တယ် သူ ပြောပြခဲ့တဲ့ ဝက်ပါခြေလှမ်းကွက်၊ ရွှက်ဝါကြွေ ကိုယ်ဖျောပညာနဲ့ လေလှိုင်းလက်ဝါးသိုင်းတို့ဟာ ဝမ်လင်ထူးကို အပြတ်အနိုင်ယူနိုင်တဲ့ သိုင်းပညာတွေ မဟုတ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ၊ ဒါဆို ကျွန်တော် မှတ်သားပြီး ကေရာစ်မင်းကို တစ်ဆင့် အကြောင်းကြားပေးပါ့မယ်"

"ဟုတ်ကဲ့"

"အပျော်မယ် ရိုဖ်ရင်ကူကို အသပြာတစ်သိန်းပေးပြီး အရဝယ်ယူချင်တဲ့လူက ဘယ်သူလဲ"

"ဒေါင်းညီအစ်မသုံးဖော်ပါ"

"သူတို့က ဘာကြောင့် ဒီလို လုပ်ကြရတာလဲ"

"ဒေါင်းညီအစ်မသုံးဖော်ထဲက ကြေးဒေါင်းဖျို ချန်ဝိလျန်ဟာ မီးခဲထန်ဟာန် ကို တစ်ဖက်သတ် ချစ်နေတယ်၊ ထန်ဟာန်က ရိုပ်ရင်ကူနဲ့ ရင်းရင်းနှီးနှီး နေတာကြောင့် ရိုပ်ရင်ကူကို မနာလိုဖြစ်ပြီး အခုလို လုပ်တာပါ"

"ဒီအရောင်းအဝယ်ကို ဖြည့်ဆည်းပေးမဲ့လူကကော"

"ပလွေနက် စွန်းလူယီပါပဲ"

ရင်မိန်ယန်မှာ အံ့သြသွားကာ ...

"စွန်းလူယီက အသပြာတစ်သိန်းကို မက်မောပြီး ဒီအလုပ်မျိုး လုပ်သလား"

"ဒီအကြောင်းကို သိရတုန်းက ကျုပ်လည်း စောစောမန်ကြီးလို အံ့သြမိပါတယ်၊ ငွေအသပြာတစ်သိန်းဟာ မက်မောလောက်တဲ့ ငွေကြေးပမာဏပါ၊ အခြားလူ တစ်ယောက်ယောက်က ဒီအလုပ်ကိုလုပ်တာ အံ့သြစရာမဟုတ်ပေမဲ့ စွန်းလူယီလို လူတစ်ယောက်ကတော့ အသပြာတစ်သိန်းမပြောနဲ့ တစ်သန်းပေးလည်း ဒါမျိုးကို လုပ်မှာမဟုတ်ဘူး၊ ဒါကြောင့် ကျုပ် အထောက်တော်တွေစေလွှတ်ပြီး သေသေချာချာ စုံစမ်းခိုင်းထားပါတယ်"



"ကျွန်တော် စွန်းလူယီကို လိုက်အရှာခိုင်းပါသေးတယ်၊ ဒါပေမဲ့ သူက ရှာမရပဲ ပျောက်ဆုံးနေတယ်"

"မိုးကုပ်စက်ဝိုင်းဂိုဏ်းကလူတွေ ဒီရွာထဲကို ရောက်နေကြပြီလား"

ပိုင်ထင်တိန်း၏မျက်နှာ မှုန်ကုပ်ကုပ် ဖြစ်သွားသည်။ ရင်မိန်ယန်၏ မေးခွန်းကိုလည်း ချက်ချင်း မဖြေပေ။

ရင်မိန်ယန်သည် သည်လိုမေးခွန်းမျိုးကို တစ်ကြိမ်မေးခဲ့ပြီး ပိုင်ထင်တိန်းကလည်း အဖြေပေးခဲ့ပြီ ဖြစ်သည်။

ယခု ဒုတိယအကြိမ် မေးလာပြန်ရာ အရမ်းကာရောဖြေ၍ မဖြစ်ပေ။

ဝမ်လင်ထူး သေဆုံးရခြင်းသည် မည်သူမည်ဝါတို့၏ လက်ချက်ဖြစ်သည်ဟု သေသေချာချာ မသိရသော်လည်း ထန်ဟာန်၏လက်ချက် ဖြစ်မည်ဟု ခန့်မှန်းနိုင်သေးသည်။

ထို့ပြင် ဖုန့်ယန်ရဲထိုက်မှ ကျားရဲလေးယောက်တို့ ရုတ်တရက် ပျောက်ကွယ်သွားရခြင်းနှင့် ပတ်သက်၍လည်း ပိုင်ထင်တိန်းအနေဖြင့် စိတ်တိုင်းကျသည့် ခန့်မှန်းခြေများ မပြုလုပ်နိုင်သေးပေ။

ကျားရဲလေးယောက်တို့ ပျောက်ကွယ်ခြင်းသည် သေဆုံးခြင်း ဖြစ်နိုင်သည်။ သို့သော် ကျားရဲလေးယောက်တို့နည်းတူ သိုင်းပညာမြင့်မားသူတို့ကို အချိန်ပိုင်းအတွင်း သုတ်သင်နိုင်သူသည် မည်သူဖြစ်မည်နည်း။ ဤသည် စဉ်းစားစရာပင်။

"ပြည့်စုံစားသောက်ဆိုင်ရဲ့ အရောင်းအဝယ်ပွဲတွေ လုပ်ပေးခဲ့တာဟာ သုံးနှစ်တောင် ရှိလာပြီ၊ ဒီသုံးနှစ်အတွင်း မှာ ထူးဆန်းအရောင်းအဝယ်တွေကို ရာနဲ့ချီပြီး လုပ်နိုင်ခဲ့တယ်၊ ငွေသား

www.burmeseclassic.com

www.burmeseclassic.com



အကျိုးအမြတ် အများကြီးရပြီး နန်းဗိမာန် တည်ဆောက်ဖို့အတွက် ထည့်ဝင်နိုင်ခဲ့တယ် ...

ပြီးတော့ သိုင်းသမား တော်တော်များများနဲ့ သိုင်းပညာတချို့ရဲ့ ပျောက်ကွက်တွေကိုလည်း သိခဲ့တယ်၊ သိုင်းသမားတွေရဲ့ ရန်ငြိုးရန်စနဲ့ ကျေးဇူးတွေကိုလည်း နားလည်ခဲ့ရတယ်၊ ဒါဟာ နန်းဗိမာန်အတွက် အကျိုးအမြတ်တွေပဲ”

ပိုင်ထင်တိန်းထံမှ အဖြေမရတော့သည့်အဆုံးတွင် ရင်မိန်ယန်က ဆက်ပြောသည်။

“သူ ဒီရွာကိုရောက်လာတာ ကြာပြီ၊ အရောင်းအဝယ်ပွဲမှာလည်း ဘာမှ ပါဝင်ခြင်း မရှိဘူး၊ ဈေးတစ်ကြိမ်လောက်တောင်မှ မပေးခဲ့ဘူး၊ သူဟာ စားလိုက်၊ သောက်လိုက်၊ လောင်းကစားလိုက်နဲ့ပဲ အချိန်ဖြုန်းနေတယ်”

“ရွှေလုံရှင်ဟာ စားလိုက်သောက်လိုက် လောင်းကစားလုပ်နေတဲ့အပြင် အခြား ဘာလှုပ်ရှားမှုတွေ လုပ်သေးလဲ”

“အခုထက်ထိတော့ ဘာမှ စုံစမ်းလို့ မရသေးဘူး၊ ဒါကြောင့် ကျုပ်အဖို့လည်း အစဉ်းစားရခက်နေတာပေါ့၊ ကိုးရန်မိန်မှာ ဖနီးသားမယား အခြွေအရံတွေ အများကြီးရှိတယ် ...

အလယ်ပိုင်းမြေပြန့်မှာ သူ့ရဲ့ မြင်းမွေးမြူရေးလုပ်ငန်းကလည်း သိပ်ကိုကြီးကျယ်ပြီး အောင်မြင်နေတယ်၊ ဒီလို လုပ်ငန်းကြီးတစ်ခု ရှိနေလျက်နဲ့ သူ့ရဲ့ အဖိုးတန်အချိန်တွေကို ဘာကြောင့် ဒီလို တောကြား တောင်ကြားက ရွာလေးမှာ လာဖြုန်းတီးပစ်နေရတာလဲ”

“သူဟာ အခါအခွင့်တစ်ခုကို စောင့်မျှော်နေတာများလား”



“ဒါကလွဲပြီး အခြားဘာများ ဖြစ်နိုင်ဦးမှာလဲ”

“ကျွန်တော်တို့ရဲ့ ကိုယ်ရံတော်ကြီးက အလယ်ပိုင်းမြေပြန့်ရဲ့ မြင်းစာကျက်နေရာတွေကို အတော် စိတ်ဝင်စားနေတယ်၊ တကယ်လို့ ကိုးရန်မိန်က နန်းဗိမာန်ကို ရန်ဘက်လုပ်လာရင် သိပ်ကြည့်ကောင်းတဲ့ပွဲတွေ ဖြစ်လာမှာပဲ”

ထိုသို့ပြောပြီးနောက် ရင်မိန်ယန်သည် ထိုင်နေရာမှ ထရပ်ကာ ဆက်လတ်၍ ...

“ရောင်နီတောင် ပေါ်လာတော့မယ်၊ မိုးလင်းလာရင် ကျွန်တော် တည်းခိုဆောင်ထဲ ပြန်အဝင်ရခက်နေမယ်၊ ဒါကြောင့် သွားခွင့်ပြုပါဦး”

ပိုင်ထင်တိန်းကလည်း ထိုင်ရာမှ ထရပ်လိုက်ကာ ...

“ကောင်းပါပြီ၊ စားမပျံ့ဂိုဏ်းက ဂိုဏ်းမှူးကြီး လေးယောက်လည်း နတ်နန်းဆောင် တည်းခိုရိပ်သာမှာ တည်းခိုနေကြပါတယ်၊ သူတို့လည်း တစ်ခုခု ကြိတ်ကြံစည်နေပုံရတယ်၊ စေတမန်ကြီး အနေနဲ့ အချိန်ရမယ်ဆိုရင် သူတို့ကိုလည်း အကဲခတ် စောင့်ကြည့်ပေးပါ”

“ကောင်းပါပြီ”

* * *

ထန်ဟာန်သည် အရက်အလွန်သောက်နိုင်သူ တစ်ယောက် ဖြစ်သည်။ မိုးကုပ်စက်ဝိုင်း သန့်စင်အတွင်းအားကို လေ့ကျင့်ဘတ်မြောက်ထားသည့်အတွက်ကြောင့် ကိုယ်ခန္ဓာအတွင်းသို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသော အရက်များကို ထိန်းချုပ်ကာ ချွေးများအဖြစ် ကိုယ်ခန္ဓာအပြင်သို့ ပြန်ထုတ်ပစ်နိုင်သည့်အတွက် အရက်မည်မျှ သောက်သောက် မမူးအောင် လုပ်နိုင်သည်။

ထို့ကြောင့်လည်း သိုင်းမင်းသား ကျွန်းထင်ကျင့်နှင့် အရက် ပြိုင်သောက်တိုင်း ထန်ဟာန်က အမြဲပင် အနိုင်ယူခဲ့သည်။ ယခင် တစ်ကြိမ် အရက်သောက်ပြိုင်ရာတွင် ထန်ဟာန်က မိမိကို ကျွန်း ထင်ကျင့်အနေဖြင့် မည်သည့်အလုပ်ခိုင်းမည်ကို သိလိုသောကြောင့် အရှုံးပေးခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့်လည်း ယခုည ရင်မိန်ယန်၏ ခေါ်ခဲ့ ညစာစားပွဲ တွင် ကျွန်းထင်ကျင့်နှင့် အရက်ချင်း ပြိုင်သောက်ရာတွင် ထန်ဟာန်က တမင် အရှုံးပေးခဲ့ခြင်း ဖြစ်သည်။

ထန်ဟာန် အရက်မူးကာ လဲကျသွားပြီးနောက် ညစာ စားသောက်ပွဲလည်း အပြီးသတ်သွားလေတော့သည်။

ရှောင်ဟုန်နှင့် ရှောက်လီတို့က ထန်ဟာန်ကို အိပ်ခန်းထဲ သို့ အရောက်ပို့ပေးသည်။ အထူးတည်းခိုဆောင် အမှတ် (၁)တွင် အိပ်ခန်းသုံးခန်းရှိပြီး ထန်ဟာန်ကို အနောက်ဘက်ဆုံး အခန်းသို့ ပို့ပေးခြင်း ဖြစ်သည်။ ရင်မိန်ယန်က အရှေ့ဘက်ဆုံး အခန်းတွင် အိပ်သည်။ ကျွန်းထင်ကျင့်လည်း သူ့ တည်းခိုရာသို့ မပြန်တော့ဘဲ ထိုအိပ်ခန်းတွင် ဝင်အိပ်လိုက်သည်။

ရင်မိန်ယန်က ထန်ဟာန်ကို အဖော်ပြုရန် ဖိန်ဖိန်ကို ထည့်ပေး လိုက်သည်။ ထို့ပြင် ထန်ဟာန်ကို အိပ်ခန်းထဲသို့ ပို့ပေးထားပြီး နောက် ခဏအကြာတွင် ရင်မိန်ယန်ကိုယ်တိုင် ထန်ဟာန်ကို လာချောင်းကြည့်သည်။



ထိုသို့ ချောင်းကြည့်ပြီး ဘာတွေ့သွားသည်မသိ။ ရင်မိန် ယန်သည် ကျေနပ်သွားပုံရကာ ခေါင်းကို ဆတ်ခနဲ ညိတ်ပြီး ထွက်သွားသည်။

ရင်မိန်ယန် ထွက်သွားပြီးသည်နှင့် ထန်ဟာန်သည် ပွေ့ဖက် ထားသော ဖိန်ဖိန်၏ အိပ်ပျော်စေသောအကြောကို အသာ ထိုးနှိပ်လိုက်သည်။

ဖိန်ဖိန်သည် အသက်မှန်မှန်ရှူပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်မော ကျသွားသည်။

ညဉ့်နက်သန်းခေါင်ယံအချိန်တွင် အထူးတည်းခိုဆောင် အမှတ်(၁) ခြံဝင်းအနောက်ဘက်မှ ရင်မိန်ယန် အသာလျှိုကာ အပြင်သို့ ထွက်သွားသည်ကို ထန်ဟာန် မြင်တွေ့လိုက်ရသည်။

ထန်ဟာန်သည် ကြိုတင်တွက်ကိန်း ချထားပြီး ဖြစ်သည်။ ရင်မိန်ယန် သွားမည့်နေရာမှာ ပြည့်စုံစားသောက်ဆိုင် ဖြစ်ကြောင်း ကို တွက်မိထားပြီး ဖြစ်သည်။

ထို့ကြောင့် ရင်မိန်ယန်မှာ နားပါးပြီး သတိထားကာ သွားရသော်လည်း သူ့နောက်သို့ ထန်ဟာန် လိုက်လာသည်ကို လုံးဝ မသိခဲ့ပေ။

ထန်ဟာန်သည် ပြည့်စုံစားသောက်ဆိုင် ပရဝုဏ်အတွင်းသို့ မဝင်ပေ။ ရင်မိန်ယန်တစ်ယောက် ပြည့်စုံစားသောက်ဆိုင်ထဲသို့ ဝင်ရောက်သွားသည်ကို သေချာအောင် ကြည့်ရှုပြီးနောက် ချက်ချင်း လိုလိုပင် ပြန်လည်ထွက်လာခဲ့သည်။

ထန်ဟာန်သည် နတ်နန်းဆောင် တည်းခိုရိပ်သာကို မပြန် သေးပဲ အသက်ရှည်ဆေးဆိုင်သို့ လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အသက်ရှည်ဆေးဆိုင် အတွင်းဘက်မှ မီးရောင်ခပ်မှိန်မှိန် လင်းနေသည်။

ဆိုင်ထဲသို့ ထန်ဟန် ဝင်လာခဲ့ရာ ဆေးကျိုနေသော ချင်ကျိဟိုကို တွေ့ရသည်။

ထန်ဟန် ပြောကြားသည့်အတိုင်း မားမပျံဂိုဏ်းမှ ဂိုဏ်းခွဲမှူးကြီးများဖြစ်ကသော ဖိုမား ချောင်းလုစင်၊ မိုးပျံမား ယိုချန်ယန်တို့ နှစ်ယောက်ကိုယ်တိုင် ဝေါယာဉ်တစ်ခုဖြင့် ချင်ကျိဟိုကို လာရောက်ပင့်ခေါ်ရာ ချင်ကျိဟိုက လိုက်ပါသွားပြီး ထန်ဟန်ကလည်း အခြေအနေ အတော်လေး ကောင်းနေပြီဖြစ်သော စွန်းလူယိကို ခေါ်ဆောင်ကာ အသက်ရှည်ဆေးဆိုင်မှ ထွက်လာခဲ့သည်။

ထန်ဟန်သည် စွန်းလူယိကို ကျားသစ်ပျံ အိုးရန်ကျွင့်ထံ ပို့ပေးထားပြီးနောက် နတ်နန်းဆောင် တည်းခိုရိပ်သာသို့သွားကာ ရှင်မိန်ယန်၏ ညစာ စားသောက်ပွဲသို့ တက်ရောက်သည်။

ယခုတစ်ဖန် ချင်ကျိဟိုထံမှ သတင်းစကား ကြားလိုသောကြောင့် အသက်ရှည်ဆေးဆိုင်သို့ လှည့်လာခဲ့ခြင်း ဖြစ်သည်။

"မားမပျံဂိုဏ်းချုပ်ရဲ့ အခြေအနေ ဘယ်လိုလဲ"

ထန်ဟန်က သမားတော်ကြီးအား မေးလိုက်သည်။

"အခြေအနေ အတော်ကိုဆိုးတယ်၊ ရှူးနဂါးတုကျူးစေးရဲ့ အရိုးခွေးသဲမှုန့် အဆိပ်လက်နက် အထိခံထားရတာပဲ၊ အဖိုးတန်အားတိုးဆေးတွေ၊ အဆိပ်ဖြေဆေးတွေကို ငွေကုန်ကြေးကျခံပြီး သောက်သုံးထားနိုင်လို့ အခုထိ အသက်ရှင်နေတာ၊ ကျုပ်နဲ့သာ အချိန်မီ တွေ့ရင်တော့ အသက်သေရဖို့ပ် ရှိတော့တာယ်"

ချင်ကျိဟိုက ပြန်အဖြေပေးသည်။



"ဆရာကြီးအနေနဲ့ မားမပျံဂိုဏ်းချုပ် ထုံချီဖေးကို ဒဏ်ရာ ပျောက်ကင်းအောင် ကုသပေးနိုင်ဝါ့မလား"

"သေသေချာချာတော့ ပြောလို့မရဘူး၊ ဆယ်ပုံမှာ ခုနစ်ပုံလောက်တော့ အခွင့်အလမ်း ရှိပါတယ်"

"ဆရာကြီး ဆေးကျိုတာ အနှောင့်အယှက် ဖြစ်နေဝါဦးမယ်၊ ကျွန်တော် သွားတော့မယ်၊ ဆရာကြီးရဲ့ဆေး ထက်ထက်မြက်မြက်ရှိပါစေလို့ ဆုတောင်းပါတယ်"

ထန်ဟန်သည် ထိုသို့ပြောပြီးနောက် အသက်ရှည်ဆေးဆိုင်မှထွက်ကာ အဘိုးကြီးဟူအန်း၏ ယုန်သားဆိုင်ဘက်သို့ လာခဲ့သည်။

ဟူအန်း၏ ယုန်သားဆိုင်နှင့် မလှမ်းမကမ်းတွင် ရေအိုင်လေးတစ်ခုရှိသည်။ ရေအိုင်ဘေးနားတွင် တဲစုတ်လေးတစ်လုံးရှိသည်။ တဲစုတ်လေးထဲမှ အလင်းရောင်ခပ်မှိန်မှိန်လေး ထွက်နေသည်။

ထိုတဲစုတ်လေးမှာ စိတ်တိုင်းကျ ပြည့်စုံရှာတွင် ထင်းခုတ်သမား အဘိုးကြီးအဖြစ် မထင်မရှားနေထိုင်သူ ကျားသစ်ပျံ အိုးယန်ကျွင့်၏နေအိမ် ဖြစ်သည်။

ထန်ဟန်သည် ထိုတဲစုတ်လေးထဲသို့ ဝင်လာခဲ့သည်။

အိုးယန်ကျွင့်သည် တဲစုတ်လေး၏ ရှေ့ခန်းတွင် ထိုင်နေသည်။ ထန်ဟန်သည် အိုးယန်ကျွင့်ကို နှုတ်မဆက်သေးပဲ အတွင်းဘက် အခန်းထဲသို့ ဝင်ရောက်သွားသည်။

အခန်းထဲရှိ သစ်သားကြမ်းဖြင့် ပြုလုပ်ထားသော ကုတင်ပေါ်တွင် စွန်းလူယိသည် လဲလျောင်းလျက် အသက်မှန်မှန်ရှူကာ အိပ်ပျော်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထန်ဟန်သည် အသာ ခြေဖော့နင်းကာ အိုးယန်ကျွင့်ရှိနေသည့် အရှေ့ဘက်ခန်းသို့ ထွက်လာခဲ့သည်။

အရှေ့ဘက်ခန်းသို့ ရောက်သောအခါတွင် ထန်ဟန်သည် အိုးယန်ကျွင့်၏ဘေးနားတွင် အသာဝင်ထိုင်ချလိုက်သည်။

"မင်း ပြောသွားတာကို ငါ သေသေချာချာ စဉ်းစားကြည့်တယ်၊ အစ်ကိုကြီး နဂါးနိုင်ဓားဝိဇ္ဇာ ကြမ္မာဆိုးကြုံရတာဟာ ဓားမပျံဂိုဏ်းချုပ် ထုံချီဖေးရဲ့လက်ချက် မဟုတ်နိုင်ဘူး"

အိုးယန်ကျွင့်က ထန်ဟန်ကိုမကြည့်ဘဲ ပြောသည်။

"ဘာအက သေသေချာချာ စဉ်းစားကြည့်ပြီးပြီပေါ့"

"ဟုတ်တယ် အစ်ကိုကြီးနဲ့ ထုံချီဖေးတို့ဟာ ရင်ဆိုင်တိုက်ခိုက်ခဲ့ကြဖူးတာကြောင့် ထုံချီဖေး လက်ချက်နဲ့ ငါ့အစ်ကိုကြီး ကြမ္မာဆိုးကြုံခဲ့ရတယ်လို့ ငါ တစ်ဖက်သတ် ထင်မိခဲ့တယ် ...

ဒါပေမဲ့ သေသေချာချာ ပြန်စဉ်းစားကြည့်လိုက်တော့ ထုံချီဖေးတို့ ဓားမပျံဂိုဏ်းဝင်တွေဟာ ဓားတို၊ ဓားရှည်၊ ဓားမြှောင်၊ ဓားပျံ စတဲ့ ဓားလက်နက် အမျိုးမျိုးကိုသာ ကိုင်ဆောင် အသုံးပြုကြတယ်၊ အဆိပ်လက်နက် မသုံးဘူး၊ အစ်ကိုကြီး သေဆုံးရတာက ဓားဒဏ်ရာကြောင့် မဟုတ်ဘူး ...

ဒီတစ်ချက်တည်းနဲ့ပဲ အစ်ကိုကြီးသေရတာ ဓားမပျံဂိုဏ်းရဲ့ လက်ချက်မဟုတ်ကြောင်း သိသာနိုင်နေပြီ"

"ထုံချီဖေးနဲ့ နဂါးနိုင်ဓားဝိဇ္ဇာ ရင်ဆိုင်တိုက်ခိုက်ခဲ့ကြဖူးတာကို ကျွန်တော်လည်း ကြားမိပါတယ်၊ ဒါပေမဲ့ ဒီအချက်လေး တစ်ခုနဲ့ သူတို့နှစ်ယောက်ကြားမှာ ကြီးမားတဲ့ ရန်ငြိုးရန်စ ဖြစ်ပေါ်လာနိုင်မလား ...



ထုံချီဖေးကော နဂါးနိုင်ဓားဝိဇ္ဇာပါ နှစ်ယောက်စလုံးဟာ ဖြောင့်မတ်တဲ့ သိုင်းသမားကောင်းတွေ ဖြစ်ကြပါတယ်၊ အဘကို ကျွန်တော့်ရဲ့ ထင်မြင်ချက်ကို ပြောပြမယ်၊ နဂါးနိုင်ဓားဝိဇ္ဇာ သေဆုံးရတာဟာ ဖုန့်ယန်ရဲတိုက်သခင်နှစ်ယောက်ဖြစ်ကြတဲ့ မိးနဂါးတုကျူးကျက်နဲ့ ရှုးနဂါးတုကျူးဆေးတို့ရဲ့ လက်ချက်ပဲ"

"ပြောစမ်းပါဦး"

"ဖုန့်ယန်ရဲတိုက်သခင်နှစ်ယောက်ဟာ နန်းဗိမာန်ဂိုဏ်းထဲ ပါဝင်ကြပြီးတဲ့နောက် သူတို့ အစွမ်းအစကို ပြသပြီး နန်းဗိမာန်ဂိုဏ်းထဲမှာ နေရာကောင်း ရချင်ကြတာကြောင့် နဂါးနိုင် ဓားဝိဇ္ဇာကို ချေမှုန်းပြခဲ့ကြတာလို့ ထင်မိတယ်၊ ဒါက ပထမ အကြောင်းပဲ"

"ဒုတိယအကြောင်းကကော"

"ဖုန့်ယန်ရဲတိုက်သခင်နှစ်ယောက်က မိးနဂါးနဲ့ ရှုးနဂါး ရယ်လို့ တင်စားနာမည်တွေ ခံယူထားကြတယ်၊ သိုင်းလောကမှာ နဂါးနဲ့ပတ်သက်တဲ့ တင်စားနာမည်တွေ အများကြီး ရှိကြပေမဲ့ နဂါးနိုင် ဓားဝိဇ္ဇာဆိုတဲ့ နာမည်ကတော့ သူတို့ကို ထိခိုက်သလို ဖြစ်နေတယ်၊ ဘယ်နဂါးကိုနိုင်မလဲ မိုးနဂါးနဲ့ ရှုးနဂါးကို အနိုင်ယူမယ်ဆိုတဲ့ သဘောဖြစ်တယ်လို့ သူတို့က တွက်လိမ့်မယ် ...

ဒါကြောင့် ဒီနာမည်ခံယူထားတဲ့ အဘရဲ့ အစ်ကိုကြီးကို မျက်စိစပါးမွေးစူးနေတာ ဖြစ်ကောင်းဖြစ်နိုင်တယ်၊ သူတို့လို လမ်းလွှဲသိုင်းသမားဆိုတွေဟာ သူတစ်ပါးအပေါ် မကောင်းမြင်ပြီး ဒုက္ခပေးဖို့ပဲ စဉ်းစားနေကြတယ်၊ အခုလဲ သူတို့ လက်ချက်နဲ့ ထုံချီဖေးခမျာ မရှုမလှ ခံနေရပြန်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ထုံချိဖေး ဘယ်လိုဖြစ်နေလို့လဲ၊ သူ တစ်ခုခုဖြစ်နေပြီလို့တော့ ငါ ထင်မိတယ်"

"ထုံချိဖေးဟာ စူးနဂါး တုက္ကူဖေးရဲ့ အရိုးဆွေးသဲမှုန့် အဆိပ်လက်နက် အထိခံရပြီး အတွင်းဒဏ် ပြင်းပြင်းထန်ထန် ရနေတယ်"

"တောက် … တော်တော်ဆိုးတဲ့ မီးနဂါးနဲ့ စူးနဂါးပဲ၊ ဒီလူယုတ်မာနှစ်ယောက်ကို အခုသွားပြီး အသေသတ်ပစ်လိုက်ချင်တယ်"

"အဘ စိတ်ကို ခဏလောက် ထိန်းထားပါဦး"

"ဘာဖြစ်လို့လဲ"

"အချိန်အခါ မသင့်သေးဘူး"

"ဘယ်လို အချိန်အခါမျိုးကိုမှ သင့်လျော်တဲ့ အချိန်အခါလို့ ခေါ်မှာလဲ"

"နန်းဗိမာန် ဂိုဏ်းဟာ ဆိုးရွားရက်စက်သလောက် သိပ်ကို လျှို့ဝှက်တယ်၊ သူတို့ ဘယ်နေရာမှာ ရှိနေတယ်ဆိုတာကိုတောင် မသိရဘူး၊ အခုအချိန်မှာတော့ နန်းဗိမာန်ဂိုဏ်းဟာ အတိအလင်း ပေါ်ထွက်လာတော့မဲ့ အခြေအနေမျိုးမှာ ရှိနေတယ် …

ဒီဂိုဏ်းက အရေးပါတဲ့လူ အတော်များများအကြောင်းကို လည်း သိနေရပြီ၊ သူတို့ဂိုဏ်းရဲ့နာမည်က နန်းဗိမာန်ဂိုဏ်းလို့ ယူထားတဲ့အတိုင်း သိုင်းလောက အခေါ်အဝေါ်မျိုး မဟုတ်ဘဲ နန်းတွင်း အခေါ်အဝေါ်မျိုးတွေနဲ့ တာဝန်ခွဲဝေ ဖွဲ့စည်းထားကြတယ် …

မီးနဂါးနဲ့ စူးနဂါးတို့ဟာ နန်းဗိမာန်ဂိုဏ်းရဲ့ လက်ဝဲ လက်ယာ စစ်ကဲကြီးတွေ ဖြစ်ကြတယ်၊ နန်းဗိမာန်ဂိုဏ်းမှာ



ဒီနဂါးညီနောင်အပြင် အဆင့်မြင့် လမ်းလွဲသိုင်းသမားဆိုးကြီးတွေ အများကြီး ရှိနေသေးတယ် …

ဒီလို အင်အားကြီးမား တောင့်တင်းနေတဲ့ ဂိုဏ်းတစ်ခုကို လူသုံးလေးယောက်လောက် အင်အားနဲ့ တိုက်ခိုက်လို့ မသင့်တော်ဘူး၊ နိုင်နိုင်နင်းနင်း ပြတ်ပြတ်သားသား ချေမှုန်းပစ်နိုင်မှ ဖြစ်မယ်၊ နန်းဗိမာန်ဂိုဏ်းကို ဖြိုခွင်းချေမှုန်းဖို့ နေပြည်တော်ကပဲ လက်ရွေးစဉ် သိုင်းသမားတွေ စေလွှတ်ထားတယ်လို့ သိရတယ်"

"ဒါဆိုရင် ငါတို့က ဘာမှမလုပ်ကြဘဲ နန်းဗိမာန်ဂိုဏ်း လုပ်သမျှကို လက်ပိုက်ပြီး စောင့်ကြည့်နေရဦးမှာပေါ့"

"ဒီလိုမျိုးတော့ မဟုတ်ပါဘူး၊ ကျွန်တော်တို့ ပိုင်ဆိုင်တဲ့ အတိုင်းအတာအတွင်း လုပ်ဆောင်သမျှတော့ လုပ်ဆောင်ထားရမှာပါ၊ ဟောဒီ စိတ်တိုင်းကျ ပြည့်စုံရွာရဲ့ အခြေအနေဟာ သံသယဖြစ်စရာ ကောင်းတယ် …

ဒီရွာကို ဒီလိုအခြေအနေမျိုး ရောက်လာအောင် နန်းဗိမာန် ဂိုဏ်းက စီမံပျိုးထောင်ပေးထားတာ ဖြစ်ကောင်း ဖြစ်နိုင်တယ်၊ ပြည့်စုံစားသောက်ဆိုင်ဟာလည်း နန်းဗိမာန်ဂိုဏ်းရဲ့ အခြေစိုက်စခန်း ဖြစ်ဖို့များတယ်"

"မင်း ဆိုလိုတာက နန်းဗိမာန်ဂိုဏ်း အတိအလင်း ပေါ်ပေါက်လာမယ်ဆိုရင် ဒီရွာကို ဌာနချုပ်လုပ်မဲ့သဘောလား"

"ဟုတ်ပါတယ်"

ထန်ဟန်သည် ထိုသို့ပြောပြီး ထိုင်နေရာမှ ထရပ်လိုက်သည်။

"သွားတော့မလို့လား"

www.burmeseclassic.com

www.burmeseclassic.com



အိုးယန်ကျွင့်က ထန်ဟာန်ကို မော့ကြည့်ပြီး မေးသည်။

"ဟုတ်ကဲ့ ပြန်အိပ်လိုက်ဦးမယ်"

"မိုးပဲ လင်းတော့မယ်၊ ပြန်အိပ်ဦးမလို့လား"

"ကျွန်တော် ဘယ်နေရာကို ပြန်သွားပြီး ဘယ်သူနဲ့အတူတူ အိပ်ရမယ်ဆိုတာကို အဘသိရင် ဒီစကားမျိုးပြောမှာ မဟုတ်ဘူး"

* * *

နောက်တစ်နေ့နံနက် ထန်ဟာန် အိပ်ရာမှနိုးကာ မျက်နှာသစ် ကိုယ်လက်သန့်စင်လျက် စားသောက်ခန်းထဲသို့ ဝင်ရောက်လာသောအချိန်တွင် ရင်မိန်ယန်နှင့် ကျန်းထင်ကျင့်တို့နှစ်ယောက်သည် နံနက်စာ စားသောက်ရန်အတွက် အသင့်စောင့်နေကြသည်ကို တွေ့ရသည်။

"ကဲ ... မနေ့ညက အရက်သောက်ပြိုင်တာမှာ ခင်ဗျား ရှုံးသွားတာကို မမေ့မနေနဲ့ဦး"

ကျန်းထင်ကျင့်က ပြောသည်။

"ဟာ ... မမေ့ပါဘူးဗျာ၊ ကျွန်တော့်ကို ဘာအလုပ်ခိုင်းမယ်ဆိုတာသာ ပြောပါ"

ကျန်းထင်ကျင့်သည် မိမိကိုယ်မိမိ စိတ်ချယုံကြည်နိုင်သည့်အပြုံးမျိုး ပြုံးလိုက်ကာ ...

"ဒီနေ့ မိုးမချုပ်ခင် အပျော်မယ် ရိပ်ရင်ကူကို အသက်ရှင်လျက်နဲ့ ကျွန်တော့်ဆီကို ခေါ်လာပေးရမယ်၊ ဘယ်လိုလဲ"

ထန်ဟာန်က အပြုံးမပျက်ဘဲ ...



"ကျွန်တော်က ဘာများလဲလို့ ဒီလောက်ကတော့ ဘာမှ မခက်ပါဘူး၊ ခင်ဗျား စိတ်တိုင်းကျ ဖြစ်ရပါစေမယ်"

"ခင်ဗျားက အခုထက်ထိ အပြောကြီးနေတုန်းပဲကိုး"

"ကျွန်တော်က အပြောကြီးတာ မဟုတ်ပါဘူး၊ ဒီနေ့ မိုးမချုပ်ခင် ရိပ်ရင်ကူကို ခင်ဗျားဆီအရောက် ခေါ်လာပေးပါ့မယ်"

ရင်မိန်ယမ်က ကြားဝင်ကာ ...

"ဒီနေ့ ညစာကို ကျွန်တော်ကပဲ ဧည့်ခံပါရစေ၊ ပြီးတော့ ခင်ဗျားတို့နှစ်ယောက် မနေ့ညကလိုပဲ လောင်းကြေးလုပ်ပြီး စိတ်မကြေပွဲ အရက်သောက်ပြိုင်ကြတာပေါ့"

"ကြားတယ် မဟုတ်လား ကျန်းထင်ကျင့်၊ ကျွန်တော့်ကို ပေးဖို့ အသပြာတစ်သိန်းသာ အသင့်ထုတ်ထားပေတော့"

ထန်ဟာန်က ကျန်းထင်ကျင့်ကို ကြည့်ပြီး ပြောသည်။

ကျန်းထင်ကျင့်က ပြုံးရယ်ကာ ...

"ကျွန်တော်က ခင်ဗျားကို ဘာလုပ်ခိုင်းရမယ်ဆိုတာကို စဉ်းစားရမှာပါဗျာ"

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

(၄) လပိုင်း (၁၉) ရက်နေ့။

ယနေ့တွင် ကျောင်းကြီး ဘုံကျောင်းရှေ့တွင် လူအတော်ပင် စည်ကားနေသည်။ ကျောင်းကြီး ဘုံကျောင်း၏ရှေ့တွင် မြေကွက်လပ်ကျယ်တစ်ခု ရှိသည်။ ထိုမြေကွက်လပ်တွင် ပိတ်စမျိုးစုံ ရောင်းချသည့် မြင်းလှည်းများ ဆိုက်ရောက်ကာ ယာယီအထည်ဆိုင် ဖွင့်လှစ်ရောင်းချနေကြသည်။

သည်လကို ရောင်းချလာမှုမျိုး စိတ်တိုင်းကျ ပြည့်စုံရွာတွင် တစ်ခါမှ မရှိဖူးသေးပေ။

စိတ်တိုင်းကျ ပြည့်စုံရွာတွင် ရွာခံအထည်ဆိုင် နှစ်ဆိုင် ရှိသော်လည်း များသောအားဖြင့် ချည်ထည်ကြမ်းများကိုသာ ရောင်းချကြသည်။ ရွာသူ ရွာသားများသည် ပိတ်ကောင်းကောင်း၊ အထည်ကောင်းကောင်း လိုချင်လျှင် ရွာနှင့် မိုင်တစ်ရာမျှဝေးသော ရှင်ချန်မြို့သို့ သွားရောက်ကာ ဝယ်ယူကြရသည်။

ယခု မိမိတို့ရွာသို့ အကောင်းစားပိတ်များ လာရောက် ရောင်းချသည် ဆိုသည့်သတင်းကို ကြားရသည်နှင့် အလုအယက် ပင် လာရောက်ဝယ်ယူကြသည်။



အမျိုးသမီးတွေသာမက အမျိုးသားများသည် ရောက်လာကြသည်။ အမျိုးသမီးများက ပိတ်စများကိုကြည့်၍ အမျိုးသားများက ပိတ်စလာဝယ်သည့် အမျိုးသမီးများကို ကြည့်ကြသည်။

ကျောင်းကြီး ဘုံကျောင်းရှေ့ မြေကွက်လပ်တွင် လူအများ စည်စည်ကားကားရှိမှုကြောင့် လတ်တလော အကျိုးအမြတ်ရသူမှာ ဝါးရင်းတုတ် လီပေါက် ဖြစ်သည်။

လီပေါက်သည် အရက်ဖြူအိုးနှင့် ပဲပြားဟင်းအိုးတို့ကို ဝါးရင်းတုတ် တံပိုးဖြင့်ထမ်းကာ ရွာထဲတွင် လှည့်လည်ရောင်းချနေသည့် အရက်ရောင်းသမား ဖြစ်သည်။ အငြင်းအခုန်သန်ပြီး အလောင်းအစား ဝါသနာပါသည်။

စကားသုံးလေးခွန်း ပြောမိသည်နှင့် တစ်ဖက်လူနှင့်ပြိုင်ကာ ငြင်းခုန်မြဲ ဖြစ်သည်။ ငြင်းခုန်ရင်း အလောင်းအစားလည်း ဆက် လုပ်တတ်သည်။

ပိတ်စအထည်များ လာရောက်ရောင်းချသည့် နယ်လှည့် ဆေးသည်တို့ ရောင်းကောင်းလှသလို လီပေါက်၏ အရက်ဖြူနှင့် ပဲပြားဟင်းမှာလည်း အလွန်ပင် ရောင်းကောင်းနေသည်။

နံနက် ဆယ်နာရီလောက်တွင် အထည်များရောင်း၍ ထုန်သွားကာ မြေကွက်လပ်တွင်လည်း လူအတော်ရှင်းသွားသည်။

ထိုအချိန်တွင် အညိုရောင်ဝတ်စုံ ဝတ်ထားသော လူထွားကြီးနှစ်ယောက် လီပေါက်ထံသို့ ရောက်လာကာ အရက်နှင့် ပဲပြားဟင်းများ မှာယူစားသောက်ကြသည်။

"ဆရာကြီးတို့နှစ်ယောက် ကြည့်ရတာ ဒီရွာက မဟုတ်ပုံ ထင်တယ်၊ ရုပ်ဝေးညှော်သည်တွေလား"

www.burmeseclassic.com

www.burmeseclassic.com



စကားများတတ်သော ဝသီအတိုင်း လီပေါက်က မေးလိုက်သည်။

"ကျုပ်တို့ ဒီရွာက မဟုတ်ပါဘူး၊ ကျုပ်နာမည်က လို့စုစန်း၊ သူက တုံပတ်စွမ်း၊ ကျုပ်တို့နှစ်ယောက်စလုံး ရှန်ချန်မြို့ လေးထောင့် အာမခံအဖွဲ့မှာ အလုပ်လုပ်ကြတယ်"

အညိုရောင် ဝတ်စုံဝတ် လူတစ်ယောက်က ပြန်ပြောလိုက်သည်။

"ခင်ဗျားက လီပေါက် မဟုတ်လား၊ ကျုပ်တို့က ဒီရွာကို အခုမှ ပထမဆုံး ရောက်လာဖူးပေမဲ့ ခင်ဗျားနာမည်ကိုတော့ ကြားမိပါတယ်"

တုံပတ်စွမ်း ဆိုသူက ပြောသည်။

"ဆရာကြီးတို့နှစ်ယောက် ဒီရွာကို ဘာကိစ္စ ရောက်လာကြသလဲ"

လီပေါက်က မေးလိုက်သည်။

"လူ လာရှာတာပါ"

လို့စုစန်းက ဖြေသည်။

"ဘယ်သူ့ကို လာရှာတာလဲ"

"ကျုပ်တို့ လိုက်ရှာတဲ့လူကို ခင်ဗျား သိမယ်မထင်ပါဘူး"

လီပေါက် အတော်ပင် မခံချင် ဖြစ်သွားသည်။

လီပေါက်သည် ဒိတ်တိုင်းကျ ပြည့်စုံရွာ နေရာအနှံ့သို့ နေ့စဉ် အခေါက်ပေါင်းများစွာ လှည့်လည်သွားလာရင်း အရက်ရောင်းနေသူ ဖြစ်သည်။ သူ့ထံတွင် အရက်ဝယ်သောက်သူများ၏ စကားများကိုလည်း မပြတ်ကြားနေရသူ ဖြစ်သည်။



"ဆရာကြီးတို့ လိုက်ရှာနေတဲ့လူကို ကျွန်တော် သိမသိ လောင်းမလား"

လီပေါက်က ပြောသည်။

"ဘယ်လိုကြေး လောင်းမှာလဲ"

"လောင်းကြေးက သိပ်များများတော့ မထားချင်ပါဘူး၊ အခု ဆရာကြီးတို့ သောက်နေတဲ့ အရက်ဖိုးကိုပဲ လောင်းကြေး လုပ်ကြတာပေါ့၊ ကျွန်တော်ရှုံးရင် အရက်ဖိုး မယူဘူး၊ ဆရာကြီးတို့ရှုံးရင် အရက်ဖိုး နှစ်ဆပေးရမယ်"

"ကောင်းပြီ စိန်လိုက်"

"ဒါဆိုရင် ဆရာကြီးတို့ ရှာဖွေကြတဲ့ လူနှစ်ယောက်ရဲ့ နာမည်ကိုသာ ပြောပါတော့"

"ကျုပ်တို့ရှာနေတဲ့ လူနှစ်ယောက်ရှိတယ်"

"ဟုတ်ကဲ့"

"တစ်ယောက်က အိုက်တာ့ရှင်၊ တစ်ယောက်က ကောင်းလင်ဖုန်း"

"ဟား ... ဟား ... ဟား ကျော်ကြားစိမ်းမင်းသား အိုက်တာ့ရှင်နဲ့ ဖိုးစပ်စု ကောင်းလင်ဖုန်းတို့ မဟုတ်လား၊ ကျွန်တော် ကောင်းကောင်းသိတာပေါ့"

လို့စုစန်းသည် မဲ့ပြုံးပြုံးကာ အရက်ဖိုးကျသင့်ငွေကို တစ်ဆတိုး၍ ထုတ်ပေးလိုက်ရသည်။ လီပေါက်ကလည်း ငွေအသပြာများကို အားမနာတမ်းပင် သိမ်းယူလိုက်၏။

"ခင်ဗျားက သူတို့နှစ်ယောက်ကို တွေ့ဖူးသလား"

တုံပတ်စွမ်းက မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"တွေ့ဖူးတာပေါ့"

"အခု သူတို့ ဘယ်မှာရှိသလဲ"

လီပေါင်က မဲ့ပြုံးပြုံးလိုက်သည်။

"ကျောက်စိမ်းမင်းသား အိုက်တာ့ရင့်နှင့် မိုးစပ်စု ကောင်းလင်ဖုန်းတို့နှစ်ယောက် ဘယ်မှာရှိတယ်ဆိုတာကို လောင်းကြမလား"

လီပေါက်က မေးသည်။

"လောင်းကြေးက စောစောကအတိုင်းပဲလား"

တုံပတ်စွမ်းက မေးသည်။

"မဟုတ်တော့ဘူး"

"ဒါဖြင့် ဘယ်လောက်လဲ"

"အသပြာနှစ်ဆယ်"

"ခင်ဗျားရှုံးရင် လောင်းကြေးကို ပေးနိုင်ပါတယ်နော်"

လို့စုစန်းက မေးသည်။

လီပေါက်က မထီတရီပြုံးကာ ချွေးများဖြင့် စိုနေသော အိတ်ရှုံ့လေးကိုဖွင့်ကာ လက်စွပ်တစ်ကွင်းကို ထုတ်ပြသည်။

"ဒီလက်စွပ်က အသပြာနှစ်ဆယ် ကောင်းကောင်းတန်ပါတယ်"

လက်စွပ်ကို ပြန်သိမ်းပြီး လီပေါက်က ပြောသည်။

"ဒါ ခင်ဗျား အမွေရထားတဲ့ ပစ္စည်းလား"

လို့စုစန်းက စပ်စုလာပြန်သည်။

"ဒါတွေကို ဆရာကြီးတို့အနေနဲ့ အရေးစိုက်စရာ မလိုပါဘူး၊ အမွေရတာပဲဖြစ်ဖြစ်၊ ခိုးယူထားတာပဲဖြစ်ဖြစ် ဒီလက်စွပ်တာ အသပြာနှစ်ဆယ် တန်တယ်ဆိုရင် ပြီးတာပါပဲ၊ ကဲ ... လောင်းမယ် မလောင်းဘူးဆိုတာကိုသာ ပြောကြပါ"



တုံပတ်စွမ်းနှင့် လို့စုစန်းတို့နှစ်ယောက် တီးတိုးပြောဆိုတိုင်ပင်ကြပြီးနောက် လီပေါက်နှင့် လောင်းကြေးပြုရန် သဘောတူလိုက်ကြသည်။ လီပေါက်သည် ပန်းကန်ခွက်ယောက်များကို သိမ်းဆည်းကာ အရက်အိုးနှင့် ပဲပြားဟင်းအိုးတို့ကို ဆိုင်ထားသည့် ထမ်းပိုး ကို ကောက်ထမ်းပြီး ...

"ကဲ ... လာ သွားကြစို့"

***

ကျောင်းကြီး ဘုံကျောင်း၏ အနောက်ဘက်တွင် လမ်းကျဉ်းလေးတစ်ခု ရှိသည်။ ထိုလမ်းကျဉ်းလေးသည် ရွာတောင်ဘက်ပိုင်းသို့ ဦးတည်နေသည်။

ထိုလမ်းကျဉ်းလေးကို ဖြတ်ကျော်ကာ သွားလိုက်လျှင် ရွာပြင်သို့ ရောက်သည်။ ရွာအပြင် ထိုနေရာမှာ မြေရိုင်းလွင်ပြင်ဖြစ်ကာ မြက်ပင်ရှည်များ ပေါက်ရောက်နေလျက် ချုံပုတ်ကြီးများ ရှိနေသည်။ သည်နားတစ်စု သည်နားတစ်စု ရှိနေသည်။

လီပေါက်သည် လို့စုစန်းတို့နှစ်ယောက်အား ထိုမြေရိုင်းလွင်ပြင်ကိုဖြတ်ကာ တောတောင်ထဲသို့ ခေါ်ဆောင်သွားလေသည်။

သည်လို တောတောင်ထဲတိုးဝင်သွားလာရသည့်အတွက် လို့စုစန်းတို့မှာ စိတ်မရှည်နိုင်ကြသည့်ပြင် သံသယပင် ဖြစ်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အိုက်တာ့ရင်နဲ့ ကောင်းလင်ဖုန်း တို့လို လူစားတွေက တည်းခိုရိပ်သာတွေမှာ အခန်းငှားမနေကြဘဲ တောထဲတောင်ထဲမှာ ဘာလာလုပ်နေကြတာလဲ"

တဲပတ်စွမ်းက လီပေါက်ကို မေးသည်။

"ဆရာကြီးတို့နှစ်ယောက် ဒီနေရာမှာ အိုက်တာ့ရင်နဲ့ ကောင်းလင်ဖုန်းတို့ရှိရာကို မယုံကြည်ဘူးထင်တယ်"

လီပေါက်က ပြောသည်။

"ကြေးကြီးကြီးနဲ့ လောင်းထားမိလို့သာ လိုက်လာရတာ၊ သိပ်မယုံချင်ဘူး"

"အခု အလောင်းအစားမှာ ဆရာကြီးတို့နှစ်ယောက် ရှုံးမှာ သေချာပါတယ်"

"အိုက်တာ့ရင့်တို့က ဒီတောတောင်ထဲမှာ ဘာလာလုပ်နေကြတာလဲ"

"လွန်ခဲ့တဲ့ နှစ်ရက် သုံးရက်လောက်က သူတို့နှစ်ယောက်ဟာ ဘယ်သူနဲ့ ရင်ဆိုင် တိုက်ခိုက်ခဲ့ကြတယ် မသိဘူး၊ ဒဏ်ရာ အနာတရဖြစ်ကုန်ကြလို့ ဒီတောတောင်ထဲက လိုဏ်ဂူတစ်ခုမှာ ခိုအောင်းပြီး ဒဏ်ရာကုသနေကြတယ်၊ အဲဒီ လိုဏ်ဂူက သိပ်မဝေးတော့ဘူး"

"သူတို့ အဲဒီမှာရှိနေတာကို ခင်ဗျားကိုယ်တိုင် တွေ့ခဲ့ရလို့လား"

"ကိုယ်တိုင်တွေ့ခဲ့တာမဟုတ်ရင် ကျွန်တော်က ဒီလောက် ကြေးကြီးကြီးနဲ့ လောင်းပါ့မလား"



"အိုက်တာ့ရင့်တို့ကို တွေ့ဖို့က အတော်အရေးကြီးတယ်၊ သူတို့နှစ်ယောက်ကိုသာ ရှာလို့တွေ့နိုင်မယ်ဆိုရင် လောင်းကြေး အသပြာနှစ်ဆယ် ရှုံးတာဟာ အကြောင်းမဟုတ်ပါဘူး"

* * *

လီပေါက်၏စကားသည် အမှန်ပင် ဖြစ်သည်။

သစ်ပင်ချုံပုတ်များကိုတိုးကာ တက်လာခဲ့ကြရာ မကြာမီမှာပင် လိုဏ်ဂူတစ်ခုသို့ ရောက်လာသည်။

လိုဏ်ဂူရှေ့တွင် အိုက်တာ့ရင့်နှင့် ကောင်းလင်ဖုန်းတို့ နှစ်ယောက် ထိုင်နေကြသည်။ အိုက်တာ့ရင့်တို့သည် လီပေါက်တို့ကို မြင်လိုက်သည်နှင့် ထိုင်နေရာမှ ခုန်ထလိုက်ကြသည်။

လီပေါက်နှင့်အတူ ပါလာသူနှစ်ယောက်တို့ကို မြင်ရသောအခါ အိုက်တာ့ရင်နှင့် ကောင်းလင်ဖုန်းတို့မှာ မျက်နှာ ကွက်ခနဲ ပျက်ကုန်ကြသည်။

အကင်းပါးသော လီပေါက်က အခြေအနေဖောက်သည်ကို ချက်ချင်း ရိပ်မိလိုက်သည်။

လီပေါက်သည် မိမိနောက်တွင်ပါလာသော လို့စုစန်းတို့ကို လှည့်ကြည့်ပြီး ...

"ခင်ဗျားတို့နှစ်ယောက်ဟာ လေးထောင့် အာမခံအဖွဲ့က သိုင်းသမားတွေ မဟုတ်နိုင်ဘူး"

ထိုသို့ ပြောပြီးနောက် လီပေါက်သည် ချာခနဲလှည့်ကာ လာလမ်းအတိုင်း ပြန်လျှောက်ရန် ပြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရပ်လိုက်စမ်း"

လီပေါက် ခြေလှမ်းသုံးလှမ်းမျှ လှမ်းပြီးချိန်တွင် အေးစက်သော စကားသံတစ်ခု ပေါ်လာသည်။

လီပေါက်မှာ ကြောက်လန့်သည့်ဟန်ဖြင့် ဆတ်ခနဲ တုန်သွားကာ ချက်ချင်းပင် ခြေလှမ်းကို ရပ်လိုက်သည်။

ထိုသို့ ရပ်လိုက်ချိန်တွင် ချုံဖုတ်တစ်ခုနောက်မှ လူနှစ်ယောက် ထွက်လာကြသည်။ ထိုလူနှစ်ယောက်သည် ရွာထဲမှလူများ မဟုတ်သော်လည်း လီပေါက်၏ မျက်စိထဲတွင် မြင်ဖူးသလိုလို ရှိသည်၊ သေသေချာချာ စဉ်းစားကြည့်လိုက်ရာ ယနေ့မနက်တွင် ကျောင်းကြီးဘုံကျောင်းရှေ့ မြေကွက်လပ်၌ ပိတ်စရောင်းချသည့် နယ်လှည့်ဈေးရောင်းသမား အုပ်စုထဲမှ လူများဖြစ်နေသည်ကို မှတ်မိသွားသည်။ ချုံဖုတ်ထဲမှ ထွက်လာကြသူနှစ်ယောက်အနက်မှ မျက်နှာဝိုင်းဝိုင်းနှင့်လူကြီးက လီပေါက်ကို စိန်းစိန်းကြည့်လိုက်ပြီး ...

"ဘေးမှာ အေးအေးဆေးဆေး ရပ်နေလိုက်စမ်း၊ ဟိုကောင်လေးနှစ်ယောက်ရဲ့ ကိစ္စကိုရှင်းပြီးရင် မင်းကို မေးစရာရှိတယ်၊ ကောင်းကောင်းမွန်မွန်မဖြေရင်တော့ သေဖို့သာ ပြင်ပေတော့"

ထိုအချိန်တွင် လို့စုစန်းနှင့် တုံပတ်စွမ်းတို့နှစ်ယောက်သည် အိုက်တာ့ရှင့်နှင့် ကောင်းလင်ဖုန်းတို့နှစ်ယောက်ကို ရင်ဆိုင်မိနေကြပြီဖြစ်သည်။

အိုက်တာ့ရှင့်သည် အတွင်းအားပျောက်ကင်းကာစဖြစ်၍ တ... သိုင်းပညာစွမ်းရည်ကို အားပြည့်အင်ပြည့် မသုံးမချနိုင်သေးပေ။

ကောင်းလင်ဖုန်းမှာမူ ဒဏ်ရာရထားသည့်အတွက် အားအင် အတော်ကုန်ခမ်းနေသည်။



"ကျုပ်တို့ရဲ့ ဦးဆောင်သူသိုင်းသမား ဝမ်လင်ထူး သေဆုံးရတာ ဘယ်သူ့လက်ချက်လဲ၊ မှန်မှန်ပြောပြနိုင်ရင် မင်းတို့နှစ်ယောက်ကို ချမ်းသာပေးလိုက်မယ်"

လို့စုစန်းက ပြောသည်။

ဤစကားအရ လို့စုစန်းတို့လေးယောက်သည် ဖုန့်ယန်ရဲတိုက်၏ ကျားရဲ တစ်ဆယ့်ရှစ်ဖော်တို့ထဲမှ ဖြစ်ကြကြောင်း သိနိုင်သည်။

အိုက်တာ့ရှင့်သည် ညာလက်နှင့် ကျားပွတ်ရှည်ကို ဆွဲထုတ်လိုက်သည်။ သူသည် ဝမ်လင်ထူးနှင့် ရင်ဆိုင်ခဲ့စဉ်က လက်နက်မထုတ်၍ အခြေအနေ အတော်ဆိုးခဲ့ရသည်ကို မမေ့သေးပေ။ ထို့ကြောင့် ယခု လက်နက်ကို အမြန်ထုတ်ယူထားလိုက်ခြင်းဖြစ်သည်။ ကောင်းလင်ဖုန်းမှာမူ လက်နက်အသုံးပြုလေ့မရှိပေ။ သူ၏ သိုင်းပညာ၊ ကိုယ်ဖော့ပညာ၊ လက်နက်ပုန်းပညာ၊ အချုပ်အဖမ်း နှင့် သွေးကြောပညာတို့တွင် ထူးချွန်သည်။

"ဝမ်လင်ထူး သေဆုံးရတာဟာ ကျွန်တော် လက်ချက်ပဲ၊ ဝမ်လင်ထူးအတွက် စာရင်းရှင်းတယ်ဆိုရင် ကျွန်တော်က လက်ခံဖြေရှင်းပေးဖို့ အသင့်ပါပဲ"

အိုက်တာ့ရှင့်က ပြောလိုက်သည်။

လို့စုစန်းက မထီတရီ ရယ်မောလိုက်ကာ ...

"ဟား ... ဟား ... ဟား မင်းလို အကောင်ငယ်တစ်ယောက်က ဝမ်လင်ထူးကို အနိုင်ယူနိုင်တဲ့ အစွမ်းအစရှိလို့လား"

"ခင်ဗျား မယုံဘူးဆိုရင် ကျွန်တော့်အစွမ်း ဘယ်လောက်ရှိတယ်ဆိုတာကို လက်တွေ့စမ်းကြည့်ပါလား"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အင်း ဒါကတော့ စမ်းကြည့်ရတာပေါ့"

လို့စုစန်းက ထိုသို့ပြောပြီး သူ၏လက်နက်ကို ဆွဲထုတ်လိုက်သည်။ လို့စုစန်းသည် ကျားလက်သည်းတုတ်တံကို ဆွဲထုတ်ပြီးသည်နှင့် ရှေ့သို့ လှစ်ခနဲပြေးတက်ကာ အိုက်တာ့ရင့်ကို လှမ်းကုတ်ဆွဲလိုက်သည်။

အိုက်တာ့ရင်သည် ဘေးသို့ ဆတ်ခနဲရှောင်တိမ်းပြီး ကျားပွတ်ပျော့ကို ဇွေ့ယမ်းလျက် တန်ပြန်တိုက်စစ်ဆင်လာသည်။

အိုက်တာ့ရင်၏ ကျားပွတ်ပျော့သည် မြွေပျံတစ်ကောင်လို လူပ်ရှားနေကာ လို့စုစန်း၏ကိုယ်ပေါ် အုပ်မိုးလာလိုက် ကျားလက်သည်း တုတ်သံများပေါ် အုပ်စီးသွားလိုက် ဖြစ်နေသည်။

တကယ့်ပြိုင်ဘက်နှင့် ရင်ဆိုင်နေရသည့်အတွက် အိုက်တာ့ရင့်သည် ပုန်းပျံကျားပွတ်သိုင်းကို ထုတ်သုံးကာ တိုက်ခိုက်နေခြင်းဖြစ်သည်။

ထိုအချိန်တွင် တုံတတ်စွမ်းကလည်း ကျားလက်သည်းတုတ်တံတစ်စုံကို ဆွဲထုတ်ကာ ကောင်းလင်ဖုန်းကို ဝင်ရောက်တိုက်ခိုက်သည်။ ကောင်းလင်ဖုန်းသည် မည်သည့်လက်နက်ကိုမှ ကိုင်ဆောင်ထားခြင်း မရှိပေ။

ထို့ပြင် ဒဏ်ရာရရှိထားသည့်အတွက် အားအင်လည်း ကုန်ခန်းနေသည်။ သို့သော် ကောင်းလင်ဖုန်းသည် ပေါ့ပါးသောကိုယ်ဟန်ဖြင့် လှုပ်ရှားလျက် တစ်ခါတစ်ရံတွင် လက်နက်ပုန်းများဖြင့် ပစ်ခတ်ကာ ဟန့်တားတိုက်ခိုက်တာကြောင့် တုံတတ်စွမ်းအဖို့ စိတ်ထင်တိုင်း ရမ်းရမ်းကားကား မလုပ်နိုင်သေးပဲ ရှိနေသည်။

* * *



"ဘယ်လိုလဲ ကျားရဲဆယ့်လေး ဒီကောင်လေးနှစ်ယောက်ရဲ့ သိုင်းပညာက ကျုပ်တို့ တွက်ထားတာထက် ပိုကောင်းနေပါလား"

မျက်နှာဝိုင်းဝိုင်းနှင့်လူက သူ့အဖော်ကို လှည့်ကာ ပြောလိုက်သည်။

ကျားရဲဆယ့်လေးက ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်တယ် ဒီအတိုင်းဆိုရင် ကျားရဲဆယ့်သုံးနဲ့ အိုက်တာ့ရင့်တို့ အပြန်အလှန် တိုက်ခိုက်မှုက အချိန်ကြာနေလိမ့်မယ်၊ ပြီးတော့ ကျားရဲဆယ့်ခြောက်ဟာလည်း ကောင်းလင်ဖုန်းရဲ့ အလစ်ဖမ်းပစ်ခတ်တဲ့ လက်နက်ပုန်း အထိခံသွားနိုင်တယ်"

"ကောင်းလင်ဖုန်းဟာ အတွင်းအား အပြည့်သုံးနိုင်မှုမရဘူး၊ ဒါပေမဲ့ သူ့ကိုယ်ဟန်ကတော့ သွက်လက်နေတုန်းပဲ၊ ပြီးတော့ လက်နက်ပုန်းနဲ့ ပစ်ခတ်နေတာဆိုတော့ ကျားရဲဆယ့်ခြောက် သတိတစ်ချက်လွတ်တာနဲ့ ဒုက္ခများသွားနိုင်တယ်"

"ဘာပဲဖြစ်ဖြစ် ဒီကောင်လေးနှစ်ယောက်ကို အပြတ်ရှင်းပစ်လိုက်တာ ကောင်းမယ်ထင်တယ်"

"ကောင်းတယ် ကျုပ်လည်း သဘောတူတယ်"

"ဒါဆိုရင် ကျုပ်တို့နှစ်ယောက် ဝင်ပါကြစို့"

ထိုသို့ပြောပြီးနောက် မျက်နှာဝိုင်းဝိုင်းနှင့်လူသည် စားရှည်တစ်လက်ကို ဆွဲထုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျားရဲဆယ်လေးကလည်း ပုဆိုးနှံတစ်လက် ဆွဲထုတ်ကာ ရှေ့သို့ လှမ်းတက်မည်အပြုတွင် လီပေါက်က ကြားဝင်စကား ဆိုလာသည်။

“အခု တိုက်ပွဲက သူတစ်ပြန် ကိုယ်တစ်ပြန် ဖြစ်နေတယ်၊ ခင်ဗျားတို့နှစ်ယောက် ဝင်လိုက်ရင်တော့ အိုက်တာ့ရင့်တို့ အရေး နိမ့်သွားတော့မှာပဲ”

“မင်းက ဘာဝင်ရှုပ်ချင်နေတာလဲ”

မျက်နှာဝိုင်းဝိုင်းနှင့်လူက လီပေါက်ကို မျက်မှောင်ကြုတ်ကာ ကြည့်ပြီးမေး၏။

“အခုတိုက်ပွဲက အနိုင်အရှုံး မပေါ်သေးဘူး၊ ခင်ဗျားတို့နှစ်ယောက် အလောင်းအစား လုပ်ချင်လို့လား”

လီပေါက်က မေးသည်။

“ဘာကို လောင်းမှာလဲ၊ ဘာကြေးလောင်းမှာလဲ”

မျက်နှာဝိုင်းဝိုင်းနှင့်လူက ပြန်မေးသည်။

“အခုတိုက်ပွဲမှာ အိုက်တာ့ရင့်တို့နှစ်ယောက် အရေးမနိမ့်ရဘူးလို့ လောင်းမယ်၊ လောင်းကြေးကိုတော့ သင့်လျော်သလို သတ်မှတ်ပါ”

မျက်နှာဝိုင်းဝိုင်းနှင့်လူသည် အံ့ဩသွားကာ ...

“အလို ... မင်းက အိုက်တာ့ရင့်တို့ အရေးမနိမ့်နိုင်ဘူးလို့ တွက်သေးတယ်ပေါ့ ဟုတ်လား”

“ဟုတ်ပါတယ်၊ လောကကြီးမှာ အခြေအနေအရပ်ရပ်ဟာ အမျိုးမျိုး ပြောင်းလဲနေကြတယ်၊ လူတိုင်းမှာလည်း ကိုယ်ထင်ကြေးနဲ့ကိုယ် ရှိကြတယ်၊ တစ်ခါတစ်လေ မထင်မှတ်တာတွေ ဖြစ်လာ



သလို ထင်ထားတဲ့အတိုင်း ဖြစ်လာတာတွေလည်း ရှိပါတယ်၊ ကိုယ်ထင်ထားတဲ့အတိုင်း ဖြစ်လာရင် စိတ်ပျော်ရွှင်ရပြီး ကိုထင်ထားတဲ့အတိုင်း ဖြစ်မလာတော့ စိတ်ညစ်ရတယ်၊ ဒါဟာ လောင်းကစားခြင်းရဲ့ အရသာတစ်ခု ဆိုပါတော့”

“ကောင်းပြီ လောင်းကြေး ဘယ်လောက်ဆိုတာကို ပြောစမ်း”

“လောင်းကြေးကတော့ အားလုံးပဲ”

“အားလုံးဆိုတာက ဘာကို ဆိုလိုတာလဲ”

“ယူမသွားနိုင်တဲ့ ပစ္စည်းမှန်သမျှ အားလုံး ချန်ထားခဲ့ရမယ်”

“ဘယ်လိုပစ္စည်းမျိုးကို ယူမသွားနိုင်တဲ့ပစ္စည်းလို့ သတ်မှတ်မှာလဲ”

“မကြာခင် သိရပါလိမ့်မယ်”

ထိုအချိန်မှာပင် တိုက်ခိုက်နေကြသည့်နေရာမှ အားခနဲ စူးရှစွာ အော်လိုက်သံ ပေါ်လာသည်။ တစ်ဆက်တည်းမှာပင် တုံပတ်စွမ်း၏ မကျေမနပ် ဆဲဆိုသံ ပေါ်လာသည်။

မျက်နှာဝိုင်းဝိုင်းနှင့်လူနှင့် ကျားရဲဆယ်လေးတို့သည် ရုတ်တရက် ထိတ်ခနဲဖြစ်ကာ တိုက်ပွဲသို့ လှမ်းကြည့်လိုက်ကြရာ တုံပတ်စွမ်း၏ ဘယ်ဘက်လက်ဖမိုးတွင် ကောင်းလင်ဖုန်း ပစ်လိုက်သော ဆူးချွန်လက်နက်ပုန်းတစ်ခု ထိမှန်သွားသည်ကို တွေ့ကြရသည်။ လက်ဖမိုးနေရာသည် သေကွင်းသေကွက် မဟုတ်ပေ။

“တောက် ... ဒီကောင် လီပေါက် ဝင်နှောင့်ယှက်နေတာကြောင့် ကျုပ်တို့ အဝင်နှေးပြီး တုံပတ်စွမ်း လက်နက်ပုန်း အထိခံလိုက်ရပြီ၊ မဖြစ်ဘူး အမြန်ဝင်မှပဲ”

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဝိုင်းဝိုင်းနှင့်လူသည် ထိုသို့ပြောရင်း ဓားရှည်ကို ဝင့်ကာ တိုက်ပွဲထဲသို့ ပြေးဝင်သွားသည်။

"ဟာ ... မလုပ်နဲ့လေ၊ ခင်ဗျားဝင်ကူရင် ကျွန်တော် လောင်းထားတဲ့ အလောင်းအစား ရှုံးတော့မှာပေါ့"

လီပေါက်သည် ပါးစပ်ကပြောရင်း ထမ်းပိုးပြုလုပ်ထားသော ဝါးရင်းတုတ်ကို ဆွဲချုတ်ပြီး ဖြတ်ကာ ရိုက်ချလိုက်သည်။

မည်သို့မည်ပုံ ရိုက်နှက်လိုက်သည်မသိ၊ လီပေါက်၏ ဝါးရင်းတုတ်ရိုက်ချက်မှာ သွက်လက်မြန်ဆန်သလောက် အားအင် ပြည့်ဝသည်။ မျက်နှာဝိုင်းဝိုင်းနှင့်လူမှာ ချက်ကောင်းကို အထိခံ ရကာ မှောက်လျက်သား လဲကျသွားသည်။

ကျားရဲ ဆယ့်လေးမှာ မမျှော်လင့်သောအဖြစ်ကြောင့် အံ့ဩကာ ကြောင်အမ်းအမ်း ဖြစ်နေသည်။

ခဏအကြာတွင်မှ သတိရလာကာ ပုဆိန်ဖြင့် လီပေါက်ကို လှမ်းခုတ်သည်။

လီပေါက်သည် ကျားရဲဆယ့်လေးကို ရင်ဆိုင်တိုက်ခိုက်ခြင်း မပြုဘဲ နောက်လှည့်ကာ တစ်ရှိန်ထိုး ပြေးထွက်သွားလေတော့ သည်။

"အမယ်လေး ကယ်ကြပါဦး"

လီပေါက်သည် ပါးစပ်မှအော်ရင်း ကြောက်ကြောက်နှင့် ရမ်းလုပ်သည့် အသွင်မျိုးဖြင့် ဝါးရင်းတုတ်ကို နောက်ပြန်လွဲကာ ရိုက်သည်။

လီပေါက်၏ ဝါးရင်းတုတ်ရိုက်ချက်သည် ကျားရဲဆယ့်လေး ၏ရင်ဘတ်ကို ကျကျနန ထိမိသည်။



ကျားရဲဆယ့်လေးသည် လီပေါက်၏လက်ချက်ဖြင့် ကျားရဲ နှစ်ယောက်လုံး လဲကျသွားသည်တွင် အိုက်တာ့ရင်၏ တိုက်ပွဲ အခြေအနေမှာလည်း ပြောင်းလဲသွားသည်။

အကြိတ်အနယ် ရင်ဆိုင်တိုက်ခိုက်နေရာတွင် လို့စုစန်းနှင့် တုံပတ်စွမ်းတို့မှာ မိမိတို့၏ အဖော်နှစ်ယောက် ထိခိုက်လဲကျသွား ကြသည်ကို မြင်ရသောအခါ စိတ်လှုပ်ရှားကာ သူတို့၏ တိုက်ကွက် များတွင် ဟာကွက်လွတ်ကွက်များ ပေါ်ထွက်ကုန်သည်။

အိုက်တာ့ရင်နှင့် ကောင်းလင်ဖုန်းတို့က ထိုအခွင့်အလမ်းကို မလွတ်တမ်းပင် အသုံးချလိုက်ကြသည်။

လို့စုစန်းသည် လဲကျသွားသော ကျားရဲဆယ့်လေးတို့ ဖက်သို့ လှည့်ကြည့်မိရာ စိတ်အာရုံလှုပ်ရှားလျက် ဟာကွက် တစ်ကွက် ဖြစ်ပေါ်သွားသည်တွင် အိုက်တာ့ရင့်၏ ကျာပွတ်ဖြင့် ရစ်ပတ်ခြင်း ခံလိုက်ရသည်။

အိုက်တာ့ရင်က လက်နှေးမနေပဲ ကျာပွတ်ကို ဆွဲမြှောက် ဇွေ့ယမ်းလိုက်ရာ ကျာပွတ် မြှောက်တက်သွားသည်နှင့် လို့စုစန်း လည်း မြှောက်ကြွတက်သွားကာ ကျာပွတ် ပြန်ကျလာသည်နှင့် လို့စုစန်း အောက်ပြန်ကျလျက် မြေကြီးပေါ်တွင် ကားရားကြီး လဲကျနေလေတော့သည်။

ကောင်းလင်ဖုန်းကလည်း လက်နက်ပုန်းမျိုးတို့ဖြင့် မနား တမ်း ပစ်ခတ်တိုက်ခိုက်ရာ မိမိ၏အဖော်များ အရေးနိမ့်ကုန်မှု ကြောင့် စိုးရိမ်ထိတ်လန့်နေသော တုံပတ်စွမ်းမှာ ကြာရှည် ရှောင်တိမ်းခြင်း မပြုနိုင်တော့ဘဲ သံဆူးချွန်၊ သံကြာစေ့နှင့် မြားတို လက်နက်ပုန်းများ ဆက်တိုက်အထိခံရပြီး လဲကျသွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းလင်ဖုန်းသည် ဒဏ်ရာရကာ အားအင်နည်းပါး နေသည့်အချိန်တွင် အတင်းအားခဲပြီး ပြင်းပြင်းထန်ထန် တိုက်ခိုက်ရသည့်အတွက် အထူးပင် မောဟိုက်နေသည်။ တိုက်ပွဲတွင် အနိုင်ရ၍ ဝမ်းသာအားရမိသော်လည်း သူ၏မျက်နှာမှာ စက္ကူဖြူတစ်ရွက်လို ဖြူရော်နေပြီး အသက်ရှူလည်းမမှန်ဘဲ ရှိနေသည်။

ကိုယ်ခန္ဓာ ယိမ်းယိုင်လဲကျလုမတတ်ဖြစ်သွားရာ အိုက်တာ့ရှင့်က အပြေးသွားပြီး ဖေးမပြုပေးလိုက်ရသည်။

ထိုအချိန်တွင် လီပေါက်သည် လဲကျနေသော ကျားရဲလေးယောက်တို့၏ကိုယ်ပေါ်မှ ပစ္စည်းများကို နှိုက်နှိုက်ချွတ်ချွတ်ပင် ရှာဖွေကာ အကုန်အစင် ယူငင်နေသည်။

"ယူမသွားနိုင်တာတွေ ချန်ထားခဲ့ရမယ်၊ ယူမသွားနိုင်တဲ့ ပစ္စည်းမှန်သမျှအားလုံး ချန်ထားခဲ့ရမယ်"

ပစ္စည်းများကို ရှာဖွေယူငင်ရင်း နှုတ်မှလည်း ရေရွတ်ပြောဆိုနေသည်။

"ကျုပ်ကို အမှန်အတိုင်း ပြောစမ်းပါ၊ မင်း ဘယ်သူလဲ"

အသက်မသေသေးသော ကျားရဲဆယ့်လေးသည် ကြိုးစားအားတင်းကာ မေးသည်။

"စိတ်တိုင်းကျပြည့်စုံရှာက အရက်ရောင်းပြီး အငြင်းအခုန်သန်တဲ့ နာမည်ကျော် လောင်းကစားသမား ဝါးရင်းတုတ် လီပေါက်ပဲပေါ့၊ ဟဲ ... ဟဲ ... ဟဲ"

"မဟုတ်ဘူး ... မဟုတ်ဘူး၊ အမှန်အတိုင်း ပြော ... ပါ၊ ကျုပ် သိချင်တယ်၊ မဟုတ်ရင် ကျုပ် အသေ ... မဖြောင့်ဘူး၊ ပြော ... ပါ"



လီပေါက်သည် တစ်စုံတစ်ရာ ထုတ်ပြောမည့်အချိန်တွင် အိုက်တာ့ရှင့်နှင့် ကောင်းလင်ဖုန်းတို့နှစ်ယောက်သည် ကျေးဇူးတင်စကား ပြောဆိုရန် လီပေါက်ရှိရာသို့ လျှောက်လှမ်းလာကြသည်။

"ကဲ ... ကဲ ကျွန်တော် သွားမယ်၊ ဒီလူနှစ်ယောက်နဲ့ ကျွန်တော် မတွေ့ချင်ဘူး"

လီပေါက်သည် ထိုသို့ပြောပြီး ဝါးရင်းတုတ် တံပိုးဖြင့် အရက်အိုးနှင့် ပဲပြားဟင်းအိုးတို့ကို ဆိုင်းကာထမ်းပြီး တစ်ချိုးတည်း ပြေးထွက်သွားလေတော့သည်။

အိုက်တာ့ရှင့်နှင့် ကောင်းလင်ဖုန်းတို့က လှမ်းအော်ကာ တားကြသော်လည်း မရတော့ပေ။

* * *

ဝါးရင်းတုတ် လီပေါက်၏ နေအိမ်သည် ချမ်းသာတည်းခိုဆိုင်၏ အနောက်ဘက်တွင်ရှိသည့် တဲအိမ်တစ်လုံး ဖြစ်သည်။

လီပေါက်သည် ဆိုင်းထမ်းကို အိမ်ရှေ့တွင် ချထားပြီး အိမ်ထဲသို့ ဝင်လာခဲ့သည်။

အိမ်ခန်းထဲတွင် လူတစ်ယောက် ထိုင်နေကာ အထဲသို့ဝင်ရောက်လာသော လီပေါက်ကို ပြုံးစိစိဖြင့် ဆီးကြိုနေသည်။

အိမ်ခန်းထဲမှ ပြုံးစိစိဖြင့် ဆီးကြိုနေသူမှာလည်း ချည်ကြမ်းအင်္ကျီများကိုဝတ်ကာ ခေါင်းပေါ်တွင် မြက်ဦးထုပ်ဟောင်းလျက် ခြေထောက်တွင် မြက်ဖိနပ်စီးထားသော လီပေါက် ဖြစ်နေသောကြောင့်ပင်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲသို့ ဝင်ရောက်လာသည့် လီပေါက်က အိမ်ခန်းထဲတွင် ထိုင်နေသည့် လီပေါက်ကို ပြုံးပြသည်။ ထို့နောက် နှစ်ယောက်သား ဖြိုင်တူ ရယ်မောလိုက်ကြသည်။

"အရက်ရောင်းသမားအဖြစ် လုပ်ရှားလုပ်ဆောင်ရတာ ဘယ်လိုနေလဲ"

အိမ်ခန်းထဲတွင် ထိုင်နေသော လီပေါက်က မေးလိုက်သည်။

"သိပ်မလွယ်ဘူး၊ အလေ့အကျင့်မရှိတော့ ထိုသို့ ပြောပြီးနောက် အသာထိုင်ချလိုက်သည်။

"ခင်ဗျားက ကျွန်တော့်ရဲ့ အရက်ဆိုင်းထမ်းကို ငွေပေးငှားရမ်းပြီး ကျွန်တော့်လို အယောင်ဆောင်တာဟာ အရက်ရောင်းသမားတစ်ယောက်ရဲ့ အခြေအနေကို သိချင်ရုံသက်သက်တော့ မဟုတ်ဘူးထင်တယ်"

ဤစကားများအရ အိမ်ခန်းထဲတွင် စောင့်နေသည့်သူမှာ လီပေါက်အစစ်ဖြစ်ပြီး အပြင်မှ အိမ်ထဲသို့ ဝင်ရောက်လာသူမှာ လီပေါက်အတွက် အယောင်ဆောင်ထားသည့် လီပေါက်အတု ဖြစ်ကြောင်း သိနိုင်ပေသည်။

"ခင်ဗျားကလည်း အရက်ဆိုင်းထမ်းကို ငှားရမ်းတဲ့အပြင် ကျွန်တော့်ကိုလည်း ခင်ဗျားလို အယောင်ဆောင်ခွင့်ပေးခဲ့တာဟာ ကျွန်တော် ပေးတဲ့ အသပြာကို မက်မောတာတစ်ခုတည်းကြောင့်တော့ မဟုတ်နိုင်ဘူး"

"ငွေးကြေး မြိုးမြိုးမြက်မြက်ရတာကို မက်မောတဲ့အပြင် ကျွန်တော့်မှာ အခြား ဘာကြောင်းတွေများ ရှိရဦးမှာလဲ"



"ဒီနေ့ ကျွန်တော် ဘယ်လို လှုပ်ရှားလုပ်ဆောင်မလဲဆိုတာကို ခင်ဗျားက သိနေပါတယ်၊ ကျွန်တော် ဒီနေ့ လုပ်တဲ့အလုပ်ကို ခင်ဗျားလည်း လုပ်ချင်နေပါတယ်၊ ဒါပေမဲ့ ခင်ဗျားမှာ ဆောက်ထားစရာ နောက်ဆံတင်းစရာတွေ ရှိနေတာကြောင့် စိတ်ကို ချုပ်တည်းနေရတာ မဟုတ်လား"

"ခင်ဗျားက ဒီနေ့ ဘာလှုပ်ရှားမှုတွေများ လုပ်ခဲ့လို့လဲ"

"ဖုန့်ယန်ရဲတိုက်က ကျားရဲလေးယောက်ကို ချေမှုန်းပစ်လိုက်တယ်လေ"

"ဒီလို သိုင်းသမားဆိုးမျိုးကို ချေမှုန်းပစ်ချင်တဲ့စိတ် ကျွန်တော့်မှာ ရှိတာတော့ အမှန်ပါ၊ ဒါပေမဲ့ ကျွန်တော်ဟာ ရွာထဲမှာ လက်သီးလက်မောင်းတန်းပြီး အငြင်းအခုန် လုပ်ရုံကလွဲ၍ ဘာမှ အစွမ်းအစ မရှိပါဘူး၊ ဖုန့်ယန်ရဲတိုက်က ကျားရဲတွေကို သိုင်းအကျော်အမော်တွေလို ဘယ်လိုလုပ် အန်တုနိုင်မှာလဲ"

"ခင်ဗျားမှာ အစွမ်းအစမရှိလို့ မဟုတ်ပါဘူး၊ မဝံ့ရဲလို့ပါ"

"ခင်ဗျား ဘာကို ဆိုလိုတာလဲ"

လီပေါက်အတုက လီပေါက်အစစ်ကို စေ့စေ့ကြည့်ကာ ...

"မိုးကြိုးဂိုဏ်းချုပ် ဖန်ကျန်းဖူးရဲ့ တစ်ဦးတည်းသောသမီး ဖန်ရှယွင်းကို ခိုးယူလာခဲ့တဲ့ မိုးကြိုးဂိုဏ်းဝင် သိုင်းသမားတစ်ယောက်ဟာ သူ့အကြောင်း ဘယ်သူမှ မသိရအောင် ဖာတ်မြုပ်နေရမှာပေါ့၊ သူ့ရဲ့ ဝမ်းကွဲညီမငယ်တစ်ယောက်ကို နည်းနည်းပါးပါး ရန်စတာမျိုးလောက်နဲ့ သူ့လျှို့ဝှက်ချက် ဘယ်အပေါက်ကြား ခံချင်မှာလဲ"

လီပေါက် အတုအဖြစ် အယောင်ဆောင်ထားသော ရှန်ဟန်သည် အိမ်အတွင်းဘက်ကို တစ်ချက် လှမ်းကြည့်ကာ ဆက်လက်၍

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားရဲ့ ဝမ်းကွဲညီမငယ် ရိပ်ရင်ကူကိုလည်း ပြောလိုက်ပါ၊ ဒီနေ့ည လက်ဖွဲ့မင်းသား ရင်မိန်ယန်က ကျွန်တော့်ကို ညစာစားသောက်ပွဲ ဖိတ်ကြားထားပါတယ်၊ အဲဒီညစာ စားသောက်ပွဲကို ကျွန်တော်က ရိပ်ရင်ကူနဲ့ အတူတူလာခဲ့မယ်လို့ ကတိပေးထားခဲ့ပါတယ်၊ ပြဿနာအဝဝကို ကျွန်တော် တာဝန်ယူတယ်၊ ကျွန်တော်နဲ့အတူ အဖော်ပြုပြီး လိုက်ခဲ့ဖို့သာ ပြောပေးပါ"

* * *

ထိုနေ့ည ...။ ရင်မိန်ယန်က ညစာ စားသောက်ပွဲကို ပန်းတစ်ရာ စားသောက်ခန်းမထဲတွင် ခင်းကျင်းသည်။

ထန်ဟန်နှင့်အတူ ရိပ်ရင်ကူ ပါလာသည်ကို တွေ့ရသော အခါ ကျန်းထင်ကျင့်မှာ အလွန်အံ့သြသွားကာ ထန်ဟန်ကို လေးစားသည့်အကြည့်ဖြင့် လှမ်းကြည့်သည်။

ထို့ပြင် ထန်ဟန် ထိုင်နေသည့် စားပွဲတွင်လည်း အတူလာထိုင်သည်။ ရိပ်ရင်ကူကို မည်သို့မည်ပုံ ရအောင်ခေါ်ဆောင်လာသည်ကို အလွန်သိလိုနေသည်။ သို့သော် နှုတ်မှ ထုတ်မပြောဘဲ ထန်ဟန် ပြောလာမည်ကိုသာ စောင့်ဆိုင်းနေသည်။

ယနေ့ည ညစာစားသောက်ပွဲမှာ ဧည့်သည် အဓိကများသည်။ ဖိတ်တိုင်းကျ ပြည်စုံရာတွင် ရောက်ရှိနေကြသော နာမည်ရ သိုင်းအကျော်အမော်အားလုံးကိုပင် ဖိတ်ကြားထားလေသည်။

ဖိတ်ကြားခြင်းခံရသူ အားလုံးနီးပါးမှ ညစာ စားသောက်ပွဲသို့ ရောက်ရှိလာကြသည်။



ရောက်မလာကြသည့် လူများမှာ ကျောက်စိမ်းမင်းသား အိုက်တာ့ရင်၊ မိုးစပ်စု ကောင်းလင်ဖုန်းနှင့် ပလွေနက် ဗွန်းလူယိတို့ သုံးယောက်သာ ဖြစ်သည်။

ရောက်ရှိလာကြသော ဧည့်သည်များတွင် ခေါင်းညီအစ်မ သုံးဖော်တို့လည်း ပါဝင်သည်။ ခေါင်းညီမအစ်မသုံးဖော်တို့သည် အငယ်မယ် ရိပ်ရင်ကူနှင့် စားပွဲဝိုင်းတစ်ဝိုင်းတည်းတွင်ပင် ထိုင်ကြသည်။

တစ်ဖက်နှင့်တစ်ဖက် ရန်လိုခဲ့ကြသည့် မိန်းကလေးများသည် ယခုမူ တစ်စားပွဲတည်းထိုင်ကာ ရင်းရင်းနှီးနှီးပင် ပြောဆိုနေကြသည်။

ထန်ဟန်ကမူ အံ့သြခြင်းမရှိပေ။

ထန်ဟန်သည် ရိပ်ရင်ကူကို မည်သို့မည်ပုံ ရှာဖွေခေါ်ဆောင်လာခဲ့သည်ဆိုခြင်းကို ကျန်းထင်ကျင့်အား ပြောမပြပေ။ ရွှေလုံ့ရှင်ကိုးရန့်မိန်နှင့်သာ လောင်းကစားမှု အတွေ့အကြုံများကို ပြောဆိုရယ်မောနေသည်။

ထိုနေ့ည ညစာစားရသောက်ပွဲသည် ပျော်ရွှင်စရာကောင်းသော စားသောက်ပွဲတစ်ခုပင် ဖြစ်သည်။ အားလုံးပင် ရယ်မောပျော်ရွှင်စွာ စားသောက်ကြသည်။ ကျန်းထင်ကျင့်ကလည်း ထန်ဟန်နှင့် အရက်ပြိုင်မသောက်ခဲ့ပေ။

သိုင်းလောကရှိ သိုင်းသမားများသည် ထိုနေ့ည ညစာစားသောက်ပွဲမှာလို တစ်ယောက်နှင့်တစ်ယောက် ခင်မင်ရင်းနှီးစွာ ပျော်ပျော်ရွှင်ရွှင် ရှိနေကြလျှင် မည်မျှကောင်းမည်နည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

(၄)လပိုင်း (၂၀) ရက်နေ့။

စိတ်တိုင်းကျ ပြည့်စုံရွာသို့ ထူးခြားသောလူများ ရောက်လာကြသည်။ ထိုလူစုကို ဝတ်စုံစိမ်းဝတ် အဘိုးကြီးသုံးယောက်က ဦးဆောင်လာသည်။

ဝတ်စုံစိမ်းဝတ် အဘိုးကြီးသုံးယောက်သည် မြင်းကိုယ်စီစီးကာ ရှေ့ဆုံးမှ ခေါင်းဆောင်လာသည်။ သူတို့နောက်တွင်မှ မြင်းလှည်းကြီးများ ပါရှိလာသည်။

မြင်းလှည်းကြီးများသည် ဘီးလေးဘီးတပ်ဖြစ်ပြီး သန်မာထွားကျိုင်းသော မြင်းနှစ်ကောင်က ဆွဲသည်။

မြင်းလှည်း တစ်စီးနှင့် တစ်စီးကြားတွင် သန်မာသောယောကျ်ားကြီးများ အစုလိုက် ခြေကျင်လျှောက်ကာ ပါရှိလာကြသည်။ ထို့ပြင် အသက်ငယ်သော လုလင်ပျို နှစ်ဆယ်ခန့်သည် မြင်းကိုယ်စီစီးကာ မြင်းလှည်းကြီးများ၏ ဘေးပတ်ဝန်းကျင် တစ်ဝိုက်မှ လိုက်ပါလာကြသည်။

မြင်းလှည်းကြီးများပေါ်တွင် ဂဝံကျောက်များ၊ အုတ်များ၊ ကျောက်မှုန့်များ၊ အရွယ်အစားအမျိုးမျိုးသော ပျဉ်ပြားနှင့် သစ်လုံးများ၊ ပေါက်တူး၊ ဂေါ်ပြား၊ တူ စသည့် ကိရိယာများ ပါလာသည်။



ထိုနောက်ကဲ့ မြင်းလှည်းကြီးများပေါ်တွင် ပါလာသော ပစ္စည်းများကိုကြည့်ကာ ကြီးကျယ်ခမ်းနားသော အဆောက်အအုံတစ်ခုကို မိမိတို့ရွာတွင် လာရောက်ဆောက်လုပ်တော့မည်ဖြစ်ကြောင်း နားလည်လိုက်ကြသည်။

မည်သူက ဤမျှလောက် ချောင်ကျကာ ဝေးသိခေါင်များသည့် အရပ်ဒေသတွင် အဆောက်အအုံကြီး လာရောက်တည်ဆောက်ခြင်း ဖြစ်လေသနည်း။ ထိုအဆောက်အအုံသည် မည်သို့သော အဆောက်အအုံမျိုး ဖြစ်မည်နည်း။

ရွာခံလူများသည် အမျိုးမျိုးပြောဆို ထင်ကြေးပေးနေကြသည်။

ထို့ပြင် မိမိတို့ရွာ၏ ရောင်းရေးဝယ်တာများ ပိုမိုတိုးပွားကောင်းမွန်မည်ဟုလည်း တွက်ထားကြသည်။

သူတို့တွက်ကိန်း မမှားပေ။

ဝတ်စုံဝတ်စိမ်း အဘိုးကြီးသုံးယောက် ဦးဆောင်သော ထိုလူစုသည် ရွာမြောက်ဘက်ရှိ မြေကွက်လပ်ကျယ်ကြီးတစ်ခုတွင် စခန်းချလိုက်ကြပြီးသည်နှင့် ရွာထဲရှိ စားသောက်ဆိုင်နှင့် အရက်ဆိုင်တို့တွင် လူများ ကြိတ်ကြိတ်တိုး စည်ကားနေကြလေတော့သည်။

အရောင်းအဝယ်ကောင်းခြင်းသည် ဝမ်းသာစရာ ဖြစ်သည်မှ သို့သော် ချက်ချင်းဆိုသလိုပင် စိတ်တိုင်းကျ ပြည့်စုံရွာတွင် ပြဿနာများ ပေါ်လာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်တိုင်းကျ ပြည့်စုံရွာတွင် သာမန်အားဖြင့် စားနပ်ရိက္ခာ များ ပြည့်စုံသည်။ သောက်ရေသုံးရေ လုံလောက်သည်။

သို့သော် ရုတ်တရက် လူအများအပြား ရောက်ရှိလာသော အခါတွင် စားနပ်ရိက္ခာနှင့် သောက်သုံးရေများ ရှားပါးလာလေ တော့သည်။

ထိုလူစု ရောက်လာသည့်နေ့မှာပင် ရွာထဲရှိ စားသောက် ဆိုင်အားလုံးတွင် ရောင်းစရာတွေ အကုန်ပြောင်စင်သွားသည်။ အဘိုးကြီး ဟူအန်း၏ ယုန်သားဆိုင်ဆိုလျှင် ချက်ပြုတ်ပြီးသား ယုန်သားဟင်းလျာတွေသာမက နောက်နေ့များတွင်မှ သတ်ဖြတ် ချက်ပြုတ်ရန် လှောင်ထားသည့် ယုန်တွေမှာ အကုန်လုံး ကုန်သွား သည်။

စိတ်တိုင်းကျ ပြည့်စုံရွာသည် သောက်ရေ သုံးရေအတွက် ရေတွင်းများကို အားကိုးအားထား ပြုသည်။ ရေတွင်းများသည် ရေထွက်ကောင်းသော်လည်း ရုတ်တရက် များပြားလာသော လူများအတွက်မူ လုံလောက်အောင် မရနိုင်ပေ။ ထို့ကြောင့် ရေတွင်းပိုင်ရှင်များက ထိုလူစုအတွက် ရေများပေးရန် ငြင်းဆို ကြရလေတော့သည်။

ဤတွင် ထိုလူစုသည် မတတ်သာတော့ပဲ တောင်ပေါ် စမ်းချောင်းများမှ ရေများကို သွားရောက်ခပ်ယူ အသုံးပြုရလေ တော့သည်။ တောင်ပေါ် စမ်းချောင်းများ ရှိနေရာသည် အတော် လေး ဝေးကွာသည်မှလွဲ၍ ရေကောင်းရေသန့်များ ကောင်းစွာ ရနိုင်သောကြောင့် ထိုလူစုမှာ ရေတော်ခြင်းဘေးဒုက္ခမှ ကင်းဝေး သွားရသည်။



ထိုလူစုသည် ရွာမြောက်ဘက် မြေကွက်လပ်ကျယ်ကြီးတွင် ခြံဝင်း ခပ်ကြမ်းကြမ်းခတ်ကာ စခန်းချ နေကြသည်။ သူတို့ ဆောက်လုပ်မည့် အဆောက်အအုံနေရာသည် ထိုနေရာပင် ဖြစ်ဟန် တူသည်။

ခြံဝင်း ခပ်ကြမ်းကြမ်း ခတ်ပြီးနောက် မြေတိုင်းခြင်း၊ မြေတူးခြင်း၊ မြေပြုပြင်ခြင်းများ စတင်ပြုလုပ်ကြသည်။

ထိုလူစု၏စခန်းသို့ အရောက်အပေါက်ရှိသူမှာ ဝါးရင်းတုတ် လီပေါက်သာ ဖြစ်သည်။ လီပေါက်သည် ဈေးပေါသော အရက် ဖြူနှင့် ဈေးချိုသော ပဲပြားဟင်းကို ဆိုင်းထမ်းဖြင့် လိုက်ရောင်းသူ ဖြစ်ရာ အလုပ်ကြမ်းသမား အများစုဖြစ်သော ထိုလူစု၏ အကြိုက် ဖြစ်ကာ အလွန်ပင် အရောင်းရတွင်ကျယ်၏။

လီပေါက်သည် စခန်းထဲတွင် အရက်လျှော်ရောင်းရှုရှင်း ထိုလူစု၏ အခြေအနေကို တစေ့တစောင်း လေ့လာကြည့်နိုင်ခဲ့သည်။

အလုပ်ကြမ်းသမားများသည် လူဝံလို ကြံ့ခိုင်သန်စွမ်းသည့် လူများ ဖြစ်သည်။ ကိုယ်ကာယ ကြံ့ခိုင်သန်စွမ်းသလောက် အသိ ဉာဏ်ကမူ နည်းပါးလှသည်။ တစ်စုံတစ်ယောက်မှ စာပေတတ်မြောက် ခြင်းမရှိ။ ဗဟုသုတလည်း နည်းလှသည်။ သူတို့ ဆောက်လုပ်ရ မည့် အဆောက်အအုံသည် မည်သို့သော အဆောက်အအုံ ဖြစ်မည် ကိုမသိ။ အဆောက်အအုံပိုင်ရှင် မည်သူမည်ဝါ ဆိုခြင်းကိုလည်း မသိ။

သူတို့သည် ကြီးကြပ်သူက စေခိုင်းသည့်အတိုင်း မြေကြီး တူးခြင်း၊ မြေသယ်ခြင်း၊ အုတ်သယ်ခြင်း စသည့် အလုပ်ကြမ်း များကိုသာ လုပ်ကြသည်။ အခကြေးငွေကတော့ အတော်ကောင်း

www.burmeseclassic.com

www.burmeseclassic.com



သည်။ လုပ်ခကို သုံးရက်တစ်ကြိမ် ရှင်းပေးသည်။ ထိုလုပ်ခကို ရွာထဲသို့သွားကာ အရက်ကောင်းကောင်း၊ ဟင်းလျာကောင်းကောင်း တစ်ကြိမ်တစ်ခါ စားသောက်ပြီး မိန်းမကြီးဟူ၏ ပြည့်တန်ဆာအိမ်တို့ တစ်ခေါက်သွားရောက်နိုင်ရန် လုံလောက်သည်။ ထိုအလုပ်ကြမ်းသမားများသည် ဒါတွေကလွဲ၍ ဘာမှ မသိကြပေ။ သိရန်လည်း မကြိုးစားကြ။ အလုပ်ထဲတွင် ကျွေးသည်ကိုစားကာ နိုင်းတာလုပ်သည်။ လုပ်ခရလျှင် ရွာထဲသို့သွားပြီး စားသောက်သုံးဖြုန်းပစ်ကြသည်။

အလုပ်ကြမ်းသမား အားလုံး ရှစ်ရာခန့် ရှိသည်။ အယောက်လေးဆယ်လျှင် တစ်စုဖြင့် အုပ်စုများဖွဲ့ထားကာ အုပ်စုတစ်စုကို ကြီးကြပ်သူတစ်ယောက်က အုပ်ချုပ်သည်။ အစုပေါင်း နှစ်ဆယ်ခန့်ရှိပြီး ကြီးကြပ်သူလည်း နှစ်ဆယ်ခန့် ရှိသည်။

ထိုကြီးကြပ်သူတို့သည် အသက်ငယ်ရွယ်ပြီး အယောက်တိုင်းသည် သိုင်းပညာ အတော်ထက်မြက်သူများ ဖြစ်ကြ၏။

လူအားလုံးကို ဝတ်စုံစိမ်း အဘိုးကြီးသုံးယောက်က စီမံခန့်ခွဲသည်။ ထိုအဘိုးကြီးသုံးယောက်သည် တာဝန်ခံခေါင်းဆောင်များလည်း ဖြစ်ကြသည်။

လီပေါက်သည် ထိုအဘိုးကြီးသုံးယောက်တို့ကို အနီးကပ် အကဲခတ်ခွင့်မရသည့်အတွက် သိုင်းပညာအဆင့် မည်မျှရှိမည်ကို မသိနိုင်ပေ။ သို့သော် လူတို့လက်အောက်မှ ကြီးကြပ်သူများ၏ သိုင်းပညာကိုကြည့်၍ ခန့်မှန်းရလျှင် အဘိုးကြီးသုံးယောက်သည် ပထမတန်းသိုင်းသမားအဆင့်တွင် ရှိနိုင်ပေသည်။

ညနေပိုင်းအချိန် ...



လီပေါက်သည် အရက်နှင့် ဟင်းလျာများ ရောင်းကုန်ပြီး အိမ်သို့ ပြန်လာသောအခါ ထန်ဟန်သည် အိမ်ရှေ့ခန်းတွင်ထိုင်ကာ လီပေါက်ကို စောင့်လင့်နေသည်။

လီပေါက်သည် ဖေးသည့် ဖန်ရှယွင်း အသင့်ပြင်ပေးထား သော ရေစလုံတွင် လက်များဆေးကြော မျက်နှာသစ်ပြီး ထန်ဟန်နားသို့ လာထိုင်သည်။

"အင်း ... ခင်ဗျားကတော့ ရိုးမွမ်းစရာ လူတစ်ယောက်ပါပဲ"

ထန်ဟန်က အရက်တစ်ခွက်ငှဲ့သောက်ပြီး လီပေါက်ကို ပြောသည်။ လီပေါက်က ထန်ဟန်ကို ကြည့်လိုက်ကာ ...

"ဘာကြောင့်လဲဗျ ပြောစမ်းပါဦး"

"ဪ ... ခင်ဗျားက စကားပြော ချိုချိုသာသာနဲ့ ဒီမိန်းကလေးကို ဒီနေရာအရောက် ညာခေါ်လာနိုင်လို့ပေါ့၊ ဟား ... ဟား ... ဟား"

"ခင်ဗျားက ဟင်းကောင်းစားရတိုင်း ရှယွင်းကို မြှောက်ပြောနေတာကို၊ ကိုယ့်တွက်ကိန်း မှားနေတာကိုတော့ မသိဘူး"

"ကျွန်တော့်စကားက ဘယ်နေရာမှာ မှားသွားလို့လဲ"

"ကျွန်တော်က သူ့ကို စပြီး မျက်စိကျတာ မဟုတ်ဘူး၊ သူက ကျွန်တော့်ကို မျက်စိကျပြီး အခွင့်အလမ်းပေးလို့ ချစ်သွားကြတာ၊ ပြီးတော့ နီးရာလိုက်ဖို့ကိုလည်း သူကပဲ အကြံပေးတာဗျ"

ထန်ဟန်က ရယ်မောရင်း ဖန်ရှယွင်းကို လှမ်းကြည့်လိုက် တာ ...

"သူ မဟုတ်တာတွေ လျှောက်ပြောနေတာကို ဒီလိုပဲ ကြည့်နေတော့မှာလား"

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လီပေါက်သည် မိမိ စုံစမ်းသိရှိခဲ့သည့်အကြောင်းများကို ထန်ဟာန်ကို ပြောပြသည်။

"အင်း ... ကျွန်တော် ခန့်မှန်းထားတာတော့ ဟုတ်နေပြီ၊ သူတို့က စခန်းအတည်တကျဆောက်ပြီး အတိအလင်းကို ပေါ်ထွက်လာတော့မယ်"

လီပေါက် ပြောပြသည်များကို နားထောင်ပြီးနောက် ထန်ဟာန်က ခေါင်းညိတ်ကာ ပြောသည်။

"အဲဒီလူစုဟာ ဘယ်ဂိုဏ်းအဖွဲ့က ဖြစ်မယ်လို့ ထင်သလဲ"

လီပေါက်က မေးသည်။

"ဘယ်ဂိုဏ်းအဖွဲ့လဲ ဆိုတာကိုတော့ အခု မပြောချင်သေးဘူး၊ ဒါပေမဲ့ ခင်ဗျား စဉ်းစားနိုင်ဖို့ အချက်တွေကတော့ အများကြီးရှိပါတယ်၊ ပြည့်စုံစားသောက်ဆိုင်ဟာ အဲဒီဂိုဏ်းအဖွဲ့ရဲ့ လျှို့ဝှက်စခန်းထောက် နေရာတစ်ခုပဲ၊ ပိုင်ထင်တိန်းရဲ့ သိုင်းပညာစွမ်းကို ခင်ဗျားလည်း အသိပဲ၊ ဒါကို အခြေခံပြီး စဉ်းစားကြည့်ရင် ဒီဂိုဏ်းအဖွဲ့ရဲ့အင်အားဟာ အတော်ကြီးမားတာကို ခန့်မှန်းနိုင်ပါတယ်"

ယခု တည်ဆောက်နေသည်မှာ နန်းဗိမာန်ဂိုဏ်း၏ ဌာနချုပ်အဆောက်အအုံဖြစ်နိုင်ကြောင်းကို ထန်ဟာန်အနေဖြင့် တွက်ပြီးထားပြီး ဖြစ်သည်။

"ဒီနေရာဟာ သွားလမ်းလာလမ်း အလွန်ခက်ခဲတဲ့ ဒေသတစ်ခု ဖြစ်တယ်၊ ဒီလိုနေရာမျိုးမှာ သူတို့က ဘာကြောင့် ဌာနချုပ်စခန်း လာတည်ဆောက်ချင်နေရတာလဲ"

လီပေါက်က မေးသည်။



"ကျွန်တော်လည်း အဲဒါကို အစဉ်းစားရ ခက်နေတာပါပဲ"

"ဘာပဲဖြစ်ဖြစ် သူတို့ရဲ့အင်အားကတော့ မနည်းဘူး၊ အတော်သတိထားဖို့ လိုတယ်"

"ဟုတ်တယ် ... ဟုတ်တယ်"

"ဒီအချိန်အတောအတွင်းမှာ ပြည့်စုံစားသောက်ဆိုင်ဟာ အရောင်းအဝယ် ကိစ္စအမျိုးမျိုး ရာချီပြီး လုပ်ဆောင်ခဲ့တယ်၊ ဒီအရောင်းအဝယ်ကိစ္စတွေထဲကနေပြီး နာမည်ရ သိုင်းပညာရှင်အတော်များများနဲ့ပတ်သက်တဲ့ လျှို့ဝှက်ချက်တွေကို ပိုင်ထင်တိန်းက သိရှိနေတယ်၊ ဒီလျှို့ဝှက်ချက်နဲ့ ပျောက်ကွက်တွေကို သူတို့က လက်ကိုင်ပြုထားနိုင်ကြပြီ"

"ဒီလိုဆိုရင် သူတို့ရဲ့ အန္တရာယ်က မသေးဘူး၊ ဘယ်လိုရှိမယ်ဆိုတာကို စောင့်ကြည့်ရမယ်၊ ခုစရိုက်လုပ်ငန်းဟာ ကောင်းကျိုးမပြုပါဘူး၊ မကောင်းမှုဟာ ဆိတ်ကွယ်ရာ မရနိုင်ပါဘူး၊ သူတို့ ဘယ်လောက်ပဲ အင်အားကြီးကြီး တစ်နေ့တော့ ထိုက်သင့်တဲ့ အပြစ်ဒဏ်ကို ခံရမှာပါပဲ၊ လူဆိုးလူမိုက် လူယုတ်မာတွေရဲ့ သွားလမ်းဟာ တစ်လမ်းတည်း ရှိပါတယ်"

ထန်ဟာန်သည် လီပေါက်၏အိမ်တွင်ပင် ညစာစားသည်။ လီပေါက်နှင့် စကားမြည် ဆက်လက်ပြောဆိုပြီး ညနက်မှ ပြန်လာခဲ့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ညအတော်နက်နေပြီ။

စိတ်တိုင်းကျ ပြည့်စုံရှာသည့် အိပ်မောကျသလို တိတ်ဆိတ်နေသည်။

လူရိပ်သဏ္ဍာန်တစ်ခုသည် ကရားမွေးလက်ဖက်ရည်ဆိုင်ရှိရာဘက်သို့ လျင်မြန်သော အဟုန်ဖြင့် သွားနေသည်။

ထိုသူသည် အနက်ရောင်ဝတ်စုံကို ဝတ်ထားသည်။ သွားရာတွင် မြေကြီးပေါ်မှ ပြေးသွားခြင်းမဟုတ်ဘဲ အိမ်ခေါင်မိုးတစ်ခုမှတစ်ခု ခုန်ကျော်ကာ သွားနေခြင်း ဖြစ်သည်။ ကိုယ်ဖော့ပညာကောင်းပြီး သိုင်းပညာစွမ်း ထက်မြက်သူတစ်ယောက်ဖြစ်ကြောင်း သိနိုင်သည်။

မကြာမီပင် ဝတ်စုံနက်သည် ကရားမွေး လက်ဖက်ရည်ဆိုင်သို့ ရောက်ရှိသွားသည်။ သူသည် ဆိုင်ထဲသို့ဝင်ကာ ထောင်စုတို့၏ အိပ်ခန်းရှိရာသို့ ချဉ်းကပ်လာခဲ့သည်။

အိပ်ခန်းတံခါးကို သော့ခတ်ကာ ပိတ်ထားသည်။ သို့သော် ဝတ်စုံနက်က ရှည်လျားသော ငွေအပ်ရှည်တစ်ခုကိုသုံးကာ တံခါးသော့ကို အချိန်အနည်းငယ်အတွင်းမှာပင် ပွင့်သွားအောင်ဖွင့်လျက် အိပ်ခန်းထဲသို့ အသာဝင်လာခဲ့သည်။

အိပ်ခန်းထဲသို့ရောက်သည်နှင့် ဝတ်စုံနက်သည် ခုတင်အနီးသို့ လစ်ခနဲ ချဉ်းကပ်သွားကာ ထောင်စု၏ အိပ်ပျော်နေသော အကြောများကို ဖိနှိပ်လိုက်သည်။



မှုလကပင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသော ထောင်စုမှာ ပို၍ပင် အိပ်မောကျသွားသည်။

ဝတ်စုံနက်သည် ထောင်စုကို စောင်အောက်မှ ဆွဲထုတ်ယူကာ ခုတင်ပေါ်မှ မ,ယူလျက် ခုတင်နှင့် မလှမ်းမကမ်းတွင်ရှိသော ခုံရှည်တစ်ခုပေါ်တွင် သွားတင်ထားသည်။

ထို့နောက် ...။

* * *

ဝတ်စုံနက်၏ ပိုင်နိုင်သော ချုပ်ဖမ်းမှုတွင် လီမော်စန်းမှာ မလှုပ်သာတော့။

"ယော့လူ အသက်မသေချင်ရင် အဝတ်အစားတွေ မြန်မြန်ဝတ်ပြီး အပြင်ကို ထွက်လာခဲ့စမ်း"

အခန်းပြတင်း အပြင်ဘက်ဆီမှ အေးစက်စက် ပြောလိုက်သော စကားသံ ပေါ်လာသည်။

လီမော်စန်းကို ချုပ်ဖမ်းပွေ့ဖက်ထားသော ဝတ်စုံနက်မှာ ရုတ်တရက်မို့ ထိတ်လန့်သွားကာ ကိုယ်ခန္ဓာလည်း ဆတ်ခနဲ တုန်ရင်သွားရသည်။

ချုပ်ဖမ်းပွေ့ဖက်ထားမှု လျော့ရဲသွားသည့်အတွက် လီမော်စန်းသည် ထိုလူလက်မှ အလွတ်ရုန်းထွက်ကာ မိမိ၏ကိုယ်ကို စောင်ဖြင့် ရစ်ပတ်လိုက်သည်။

ဝတ်စုံနက်သည် ချွတ်ပြီသွားသော အင်္ကျီကို လှမ်းမကာ ဘောင်းဘီကို ကောက်ယူဝတ်လိုက်သည်။ ထို့နောက် ကြိုးခုံတစ်လုံး

www.burmeseclassic.com

www.burmeseclassic.com



ကိုကောက်ယူကာ ပြတင်းပေါက်ဆီကို လှမ်းပစ်ပေါက်လိုက်သည်။ တစ်ဖြိုင်နက်လိုလိုမှာပင် ကိုယ်ခန္ဓာ လှုပ်ရှားကာ အခန်းတံခါးမှ အပြင်သို့ လှစ်ခနဲ ပြေးထွက်သွားသည်။

ယင်းမှာ ဝတ်စုံနက်က အပြင်ဘက်တွင်ရှိနေမည့်လူကို လှည့်စားလိုက်ခြင်း ဖြစ်သည်။ ပြတင်းပေါက်မှ ထွက်ပြေးသွားသလိုလို အယောင်ပြကာ တံခါးပေါက်မှလှည့်၍ အပြင်သို့ ထွက်လာခဲ့ခြင်းဖြစ်သည်။ ခြံဝင်းထဲသို့ ရောက်သောအခါ ဝတ်စုံနက်က ပတ်ဝန်းကျင်ကို လှည့်ပတ်ကာ အကဲခတ်ကြည့်လိုက်သည်။

ပတ်ဝန်းကျင်မှာ တိတ်ဆိတ်နေသည်။ ငြိမ်သက်နေသည်။ လူရိပ်လူယောင်လည်း မတွေ့ရပေ။

"မောစောက ထိတ်သလိုလို လန့်သလိုလို ဖြစ်နေခဲ့သော ဝတ်စုံနက်မှာ သတ္တိတွေ ရှိလာသည်။

"ကျုပ်နာမည် ကူးကျင့်ယုံ၊ အများက ပန်းတစ်ရာကူးကျင့်ယုံလို့ ခေါ်တယ်၊ မိတ်ဆွေက ကျုပ်ကိုစွမှာ ဝင်ရှုပ်ရဲမှတော့ ဘာကြောင့် အပြင်ကို ထွက်မလာသေးတာလဲ"

ဝတ်စုံနက်က လေသံမာမာဖြင့် ဟန်ဟိတ်ထုတ်ကာ ပြောလိုက်သည်။

"ဟား ... ဟား ... ဟား ခင်ဗျားက ကျွန်တော့်ကို မမြင်မိတာပါ"

ရယ်မောပြောဆိုသံနှင့်အတူ ကူးကျင့်ယုံ၏ ရှေ့သို့ လူရွယ်တစ်ယောက် ရောက်လာသည်။

ထိုလူရွယ်၏ လှုပ်ရှားပုံမှာ လျင်မြန်လှသည်။ ရုတ်တရက် ကိုယ်ထင်ပြလိုက်သလိုမျိုးပင် ထင်နိုင်သည်။



ကူးကျင့်ယုံက သူ့ရှေ့သို့ ရောက်လာသော လူရွယ်ကို အကဲခတ် ကြည့်လိုက်သည်။ အသက် နှစ်ဆယ်ဝန်းကျင် အရွယ်သာရှိပြီး မီးခိုးရောင်ဝတ်စုံကို ဝတ်ထားသည်။ ထိုလူရွယ်၏ အသက်ငယ်ရွယ်မှုကြောင့် ကူးကျင့်ယုံသည် အထင်သေးသည့်စိတ်များ ပေါ်လာသည်။

"ခင်ဗျား အိမ်ထောင်ကျပြီးပြီလား"

"မကျသေးဘူး"

"ဒါဆို နည်းနည်းတော်သေးတယ်"

ကူးကျင့်ယုံက နားမလည်ဟန်ဖြင့် ...

"ဘာတော်သေးတာလဲ"

မီးခိုးရောင်ဝတ်စုံဝတ် လူရွယ်က မထီတရီ ပြုံးလိုက်ကာ ...

"ခင်ဗျား အိမ်ထောင်ကျပြီးလို့ ခင်ဗျားဇနီးကို ဒီလိုမဲ အရှောင်သမားတွေက ဖျက်ပါးမိုကြဲရင် ခင်ဗျားစိတ်ဘဲ ဘယ်လိုနေမလဲလို့ မေးမလို့ပါ၊ အခု ခင်ဗျားမှာ ဇနီးမရှိသေးလို့ တော်သေးတယ်လို့ ပြောရတာပေါ့"

"တောက် ... ခွေးကောင်လေး"

ကူးကျင့်ယုံသည် ဆက်လက်၍သည်းခံကာ နားမထောင်နိုင်တော့ဘဲ ရှေ့သို့ လှမ်းတက်ကာ မီးခိုးရောင်ဝတ်စုံဝတ် လူရွယ်ကို လက်ဝါးဖြင့် ရိုက်ချသည်။

မီးခိုးရောင်ဝတ်စုံဝတ် လူရွယ်သည် ကူးကျင့်ယုံ၏ လက်ဝါးရိုက်ချက်ကို အလွယ်ဝင် ရှောင်ပေးလိုက်သည်။ ကူးကျင့်ယုံသည် စိတ်မလျှော့သေးဘဲ မီးခိုးရောင်ဝတ်စုံဝတ် လူရွယ်ကို လက်ဝါးဖြင့် ဆက်ကာဆက်ကာ ရိုက်သည်။ လက်ဝါးရိုက်ချက်

www.burmeseclassic.com

www.burmeseclassic.com



တိုင်းသည် အားအင်ပြင်းထန်ပြီး သေကွင်းသေကွက်နေရာများကို ဦးတည်နေသည်။

မီးခိုးရောင်ဝတ်စုံဝတ် လူရွယ်သည် လှည့်ပတ်လှုပ်ရှားကာ လက်ဝါးရိုက်ချက်များကို ရှောင်တိမ်းနေသည်။ ကူးကျင့်ယုံကို ပြန်လည်တိုက်ခိုက်ခြင်း မပြုပေ။

သိုင်းကွက်နှစ်ဆယ်ကျော် တိုက်ခိုက်ပြီးသည့်တိုင် ကူးကျင့်ယုံအနေဖြင့် မီးခိုးရောင်ဝတ်စုံဝတ် လူရွယ်၏ အင်္ကျီစကိုပင် ထိအောင် မတိုက်ခိုက်နိုင်ခဲ့ပေ။

ကူးကျင့်ယုံသည် မိမိအစွမ်းကို မိမိ သံသယ ဖြစ်လာသည်။

တစ်ဖက်လူကို အနိုင်ယူနိုင်မည်ဟု မိမိကိုယ်မိမိ မယုံကြည်တော့ပေ။

ကူးကျင့်ယုံသည် သူသေကိုယ်သေ တိုက်ခိုက်တော့မည့်အသွင်မျိုးပြုကာ လက်ဝါးရိုက်ချက်သုံးချက် အားကုန်သုံးကာ ရိုက်နှက်လိုက်သည်။ နောက်ဆုံး လက်ဝါးရိုက်ချက်ကို ရိုက်နှက်ပြီးသည်နှင့် ချာခနဲ နောက်သို့လှည့်ကာ နံရံဘက်သို့ အတင်းပြေးလေတော့သည်။

"မပြေးနဲ့လေ ပြန်လာခဲ့"

မီးခိုးရောင်ဝတ်စုံဝတ် လူရွယ်၏ လှမ်းအော်ဟန့်တားသံကို ကူးကျင့်ယုံ ကြားလိုက်ရသည်။

ကူးကျင့်ယုံသည် ထိုစကားကို အလေးမထားဘဲ နံရံပေါ်သို့ ခုန်တက်လိုက်သည်။

သို့ရာတွင် ထူးခြားသောအဖြစ်ကို ကူးကျင့်ယုံ လက်တွေ့ကြုံရလေတော့သည်။ မည်သည့်အချိန်က မည်ကဲ့သို့ ပြေးလွှား



လှုပ်ရှားလိုက်သည်မသိ၊ မီးခိုးရောင်ဝတ်စုံဝတ် လူရွယ်သည် ကူးကျင့်ယုံ ခုန်တက်လိုက်သည့် နံရံနေရာပေါ်တွင် မားမားကြီး ရပ်လျက် ရှိနေသည်။

ထိုနံရံဘက်သို့ ပြေးရာတွင် ကူးကျင့်ယုံသည် ရှေ့မှ ဖြစ်သည်။ ကူးကျင့်ယုံ၏ ကိုယ်ဖော့ပညာမှာလည်း အတော်ကောင်းသည်။

မီးခိုးရောင်ဝတ်စုံဝတ် လူရွယ်၏ ကိုယ်ဖော့ပညာသည် မိမိထက် သာလွန်သည်ဖြစ်စေ၊ မိမိနောက်သို့ အပြေးလိုက်လာလျှင် ခရီးအတော်အတန် ရောက်မှသာ လိုက်နိုင်မည်ဟု ကူးကျင့်ယုံက တွက်ထားသည်။

အပေါ်သို့ ခုန်တက်လာသည့် ကူးကျင့်ယုံ၏ပခုံးကို ခြေထောက်ဖြင့် အသာဖိနင်းချလိုက်သည်။

ကူးကျင့်ယုံမှာ ကိုယ်ဟန်ပျက်သွားကာ အပေါ်သို့ ခုန်တက်နိုင်တော့ပဲ အောက်သို့ ကားခနဲ ပြန်ကျသွားသည်။

မီးခိုးရောင်ဝတ်စုံဝတ် လူရွယ်သည် ကူးကျင့်ယုံနှင့်အတူ အောက်သို့ ခုန်ချလိုက်ပါလာသည်။

"ခင်ဗျားက လူကြားလို့မှမကောင်းတဲ့ ပြစ်မှုကို ကျူးလွန်ဖို့ကြံတာကို ကျွန်တော်က အလွယ်နဲ့ လွှတ်ပေးမယ် ထင်နေသလား၊ ပြီးတော့ ခင်ဗျားရဲ့နောက်မှာ ရပ်ပေးနေတဲ့ လူတွေကိုလည်း ကျွန်တော်က ကြောက်မယ်လို့ မထင်စေနဲ့၊ ခင်ဗျား မှားသွားမယ်"

ထိုလူရွယ်၏ မထီတရီအပြုံးနှင့် အေးစက်စက် ပြောဆိုပုံကို ကြည့်ကာ ကူးကျင့်ယုံသည် တစ်စုံတစ်ယောက်ကို သတိရမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... မင်း ... မင်း မီးခဲထန်ဟန် မဟုတ်လား"

ကူးကျင့်ယုံက အလန့်တကြား ပြောသည်။

မီးခိုးရောင် ဝတ်စုံဝတ်လူရွယ်က ခေါင်းညိတ်ပြကာ ...

"ဟုတ်ပါတယ် ကျွန်တော် ထန်ဟန်ပဲ၊ အခု ခင်ဗျားကို ကျွန်တော် မေးခွန်း နည်းနည်းပါးပါးမေးမယ်၊ ခင်ဗျား အမှန်အတိုင်းဖြေမလား"

ကူးကျင့်ယုံမှာ အလွန်ပင် ကြောက်လန့်နေကာ ရုတ်တရက် အဖြေမပေးနိုင်ပေ။ နောက်ဆုံးတွင်တော့ ယတိပြတ် စဉ်းစားဆုံးဖြတ်လိုက်ကာ ...

"မင်း မေးတာတွေကို အမှန်အတိုင်းဖြေရင် ကျုပ်အတွက် ဘယ်လို အကျိုးရှိမှာလဲ"

"ခင်ဗျားအသက် ချမ်းသာရာရမယ်"

"အသက်ချမ်းသာပေးပြီး ကျုပ်ရဲ့သိုင်းပညာကို ဖျက်ဆီးပစ်မှာလား"

"မဖျက်ဆီးပါဘူး"

"ကျုပ်ရဲ့ ခန္ဓာကိုယ်ကို မသန်မစွမ်းဖြစ်အောင်ကော မလုပ်ဘူးပေါ့"

"မလုပ်ပါဘူး"

"မင်း ပြောတဲ့စကားကို တည်ပါတယ်နော်"

"စိတ်ချပါ၊ ထန်ဟန်ဟာ ပြောထားတဲ့စကားကို ဘယ်တော့မှ မဖျက်ဘူး"

"ကဲ ... ခင်ဗျား ဘာမေးချင်လဲ"



ကူးကျင့်ယုံက ပြောသည်။

"ခင်ဗျားဟာ သမာဓိစင်ကြယ်ဂိုဏ်း ဂိုဏ်းဝင် သိုင်းသမားတစ်ယောက် ဖြစ်ပြီး အခု လောလောဆယ်မှာ ရွာမြောက်ဘက် မြေကွက်လပ်က အဆောက်အအုံ ဆောက်လုပ်တဲ့နေရာမှာ ကြီးကြပ်သူတစ်ယောက်အဖြစ် လုပ်ဆောင်နေတာကို ကျွန်တော် သိထားပြီးပါပြီ၊ ကဲ ... စမေးတော့မယ်၊ ခင်ဗျားလို သမာဓိစင်ကြယ်ဂိုဏ်းဝင်တစ်ယောက်က ဘာကြောင့် ဒီလုပ်ငန်းမှာ ကြီးကြပ်သူအလုပ်နေတာလဲ"

"အခကြေးငွေ ကောင်းကောင်းရလို့ပါ"

"ဘယ်လောက်များရသလဲ"

"တစ်လကို ငွေသား ငါးဆယ်ကျပ်သား ရပါတယ်"

"ဒီအဆောက်အအုံဟာ ဘယ်သူ့ အဆောက်အအုံလဲ"

"ဟူမိသားစုဂေဟာ ဖြစ်ပါတယ်"

"ခင်ဗျားတို့ရဲ့အလုပ်ရှင်က ဟူအမျိုးအနွယ်လား"

"ဟုတ်ပါတယ်"

"သေချာရဲ့လား"

"သေသေချာချာရယ်လို့တော့ မဟုတ်ပါဘူး၊ အားလုံးက ဒီလို ပြောဆိုနေကြတာပါပဲ"

"အဲဒီအလုပ်ရှင်ကို ခင်ဗျား တွေ့ဖူးသလား"

"ဟင်အင်း မတွေ့ဖူးပါဘူး"

"ဒီလုပ်ငန်းခွင်မှာ ဦးဆောင်စီမံနေကြတဲ့ အဘိုးကြီး ... ယောက်က ဘယ်သူတွေလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အရပ်မြင့်မြင့် ပိန်ပိန်ပါးပါး အဘိုးကြီးက နှောင်ကြိုးမဲ့ ဟူယီထုလို့ ခေါ်တယ်၊ မျက်နှာမှာ အမာရွတ်ရှိတဲ့ အဘိုးကြီးက အကြင်နာမဲ့ စုရှင်းဟန်ပါ"

"ဪ ... တောင်ပိုင်း လူဆန်းနှစ်ယောက်ကိုး"

"ဟုတ်ပါတယ်"

"ကျန်တဲ့ ပခုံးကျယ်ကျယ် ထောင်ထောင်မောင်းမောင်း အဘိုးကြီးကကော"

"သူကတော့ ကျွန်တော့်ရဲ့ဆရာ သမာဓိလက်ဝါး ဆားကောင်းလို ပါပဲ"

"သူတို့သုံးယောက်ဟာ နန်းဗိမာန်ဂိုဏ်းမှာ ဘယ်လို အဆင့်အတန်းမျိုး ရှိလဲ"

ကူးကျင့်ယုံသည် ကြောင်အမ်းအမ်းဖြစ်သွားကာ ...

"ဘာ ... နန်းဗိမာန်ဂိုဏ်းလဲ၊ အဲဒါမျိုးကို ကျုပ် မကြားဖူးဘူး"

ထန်ဟန်က ကူးကျင့်ယုံကို စိန်းစိန်းကြည့်ကာ ...

"ခင်ဗျား ဆရာက ခင်ဗျားတို့အလုပ်ရှင်ရဲ့ အကြောင်းကို ပြောမပြဘူးလား"

"ဟင့်အင်း ပြောမပြပါဘူး"

"ခင်ဗျားကို မေးချင်တာကတော့ ဒီလောက်ပါပဲ"

ထန်ဟန်က ဤသို့ပြောပြီး ညာလက်ကိုဆန့်ထုတ်ကာ ကူးကျင့်ယုံ၏ ပခုံးနှစ်ဖက်နှင့် ရင်ဘတ်ပေါ်ရှိ သွေးကြောကွက် သုံးခုကို လျင်မြန်စွာ ဖိထောက်လိုက်သည်။



ကူးကျင့်ယုံမှာ ရှောင်တိမ်းရန်ပင် မစဉ်းစားနိုင်တော့။ အကယ်၍ ရှောင်တိမ်းသည့် တိုင်အောင်လည်း လွတ်အောင် ရှောင်နိုင်မည် မဟုတ်ပေ။

"ဟင် ... ခင်ဗျားက ပြောထားတဲ့စကားကို ဖျက်တော့မှာလား"

အကြောပိတ်ခံထားရသော ကူးကျင့်ယုံက အလန့်တကြား ပြောသည်။

"ကျွန်တော်က ခင်ဗျားရဲ့အသက်ကို မချွေပါဘူး၊ ခင်ဗျားရဲ့ သိုင်းပညာကိုလည်း မဖျက်ဆီးပါဘူး၊ ခင်ဗျားရဲ့ ကိုယ်ခန္ဓာကို ထိခိုက်အနာတရဖြစ်အောင်လည်း မလုပ်ပါဘူး၊ ပြောထားတဲ့ စကားအတိုင်း တည်ပါတယ်"

"ဒါဖြင့် ဘာကြောင့် ကျုပ်ကို အကြောပိတ်ရတာလဲ"

"ခင်ဗျားကို ခင်ဗျားဆရာဆီ ပို့ပေးချင်လို့ပါ"

ကူးကျင့်ယုံမှာ အလွန်စင် ထိတ်လန့်သွားရသည်။

ဒါပေမဲ့ သူသည် ထန်ဟန်ကို အဖြစ်မဆိုသာတော့ပေ။

ထန်ဟန်သည် ကူးကျင့်ယုံ တောင်းဆိုသည်များကို လိုက်လျောခဲ့သည်။ ထိုအချိန်တုန်းက မိမိကို လွတ်လွတ်လပ်လပ် သွားလိုရာသွားခွင့်ပြုရန် ထည့်သွင်းမတောင်းဆိုခဲ့မိသည်ကိုသာ ကူးကျင့်ယုံမှာ နောင်တရနေမိသည်။ မိမိတိုယ်မိမိ ပြန်လည် အပြစ်တင်နေမိသည်။

ကူးကျင့်ယုံသည် ဘာမှပြန်မပြောနိုင်တော့ဘဲ ခေါင်းငိုက်စိုက်ကျသွားသည်။

"ကဲ ... ကျွန်တော်တို့ သွားကြစို့လား"

www.burmeseclassic.com

www.burmeseclassic.com



ထန်ဟာန်က ထိုသို့ပြောပြီး အကြောပိတ်ခံထားရသော ကျွးကျင့်ယုံကို ဆွဲခေါ်ကာ မြေးထွက်သွားမည်ပြုသည်။

ထိုအချိန်မှာပင် ဝင်းနံရံအထက် မှောင်ရိပ်ကျရာ နေရာဆီမှ စကားသံ ထွက်ပေါ်လာသည်။

* * *

"ဟောဒီမှာ နှစ်ယောက်ရှိနေသေးတယ်၊ တစ်ခါတည်း ခေါ်သွားစမ်းပါ"

ဝင်းနံရံထက် မှောင်ရိပ်ကျနေရာမှ စကားသံပေါ်လာ သည်။ ထို့နောက် အကြောပိတ်ခံထားရသည့် လူနှစ်ယောက် နံ ပေါ်မှ အောက်သို့ ကျလာသည်။

"ဒီလူနှစ်ယောက်က ဘယ်သူတွေလဲ"

"ရွာမြောက်ပိုင်း မြေကွက်လပ်မှာ အဆောက်အအုံဆော နေတဲ့လူစုထဲက ကြီးကြပ်သူတွေပဲ၊ ပြီးတော့ သမာဓိစင်ကြ ဂိုဏ်းက ဂိုဏ်းဝင်သိုင်းသမားတွေလည်း ဖြစ်တယ်"

ထန်ဟာန်သည် အကြောပိတ်ခံထားရသည့်အတွက် မလှုပ် နိုင် ဖြစ်နေကြသော သမာဓိစင်ကြယ်ဂိုဏ်းဝင် သုံးယောက် တစ်ချက်ကြည့်ကာ ခေါင်းကို ခါယမ်းလိုက်သည်။

သမာဓိစင်ကြယ်ဂိုဏ်းသည် မှုလဏ လမ်းမှန်သိုင်း အ စည်းတစ်ခု ဖြစ်သည်။ ယနေ့တွင်မူ မည်သည့်အတွက်ကြော လမ်းများကိုလိုက်ကာ သိုင်းသမားဆိုးများနှင့် ပူးပေါင်းဆောင်ရွ နေကြသည်ကို ထန်ဟာန်အနေဖြင့် မတွေးတတ်ပေ။



"ကျွန်တော့်မှာက လက်နှစ်ဖက်ပဲရှိတယ်၊ ဒီလူသုံးယောက် ကို ဘယ်လိုလုပ်ပြီး ခေါ်သွားနိုင်မှာလဲ၊ ခင်ဗျားတို့လည်း ဆင်းလာ ပြီး ကူညီပေးကြပါဦးမှပေါ့"

ထန်ဟာန်က အသံထွက်ပေါ်လာရာဘက်သို့ကြည့်ပြီး ပြော လိုက်သည်။

"ကျွန်တော်က စီးပွားရှာပြီး မိသားစုကို လုပ်ကိုင်ကျွေး မွေးနေရတဲ့လူတစ်ယောက် ဖြစ်ပါတယ်၊ သိုင်းလောကရဲ့ အရှုပ် အထွေးတွေမှာ မပါဝင်လိုပါဘူး၊ ဒါကြောင့် ကွက်လာပြီး မကူညီနိုင်တာကို ခွင့်လွှတ်ပါ"

"ကျွန်တဲ့လူတစ်ယောက်ကကော ဘယ်လိုလဲ"

ထန်ဟာန် လှမ်းကြည့်လိုက်သည့် မှောင်ရိပ်ကျရာဘက်မှ အခြားလူတစ်ယောက်၏ စကားသံ ပေါ်လာပြန်သည်။

"အခုကိစ္စမှာ မီးခဲထန်ဟာန်ကိုယ်တိုင် ဆောင်ရွက်မှသာ ပြည့်ပြည့်ဝဝ ရှိပါလိမ့်မယ်၊ ကျွန်တော်က နာမည်ထင်ပေါ်မှုကို မလိုလားပါဘူး"

"ခင်ဗျားတို့က နောက်ကွယ်ကပဲ လှုပ်ရှားချင်ကြတာကိုး"

ထန်ဟာန်က ပြောလိုက်သည်။

မှောင်ထဲမှ ရယ်မောသံနှစ်ခု ပြိုင်တူပေါ်လာသည်။ ရယ်သံ ပျောက်သွားနှင့်အတူ မှောင်ထဲမှ လူနှစ်ယောက်လည်း အဝေးသို့ ထွက်သွားကြသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

နေမင်းသည် အရှေ့ဘက်မှ တဖြည်းဖြည်း မြင့်တက်လာ
လေသည်။

ကျောင်းကြီးဘုံကျောင်း၏ အဝင်ဝအနီးတွင် လူအများ
စည်စည်ကားကား ဖြစ်နေကြသည်။ ထိုနေရာတွင် စိတ်ဝင်စားစ
ကောင်းသည့်အရာများ ရှိနေသည်။

ဘုံကျောင်းအဝင် တံခါး၏ရှေ့ဘက်နားတွင် ဝါးထိုင်
သုံးလုံးချထားသည်။

သစ်သားပြားပေါ်တွင် ဆေးနီဖြင့် လူယုတ်မာများ ဟူသော
စာကို ရေးထားသည်။

ဝါးထိုင်ခုံ သုံးလုံးပေါ်တွင် ကုးကျင့်တုံတို့ သုံးယော
ထိုင်လျက်သား ရှိနေသည်။

သူတို့သုံးယောက်လုံး အကြောပိတ်ခံထားရသည့်အတွ
မလှုပ်ရှားနိုင်ကြပဲ ထိုင်ခုံမှလည်း ထမသွားနိုင်ကြပေ။

အဆောက်အအုံ တည်ဆောက်နေသူများကို ခေါင်းဆော
သည့် အဘိုးကြီးသုံးယောက်သည် ညက ကျောင်းကြီးဘုံကျော
ထဲတွင် ညအိပ်နေထိုင်သည်ကို ထန်ဟန်က သိထားသည



ထို့ကြောင့်လည်း ကုးကျင့်ယုံတို့သုံးယောက်အား ဘုံကျောင်းရှေ့
တွင် လာထားခြင်း ဖြစ်သည်။ သူကိုယ်တိုင်ကတော့ ထိုင်ခုံများ၏
အနီးရှိ ဘုံကျောင်းတံခါးအဝင် ကျောက်လှေကားပေါ်တွင် ထိုင်နေ
သည်။

ဘုံကျောင်းတံခါးသည် ခပ်ဖြည်းဖြည်း ပွင့်သွားကာ နှောင်
ကြီးမဲ့ ဟူယိထု၊ အကြင်နာမဲ့ စုရှင်းဟန်နှင့် သမာဓိလက်ဝါး
ဆားကောင်းလိုတို့သုံးယောက် ခြေလှမ်းမှန်မှန် လျှောက်လှမ်းထွက်
လာကြသည်။

သူတို့သုံးယောက်သည် အတွေ့အကြုံ ရင့်ကျက်နေသော
ဝါရင့်သိုင်းသမားကြီးများ ဖြစ်ကြသည့်အတိုင်း တစ်ချက်ကြည့်လိုက်
သည်နှင့် အခြေအနေကို ခန့်မှန်းမိကြသည်။

ဟူယိတုသည် ထန်ဟန်ကို စိန်းစိန်းကြည့်လိုက်ပြီး ...

"မောင်ရင်လေးနာမည် ဘယ်လိုခေါ်သလဲ"

ထန်ဟန်က ထိုင်နေရာမှ ထရပ်ကာ ...

"ကျွန်တော့်နာမည် ထန်ဟန်"

"မီးခဲထန်ဟန်လား"

"မမှားဘူး"

ဟူယိတုသည် ကုးကျင့်ယုံတို့သုံးယောက်ကို လက်ညှိုး
ညွှန်ပြကာ ...

"သူတို့သုံးယောက်လုံးကို မောင်ရင်လေးတစ်ယောက်တည်း
အမိဖမ်းတာလား"

"ကျွန်တော်နဲ့ ကျွန်တော့်တပည့်နှစ်ယောက် ဖမ်းလိုက်ကြ
တာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဘုံကျောင်းရှေ့တွင် စုရုံးစုရုံးရှိနေကြသည့် လူများထဲတွင် ကျန်းထင်ကျင့်နှင့် လီပေါက်တို့နှစ်ယောက် ပါရှိနေသည်ကို ထန်ဟန်က တစေ့တစောင်း တွေ့မြင်ခဲ့ရပြီး ဖြစ်လေသည်။

ညက သမာဓိစင်ကြတ် ဂိုဏ်းသားနှစ်ယောက်ကို ဖမ်းပိုဲခဲ့ပြီး မှောင်ရိပ်ထဲမှမထွက်ဘဲ ပြန်ယည် ထွက်ခွာသွားကြသူနှစ်ယောက်သည် ကျန်းထင်ကျင့်နှင့် လီပေါက်ဖြစ်ကြသည်ကိုလည်း ထန်ဟန် သိထားပြီး ဖြစ်သည်။

ယခု မိမိ၏စကားကို လူများကြားထဲတွင် ရှိနေသည့် ကျန်းထင်ကျင့်နှင့် လီပေါက်တို့ကြားလျှင် အတော်ပင် မခံချိမခံသာ ဖြစ်သွားမည်ဟု ထန်ဟန် တွေးမိကာ စိတ်ထဲမှ ကျိတ်ရယ်ပြုံးလိုက်မိသည်။

"မောင်ရင်လေးက အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ တပည့်တွေဘာတွေတောင် ရှိနေတာကိုး"

ဟူယိထုက ပြောသည်။

ထန်ဟန်က မထိတရီ ပြုံးလိုက်ပြီး ...

"တပည့် လက်ခံတာ အသက်အရွယ်နဲ့ မဆိုင်ပါဘူး ကိုယ့်တပည့် လူကောင်းသူကောင်းဖြစ်အောင် သွန်သင်ဆုံးမနိုင်ဖို့ အရေးကြီးပါတယ်၊ တပည့်က ရမ်းကားနေရင် ဆရာလုပ်တဲ့သူလည်း သိက္ခာထိခိုက်ပါတယ်"

ထိုစကားကြောင့် ကူးကျင့်ယုံတို့၏ဆရာ ဆားကောင်းသည်မှာ မျက်နှာမည်းခနဲ ဖြစ်သွားသည်။

"မောင်ရင်လေးဟာ သိုင်းပညာ အတော်မဆိုးဘူးလို့ ကြားမိတယ်"



"ကူညီကာကွယ်ပေးသင့်တဲ့လူကို ကူညီကာကွယ်ပေးနိုင်ပြီး ဆုံးမချေမှုန်းသင့်တဲ့လူကို ဆုံးမချေမှုန်းနိုင်လောက်တဲ့ အဆင့်မျိုးတော့ ရှိပါတယ်"

"မောင်ရင်လေးက ကျုပ်တို့ကို ဆုံးမချေမှုန်းချင်တယ်ဆိုတဲ့ သဘောလား"

"ခင်ဗျားတို့အနေနဲ့ ဒီနေ့ ဒီအချိန်မှာ မရမ်းကားရင် ကောင်းလိမ့်မယ်၊ ခင်ဗျားတို့ ဒီရွာကို ရောက်လာကြတာ ရက်ပိုင်းလောက်ပဲ ရှိပါသေးတယ်၊ ရှေ့ဆက်ပြီး ဒီရွာမှာ မနေထိုင်သွားရမဲ့ အချိန်တွေ အများကြီး ရှိပါသေးတယ်။ လုပ်စရာတွေလည်း အများကြီး ကျန်သေးတယ်၊ အများရဲ့အမြင်မှာ လူဆိုးသူဆိုးတွေ ဖြစ်မသွားရအောင် ကိုယ့်သိက္ခာကိုယ် ထိန်းသိမ်းကြဖို့ လိုပါတယ်"

ဟူယိထု၏မျက်နှာ ရွက်ခနဲ ပျက်သွားသည်။

အကြင်နာမဲ့ စုရှင်းဟန်က အေးစက်စက်အသံဖြင့် ...

"ဒီက မောင်ရင်လေးပြောတာ ဟုတ်ပါတယ်"

စကားပြောရင်း ညာလက်ကို သုံးကြိမ် ဝှေ့ယမ်းလိုက်လေသည်။

"အား"

"အင့်"

"အု"

ခပ်တိုးတိုး ညည်းသံသုံးချက် ဆက်တိုက်ပေါ်ထွက်လာသည်။ ဝါးထိုင်ခုံများပေါ်တွင် ထိုင်နေကြသည့် ကူးကျင့်ယုံတို့ သုံးယောက် စက်ကျိုးကာ ခေါင်းငိုက်စိုက်ကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကူးကျင့်ယုံတို့ ဆရာသမားဖြစ်သူ ဆားကောင်းလိုကို မေးမြန်းတိုင်ပင်ခြင်းပင်မပြုဘဲ ကူးကျင့်ယုံတို့ကို ဆုံးမသုတ်သင်ပစ်လိုက်သည်။

သမားစိမ်ကြယ်ပိုဏ်းချုပ် ဆားကောင်းလိုကလည်း မည်သို့မျှဝင်ရောက်စွက်ဖက်ခြင်း မရှိပေ။ မည်သည့်စကားမှလည်း မပြော။ ချာခနဲလှည့်၍သာ ဘုံကျောင်းဝင်းထဲ ပြန်ဝင်သွားသည်။ အကြင်နာမဲ့ စုရှင်ဟာန်ကလည်း ဆားကောင်းလို၏နောက်မှ လိုက်ပါသွားသည်။

နောက်ကျန်နေသူ ဟူယိထုက ထန်ဟာန်ကို ကြည့်လိုက်ပြီး ...

"မောင်ရင်လေး ပြောတာ ဟုတ်ပါတယ်၊ မောင်ရင်လေးဟာ သိုင်းပညာမြင့်မားပြီး ကျိုးကြောင်းဆက်စပ် တွေးတောတတ်ပါတယ်၊ အပြောအဆိုရဲရင့်ပြီး သတ္တိလည်း ပြောင်မြောက်ပါတယ်၊ နောက်နောင် အချိန်တွေကျမှ မောင်ရင်လေးနဲ့ တွေ့ကြသေးတာပေါ့"

လူအများမှာလည်း စိတ်ကျေနပ်သွား၍လား၊ ဆက်လက်ကြည့်စရာပွဲကြီးပွဲကောင်း မရှိတော့၍လားမသိ အလျှိုအလျှိုဝင်ပြန်သွားကြသည်။

ထိုအချိန်တွင် အစိမ်းရောင်ဝတ်စုံ ဝတ်ထားသူတစ်ယောက် ထန်ဟာန်အနီးသို့ ချဉ်းကပ်လာသည်။

* * *



ထန်ဟာန်၏အနီးသို့ အစိမ်းရောင်ဝတ်စုံဝတ် လူတစ်ယောက် ချဉ်းကပ်လာပြန်သည်။

ထိုသူမှာ လီပေါက်ပင် ဖြစ်သည်။

"ဆရာလည်း အတော်ပင်ပန်းနေပါပြီ၊ တပည့်က အရက်ဝိုင်းနဲ့ ဂါရဝပြုပါရစေ"

လီပေါက်က ထန်ဟာန်ကို ဦးညွတ်ပြီး ပြောသည်။

စောစောက သူတို့နှစ်ယောက်ကို မိမိ၏ တပည့်များဟု ထန်ဟာန်က ပြောကြားခဲ့သည်ကို နောက်ပြောင်ကာ ပြောခြင်းဖြစ်သည်။

"ဘာလဲ အပေါစားအရက်ဖြူ တိုက်မလို့လား"

လီပေါက်က ရယ်မောကာ ပြန်ပြောသည်။

"ဟာ ... မဟုတ်ပါဘူး၊ ဆရာ့အကြိုက် နှစ်တစ်ရာဝါးစိမ်းအရက် တိုက်မလို့ပါ"

"ဟာဗျာ ... အချင်းချင်းတွေ ဒီလောက် အကုန်အကျခံနေပါနဲ့"

"ဒီနေ့ ဟိုအဘိုးကြီးသုံးယောက်က ဆရာ့အပေါ် အတော်တော်မနုပ်ဖြစ်သွားကြပြီး အခြေအနေကြောင့် ဒေါသစိတ်ကို မျိုသိပ်ထားလိုက်ရတာဆိုတော့ ဆရာ့အဖို့ အရက်သောက်နိုင်မယ့်အချိန် သိပ်မရှိတော့ဘူး၊ ဒါကြောင့် အချိန်ရှိတုန်း အကောင်းစားအရက်ကို သောက်နိုင်အောင်လို့ တပည့်က စီစဉ်ပေးရတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကောင်းတယ် ... ကောင်းတယ်၊ တပည့်က ဒီလို အလိုက်သိသိ စီစဉ်ပေးမှတော့ ဘယ်ငြင်းလို့ သင့်တော်မှာလဲ၊ ဒါနဲ့ ဟိုတပည့် တစ်ယောက်ကော"

"သူက အဘိုးကြီးကျောက်ဆီမှာ ဆရာ့အတွက် လိုအပ်မယ့် ပစ္စည်းတစ်ခု စရံသွားသတ်နေပါတယ်"

ထန်ဟာန်သည် လီပေါက် ဘာကိုဆိုလိုကြောင်း မသိသည့်အတွက် ...

"အဘိုးကြီးကျောက်ဆိုတာက ဘယ်သူလဲ၊ ဘာပစ္စည်းများ စရံသွားသတ်နေတာလဲ"

"အဘိုးကြီးကျောက်ဆိုတာက ခေါင်းတွေ ပြုလုပ်ရောင်းချတဲ့ ဆိုင်ပိုင်ရှင် ဖြစ်ပါတယ်၊ ကျွန်းထင်ကျင့်က ခင်ဗျားအတွက် ခေါင်းတစ်လုံး စရံသွားသတ်နေတာပါ"

"အရက်ဝိုင်းကကော ဘယ်မှာပြင်ထားလဲ"

"အဘိုးကြီးကျောက်ရဲ့ ဆိုင်မှာပါပဲ"

"ဒါဆိုရင် အဲဒီကို သွားကြပါစို့လား"

"အဆင်သင့်ပါပဲ"

* * *

အဘိုးကြီးကျောက်၏ ခေါင်းပြုလုပ် ရောင်းချသောဆိုင်မှာ ရွာအရှေ့ဘက်အစွန် သချိုင်းကုန်းနားတွင် တည်ရှိသည်။

အဘိုးကြီးကျောက်သည် မုဆိုးဖိုဖြစ်ကာ သားသမီးလည်း မရှိဘဲ တစ်ကိုယ်တည်း နေထိုင်သည်။ သူ၏ အိမ်ဆောင်မှာရှိ အခန်းအတော်များကာ ကျယ်ဝန်းသည်။



ထန်ဟာန်နှင့် လီပေါက်တို့သည် အဘိုးကြီးကျောက်၏ ဆိုင်ထဲသို့ နောက်ဘက်အပေါက်မှနေ၍ ဝင်ရောက်လာခဲ့သည်။

သူတို့နှစ်ယောက်သည် အိမ်ထဲသို့မသွားပဲ ဆိုင်ခန်းနေရာထဲသို့သာ ဝင်ရောက်လာခဲ့ကြသည်။ ဆိုင်ခန်းမှာ အတော်လေး ကျယ်ဝန်းသည့် အခန်းကျယ်ကြီး ဖြစ်သည်။ ထိုအခန်းထဲတွင် အရွယ်အစား အမျိုးမျိုးသော ခေါင်းများကို စင်မြင့်များပေါ်တွင် အကန့်လိုက် တင်ထားသည်။

လုပ်လက်စ ခေါင်းများမှာမူ အခန်းကြမ်းပြင်ပေါ်တွင် ဟိုမှာတစ်ခု သည်မှာတစ်ခု ရှိနေကြသည်။

ထန်ဟာန်သည် အဘိုးကြီးကျောက်နှင့် ရင်းနှီးခင်မင်မှု မရှိသော်လည်း တွေ့ဖူး သိဖူးထားကြသည့်အတွက် လီပေါက်က အဝင်ပန်းခံကာ သူတို့နှစ်ယောက်ကို မိတ်ဆက် ပေးမနေတော့ပေ။

စစ်တုရင်ထိုးနေကြသော ကျွန်းထင်ကျင့်တို့ နှစ်ယောက်၏ အနားတွင် ခေါင်းတစ်ခုကို ပြောင်းပြန်လှန် မှောက်ကာ စားပွဲအဖြစ် အသုံးပြုလျက် အရက်နှင့်ဟင်းလျာများ ခင်ကျင်းထားသည်။

အရက်နံ့က သင်းပျံ့နေသည်။ အနံ့ကို ရှူမိသည်နှင့် ကောင်းစား နှစ်တစ်ရာ ဝါးစိမ်းအရက်ဖြစ်ကြောင်း ထန်ဟာန် သိလည်လိုက်သည်။

"ဟိုဘက်မှာ အရက်နှင့်ဟင်းလျာတွေ အဆင်သင့်ရှိနေပါသယ်၊ စိတ်တိုင်းကျသာ သုံးဆောင်ပါ၊ အားမနာပါနဲ့ ခင်ဗျားအတွက် ခေါင်းတစ်လုံးတော့ ရွေးပြီး စရံသတ်ထားလိုက်ပြီ၊ ကျယ်အဝန်း၊ အတိုအရှည်၊ အသွင်အပြင် အားလုံး ပထမတန်းစားပဲ၊ ခင်ဗျားစိတ်ကြိုက် တွေ့ပါလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျန်းထင်ကျင့်က အရက်ဟင်းလျာများ ပြင်ဆင်ထားသည့်ဘက်သို့ လက်ညှိုးညွှန်ပြပြီး ပြောသည်။

ထန်ဟာန်က မထိတရီပြုံးကာ ပြန်ပြောသည်။

"ဒီခေါင်းက ခင်ဗျားအတွက် သီးသန့် ရွေးပေးထားတာပါ"

"ဟုတ်ပါတယ် ... ဟုတ်ပါတယ် ... ခင်ဗျားနဲ့ ကျွန်တော်က အရုပ်အမောင်း ကိုယ်လုံးကိုယ်ထည် သိပ်မကွာပါဘူး၊ ဒီတော့ ဒီခေါင်းကို ဘယ်သူပဲသုံးသုံး အဆင်ပြေနိုင်ပါတယ်"

ကျန်းထင်ကျင့်သည် ထန်ဟာန်နှင့် စကားနိုင်လုကာ ဆက်မပြောတော့ပဲ လီပေါက်ကို လှမ်းကြည့်လျက် ...

"သူ့ကို အကြောင်းစုံ ပြောပြပြီးပြီလား"

လီပေါက်က ခေါင်းခါယမ်းပြပြီး ...

"မပြောရသေးဘူး၊ ကျွန်တော်ပြောပြတာကို သူက ယုံချင်မှ ယုံမှာ"

ကျန်းထင်ကျင့်က အဘိုးကြီးကျောက် ဘက်လှည့်ကာ ...

"ကဲ ... က် အဘာကိုယ်တိုင်ပဲ သူ့ကို ရှင်းပြလိုက်ပါတော့"

ယခုကိစ္စသည် ကျင်းထင်ကျင့်နှင့် လီပေါက်တို့က မိမိကို နောက်ပြောင်လို၍ သည်နေရာသို့ ခေါ်လာခြင်း မဟုတ်နိုင်ကြောင်းကို ထန်ဟာန် နားလည်သည်။ အဘိုးကြီးကျောက်သည် သိုင်းပညာ မတတ်မြောက်ပေ။ ကျန်းထင်ကျင့်တို့သည် မိမိကို နောက်ပြောင်လိုသည့်တိုင်အောင် အဘိုးကြီးကျောက်လို ရိုးသားပြီး သိုင်းပညာမတတ်သူ တစ်ယောက်ကို အသုံးချမည် မဟုတ်ကြောင်း ထန်ဟာန် သိသည်။



အဘိုးကြီးကျောက်သည် ကျန်းထင်ကျင့်ကို အပြစ်ရှိသူ တစ်ယောက်က ကြည့်သည့်အကြည့်မျိုးဖြင့် တစ်ချက်လှမ်းကြည့်ပြီး စတင်ပြောသည်။

အဘိုးကြီးကျောက်က စတင်ပြောလာသည်။

"ကျုပ်အထင်ကတော့ ဒီကိစ္စဟာ မောင်ရင်လေး ထန်ဟာန်နဲ့ ဘယ်လိုမှမသက်ဆိုင်ဘူးလို့ ထင်ပါတယ်၊ ဒါပေမယ့် ဟောဒီက မောင်ရင်လေး ကျန်းထင်ကျင့်တို့ နှစ်ယောက်က ..."

ကျန်းတင်ကျင့်က ကြားဖြတ်ကာ ...

"အဘာက ရှင်းအောင် ကြည့်ပြောပါ၊ ကျွန်တော်တို့ ခေါင်းကို စရုံလာသတ်တာက သူ့အတွက်ဖြစ်ပြီး ဟိုကိစ္စကသာ သူနဲ့ မပတ်သက်တာ မဟုတ်လား"

"ဟုတ်ပါတယ် ... ဟုတ်ပါတယ် အဲဒီကိစ္စအကြောင်းကို သူတို့ကြားတာနဲ့ မောင်ရင်လေး ထန်ဟာန်အတွက် ခေါင်းတစ်လုံး ရုံသတ်ခဲ့ကြတာပါ"

အဘိုးကြီးကျောက်က ချောင်းတစ်ချက် ဟန့်လိုက်ပြီး ...

"ခေါင်းပြုလုပ် ရောင်းချတဲ့လုပ်ငန်းကို ကျုပ်က ကျုပ်ရဲ့ ဦးလေးတစ်ယောက်ဆီက အမွေဆက်ခံခဲ့တာပါ၊ ဒီနေရာမှာရှိတဲ့ အိမ်က အတော်ကျယ်ဝန်းတယ်၊ အခန်းပေါင်း ဆယ်ခန်းလောက်ကို ရှိတယ်၊ ကျုပ်တစ်ယောက်အဖို့တော့ နေစရာအကျယ်ကြီး ဖြစ်နေတယ်၊ ခေါင်းပြုလုပ် ရောင်းချတဲ့အလုပ်က သိပ်မတွင်ကျယ်ဘူး၊ ဒါကြောင့် ဒီလုပ်ငန်းက ငင်ငွေကလည်း မဖြစ်စလောက်ပဲရတယ်"

အဘိုးကြီးကျောက်သည် ရိုးအသူဖြစ်သည့်အတိုင်း စကားကိုလည်း ရေရေလည်လည် မပြောတတ်ပေ။ သူ၏စကားများသည်

www.burmeseclassic.com

www.burmeseclassic.com



ဖွေလည်လည် ဖြစ်နေသည်။ အခိုကပြောရမည့် ကိစ္စကို မပြောဘဲ သူ့အကြောင်းတွေ လျှောက်ပြောနေသည့် ထန်ဟန်ကတော့ သည်းခံကာ နားထောင်နေသည်။

"ဒါနဲ့ ဝင်ငွေလေးဘာလေး ရှိနိုင်အောင် အားနေတဲ့ အိမ်ခန်းတွေကို ငှားရမ်းခဲ့တယ် မဟုတ်လား"

လီပေါက်က ကြားဝင်ကာ ထောက်ပေးသည်။

အဘိုးကြီးကျောက်က ခေါင်းညိတ်ပြပြီး ပြောပြန်သည်။

"အဘရဲ့အခန်းကို ဈေးဦးပေါက် ငှားရမ်းခဲ့သူဟာ ဟောဒီက သိုင်းမင်းသား ကျန်းထင်ကျင့် မဟုတ်လား"

လီပေါက်က ဝင်ထောက်ပေးပြန်သည်။

"မှန်ပါတယ် ... မှန်ပါတယ်၊ ဟောဒီက မောင်ရင်လေး ကျန်းထင်ကျင့်ဟာ သိပ်တိုကောင်းတဲ့ အိမ်ငှားတစ်ယောက်ပဲ နှမြောတွန့်တိုခြင်းလဲ မရှိဘူး၊ နောက်ဆက်ပြီး ငှားတဲ့လူတွေဟာ မောင်ရင်လေး ကျန်းထင်ကျင့်လို သဘောထား မကြီးကြတော့ဘူး"

ကျန်းထင်ကျင့်သည် အဘိုးကြီးကျောက် ပြောသည်ကို မနှစ်သက်သလိုဖြင့် မျက်မှောင်ကြုတ်သွားသည်။ နှုတ်မှဘာမျှ မပြောပေ။

ထန်ဟန်ကမူ တဟားဟား ရယ်မောရင်း ...

"ဟုတ်တယ် ... ဟုတ်တယ်၊ ကျန်းထင်ကျင့် မနှမြော တတ်ဝဲသဘောထားကြီးတာကိုတော့ ကျွန်တော်လက်တွေ့ပဲ၊ ဘာကြောင့်လဲဆိုရင် သူနဲ့ကျွန်တော် အရက်အတူတူသောက်စားတိုင်း သူကချည်း ဒကာခံနေခဲ့တာကိုး"



ကျန်းထင်ကျင့်မှာ ဗိုရှုမျက်မှောင် ကြုတ်သွားရပြန်သည်။

"နောက်ပိုင်းမှာတော့ အခန်းတွေကို လူအများကို ငှားရမ်းခဲ့ရတယ် မဟုတ်လား"

လီပေါက်က ထောက်ပေးပြန်သည်။

"မှန်ပါတယ် ... မှန်ပါတယ်၊ လူတွေက တစ်ယောက်လာ တစ်ယောက်သွားနဲ့ ဒီလိုပဲ ငှားနေရတော့ အိမ်ခန်းငှားတဲ့လူတွေ ဘယ်နှစ်ယောက်လောက် ရှိပြီလဲဆိုကိုတောင် မမှတ်မိနိုင်တော့ဘူး"

"အခုလောလောဆယ် အဘဆီမှာ အိမ်ခန်း ငှားပြီးနေတဲ့ လူက ဘယ်သူလဲ"

လီပေါက် မေးခွန်းထုတ်သည်။

"ဖျားနာနေတဲ့ ခပ်ပိန်ပိန်ယောကျ်ားကြီး တစ်ယောက်ပါပဲ"

အဘိုးကြီးကျောက်က ပြန်ဖြေသည်။

"အဲဒီ ယောကျ်ားကြီးက တစ်ယောက်တည်း နေသလား"

"မဟုတ်ဘူး၊ အသက်နှစ်ဆယ်လောက်ရှိမယ့် လူရွယ် နှစ်ယောက်လည်း သူနဲ့အတူနေကြတယ်"

"အဘက အဲဒီယောကျ်ားကြီးကို သာမန်လူတစ်ယောက် မဟုတ်ဘူးလို့ ထင်မိတယ်နော်"

"မှန်ပါတယ်"

"ဘာကြောင့် ဒီလိုထင်မိတာလဲ"

"မနက်တိုင်းမှာပဲ ကြံ့ခိုင်သန်စွမ်းတဲ့ လူကြီးတွေက အလှည့်ကျလာပြီး အဲဒီနေမကောင်းနေတဲ့ ယောကျ်ားကြီးကို ဆေးလာတိုက်ကြပါတယ်၊ သူတို့ရဲ့လှုပ်ရှားမှုဟာ သွက်လက်မြန်ဆန်တယ်၊ အားအင်ကလဲ ကြီးမားတယ်၊ သူတို့ဟာ သိုင်းပညာအဆင့်မြင့်မြင့်

www.burmeseclassic.com

www.burmeseclassic.com



တတ်မြောက်ထားတာ ထင်ရှားတယ်၊ ဒါကြောင့် အဲဒီနေမကောင်းနေတဲ့ ယောကျ်ားကြီးဟာ သာမန်လူမဟုတ်နိုင်ဘူးလို့ ပြောနိုင်တာပေါ့"

ထန်ဟာန်မှာ စိတ်လှုပ်ရှားလာသည်။ ငြိမ်၍နားထောင်မနေနိုင်တော့။ အဘိုးကြီးကျောက်ပြောသည့် နေမကောင်းနေသော ယောကျ်ားကြီးဆိုသည်မှာ ဓားမပျံ့ဂိုဏ်းချုပ် တုံချီဖေးသာလျှင် ဖြစ်မည်ဟု တွေးလိုက်မိသည်။

"အဘပြောတဲ့ နေမကောင်းတဲ့ ယောကျ်ားကြီး ဘယ်အခန်းမှာ ရှိနေပါသလဲ၊ ကျွန်တော့်ကို သူဆီခေါ်သွားပေးပါ၊ ကျွန်တော်တွေ့ချင်တယ်"

ထန်ဟာန်ကပြောသည်။

အဘိုးကြီးကျောက်က ခေါင်းကိုခါယမ်း၍ ...

"မဖြစ်ဘူး၊ နောက်ကျသွားပြီ"

"ဟင် ... ဘယ်လိုကြောင့်လဲ"

"ဟောဒီက မောင်ရင်လေးနှစ်ယောက်က သူတို့ကိုယ်စား ပြောပြခိုင်းတာက ဒီကိစ္စပါပဲ၊ အဲဒီ နေမကောင်းဖြစ်တဲ့ ယောကျ်ားကြီးဟာ ဒီနေ့မနက်မှပဲ ရုတ်တရက် ပျောက်သွားပါတယ် သူ့ကို မတွေ့ရတော့ဘူး"

"သူနဲ့ အတူနေကြတဲ့ လူရွယ်နှစ်ယောက်ကော"

"သူတို့ပါ မရှိကြတော့ဘူး"

"ငွေတစ်ဆယ်သားကို အခန်းငှားခအဖြစ် ထားခဲ့ပါတယ်"

ထန်ဟာန်သည် သက်ပြင်းတစ်ချက်ချကာ အရက်နှင့် ဟင်းလျာများ ပြင်ဆင်ထားသည့်နေရာသို့ လျှောက်လှမ်းသွား၏။



ထန်ဟာန်သည်။ အရက်တစ်ခွက်ငှဲ့ကာ သောက်ချလိုက်ပြီး ...

"ခင်ဗျားတို့ရဲ့ သဘောကို ကျွန်တော် နားလည်ပြီ"

"ကျွန်တော်တို့ရဲ့သဘောကို ဘယ်လို နားလည်တာလဲ"

လီပေါက်က ပြန်မေးသည်။

"ခင်ဗျားတို့က အဘိုးကြီးကျောက်နဲ့ ရင်းနှီးသိကျွမ်းကြသတော့ ဒီအိမ်မှာ ဓားမပျံ့ဂိုဏ်းချုပ် ငှားရမ်းနေထိုင်တဲ့ အကြောင်းကို အစောကြီးကတည်းက သိနေကြတယ်လေ"

"ဒီနေ့ တုံချီဖေး ရုတ်တရက်ပျောက်ဆုံးသွားတာကို သိရတော့ အတော်ကို စိတ်ရှုပ်သွားပြီး ဘာဆက်လုပ်ရမယ်ဆိုတာကို မသိကြတော့ဘူး၊ ဓားမပျံ့ဂိုဏ်းနဲ့ ရွာမြောက်ဘက် မြေကွက်လပ်မှာ အဆောက်အအုံဆောက်ဖို့ ရောက်နေကြတဲ့လူတွေအကြားမှာ ဘာကြောင့် ဓားမပျံ့ဂိုဏ်းချုပ် တုံချီဖေးကို အန္တရာယ်ပြုကြတယ် ဆိုတာကိုတော့ စဉ်းစားလို့ မရကြဘူး။ ကျွန်တော်ဟာ ဒီကိစ္စတွေကို သိနေတယ်လို့ ခင်ဗျားတို့က ထင်နေကြတယ်၊ ဒါကြောင့် ကျွန်တော့်အတွက် ခေါင်းတစ်လုံး စရန်သတ်ထားပြီ ကျွန်တော့် စိတ်ကို ဆွပေးကြတယ်၊ ကျွန်တော်က စိတ်လှုပ်ရှားပြီး စိတ်ထဲမှာ ရှိနေတာတွေ ထုတ်ပြောအောင် အကွက်ဆင်တဲ့သဘောပေါ့"

"ခင်ဗျားက အတော်ကို အတွေးကောင်းတဲ့ လူပဲကိုး၊ ကဲ ... ကဲ အခု တုံချီဖေးကို ဟိုလူတွေက တိုက်ခိုက်ဖမ်းဆီးသွားကြပြီဆိုတော့ ခင်ဗျားက ဘယ်လိုလုပ်မလဲ"

လီပေါက်က မေးသည်။

"ဒါကို ကျွန်တော် မဖြေချင်ဘူး"

"ဘာကြောင့်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အဖြေကို ကြားရရင် ခင်ဗျားတို့တစ်တွေ အတော် စိတ်ပျက်သွားကြလိမ့်မယ်"

"ဘာလဲ ခင်ဗျားက ဒီကိစ္စကို လက်ပိုက်ကြည့်နေမလို့ လား"

"ဟုတ်တယ်"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်ဟာ အောင်မြင်ဖို့နည်းလမ်း နည်းပါးတဲ့အလုပ် ကို တစ်ခွတ်ထိုး မလုပ်ချည်ဘူး၊ ဒါက ပထမအကြောင်းပဲ"

"ဒုတိယအကြောင်းကကော"

"ဓားမပျံဂိုဏ်းဟာ သူ့သိက္ခာနဲ့သူနေတဲ့ ဂိုဏ်းတစ်ခု ဖြစ်တယ်၊ ဂိုဏ်းထဲမှာ အဆင့်မြင့်သိုင်းသမား အင်အားကလည်း မနည်းဘူး၊ ဂိုဏ်းမှူးကြီး လေးယောက်ဟာလည်း သိုင်းအကျော် အမော်တွေ ဖြစ်တယ်၊ ခင်ဗျားကိုယ်ခင်ဗျား ဓားမပျံဂိုဏ်းက ဂိုဏ်းဝင်တစ်ယောက်အနေနဲ့ စဉ်းစားကြည့်ပါ၊ ကျွန်တော်က စေတနာနဲ့ ပါဝင်ကူညီပေးပေမဲ့ ကျွန်တော့်ရဲ့လုပ်ရပ်ဟာ သူတို့ ဂိုဏ်းကို ဂုဏ်သိက္ခာ ထိခိုက်သွားစေနိုင်တာပေါ့"

ထန်ဟာန်သည် အရက်ခွက်ကိုချကာ ထိုင်နေရာမှ ထရပ် လိုက်ပြီး ...

"ကျွန်တော် သွားတော့မယ်"

စကားဆုံးသည်နှင့် ချာခနဲလှည့်ထွက်သွားကာ လီပေါက် မှာ ထန်ဟာန်၏နောက်ကျောကို အငေးသားကြည့်ရင်း ကျန်နေ လေတော့သည်။

✻ ✻ ✻



ထန်ဟာန် ထွက်ခွာသွားပြီးနောက် ကျန်းထင်ကျင့်သည် ခေ်တုရင်ပွဲ ရပ်လိုက်ပြီး ထိုင်နေရာမှထကာ လီပေါက်ရှိရာသို့ လျှောက်လာခဲ့သည်။

"ခင်ဗျားက ထန်ဟာန်ကို မကျေမနပ် ဖြစ်နေတာလား"

လီပေါက်က ကျန်းထင်ကျင့်ကို မေးသည်။ ကျန်းထင်ကျင့် က ခေါင်းကို ခါယမ်းပြကာ ...

"ထန်ဟာန်ကို မဟုတ်ဘူး၊ ခင်ဗျားကိုမကျေမနပ် ဖြစ်နေတာ"

"အလို ... ကျွန်တော့်ကို ဟုတ်လား"

"အင်း"

"ကျွန်တော့်ကို ဘာကြောင့် မကျေမနပ် ဖြစ်နေရတာလဲ"

"ခင်ဗျား စဉ်းစားကြည့်ရင် သိပါလိမ့်မယ်"

ထိုသို့ပြောပြီးနောက် ကျန်းထင်ကျင့်သည် အရက်တစ်ခွက် ငှဲ့သောက်လိုက်ပြန်သည်။

ကျန်းထင်ကျင့်က မိမိအပေါ် လီပေါက် မည်သည့်အတွက် ကြောင့် မကျေမနပ် ဖြစ်နေရသည်ကို စဉ်းစားကြည့်သည်။ ည်သို့မှ စဉ်းစား၍မရပေ။ သူ့အနေနှင့် ကျန်းထင်ကျင့် မကျေ မနပ်ဖြစ်လောက်အောင် မည်သည့်ကိစ္စကိုမှ မလုပ်ခဲ့ဖူးပေ။

"ကျွန်တော် ဘယ်လိုမှ စဉ်းစားလို့မရဘူး"

နောက်ဆုံးတွင် လီပေါက်က ပြောင်ပင် ထုတ်ပြောရလေ တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ထန်ဟာန်က အကျိုးတွေ အကြောင်းတွေပြပြီး အခုကိစ္စမှာ သူ ဘယ်လိုမှ ဝင်မစွက်ဖက်ဘူးလို့ ပြောသွားတယ်၊ ဒါပေမဲ့ ဒါဟာ သူ့ရဲ့ ပရိယာယ်ပဲဆိုတာ သူ့အကြောင်း သိနေတဲ့လူတိုင်း နားလည်နိုင်တယ်၊ ခင်ဗျားကတော့ သူပြောတာကို အဟုတ်လို့ ထင်နေတယ်"

လီပေါက်က ကျန်းထင်ကျင့်ကို စိန်းစိန်းကြည့်ပြီး ပြောသည်။

ကျန်းထင်ကျင့်မှာ ယခုမှပင် မိမိ၏အပြစ်ကို နားလည်ရတော့သည်။

"သူက ဘာကြောင့် ဒီလို ပြောသွားတာလဲ"

ကျန်းထင်ကျင့်က မေးလိုက်ပြန်သည်။

"ကျွန်တော်တို့နှစ်ယောက်ကို ဒီကိစ္စမှာ မပါဝင် မပတ်သက်စေချင်လို့ပေါ့၊ ဒါပေမဲ့ ကျွန်တော်တို့ဟာ ဒီကိစ္စမှာ ဝင်မစွက်ဖက်ဘဲနေလို့ မရဘူး၊ သူကတော့ ပါဝင်စွက်ဖက်နေပြီး ကျွန်တော်တို့ကျမှ မပါဝင်ဘဲ ဘေးဖယ်နေစေချင်တာက ကျွန်တော်တို့ကို သူ့လို အစွမ်းအစ မရှိဘူးထင်လို့ပေါ့၊ ကျွန်တော်ကတော့ ဒီအထင်မျိုးကို လက်မခံနိုင်ဘူး"

ကျန်းထင်ကျင့်က ဆက်လက်၍ ...

"ခင်ဗျားဟာ စိတ်တိုင်းကျပြည့်စုံရွာမှာ အတော်ကို နှံ့စပ်တဲ့လူတစ်ယောက်ပါ၊ အရင်ကဆိုရင် ဒီရွာမှာ ဖြစ်ပျက်သမျှ ခင်ဗျား မသိတာ မရှိခဲ့ဘူး၊ အခုမှ ဘာကြောင့် သတင်းမျက်ခြည်ပြတ်နေရတာလဲ"

"ကျွန်တော် ဟို"



"ရှင်းပြဖို့ ခေါင်းရှုပ်ခံပြီး စဉ်းစားမနေပါနဲ့တော့၊ ခင်ဗျားရဲ့ အရက်ဆိုင်းထမ်းကို ထမ်းပြီး ရွာထဲမှာ လျှောက်လှည့်ပါ၊ အရင်တုန်းကလိုပဲ သတင်းစုံရအောင် စုံစမ်းခဲ့ပါ၊ သဲလွန်စနည်းနည်း ရလာတာနဲ့ ကျွန်တော်တို့ လှုပ်ရှားကြမယ်၊ ပူပေါင်းပြီး ရင်ဆိုင်ကြတာပေါ့"

"ကောင်းပါပြီ၊ ကျွန်တော် အစွမ်းကုန် ကြိုးစားပြီး စုံစမ်းကြည့်ပါမယ်၊ တကယ်လို့ သတင်းရလာရင် ခင်ဗျားကို ဘယ်လို ဆက်သွယ်ရမလဲ"

"ရွှေဝါလောင်း ကစားဝိုင်းမှာ ဆုံကြတာပေါ့"

* * *

ထန်ဟာန်သည် အဘိုးကြီးကျောက်၏ ခေါင်းပြုလုပ်ရောင်းချသည့်ဆိုင်မှ ထွက်လာပြီးနောက် အသက်ရှည်ဆေးဆိုင်ဘက်သို့ လာခဲ့သည်။

ထန်ဟာန်သည် တံခါးရွက်နှစ်ခုကြား ဟနေသည့် နေရာလေးမှ ဆိုင်အတွင်းဘက်သို့ ချောင်းကြည့်သည်။ ဆိုင်ထဲတွင်လည်း လူရိပ်လူယောင်ပင် မတွေ့ရပေ။

ထိုချိုဖေးကို ရန်သူများက တိုက်ခိုက်ဖမ်းဆီးသွားခဲ့ကြပြီးနောက် သေလူရှင်စေ သမားတော်ကြီး ချင်ဟိုကိုကိုလည်း သည်အတိုင်း ထားမည်မဟုတ်ကြောင်း ထန်ဟာန်က တွက်မိသည်။ ယခု မိမိတွက်ကိန်း မှန်မမှန် သေသေချာချာသိနိုင်ရန် အသက်ရှည်ဆေးဆိုင်သို့ လာကြည့်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နန်းဗိမာန်ဂိုဏ်း၏ လက်ယာစစ်ကဲကြီး စူးနဂါး တုကျူးဝေသည် မိမိ၏ အရိုးဆွေးသဲမှုန့် အဆိပ်လက်နက် အထိခံရလျက်နှင့် ထုံချီဖေး သေဆုံးမသွားခဲ့ခြင်းအတွက် အထူးပင် ခံပြင်းနေမည် မလွဲပေ။ ယခု ထုံချီဖေးကို အသက်ကယ် ကုသပေးနေသည့် သမားတော်အကြောင်းကိုကြားလျှင် ထိုသမားတော်ကိုပါ ရန်ရှာမည်မှာ မလွဲပေ။

ယခု ထုံချီဖေးနှင့် ချင်ကျိုဟိုတို့နှစ်ယောက် ရန်သူ့လက်သို့ ကျရောက်နေပေပြီ။ ထန်ဟန်အပို့ သူတို့နှစ်ယောက် လွတ်မြောက်ရေးအတွက် အစွမ်းကုန်ကြိုးစားကာ ကယ်ထင်ပေးရပေမည်။

ကျန်းထင်ကျင့်၏ တွက်ကိန်း မလွဲပေ။

ထန်ဟန်က ဤကိစ္စတွင် မိမိ ဝင်ရောက်စွက်ဖက်ခြင်း ပြုမည်မဟုတ်ဟု လီပေါက်ကို ပြောခဲ့ခြင်းမှာ တကယ်စင်စစ် လီပေါက်နှင့် ကျန်းထင်ကျင့်တို့ကို သည်ကိစ္စတွင် ပါဝင်မပတ်သက်စေလိုသောကြောင့် ပရိယာယ်ဆင်ခဲ့ခြင်းသာ ဖြစ်သည်။

ထန်ဟန်သည် သိုင်းပညာ လေ့ကျင့်သင်ကြားထားခြင်းမှာ မိမိကိုယ်ကျိုး ရှာဖို့မဟုတ်ပေ။ မိမိတစ်ယောက်တည်း ကောင်းကျိုးအတွက်လည်း မဟုတ်ပေ။ မကောင်းမှုများကို မိမိတတ်နိုင်သမျှ တိုက်ဖျက်ကာ အများကောင်းကျိုး လုပ်ဆောင်ပေးရေးအတွက်သာ ဖြစ်သည်။

ထုံချီဖေးနှင့် ချင်ကျိုဟိုတို့နှစ်ယောက်သည် အဝေးသို့ ရောက်မသွားနိုင်သေးဘဲ ဤရွာအတွင်း ဒါမှမဟုတ် ဤရွာ၏ အနီးဝန်းကျင် တစ်နေရာရာတွင် ရှိရမည်ဟု ထန်ဟန်က တွက်မိသည်။



တစ်ဖက်ရန်သူ၏ လျှို့ဝှက်လှုပ်ရှားရာ အခြေခံစခန်းနေရာသည် စိတ်တိုင်းကျ ပြည့်စုံရွာ၏ မည်သည့်နေရာတွင် ရှိနေမည်နည်း။

ရုတ်တရက် ထန်ဟန်၏ ခေါင်းထဲတွင် သံသယဖြစ်စရာကောင်းသော နေရာတစ်ခုကို စဉ်းစားမိသည်။

ထိုနေရာမှာ ...။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

ရွှေဝါလောင်း ကစားဝိုင်းသည် စိတ်တိုင်းကျ ပြည့်စုံရှာ၏ နှာမည်ကြီး လောင်းကစားဝိုင်းနေရာဖြစ်ကာ အချိန်မရွေး လောင်းကစားသူများနှင့် စည်ကားနေတတ်သည်။

ရွှေဝါလောင်းကစားဝိုင်းသို့ ကျန်းထင်ကျင့် ရောက်ရှိသွားချိန်တွင် ကိုးမီးဝိုင်းတွင် လူစည်နေပြီ ဖြစ်သည်။ ခါတိုင်းနေ့များတွင်ဆိုလျှင် ကိုးမီးဝိုင်းတွင် ရွှေလုံ့ရှင် ကိုးယန်မိန်က ဒိုင်ကိုင်နေကျဖြစ်သည်။

ယနေ့တွင်မူ ကိုးယန်မိန်သည် လောင်းကစားဝိုင်းသို့ ရောက်နေသော်လည်း ဒိုင်ကိုင်ခြင်းမရှိဘဲ ဧည့်ခန်းသဘောမျိုး ပြုလုပ်ထားသည့်နေရာတွင် ဧည့်သည်နှစ်ယောက်နှင့်ထိုင်ကာ စကားပြောနေသည်။

ကိုးမီးဝိုင်းတွင် ဒိုင်ကိုင်နေသူမှာ မျက်နှာတွင် ကျောက်ပေါက်များရှိသည့် လူကြီးတစ်ယောက် ဖြစ်သည်။ ထိုလူကြီးသည် ရွှေဝါလောင်းကစားဝိုင်းတွင် လာရောက်ကစားလေ့မရှိသည့် မျက်နှာစိမ်းတစ်ယောက်လည်း ဖြစ်နေသည်။



ကျန်းထင်ကျင့်က ထိုလူကြီး၏ အခြေအနေကို အကဲခတ်ကာ ကြည့်လိုက်သည်။ ထိုလူကြီးသည် အတော်ပင် နိုင်နေဟန်တူသည်။ သူ့ရှေ့မှောက်တွင် ငွေအသပြာများ စုပုံနေသည်။

ကျန်းထင်ကျင့်သည် နေရာယူပြီးသည်နှင့် ငွေလွှဲလက်မှတ်တစ်စောင်ကို ချကာ ထိုးထားလိုက်သည်။ ဒိုင်လုပ်သည့် ကျောက်ပေါက်မာနှင့် လူကြီးသည် ကျန်းထင်ကျင့်ကို အကဲခတ်သလို တစ်ချက် ကြည့်လိုက်သော်လည်း ကျန်းထင်ကျင့် ချထိုးလိုက်သည့် ငွေလွှဲလက်မှတ်ကိုမူ ကြည့်ရှုခြင်းမပြုပေ။ ငွေမည်မျှထိုးထိုး လက်ခံနိုင်သည်ဆိုသည့်သဘောပင် ဖြစ်၏။

ကိုးမီးဝိုင်းတွင် စက္ကူဖဲချပ်များဖြင့် ကစားခြင်းမပြုဘဲ အမည်းရောင် သစ်သားပြားလေးများကို အသုံးပြုသည်။

ထိုသစ်သားပြားလေးများ၏ မျက်နှာတစ်ဖက်တွင် အပေါက်ကလေးများရှိပြီး ကျန်မျက်နှာတစ်ဖက်မှာမူ ပြောင်ချောဖြစ်နေသည်။

အပေါက်လေးများသည် သစ်သားပြား တစ်ခုနှင့် တစ်ခု မတူကြပေ။ အပေါက်လေးတစ်ပေါက်မှနေ၍ ဆယ်ပေါက်အထိ ရှိသည်။

ဝေရာတွင် သစ်သားပြား သုံးပြားစီဝေကာ ကိုးမီးကစားသည့်အခါ ဖဲပွင့်များကို ရေတွက်သည့်နမ်းလမ်းအတိုင်း ထိုအပေါက်လေးများကို ပေါင်းယူရေတွက်ရသည်။

အားလုံး ဝေပြီးနောက် ဒိုင်လုပ်သူသည် သူ့ရှေ့ရှိ သစ်သားပြားသုံးချပ်အနက်မှ နှစ်ချပ်ကို လှန်ပြလိုက်သည်။ ထိုအပြားနှစ်ချပ်တွင် အပေါက်ငါးခုစီ ပါရှိသည်။ နှစ်ချပ်ပေါင်း တစ်ဆယ်မို

www.burmeseclassic.com

www.burmeseclassic.com



ဘူကူ၍နေသည်။ ဒိုင်လုပ်သူသည် နောက်ဆုံး ကျန်နေသေးသော အချပ်ကို မလှန်သေးဘဲ အသာ မှောက်ချထားသည်။

လက်ထိပ်ရှိ ပထမလူသည် သူ၏ သစ်သားပြားသုံးခုကို ပွတ်ဆွဲကာ အသာချပြလိုက်ရာ သုံးခုပေါင်း ငါးဖြစ်နေသည်။ ဒုတိယလူက ဆက်၍ ချပြပြန်ရာ သုံးရှိသည်။

ထို့နောက် ကျန်းထင်ကျင့်၏အလှည့် ဖြစ်သည်။ ကျန်းထင်ကျင့်သည် သစ်ပြားသုံးချပ်ကို တစ်ခုချင်းစီ အသာအယာ လှန်ပြသည်။

ပထမ သစ်သားပြားတွင် သုံးရှိသည်။ ဒုတိယ သစ်သားပြားမှာမူ အပေါက် ခုနစ်ပေါက် ပါသည်။ တတိယသစ်သားပြားမှာလည်း သုံးဖြစ်သည်။ စုစုပေါင်း သုံးရှိနေသည်။

စတုတ္ထလူသည် စိတ်လှုပ်ရှားနေသည့်အသွင်ဖြင့် သစ်သားပြားများကို တုန်တုန်ယင်ယင် ပွတ်၍ချလိုက်ရာ အားလုံးပေါင်း တစ်သာရှိသည်ကို တွေ့ရသည်။

ထိုသူမှာ အရုပ် ထောင်ထောင်မောင်းမောင်း ဖြစ်သော်လည်း မျက်နှာမှာမူ ဆီးရွက်ခန့်ငယ်ကာ မှိုင်ကျသွားသည်။

ထိုးသားအားလုံး သစ်သားပြားတွေကို လှန်ပြထားပြီးပြီဖြစ်ရာ နောက်ဆုံးတွင် ဒိုင်အလှည့်သို့ ရောက်လာသည်။

ထိုးသား အားလုံးကပင် ဒိုင်တွင် မည်မျှရှိမည်ကို သိလိုနေကြသည်။

ထို့နောက် မှောက်ချထားသော သစ်သားပြားကို ကောက်ကိုင်ကာ သစ်သားပြားပေါ်ရှိ အပေါက်လေးများကို စိတ်ဝင်စားစွာ ကြည့်လိုက်ကြသည်။



ထိုးသားအချို့နှင့် ဘေးမှ ထိုးသူများ၏ ဝေါခနဲ အားရဝမ်းသာ အော်လိုက်သံများ၊ ဟာခနဲ စိတ်ပျက်လက်ပျက် ရေရွတ်လိုက်သံများ ရုတ်တရက် ပေါ်လာသည်။

ဒိုင်လုပ်သူ လှန်ချပြလိုက်သော သစ်သားပြားပေါ်တွင် အပေါက်လေးနှစ်ပေါက် ရှိနေသည်။ ဒိုင်မှာ အားလုံးပေါင်း နှစ်ဖြစ်သည်။

ထိုပွဲတွင် ဒိုင်က သုံးအိမ်လျော်ပြီး တစ်အိမ် စားသည်။

တစ်အိမ်ပြီးတစ်အိမ် လျော်ငွေများ ပေးနေသည်။ ဒိုင်လုပ်သူ ကျောက်ပေါက်မာနှင့် လူကြီးကမူ နောက်တစ်ပွဲ ဆက်နိုင်ရန်အတွက် သစ်သားပြားများကို ရောနှော်မွှေနှောက်ကာ အသင့်ပြင်နေသည်။ အလျော်အစားပြီးသည်နှင့် နောက်တစ်ပွဲ ထပ်စပေတော့မည်။

အလျော်အစားလုပ်သူသည် ပထမအိမ်နှင့် ဒုတိယအိမ်တို့ကို လျော်ပေးပြီးနောက် ကျန်းထင်ကျင့်ကို လျော်ငွေပေးနိုင်ရန်အတွက် ကျန်းထင်ကျင့် ချထိုးထားသော ငွေခွဲလက်မှတ်ကို အသာကောက်ယူကာ ကြည့်လိုက်သည်။

ထိုလူ၏ လှုပ်ရှားမှု ရုတ်တရက် ရပ်သွားသည်။ မျက်လုံးအစုံမှာလည်း ပြူးကျယ်လာသည်။ ပါးစပ်မှ တစ်စုံတစ်ရာပြောတော့မည့်ကဲ့သို့ တအစ်အစ်အသံ ပေါ်လာသည်။ သို့သော် စကားသံမူ ပေါ်ထွက်မလာခဲ့ပေ။

"ဟိတ် … ဘယ်လိုဖြစ်တာလဲ၊ မြန်မြန်လျော်လိုက်လေ၊ လောင်းကြေးက ဘယ်လောက်လဲ"

ကျောက်ပေါက်မာနှင့် လူကြီးက စိတ်မရှည်သလို ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"တစ် ... တစ် ... သိန်း ... ပါ"

ဒိုင်လုပ်သူသာမက အခြား လောင်းကစားသမားများပါ အံ့သြကာ မျက်လုံးပြူးကုန်ကြသည်။ ရွှေလှံ့ရှင် ကိုးရန်မိန် တစ်ယောက်သာလျှင် အပြုံးမပျက်ဘဲ လောင်းကစားဝိုင်းဘက်သို့ လှမ်းကြည့်နေသည်။

"ကဲလေ ... ကျွန်တော် ထိုးထားတဲ့ ငွေအတွက် အလျော် သာပေးပါတော့"

ကျန်းထင်ကျင့်က ပြောလိုက်သည်။

ထိုအခါတွင်မှ ကျောက်ပေါက်မာနှင့်လူသည် အိပ်ရာမှ လန့်နိုးလာသလို ဖြစ်သွားပြီး ...

"ဟင် ... မင်း ... မင်း ... သိုင်းမင်းသား ကျန်းထင်ကျင့်"

ကျန်းထင်ကျင့်က ပြုံးရယ်လိုက်ကာ ...

"လောင်းကြေးကို အလျော်ပေးပြီးမှ ကျွန်တော်တို့ မိတ်ဆွေဖွဲ့ကြတာပေါ့"

ဒိုင်လုပ်သူက ချွေးပြန်လာကာ နဖူးပြင်တွင် ယိုစီးကျနေသော ချွေးသီးချွေပေါက်တို့ကို လက်ကိုင်ပဝါနှင့် သုတ်ပစ်လိုက်သည်။

"သိုင်းမင်းသား ကျန်းထင်ကျင့်ဟာ နာမည်ကျော်ကြားမယ် ဆိုရင် ကျော်ကြားထိုက်ပါတယ်၊ ချီးကျူးပါတယ်ဗျာ ချီးကျူးပါတယ်"

"ချီးကျူးနေလို့ ဘာအကြောင်းထူးမှာလဲ၊ လျော်စရာကို ထုတ်လျော်ပေးမှာသာ ပေးလိုက်စမ်းပါ"

အရပ်ထောင်ထောင်မောင်းမောင်းနှင့် လူကြီးက ကြားဝင်ကာ ပြောပြန်သည်။



ကျန်းထင်ကျင့်ကို ကျားတစ်ကောင်နှင့် နှိုင်းယှဉ်ရလျှင် ထိုအရပ်ထောင်ထောင်မောင်းမောင်းနှင့် လူကြီးမှာ ခြင်တစ်ကောင် သာသာမျှသာ ဖြစ်သည်။ ကျားဆိုးနှင့် ရင်ဆိုင်နေရချိန်တွင် ခြင် တစ်ကောင် အကိုက်ခံရသည်ကို အလေးထားနိုင်မည် မဟုတ်ပေ။ ဒိုင်လုပ်သူမှာလည်း အရပ်ထောင်ထောင်မောင်းမောင်းနှင့် လူကြီး ပြောသည့်စကားကို အရေးမလုပ်ပေ။

"ကဲ ... လာဗျာ၊ ကျုပ်တို့ ငွေသွားယူရအောင်၊ အတူသွား ကြပါစို့"

ဒိုင်လုပ်သူက ကျန်းထင်ကျင့်ကို ပြောသည်။

"ခင်ဗျားလူကိုသာ လွှတ်လိုက်ပါ၊ ကျွန်တော်ကို သွားစရာ မလုပ်ပါဘူး"

ကျန်းထင်ကျင့်က ခပ်အေးအေး ပြန်ပြောသည်။

"မင်းက မသွားဘူး ဟုတ်လား"

"ဟုတ်တယ် ကျွန်တော် မသွားဘူး၊ ခင်ဗျားလည်း မသွားရဘူး၊ လောင်းကစားဝိုင်းမှာ အနိုင်ရတဲ့ငွေကို ဒိုင်နဲ့အတူတူ လိုက်ပြီး ယူရတယ်ဆိုတာ ကျွန်တော့်တစ်သက်မှာ တစ်ခါမှတောင် မကြားဖူးပါဘူး"

ဒိုင်လုပ်သူမှာ အကြီးအကျယ် မျက်နှာပျက်သွားကာ ချွေး တွေလည်း ပို၍စို့လာသည်။

သူ့အနေဖြင့် လူလွှတ်၍ ယူနိုင်းစရာ ငွေအသပြာ တစ်သိန်း လည်း ရှိဟန်မတူပေ။

ထိုအချိန်တွင် ကိုးရန်မိန်သည် ဒိုင်လုပ်သူရှိရာသို့ လျှောက် လှမ်းလာပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"အားလုံး အဆင်ပြေသွားအောင် ကျုပ် ကူညီနိုင်ပါတယ်။ ဒီက မိတ်ဆွေဆီကသာ လုံလောက်တဲ့ အာမခံချက် ရနိုင်မယ်ဆိုရင် ကျုပ် ကိုးရန်မိန်က ငွေအသပြာတစ်သိန်း ထုတ်ချေးပေးပါ့မယ်"

ဒိုင်လုပ်သူမှာ ဤစကားကို ကြားရသည်တွင် အလွန်ပင် ဝမ်းသာသွားကာ ကိုးရန်မိန်ကို ဦးညွတ်အရိုအသေပေးလျက် ...

"ကျုပ်နာမည် ရွှေကျားတုံထင်ပေါင်၊ ဖုန့်ယန်ရဲတိုက်ရဲ့ ကျားရဲဆယ့်ရှစ်ဖော်ထဲက ကျားရဲငါး ဖြစ်ပါတယ်၊ ဒီနေ့ သတ် လစ်မိတာကြောင့် ဟောဒီ သိုင်းမင်းသား ကျန်းထင်ကျင့်အပေါ် အသပြာတစ်သိန်း အကြွေးတင်သလို ဖြစ်နေပါတယ်၊ အသပြာ တစ်သိန်းဟာ အတော်များတဲ့ ငွေကြေးပမာဏဖြစ်ပေမဲ့ ကျုပ်တို့ ရဲတိုက်သခင်ကြီးနှစ်ယောက်က ပြန်ပေးဆပ်နိုင်ပါတယ်"

လောင်းကစားဝိုင်းရှိလူများ အတော် အံ့သြကုန်ကြသည်။ ဒိုင်လုပ်သူသည် ဖုန့်ယန်ရဲတိုက်၏ ကျားရဲဆယ့်ရှစ်ဖော် တစ်ယောက်ဖြစ်လိမ့်မည်ဟု သူတို့ မထင်ခဲ့ကြပေ။

ကိုးရန်မိန်က သက်ပြင်းတစ်ချက်ချလိုက်ကာ ...

"ဖုန့်ယန်ရဲတိုက်သခင် နှစ်ယောက်ဆီက တိကျတဲ့အာမခံ ချက် ရမယ်ဆိုရင်တော့ ကျုပ်က ချက်ချင်း အသပြာတစ်သိန်း စိုက်ထုတ်ပေးလိုက်ပါ့မယ်"

ရွှေကျားတုံထင်ပေါင်၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ သို့သော် ချက်ချင်းပင် မျက်နှာအမူအရာကို ပြင်လိုက်သည်။

မိမိတို့ရဲ့ ရဲတိုက်သခင်နှစ်ယောက်က မိမိအတွက် ကိုးရန် မိန်ထံတွင် အသပြာတစ်သိန်းကို အာမခံကာ ချေးယူ မည် မဟုတ်ကြောင်းကို တုံထင်ပေါင် ကောင်းကောင်းသိသည်။



ထိုသို့ တုံထင်ပေါင် အခက်တွေ့နေစဉ် အညိုရောင်ဝတ်စုံ ရှည်ကြီး ဝတ်ဆင်ထားသော အရပ်မြင့်မြင့် လူတစ်ယောက် အခန်းထဲသို့ လျှောက်လှမ်းဝင်ရောက်လာသည်။ ထိုသူ၏ လက်ထဲ တွင် အညိုရောင်သားရေအိတ် ခပ်ပါးပါးလေးတစ်အိတ် ကိုင်ထား သည်။ ထိုသူသည် ရွှေကျားတုံထင်ပေါင်ကို ဦးညွှတ် အရိုအသေ ပေးလိုက်ပြီး ...

"ဆရာတို့ ဒီမှာလာပြီး လောင်းကစားတဲ့ နေရာမှာ ငွေ ကြေးလုံလုံလောက်လောက် ဖြစ်နိုင်အောင်လို့ ရဲတိုက်သခင်ကြီး နှစ်ယောက်က အသပြာငါးသိန်း အပို့ခိုင်းလိုက်ပါတယ်"

အခန်းထဲရှိ စကားသံများ တိတ်ဆိတ်သွားသည်။

လူအများမှာ အတော်ပင် အံ့သြကုန်ကြသည်။

ငွေအသပြာ ငါးသိန်းသည် အလွန် များပြားသည့် ငွေကြေး ပမာဏ ဖြစ်သည်။

ဖုန့်ယန်ရဲတိုက်သည် ချမ်းသာကြွယ်ဝသည်မှာ မှန်သော် ငြားလည်း ငွေကြေးကို ဤမျှလောက် ရက်ရက်ရောရော သုံးစွဲမည် မဟုတ်ပေ။ တုံထင်ပေါင်အတွက် မည်သည့် အတွက်ကြောင့် အသပြာ ငါးသိန်းကို ရက်ရောစွာ အသုံးပြုခွင့် ပေးလေသနည်း။

တုံထင်ပေါင်မှာ မိမိ မြင်ရကြားရသည်များကို အလွန်ပင် အံ့သြနေသည်။ သို့ရာတွင် အကျဉ်းအကျပ် တွေ့နေခိုက် ငွေလာပို့ ပေးနေသည်ကိုတော့ မယုံဘဲမရှိနိုင်ပေ။

တုံထင်ပေါင်သည် ချက်ချင်းပင် လက်နှစ်ဖက်ကို ဆန့် ထုတ်ကာ အညိုရောင် ဝတ်စုံဝတ်လူ ကမ်းပေးသည့် သားရေအိတ် ကို လှမ်းယူသည်။

www.burmeseclassic.com

www.burmeseclassic.com



တုံထင်ပေါင် လက်နှစ်ဖက်မှာ တုန်ယင်နေပြီး အသက်ရှူသံကလည်း မြန်ဆန်နေသည်။ တုံထင်ပေါင်မှာ အလွန်ပင် စိတ်လှုပ်ရှားနေမိသည်။ ငွေအသပြာ ငါးသိန်းပါသည်ဆိုသော သားရေအိတ်လေးကို လက်ဖြန့် ဆုပ်ကိုင်ယူလိုက်မိချိန်တွင် တုံထင်ပေါင်သည် တစ်သက်တာတွင် မကြုံဖူးသေးသော စိတ်လှုပ်ရှားမှုနှင့် ဝမ်းသာမှုကို ခံစားရသည်။

ထိုအချိန်မှာပင် တုံထင်ပေါင်အဖို့ မည်သို့မှ မျှော်လင့်မထားသော အဖြစ်တစ်ခု ရုတ်တရက် ဖြစ်ပေါ်လာသည်။

* * *

တုံထင်ပေါင် မမျှော်လင့်သော အဖြစ်တစ်ခု ပေါ်ပေါက်လာသည်။

ထို အညိုရောင်ဝတ်စုံရှည်ဝတ် လူမှာ ဖုန့်ယန်ရဲတိုက်သခင်နှစ်ယောက်ထံသို့ လာရောက်လည်ပတ်ပြီး အရက်သောက် စစ်တုရင်ထိုး လုပ်နေသည့် မိတ်ဆွေ ဆယ်ယောက်ခန့်ထဲမှ တစ်ယောက်ဖြစ်ပြီး ပုရှင်ဟောက်ဟု ခေါ်သည်။

တုံထင်ပေါင်နှင့် ရင်းနှီးခြင်းမရှိသော်လည်း ကောင်းစွာ တွေ့ဖူး သိဖူးသည်။

ထို့ကြောင့် တုံထင်ပေါင်သည် ပုရှင်ဟောက်ကို ကောင်းစွာ ယုံကြည်မှုရှိသည်။

ပုရှင်ဟောက် ပေးသော ငွေအိတ်ကိုလည်း စိတ်ချလက်ချ လှမ်းယူခဲ့သည်။



သားရေအိတ်လေး တုံထင်ပေါင်၏ လက်ထဲသို့ ရောက်သွားချိန်မှာပင် ပုရှင်ဟောက်သည် ရှေ့သို့ ဆတ်ခနဲ လှမ်းတက်ကာ တုံထင်ပေါင်၏ လက်ဝဲဘက်ရင်ဘတ်ရှိ နှလုံးသားတည့်တည့် နေရာကို လက်ချောင်းများဖြင့် ဆတ်ခနဲ ကုတ်ဆွဲလိုက်သည်။ ပုရှင်ဟောက်၏ လက်ချောင်းများက အသားထဲ နစ်ဝင်သွားသည်။

တိုက်ခိုက်မှုက လျှင်မြန်လှသည်။

ပြူးကြောင်သော မျက်လုံးများဖြင့် ပုရှင်ဟောက်ကို ကြည့်ကာ ကိုယ်ခန္ဓာ ပျော့ခွေသွားသည်။

“မင်းကို ရဲတိုက်သခင်ကြီးနှစ်ယောက်က ဒီရွာကို လွှတ်လိုက်တာဟာ လောင်းကစား ပျော်ပါးဖို့ မဟုတ်ဘူး၊ မင်းဟာ တာဝန်ကို ကျေပွန်အောင် မထမ်းဆောင်နိုင်တဲ့အပြင် ပျော်ပါးလောင်းကစားနေခဲ့တယ်”

ပုရှင်ဟောက်က ထိုသို့ပြောပြီး ဆုပ်ဆွဲထားသော လက်ကို လွှတ်ပေးလိုက်ရာ တုံထင်ပေါင်မှာ ပွဲအိတ်ကြီးတစ်အိတ်လို ပုံလျက်သား လဲကျသွားသည်။

“ပိုဆိုးတာက လောင်းကစားချင်မြီး လျော်စရာငွေကြေး လုံလုံလောက်လောက် ယူမလာခဲ့ဘူး၊ ဒီလိုလုပ်ရပ်ဟာ ဖုန့်ယန်ရဲတိုက်ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေတယ်၊ ဒါကြောင့် ရဲတိုက်သခင်ကြီးနှစ်ယောက်ရဲ့အမိန့်နဲ့ မင်းကို ဒဏ်ခတ် အပြစ်ပေးလိုက်တာပဲ”

တုံထင်ပေါင်အဖို့ အရာရာသည် အေးငြိမ်းသွားခဲ့လေပြီ။

“ခင်ဗျားက သူ့ကို အရေးယူ ဒဏ်ခတ်လိုက်တာကတော့ ဟုတ်ပါပြီ၊ ကျွန်တော် လောင်းကြေး အသပြာတစ်သိန်းကို ဘယ်သူက ပေးလျော်တော့မှာလဲ”

www.burmeseclassic.com

www.burmeseclassic.com



ကျန်းထင်ကျင့်က မုရှင်ဟောက်ကို မေးသည်။

"ဖုန့်ယန်ရဲတိုက်က ပေးပါမယ်"

မုရှင်ဟောက်က ပြန်ဖြေသည်။

"ဘယ်တော့ပေးမှာလဲ"

"အခုချက်ချင်း ပေးမယ်"

ကျန်းထင်ကျင့် အံ့ဩသွားသည့်အချိန်မှာပင် မုရှင်ဟောက်သည် တံထင်ပေါင်၏ လက်မှလွတ်ကာ ကြမ်းပြင်ပေါ် ကျနေသည့် သားရေအိတ်ကို ကောက်ယူကာ အသာဖွင့်ပြီး ငွေလွှဲလက်မှတ် တစ်စောင်ကို ထုတ်ယူလိုက်သည်။

"ရော့ အသပြာတစ်သိန်းတန် ငွေလွှဲလက်မှတ်၊ သေသေချာချာ စစ်ဆေးကြည့်ပါဦး"

မုရှင်ဟောက်က ထိုသို့ပြောပြီး ကျန်းထင်ကျင့်ထံ ကမ်းပေးသည်။

ကျန်းထင်ကျင့်က ယူကာ တစ်ချက်သာကြည့်ပြီး ခေါင်းညိတ်ပြလျက် ငွေလွှဲလက်မှတ်ကို သိမ်းလိုက်သည်။

"ကဲ ... ခင်ဗျားရဲ့ လောင်းကြေးအလျော်ရပြီဆိုတော့ ကျုပ်တို့ ဆက်ပြီး ကစားကြဦးမလား"

မုရှင်ဟောက်က ပြောသည်။

ကျန်းထင်ကျင့်လည်း ပြုံးရယ်ကာ ခေါင်းညိတ်ပြလိုက်သည်။

* * *



ဝါးရင်းတုတ် လီပေါက်သည် အရက်ဆိုင်းထမ်းဘေးတွင် ရပ်ကာ သမ်းဝေလိုက်သည်။ ထိုနေရာမှာ ကျောင်းကြီးဘုံကျောင်းရှေ့ ဖြစ်သည်။ သူသည် မိုးကြိုးကိုဏ်းဝင် သိုင်းသမားတစ်ယောက် ဖြစ်သည်။ သူ၏ဘဝကို အရက်ရောင်းသမားတစ်ယောက်အဖြစ် ခန်တီးကာ ဓာတ်မြုပ်နေထိုင်နေခဲ့သော်လည်း သိုင်းပညာလေ့ကျင့်မှုမှာမူ မပြတ်ခဲ့ပေ။ ညဘက်အချိန်များတွင် လျှို့ဝှက်စွာ သိုင်းပညာလေ့ကျင့်ခဲ့သည့်အတွက် သူ၏ မိုးကြိုးလက်ဝါးသိုင်းနှင့် ကြယ်တံခွန်ဓားသိုင်းတို့မှာ အစွမ်းအစ ပိုမိုထက်မြက်သည်ထက် ထက်မြက်နေခဲ့သည်။

သူ့စိတ်ထဲတွင် ထန်ဟန်က အတော် မကျေမနပ် ဖြစ်နေခဲ့သည်။ ဤသို့ဖြစ်ခြင်းမှာ မိုက်မဲဆိုးသွမ်းသော လူတစ်ယောက်ဖြစ်သောကြောင့်တော့ မဟုတ်ပေ။

ထန်ဟန်သည် ရဲရင့်တည်ကြည်ကာ လမ်းမှန်ဘက်မှလိုက်သော သိုင်းသမားတစ်ယောက်ဖြစ်ကြောင်း လီပေါက်ကောင်းကောင်းသိပါသည်။

သူ မကျေမနပ်ဖြစ်ခြင်းက ထုံချိုးမေး ရန်သူ့လက် ကျရောက်သွားသည့်ကိစ္စနှင့် ပတ်သက်၍ ထန်ဟန်က တစ်ကိုယ်တည်းစွန့်စားလုပ်ဆောင်ကာ သူနှင့် ကျန်းထင်ကျင့်တို့ကို ဘေးဖယ်ထားခဲ့သောကြောင့်ဖြစ်သည်။ ယခု ထုံချိုးမေး အဖမ်းခံရမည့် ကိစ္စတွင် မှ ဘာကိုမှ မသိခဲ့ရသည့်အတွက် အတော်ပင် စိတ်ပျက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု အရက်ဆိုင်းထမ်းကိုထမ်းကာ လှည့်လည်ရောင်းချရင်း သတင်းစုံစမ်းခဲ့ရာတွင်လည်း ဘာမှ ထူးထူးခြားခြား မသိခဲ့ရပေ။

ထို့ကြောင့် စိတ်ပျက်နေသည့်အပြင် အရက်ကလည်း ရောင်းမကောင်းသောကြောင့် အာရုံမလန်းဆန်းနိုင်ပဲ သမ်းဝေလိုက်မိခြင်း ဖြစ်သည်။

တကယ်တော့ ဘုံကျောင်းရှေ့သည် အရက်ရောင်းကောင်းနိုင်သော နေရာမျိုးမဟုတ်ပေ။

ဟိုအရင်တစ်ခါ သည်နေရာတွင် ဖုန့်ယန်ရဲတိုက်မှ ကျေးရဲများက နယ်လှည့် အရောင်းအဝယ်သမားများ အသွင်အယောင်ဆောင်ကာ အထည်များ လာရောက် ရောင်းချခဲ့စဉ်ကသာ သည်နေရာတွင် လူများ စည်စည်ကားကားရှိပြီး အရက်ရောင်း ကောင်းခဲ့သည်။

လီပေါက်သည် ဘယ်နေရာကိုသွား၍ ဘာလုပ်ရမည်မသိသောကြောင့် ဘုံကျောင်းဝင်းရှေ့တွင် အရက်ဆိုင်းထမ်းကိုချကာ နားနေခြင်း ဖြစ်သည်။

နာရီဝက်ခန့်ကြာအောင် နားနေခဲ့ရာတွင် အရက်ငါးခွက်ကုန်သွားသည်။ သုံးခွက်မှာ လမ်းသွားလမ်းလာများက ဝယ်သောက်ပြီး နှစ်ခွက်ကတော့ လီပေါက်ကိုယ်တိုင် သောက်ပစ်ခဲ့ခြင်းဖြစ်သည်။

"ဟိတ် အရက်နှစ်ခွက်နဲ့ ပဲပြားဟင်းတစ်ခွက် ယူလာခဲ့စမ်း"

လီပေါက် လှမ်းကြည့်လိုက်ရာ ဘုံကျောင်း၏ တံခါးကြားမှ ဆံပင်စုတ်ဖွားနှင့် ခေါင်းတစ်လုံး ပြူးထွက်နေသည်ကို တွေ့ရသည်။ ထိုဆံပင်စုတ်ဖွားနှင့်လူက အရက်နှင့် ပဲပြားဟင်း မှာကြားခြင်း ဖြစ်ပေသည်။



ထိုသူ၏အသံမှာ စူးရှပြီး မျက်နှာကလည်း ခက်ထန်ကြမ်းကြုတ်သည်။ လူကောင်းတစ်ယောက် မဟုတ်နိုင်ကြောင်း လီပေါက်စဉ်းစားမိသည်။ သို့သော် လီပေါက်မှာ အရက်ရောင်းသမားတစ်ယောက်အဖြစ် ခံယူထားသည်ဖြစ်ရာ မိမိ၏ ပစ္စည်းရောင်းရ၍ ဝမ်းသာသည့်အသွင်မျိုး အယောင်ဆောင်ပြီး အရက်နှစ်ခွက်နှင့် ပဲပြားဟင်းတစ်ခွက် အမြန်ဆုံး ခပ်ယူပြင်ဆင်ကာ ဘုံကျောင်းထဲသို့ သွားရောက်ပို့ပေးလိုက်သည်။

တံခါးမှနေ၍ ဘုံကျောင်းဝင်းထဲသို့ ဝင်လိုက်မိသည်နှင့် သူ့နောက်ဘက်ရှိ တံခါးသည် ဂျိုင်းခနဲအသံနှင့်အတူ ပိတ်သွားသည်။ တံခါးပိတ်လိုက်သူမှာ ဆံပင်စုတ်ဖွားနှင့်လူကြီးပင်ဖြစ်သည်။

ထို့ပြင် ရိပ်ခနဲ ရိပ်ခနဲ လှုပ်ရှားမှုနှင့်အတူ နောက်ထပ်လူလေးယောက်ပေါ်လာကာ နှစ်ယောက်က လီပေါက်၏ရှေ့တည့်တည့် ကျန်နှစ်ယောက်က လီပေါက်၏ ဘယ်ဘက်နှင့် ညာဘက်တို့တွင် တစ်ယောက်စီ နေရာယူကာ ဝန်းရံလိုက်ကြသည်။

"အလို ဒါက ဘယ်လိုသဘောလဲ၊ ကျွန်တော့်လို အညတရ အရက်ရောင်းသမားလေးတစ်ယောက်ဆီက ငွေကြေးတွေ လုယူချင်လို့လား"

လီပေါက်က သူ့ရှေ့တည့်တည့်တွင် ရှိနေသည့် မုတ်ဆိတ်မွေးလူကြီးနှင့် မျက်နှာနီနီနှင့် လူကြီးကို ကြည့်ကာ မေးလေသည်။

"တလွဲ မထင်ပါနဲ့၊ ကျုပ်တို့က မင်းကို အန္တရာယ်မပေးပါဘူး၊ ကိစ္စလေးတစ်ခုနှစ်ခုလောက် မေးကြည့်ချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



မုတ်ဆိတ်မွေးနှင့်လူကြီးက ပြန်ပြောသည်။

သည်လူစုကို မုတ်ဆိတ်မွေးနှင့်လူကြီးက ခေါင်းဆောင်ဖြစ်မှန်းသိရသည်။

"ဘာတွေ မေးချင်တာလဲ"

"လွန်ခဲ့တဲ့ ရက်ပိုင်းတုန်းက မင်းဟာ ဒီဘုံကျောင်းရှေ့မှာ လာအရက်ရောင်းတယ်၊ ပြီးတော့ ကျုပ်တို့ရဲ့ ညီနောင်တွေဖြစ်တဲ့ လို့စုစန်းတို့လေးယောက်ကို တစ်နေရာရာကို လမ်းပြခေါ်သွားခဲ့တယ်၊ သူတို့ကို ဘယ်ခေါ်သွားတာလဲ၊ သူတို့ ဘာဖြစ်ကုန်သလဲ"

လို့စုစန်းတို့လူစုကို ခေါ်ဆောင်သွားသူသည် လီပေါက်မဟုတ်ပေ။ လီပေါက်အသွင် အယောင်ဆောင်ထားသူ ထန်ဟန်သာဖြစ်ပေသည်။ သို့သော် လီပေါက်က ထိုအကြောင်းကို ထုတ်မပြောပေ။

"ရွာအပြင်ဘက် တောင်တန်းပေါ်ကို ခေါ်သွားပါတယ်" လီပေါက်က ပြောသည်။

"နောက်တော့ကော"

"မသိဘူး"

"နောက်တော့ ဘာဖြစ်ကုန်တယ်ဆိုတာ မသိဘူး ဟုတ်လား"

"ဟုတ်ပါတယ် သူတို့က ကျောက်စိမ်းမင်းသား အိုက်ထောရင်နဲ့ ပိုးစပ်စု ကောင်းလင်ဖုန်းတို့ ရှိမဲ့နေရာကို ကျွန်တော့်ဆီ လာစုံစမ်းတယ်၊ လိုက်ပြပေးရင် ဆုငွေကောင်းကောင်းပေးမယ်လို့ ပြောတယ်၊ ဒါကြောင့် ကျွန်တော်က လိုက်ပြပေးပြီး ပြန်လာခဲ့တာပဲ၊ နောက်ပိုင်း ဘာတွေဖြစ်ကြတယ်ဆိုတာကိုတော့ မသိဘူး"



"လို့စုစန်းတို့အကြောင်း ထားလိုက်တော့၊ မင်းကို ထပ်မေးစရာတစ်ခု ရှိသေးတယ်"

"မေးချင်တာကို မေးနိုင်ပါတယ်"

"မင်းရဲ့သိုင်းပညာက ဘယ်လိုမျိုးလဲ၊ ပြီးတော့ မင်းရဲ့ ဆရာသမားက ဘယ်သူလဲ"

လီပေါက်က အံ့အားသင့်သွားသည့် အသွင်မျိုး ပြုလုပ်ကာ ...

"သိုင်းပညာနဲ့ဆရာသမားအကြောင်း ဟုတ်လား၊ ကျွန်တော့်လို အညာတရ အရက်ရောင်းသမားလေးတစ်ယောက်ကို ဘာကြောင့် ဒီမေးခွန်းတွေ လာမေးနေရတာလဲ"

မျက်နှာနီနီနှင့် လူကြီးက အေးစက်စက် ရယ်မောလိုက်ကာ ...

"ဒီအချက်ကိုသိဖို့အတွက် ကျုပ်တို့မှာ သိပ်ခက်ခက်ခဲခဲ လုပ်စရာ မလိုပါဘူး၊ မင်း လိမ်လိမ်မာမာနဲ့ ပြေရင် ကောင်းမယ်၊ မဟုတ်ရင်တော့ ဟဲ ... ဟဲ ... ဟဲ"

မျက်နှာနီနီနှင့်လူကြီးသည် စကားကို ဆုံးအောင်မပြောဘဲ အေးစက်စက်ပင် ရယ်မောနေသည်။

ထိုအချိန်မှာပင် လီပေါက်သည် လက်ထဲတွင် ကိုင်ထားသော အရက်ခွက်နှစ်ခွက်ကို မျက်နှာနီနီနှင့်လူကြီးနှင့် မုတ်ဆိတ်နှင့်လူကြီးတို့ထံသို့ လှမ်းပစ်လိုက်သည်။

ထိုသူနှစ်ယောက်မှာ ခေသူများ မဟုတ်ကြ။ ဖုန်းယန်ရဲတိုက် ကျားရဲဆယ့်ရှစ်ဖော်မှ သိုင်းသမားများ ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မုတ်ဆိတ်နှင့်လူကြီးက ကျားရဲနှစ်ဖြစ်ပြီး မျက်နှာနီနီနှင့်လူကြီးက ကျားရဲသုံး ဖြစ်သည်။

ကျန်သုံးယောက်မှာလည်း ကျားရဲများပင် ဖြစ်ကြသည်။

လီပေါက်၏ လျှပ်တစ်ပြက် တိုက်ခိုက်လာမှုက ကျားရဲနှစ်နှင့် ကျားရဲသုံးတို့ကို အငိုက်မိသွားစေသည်။ သူတို့နှစ်ယောက်၏ မျက်နှာများပေါ်တွင် အရက်များ စိုရွဲကုန်သည်။

အရက်များ စိုကုန်သည်မှာ မည်သို့မျှ ထိခိုက်နစ်နာခြင်း မရှိသော်လည်း ယခုလို အဖြစ်မျိုး ကြုံရသည်က သိက္ခာကျ အရှက်ရစရာဖြစ်သောကြောင့် ကျားရဲတစ်နှင့် ကျားရဲနှစ်တို့မှာ အကြီးအကျယ် ဒေါသထွက်ကုန်ကြသည်။

လီပေါက်သည် အရက်နှစ်ခွက်ကို ပစ်ပေါက်ထုတ်လိုက်ပြီးသည်နှင့် ကိုယ်ကို နောက်သို့ ချာခနဲလှည့်ကာ သူ့နောက်ဘက်တွင်ရှိနေသော ဆံပင်စုတ်ဖွားနှင့် လူကြီးကို လက်ဝါးဖြင့် လှမ်းရိုက်သည်။

မြန်ဆန်မှု၊ တိကျမှုနှင့် အားပြင်းမှုတို့ကိုသာ အဓိကထားသည်။ လက်ဝါးတစ်ချက်လျှင် တစ်ချက်ဆိုသလောက် ထိရောက်လှသည်။ ဆံပင်စုတ်ဖွားနှင့်လူကြီးမှာ ကျားရဲဆယ့်ရှစ် ဖြစ်သည်။ သူသည် လီပေါက်၏ နောက်ကျောတွင် ရပ်နေရသည်မို့ စိတ်ချလက်ချ မိုရှိနေသည်။ ကြိုတင်ကာကွယ်ပြင်ဆင်ထားမှုပင် လုပ်မထား။ စိတ်လက်ပေါ့ပါးစွာ အေးအေးဆေးဆေးသာ ရပ်နေသည်။

ထို့ကြောင့် မည်သို့မျှ မမျှော်လင့်သော လက်ဝါးရိုက်ချက်တစ်ချက် ရုတ်တရက် ဝင်ရောက်လာသောအခါ ကျားရဲဆယ့်ရှစ်မှာ ခုခံရှောင်တိမ်းရန် စိတ်မကူးနိုင်တော့ပေ။



သိုင်းလေ့ကျင့်ရာတွင် အသုံးချဖြာသာ အရုပ်လို လီပေါက်၏ လက်ဝါးရိုက်ချက်ကို ကျကျနနခံယူပြီး ကြိုးပြတ်သော စွန်ပမာ လွင့်စဉ်ထွက်သွားသည်။

လီပေါက်သည် တုံ့ဆိုင်းမနေ။

ကျားရဲဆယ့်ရှစ်ကို ချေမှုန်းလိုက်ပြီးနောက် သူ၏ ဘယ်ဘက်နှင့် ညာဘက်တွင် ရှိနေကြသည့် ရန်သူနှစ်ယောက်ကို ဆက်တိုက်တိုက်ခိုက်လိုက်ပြန်သည်။ ထိုသူနှစ်ယောက်မှာ ကျားရဲတစ်ဆယ်နှင့် ကျားရဲဆယ့်ခုနစ်တို့ ဖြစ်ကြသည်။

မိုးကြိုးလက်ဝါး သိုင်းကိုပင်သုံးကာ လက်ဝါးရိုက်ချက်များ ဆင့်ကဲရိုက်ထုတ်လိုက်ရာ အံ့အားသင့်နေကြသော ကျားရဲတစ်ဆယ်နှင့် ကျားရဲဆယ့်ခုနစ်တို့မှာလည်း မည်သို့မှ မခုခံနိုင်ဘဲ လက်ဝါးရိုက်ချက်များထိကာ လဲကျကုန်သည်။

ထိုအချိန်မှာပင် ချက်ချင်းပင် ရင်ဆိုင်ခုခံရန် ပြင်လိုက်သော်လည်း မမီတော့ပေ။ သူ့ညာလက်မောင်းမှာ ပူခနဲဖြစ်ကာ နာကျင်သွားပြီး အေးစက်သော အသံတစ်ခုလည်း ကြားလိုက်ရသည်။

လီပေါက်၏ ညာလက်မောင်းကို လက်ချောင်းဖြင့် ကုတ်ဆွဲသွားသည်မျှတွင် ခားတော့လျက် အမိဖမ်းလိုက်သူမှာ ကျားရဲနှစ်ပင် ဖြစ်ပေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



လီပေါက်မှာ ကျားရဲ့နှစ်၏ လက်ထဲတွင် မလှုပ်သာတော့။

"မင်းရဲ့ လက်ဝါးသိုင်းက တယ်ပြင်းထန်ပါလား၊ မှန်မှန်ပြောစမ်း၊ မင်းဟာ ဘယ်ဂိုဏ်းအဖွဲ့ကလဲ"

ကျားရဲ့နှစ်က မေးခွန်းထုတ်သည်။

"ကျားဆိုးနိုင်ဂိုဏ်းကပဲ"

လီပေါက်က ပြန်ဖြေသည်။

ထိုစကားမှာ ကျားရဲများကို နှိမ်ချပြောဆိုသည့် စကားဖြစ်သောကြောင့် မျက်နှာနီနီနှင့် ကျားရဲသုံးသည် ဒေါသထောင်းခနဲ ထသွားသည်။

"တောက် ... ဒီကောင် ဒီလောက် မာနီတင်းနေတာ အပြတ်သာ ရှင်းပစ်လိုက်စမ်းပါ"

ကျားရဲသုံးက ဒေါသတကြီး ပြောသည်။

ကျားရဲ့နှစ်သည် ခေတ္တစဉ်းစားလိုက်ပြီး ...

"အေး ... အပြတ်ရှင်းပစ်လိုက်တာ ကောင်းပါတယ်"

ထိုအချိန်မှာပင် ကျောက်ရုပ်တုတစ်ခု၏ နောက်မှ လူတစ်ယောက် ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လှမ်းထွက်လာ၏။

"သူ့ကို အပြတ်ရှင်းပစ်လို့ မဖြစ်သေးဘူး"

ထိုသူက ပြောသည်။

ထိုလူ၏ စကားတစ်ခွန်းသည် လီပေါက်၏အသက်ကို ချမ်းသာရာ ရသွားစေခဲ့သည်။ ကျားရဲ့နှစ်သည် လီပေါက်ကို



စားဖြင့် ခုတ်ပိုင်းတော့မည်ပြုနေရာမှ အသာ အရှိန်သတ်ကာ ရပ်တန့်လိုက်သည်။

"ဟော ... ကိုယ်ရံတော်ကြီး စုရှင်းဟန်ပါလား"

ကျားရဲ့နှစ်က တီးတိုးရေရွတ်လိုက်သည်။

ဤအခါတွင်မှ ဝင်ရောက် ဟန့်တားသူသည် အကြင်နာမဲ့ စုရှင်းဟန်ဖြစ်မှန်း လီပေါက် သိရတော့သည်။ လီပေါက်သည် နန်းဗိမာန်ဂိုဏ်းအကြောင်း မသိသေးသည့်အတွက် ကိုယ်ရံတော်ကြီးဟူသော အခေါ်အဝေါ်ကိုမူ နားမလည်နိုင်အောင် ဖြစ်နေသည်။

"ဘာဖြစ်လို့ ဒီကောင့်ကို အပြတ်မရှင်းတာလဲ"

ကျားရဲသုံးက ပြန်မေးသည်။

"ဒီကောင်ဟာ ရွှေဥ ဥပေးနိုင်မဲ့ ငန်းလိုဖြစ်နေတယ်"

အကြင်နာမဲ့ စုရှင်းဟန်က ပြန်ဖြေသည်။

"ဒီကောင့်ဆီက အရေးကြီးတဲ့သတင်းတွေ ရနိုင်စရာရှိလို့လား"

"သူ့ကို အခြေပြုပြီး ကျုပ်တို့အတွက် အကျိုး အမြတ်တွေ အများကြီး ရလာနိုင်တယ်"

ကျားရဲ့နှစ်သည် လီပေါက်၏လည်မျိုတွင် တေ့ထားသော အစွာင်ကို အသာဖယ်ပေးသည်။ ထို့ပြင် လီပေါက်၏ ညာလက်မှ သွေးကြောကွက်အချို့ကို ဖိထောက်ထိုးနှိပ်လိုက်သည်။

"သူ့ကို ချုပ်နှောင်ထားလိုက်ပါ"

အကြင်နာမဲ့ စုရှင်းဟန်သည် ထိုသို့ ပြောဆိုအမိန့်ပေးပြီးနောက် ချာခနဲလှည့်ကာ ထွက်ခွာသွားသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

လီပေါက်သည် မှောင်မည်းသော မြေအောက်အခန်းကျဉ်းတစ်ခုထဲတွင် ရောက်ရှိနေသည်။ ထိုနေရာသည် ကျောင်းကြီးဘုံကျောင်း၏ ပင်မခန်းမဆောင်၏ အောက်တည့်တည့်တွင် ရှိသည်။

ကျားရဲနှစ်နှင့် ကျားရဲသုံးတို့သည် လီပေါက်ကို သည်မြေအောက်အချုပ်ခန်းထဲသို့ ခေါ်ဆောင်လာခဲ့ကြရာတွင် မျက်စိကို အဝတ်စည်းခြင်း မပြုပေ။ ထို့ကြောင့်လည်း လီပေါက်အနေဖြင့် ဤမြေအောက်အချုပ်ခန်း မည်သည့်နေရာတွင် ရှိသည်ဆိုခြင်းကို သေချာစွာတွေ့ရှိ သိမြင်ခဲ့ရသည်။

ထိုသို့ မျက်စိကို ပိတ်စည်းခြင်းမပြုပဲ သည်အတိုင်းခေါ်လာခြင်းကိုထောက်လျှင် ကျားရဲနှစ်တို့အနေဖြင့် မိမိကို သည်နေရာမှလွတ်အောင် ထွက်မပြေးနိုင်ကြောင်း ယုံကြည်ထားသည်ကို လီပေါက် စဉ်းစားမိသည်။

ကျားရဲ နှစ်နှင့်သုံးတို့သည် လီပေါက်ကို မြေအောက်အချုပ်ခန်းထဲတွင် ထည့်ပြီးနောက် ထွက်ခွာသွားကြသည်။

သူနှင့် ဘေးချင်းကပ်လျက် အချုပ်ခန်းလေးထဲတွင် လူတစ်ယောက် ရှိနေသည်။ ထိုအချုပ်ခန်းနှင့် လီပေါက် ရှိနေသည့် အချုပ်ခန်းတို့အကြားတွင် သံတိုင်များကသာ ခြားထားသည်။

ထိုအချုပ်ခန်းထဲတွင် ရှိနေသည့်လူမှာ အဘိုးအိုတစ်ယောက်ဖြစ်ကာ အရိုးပေါ်အရေတင်မျှပင် ပိန်လှီလှသည်။ ပြင်းထန်သော



သေဒနာတစ်ခုခုကို ခံစားနေရဟန်ဖြင့် အတော်ပင် မရွှင်မလန်း ရှိနေသည်။

လီပေါက်၏ စိတ်ထဲတွင် ထုံချီဖေးကို သတိရလိုက်သည်။ လီပေါက်သည် ထုံချီဖေးကို မမြင်ဖူးပေ။ သို့သော် တွေ့မြင်ရသော အခြေအနေအရ ထိုအဘိုးအိုမှာ ဓားမပျံဂိုဏ်းချုပ် ထုံချီဖေးသာ ဖြစ်မည်ဟု တွက်မိလိုက်သည်။

“ဟာ … ဂိုဏ်းချုပ်ကြီး ထုံချီဖေးပါလား”

လီပေါက်၏နှုတ်မှ လွတ်ခနဲ ထွက်သွားသည်။

“မင်းက ဘယ်သူလဲ”

ထုံချီဖေးက ပြန်မေးသည်။

အသံမှာ အိအလ သည်းလှသည်။

“ရွာထဲမှာ အရက်ရောင်းနေတဲ့ ဝါးရင်းတုတ် လီပေါက်ပါ”

“ဪ … အင်း … အင်း … ဒီနာမည်ကို ကျုပ် ကြားဖူးပါတယ်၊ မင်းက အရက်ရောင်းနေတဲ့လူဖြစ်ပြီး ဘယ်လိုကြောင့် ဒီနေရာမှာ အချုပ်ခံနေရတာလဲ”

“ကျွန်တော်က သိုင်းပညာလေး နည်းနည်းပါးပါး တတ်မြောက်ပြီး သူတစ်ပါးကိစ္စတွေမှာ ဝင်စွက်ဖက်မိလို့ ဆိုပါတော့”

“ဘယ်သူ့ရဲ့ ကိစ္စထဲမှာ ဝင်စွက်ဖက်မိတာလဲ”

“ပထမဆုံး ကျွန်တော်ဟာ ထန်ဟန်ကို ကျွန်တော့်လိုအယောင်ဆောင်သွားဖို့ ခွင့်ပြုခဲ့တယ်၊ ထန်ဟန်က ကျွန်တော့်လိုအယောင်ဆောင် လှုပ်ရှားရင်း မှန်းယန်ရဲတိုက်က ကျားရဲလေးယောက်ကို ချေမှုန်းပစ်ခဲ့တယ်”

www.burmeseclassic.com

www.burmeseclassic.com



"နောက်တော့ကော"

"နောက်တော့ ကျွန်တော်နဲ့ သိုင်းမင်းသား ကျန်းထင်ကျွ
ကိုယ့်အစွမ်းအစ အခြေအနေ ဘယ်လောက်ရှိတယ် ဆိုတာ
မစဉ်းစားပဲ ဂိုဏ်းချုပ်ကြီး ပျောက်ဆုံးနေတာကို လိုက်လံရှာဖွေ
ကြတယ်"

ဤစကားကြောင့် ထုံချီပေးမှာ စိတ်မကောင်းဖြစ်သွားကာ

"သြော် ... မင်းတ ကျုပ်အတွက်ကြောင့် အခုလိုခံရတာကိ

"ဟုတ်ကဲ့ ကြက်ကန်းဆန်အိုးတိုးတယ် ဆိုသလိုမျိုးဖြ
ကျွန်တော်က ကျားရဲသုံးယောက်ကို ချေမှုန်းပစ်နိုင်ခဲ့ပါတယ်

"ဒါနဲ့တောင် သူတို့က မင်းကို အသက်ချမ်းသာ ပေ
သလား"

ရာတွင်

"အကြင်နာမဲ့ စုရှင်းဟာန်က ကျွန်... ကို အသက်ချမ်း
ပေးထားဖို့ ဝင်ပြောခဲ့လို့ ကျွန်တော့် အသက်လေး ဆက်ရှင်န
တာပါ၊ ကျားရဲတွေက စုရှင်းဟာန်ကို ကိုယ်ရံတော်ကြီးလို့ခေ
အမိန့်နာခံကြတယ်၊ သူတို့ကိုကြည့်ရတာ တစ်ဖွဲ့တည်းလို

"နန်းဗိမာန်ဂိုဏ်းက ထိပ်တန်းခေါင်းဆောင်တွေကို ကို
တော်ကြီးလို့ ခေါ်ကြတယ်"

နန်းဗိမာန်ဂိုဏ်းအကြောင်း မသိသေးသော လီပေါက်သ
ထိုအမည်ကို ကြားရသောအခါ အတော်ပင် အံ့ဩသွားသည

"နန်းဗိမာန်ဂိုဏ်း ဟုတ်လား၊ ဒီနာမည်ကို တစ်
မကြားဖူးပါလား"

"နန်းဗိမာန်ဂိုဏ်းဆိုတာ သိပ်ကိုလျှို့ဝှက်တဲ့ သိုင်းအ
အစည်း တစ်ခုပဲ၊ အခုတလောကျမှ သူဟာ လှုပ်ရှားပေါ်ပေ



လာတယ်၊ ဒီဂိုဏ်းအဖွဲ့အကြောင်း သိတဲ့လူနည်းတယ်၊ ဒါကြောင့်
မင်းအနေနဲ့ မကြားဖူးတာပါ"

"သြော် ... သြော်"

"ဒီဂိုဏ်းထဲမှာ နန်းတွင်းအခေါ်အဝေါ်မျိုးနဲ့ ရာထူးအဆင့်
အတန်းကို ခွဲခြားထားတယ်၊ အမတ်ကြီးတို့၊ စစ်ကဲကြီးတို့ စသ
ဖြင့်ပေါ့"

"ဂိုဏ်းချုပ်ကိုတော့ ဘယ်လိုခေါ်လဲ"

"ကေရာစ်မင်းလို့ ခေါ်တယ်"

"အဲဒီ ကေရာစ်မင်းဆိုတာက ဘယ်သူလဲ"

"အဲဒါကိုတော့ မသိနိုင်သေးဘူး၊ ဒီနေ့အထိ နန်းဗိမာန်
ဂိုဏ်းဟာ အတိအလင်း ပေါ်ထွက်လာသေးတာ မဟုတ်ဲတော့
ကေရာစ်မင်း ဘယ်သူလဲဆိုတာကိုလည်း မသိနိုင်သေးဘူးလေ"

"ရွာထဲမှာ အသက်ရှည်ဆေးဆိုင် လာဖွင့်ထားတဲ့ ဆေးဆရာ
ကြီး ဟိုကျိုကျင်းဆိုတာ သေသူရှင်စေ သမားတော်ကြီး ချင်ကျိုဟိုပဲ
မဟုတ်လား"

"ဟုတ်ပါတယ်"

"ဂိုဏ်းချုပ်ကြီးဟာ အဘိုးကြီးကျောက်ရဲ့အိမ်မှာ အခန်း
လာငှား နေထိုင်ခဲ့တာဟာ ချင်ကျိုဟိုအဖို့ ဂိုဏ်းချုပ်ကြီးကို
ဆေးကုသတာ အဆင်ပြေရအောင်ပဲ မဟုတ်လား"

"ဟုတ်ပါတယ်"

"သမားတော်ကြီးတော့ အခု ဘယ်ကိုရောက်နေလဲ"

ထုံချီပေးက သက်ပြင်းတစ်ချက် ချလိုက်ကာ ...

"သမားတော်ကြီးတို့ အစတုန်းက အခု မင်း ရောက်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com



အချုပ်ခန်းထဲမှာပဲ ချုပ်နှောင်ထားခဲ့တယ်၊ ဒီနေ့မနက်မှပဲ သူ့ကို လာခေါ်သွားကြတာ အခုထက်ထိ ပြန်ရောက်မလာတော့ဘူး သူ ဘယ်ကိုရောက်လို့ ဘာဖြစ်နေတယ် ဆိုတာကို ကျုပ်လည်း မပြောတတ်ဘူး၊ သူသာ တစ်စုံတစ်ခုဖြစ်သွားရင် ကျုပ်အတွက် ကြောင့် ခံရတာပဲလို့ဆိုရမယ်”

ဤသို့ပြောရင်း ထုံချိုဖေးသည် တစ်စုံတစ်ရာကို တွေး ဟန်ဖြင့် ...

“စုရှင်းဟန်ဟာ ရက်စက်ကြမ်းကြုတ်တဲ့ လူတစ်ယောက် ဖြစ်တယ်၊ ဘာကြောင့် မင်းကို အသက်ချမ်းသာပေးဖို့ ဝင်စွက်ဖက် ပြောဆိုရတာလဲဆိုတာ မင်း သိရဲ့လား”

“ကျွန်တော်ဟာ ရွှေဥပေးမဲ့ ငန်းတစ်ကောင်လိုပဲလို့ သူက ပြောခဲ့တာပဲ”

“မီးခဲထန်ဟန်နဲ့ သိုင်းမင်းသား ကျန်းထင်ကျင့်တို့ နှစ်ယောက်ဟာ မင်းနဲ့ အတော်ရင်းနှီးကြတယ် မဟုတ်လား”

“ဟုတ်ကဲ့ အတော်ရင်းနှီးပါတယ်”

“သူတို့က မင်းကို ငါးစာလိုသုံးပြီး ထန်ဟန်နဲ့ ကျန်းထင်ကျင့် တို့ကို မျှားခေါ်ကြမလို့နဲ့တူတယ်”

“ဂိုဏ်းချုပ်ကြီးထင်တာ ဟုတ်မယ်မထင်ပါဘူး”

“ဘာကြောင့်လဲ”

“ထန်ဟန်နဲ့ ကျန်းထင်ကျင့်တို့ဟာ လျှို့ဝှက်သွားလာ လှုပ်ရှားနေကြတဲ့ လူတွေမှမဟုတ်တာ၊ စိတ်တိုင်းကျပြည်သူ့ရှေ့ထဲ အထင်အရှား သွားလာနေကြတယ်၊ သူတို့ကို ရန်ပြုချင်တယ်ဆိုရင် ရွာထဲမှာ သွားရင်ဆိုင်လိုက်ရုံ ရှိတာပဲ၊ မျှားခေါ်နေစရာ မလိုပါဘူး”



“မင်း တစ်ခုကိုမေ့နေပြီ၊ ထန်ဟန်နဲ့ ကျန်းထင်ကျင့်တို့ဟာ သာမန်လူတွေ မဟုတ်ဘူး၊ သူတို့ကို အတိအလင်း ရင်ဆိုင်ရမယ် ဆိုရင် လူအင်အား အများကြီးသုံးပြီး အပြင်းအထန် တိုက်ခိုက် ရမှာ၊ နန်းဗိမာန်ဂိုဏ်းက အခုမှစပြီး လှုပ်ရှားပေါ်ပေါက်လာဖို့ အရှိန်ယူနေတာဆိုတော့ လူအင်အားကို အများကြီး မသုံးချင် သေးဘူး၊ ဒါကြောင့် ထန်ဟန်နဲ့ ကျန်းထင်ကျင့်တို့ကို အကောင်း ဆုံး ဖြေရှင်းနိုင်မဲ့နည်းလမ်းက ထောင်ချောက်ဆင် မျှားခေါ်ပြီး ပိုင်ပိုင်နိုင်နိုင် ချေမှုန်းပစ်တဲ့နည်းပဲ ဖြစ်နေတယ်”

ထုံချိုဖေး ရှင်းပြတော့မှပင် လီပေါက်မှာ ထန်ဟန်တို့အတွက် စိုးရိမ်စိတ် ဝင်လာရသည်။

“ကျွန်တော်ပဲဖြစ်ဖြစ်၊ ဂိုဏ်းချုပ်ကြီးပဲဖြစ်ဖြစ် ဒီနေရာမှာ အချုပ်အနှောင် ခံနေရတယ်ဆိုတဲ့ အကြောင်းကို ထန်ဟန်တို့ ကြားရရင် လာကယ်တင်ဖို့ မကြိုးစားပဲနေမှာ မဟုတ်ဘူး၊ အဲဒါ ဘယ်လိုလုပ်ရင် ကောင်းမလဲ”

* * *

ထုံချိုဖေးနှင့် လီပေါက်တို့နှစ်ယောက် စကားအချီအချ ပြောဆိုနေကြသည့် အချိန်မှာပင် ကျောင်းကြီးဘုံကျောင်း၏ နှောင်ကြိုးမဲ့ ဟူယိထုံ၊ အကြင်နာမဲ့ စုရှင်းဟန်နှင့် သမာဓိလက်ဝါး ဆားကောင်းလိုတို့သည် ကျားရဲ့တစ်ဆယ်၊ ဆယ့်ခုနစ်၊ ဆယ့်ရှစ် တို့၏ အလောင်းများကို သေသေချာချာ စစ်ဆေး ကြည့်ရှုကြ သည်။

www.burmeseclassic.com

www.burmeseclassic.com



"လက်ဝါးရိုက်ချက်ဟာ အားအင်ပြင်းထန်လှပေမဲ့ လျှို့ဝှက်ဆန်းပြားချက်တွေ မပါဘူး၊ ဒီတော့ မိုးကုပ်စက်ဝိုင်းသန့်စင်အတွင်းအားကိုသုံးပြီး ရိုက်နှက်တဲ့ လက်ဝါးရိုက်ချက် မဟုတ်နိုင်ဘူး"

စစ်ဆေးကြည့်နေရာမှ ... ဗိုလ်ထုက မိမိ၏ တင်မြင်ချက်ကို ပြောသည်။

"တိုက်ခိုက်တာကို ကျုပ်ကိုယ်တိုင် မြင်ခဲ့ရတယ်၊ လီပေါက်ဟာ လျှပ်တစ်ပြက်လောက် အချိန်လေးအတွင်းမှာ ကျုပ်တို့လူသုံးယောက်ကို လက်ဝါးရိုက်ချက်သုံးချက်နဲ့ လဲကျကုန်အောင် တိုက်ခိုက်ခဲ့တယ်၊ သူ့လှုပ်ရှားတာ သိပ်မြန်တာပဲ၊ လက်ဝါးရိုက်ချက်ကလည်း ပြင်းတယ်၊ ဒီကောင်လေး လီပေါက်ဟာ ရွာထဲမှာ အရက်လျှောက်ရောင်းနေတဲ့ ကောင်လေးပဲ၊ သိုင်းပညာ တတ်တယ်လို့လည်း မကြားမိပါဘူး၊ ဒီနေ့မှ သူက လျှို့ထားတဲ့ သိုင်းပညာတွေ ထုတ်သုံးသွားတယ်၊ သူ့ပညာက တကယ် အဆင့်မြင့်တယ်၊ ဒီလောက် အဆင့်မြင့်တဲ့ သိုင်းပညာကို စစ်ဆေးအတဲခတ်ကြည့်ရအောင် သူ့ကို ဖမ်းချုပ်ခိုင်းခဲ့တာပဲ၊ အခု သူက မိုးကုပ်စက်ဝိုင်းသန့်စင် အတွင်းအား မတတ်မြောက်ဘူးဆိုတော့ ကျုပ် လူကဲခတ်မှားသလို ဖြစ်နေပြီပေါ့"

ရှရှင်းဟန်က ပြောသည်။

"ခင်ဗျားက သူ့ကို အကဲခတ်မှားခဲ့ပေမဲ့ အကွက်ကတော့ တစ်ကွက်သာသွားခဲ့ပါတယ်"

ဆားကောင်းလိုက ပြောသည်။



ရှရှင်းဟာန်မှာ မိမိ၏တွက်ကိန်း လွဲခဲ့သည့်အတွက် အရှက်ရနေခဲ့ရာ ဆားကောင်းလို၏ စကားကြောင့် အတော်လေး ...ပြန်တက်လာရသည်။

ဆားကောင်းလိုက ဆက်လက်၍ ...

"လီပေါက်ဟာ ထူးချွန်ထက်မြက်တဲ့ သိုင်းပညာတတ်...ကြောက်လျက်နဲ့ ဘာကြောင့် သာမန် အရက်ရောင်းသမားလေး...ဖြစ် လုပ်ကိုင်နေရတာလဲ၊ သူ့မှာ လျှို့ဝှက်ချက် ဇာစ်ခုခုတော့ ...တန်ရှိရမယ်၊ ဒီလျှို့ဝှက်ချက်ကို ကျုပ်တို့ စစ်ဆေးဖော်ထုတ်...ကြည့်ဖို့လိုတယ်၊ ဒီလို စစ်ဆေးလိုက်ရင် ကေရာဇ်မင်း သိချင်...တဲ့ မိုးကုပ်စက်ဝိုင်းသန့်စင် အတွင်းအားနဲ့ပတ်သက်မှု ပေါ်ပေါက်...င် ပေါ်ပေါက်လာနိုင်တာပေါ့"

"အင်း ... ခင်ဗျားပြောတာ ဟုတ်တယ်"

ဟူယိထုလည်း ခေါင်းညိတ်ကာ ပြောသည်။

"နောက်ပြီး လီပေါက်ဟာ ထန်ဟန်တို့၊ ကျန့် ထင်ကျင့်တို့...လည်း ရင်းနှီးခင်မင်တယ်၊ သူ့ကို ငါးစာသဘောမျိုးသုံးပြီး ...ဟန်ဟန်နဲ့ ကျန့်ထင်ကျင့်ကို မျှားခေါ်နိုင်မယ်ဆိုရင် အတော်ကို အကျိုးရှိနိုင်မယ်"

ဆားကောင်းလိုက ပြောသည်။

ဟူယိထုက ခေါင်းကို တစ်ချက်ညိတ်ကာ ...

"အဘိုးကြီး မိကျူး မသေဆုံးခင်မှာ သူ့ရဲ့ မိုးကုပ်စက်ဝိုင်းသန့်စင် အတွင်းအားသိုင်းပညာကို တစ်ယောက်ယောက်ကို အမွေ...ပေးခဲ့မှာကို ကေရာဇ်မင်းက အတော်ကို စိုးရိမ်နေတယ်၊ ဒါကြောင့် ...ကုပ်စက်ဝိုင်းသန့်စင် အတွင်းအားသိုင်း တတ်မြောက်တဲ့လူရှိမရှိ

www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းဖို့က သိပ်ကို အရေးကြီးတယ်၊ အခုထက်ထိတော့ မိုးကုပ်စက်ဝိုင်းသန့်စင် အတွင်းအားသိုင်းနဲ့ ပတ်သက်ပြီး တစ်စွန်းတစ်စမှ ပေါ်ပေါက်မလာသေးဘူး၊ ဒါကြောင့်လည်း ကျောရာဓမင်းက နန်းဗိမာန်ကို အနိုင်အမာတည်ဆောက်ပြီး အစီအလင်း ပေါ်ထွက်လှုပ်ရှားဖို့ ဆုံးဖြတ်ခဲ့တာဖြစ်တယ်၊ ဒီကမ်ဘာစက်ဝိုင်းသန့်စင် အတွင်းအားသိုင်းဟာ ကျုပ်တို့အတွက် တကယ့်အန္တရာယ်ပဲ၊ ဒီသိုင်းပညာ တတ်ထားသူရှိမရှိ စုံစမ်းတဲ့အလုပ်ကိုတော့ ပေါ့လျော့နေလို့ မဖြစ်ဘူး"

"ဟုတ်ကဲ့ ကျုပ်တို့ နားလည်ပါတယ်"

စုရှင်းဟာန်နှင့် ဆားကောင်းလိုတို့ နှစ်ယောက်က ပြိုင်တူပင် ပြောလိုက်ကြသည်။

* * *



## အခန်း(၅)

ရွှေဝါ လောင်းကစားဝိုင်းတွင် လူတွေ ပိတ်နေသည်။

ယခု ကိုးမီးဝိုင်းတွင် ဒိုင်ကိုင်နေသူမှာ ရွှေလုံရှင် ကိုးရန်မိန် ဖြစ်သည်။

ကျန်းထင်ကျင့်သည် ညှော်ခန်းသမှယ် ပြုလုပ်ထားသည့်နေရာရှိ ထိုင်ခုံတစ်ခုတွင်ထိုင်ကာ အရက်ကို ခပ်ဖြည်းဖြည်းသောက်ရင်း လီပေါက်ကို စောင့်နေသည်။

ညနေစာ စားသောက်ချိန် လွန်ပြီးသည့်တိုင် လီပေါက် ရောက်မလာခြင်း မရှိသေးသောကြောင့် ကျန်းထင်ကျင့်မှာ အတော်ပင် မရိုးမရွ ဖြစ်နေသည်။

ထိုအချိန်မှာပင် အခန်းထဲသို့ လူတစ်ယောက် လျှောက်လှမ်းဝင်ရောက်လာသည်။ ကျန်းထင်ကျင့် စောင့်မျှော်နေသူ လီပေါက်တော့ မဟုတ်။ သည်လိုအချိန်မျိုးတွင် ကျန်းထင်ကျင့် ဘယ်လိုမှ မတွေ့လိုသူ ထန်ဟန်သာ ဖြစ်သည်။

ကျန်းထင်ကျင့်သည် ထန်ဟန် ဝင်လာသည်ကို မြင်သော်လည်း ချက်ချင်းပင် မျက်နှာကို တစ်ဖက်သို့လွှဲ၍ မမြင်ယောင်ပြုကာ နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထန်ဟာန်ကမူ ကျန်းထင်ကျင့် ရှိရာသို့ မှည့်တည့်မတ်မတ် လျှောက်လာကာ စကားစပြောသည်။

"ခင်ဗျားက ဒီမှာကိုး၊ အခြေအနေက ဘာထူးသလဲ"

"မထူးပါဘူး"

"ဒါဆိုရင် ခင်ဗျားနဲ့ကျွန်တော် အခြားတစ်နေရာရာကို သွားပြီး အရက်သောက် စကားပြောကြရအောင်လား"

"ဟင့်အင်း"

ထန်ဟာန်သည် ဝတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။ ထို့နောက် လေသံကို အသာနှိမ့်ကာ ...

"ခင်ဗျားက ကျွန်တော်နဲ့ စကားမပြောချင်ဘူးလား၊ ကောင်းပြီ ကျွန်တော် စကားတစ်ခွန်း နှစ်ခွန်းလောက်ပဲ ပြောပါမယ်၊ ပြောပြီးတာနဲ့ ကျွန်တော် သွားတော့မယ်"

ကျန်းထင်ကျင့်သည် ထန်ဟာန်ကို မျက်မှောင်ကြုတ်ကာ ကြည့်သည်။ ဘာမှတော့ မပြောပေ။

ထန်ဟာန်က လေသံတိုးတိုးဖြင့် ...

"တကယ်လို့ ခင်ဗျားက ဒီနေရာမှာ ဇာတ်ယောက်ယောက်ကို ထိုင်စောင့်နေတာဆိုရင် ခင်ဗျား စောင့်တဲ့လူ မလာတော့ဘူးလို့ ပြောချင်တယ်"

ထိုသို့ ပြောပြီးသည်နှင့် ထန်ဟာန်သည် အသာလှည့်ကာ လျှောက်လှမ်းထွက်သွားသည်။

"ဟေ့လူ နေဦးလေ"

ကျန်းထင်ကျင့်သည် ထန်ဟာန်ကို လှမ်းဟန့်တားရင်း ထိုင်နေရာမှ ထလိုက်မိသည်။



ထန်ဟာန်က နောက်ပြန်လှည့်ကြည့်ကာ ...

"ဘယ်လိုလဲ ကျွန်တော်နဲ့အတူ အေးအေးဆေးဆေး အရက်သောက် စကားပြောဖို့ လိုက်လာတော့မယ် မဟုတ်လား"

* * *

စိတ်တိုင်းကျပြည့်စုံရှာတွင် အရက်သောက်နိုင်သည့် နေရာ အတော်များများ ရှိသည်။ သို့သော် ယခုလို ညနေပိုင်းအချိန်မျိုးတွင် အေးအေးဆေးဆေး စကားပြောကာ အရက်သောက်ရန် အကောင်းဆုံးနေရာသည် အဘိုးကြီးဟူအန်း၏ ယုန်သားဆိုင်သာ ဖြစ်လေသည်။

ထန်ဟာန်နှင့် ကျန်းထင်ကျင့်တို့သည် အဘိုးကြီးဟူအန်း၏ ယုန်သားဆိုင်ထဲသို့ ဝင်လာကြသည့်အခါ သူတို့ တွက်ထားကြသည့် အတိုင်းပင် ဆိုင်ထဲတွင် အခြားမည်သူမှမရှိပဲ လူရှင်းနေသည်ကို တွေ့ရသည်။

ထန်ဟာန်က ဝါးစိမ်းအရက်တစ်အိုးနှင့် ယုန်သားကင်တစ်ပွဲ မှာယူလိုက်သည်။

ထို့နောက် အရက်ကို ငှဲ့သောက်ကာ ယုန်သားကင်ကိုလည်း အားရပါးရပင် စားသောက်သည်။

မကြာမီမှာပင် အရက်အိုးတစ်ဝက် ကုန်ကျသွားသလို ယုန်သားကင်မှာလည်း တစ်ခြမ်းကုန်သွားသည်။

ကျန်းထင်ကျင့်သည် ငှဲ့ထားသော အရက်ခွက်ကိုပင် မကိုင်ရသေး။ ယုန်သားကင်ကိုလည်း တစ်ကိုက်မှပင် မစားရသေး။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ထန်ဟာန်နှင့်အတူ လိုက်ပါလာခြင်းမှာ အရက်သောက်ပြီး အစားစားရန် မဟုတ်။ လီပေါက် တစ်ယောက် မည်သည့်အတွက်ကြောင့် သူနှင့် ချိန်းဆိုထားသည့် ရွှေဝါလောင်းကစားဝိုင်းသို့ ရောက်မလာရသည်ကို သိလိုသောကြောင့်သာ ဖြစ်သည်။

ထန်ဟာန်သည် ထိုအကြောင်းကို သတိမေ့နေဟန်တူသည်။ အရက်ခွက်ကို တစ်ခွက်ပြီးတစ်ခွက်သောက်ကာ ယုန်သားကင်ကိုလည်း ဖွဲ့ယူစားသောက်နေသည်။

"လီပေါက် အခုဘယ်မှာလဲ"

"ဘုံကျောင်းမှာ"

"ဘာ … ဘုံကျောင်းမှာ ဟုတ်လား"

"ဟုတ်တယ် … တိတိကျကျပြောရမယ်ဆိုရင် ကျောင်းကြီးဘုံကျောင်း ပင်မခန်းမဆောင်ရဲ့အောက်က မြေအောက်ခန်းထဲမှာ ရှိနေတယ်"

"ကျောင်းကြီးဘုံကျောင်းရဲ့ ပင်မခန်းမဆောင်အောက်မှာ မြေအောက်ခန်းရှိလို့လား"

"ပြောရင် ယုံဖို့တော့ခက်တယ်၊ ဒါပေမဲ့ အဲဒီမှာ မြေအောက်ခန်း ရှိနေတာကတော့ အမှန်ပဲ"

"လီပေါက်က အဲဒီမြေအောက်ခန်းထဲကို ဘာသွားလုပ်တာလဲ"

"သူ့သဘောနဲ့သူ ဆင်းသွားတာတော့ မဟုတ်ပါဘူး"

"တစ်ယောက်ယောက်က လီပေါက်ကို အတင်းအကျပ်ခေါ်သွားတာပေါ့"



"မမှားဘူး"

"ဒီလိုဆိုရင် အဲ့ဒီမြေအောက်ခန်းဟာ အကျဉ်းခန်းလား"

"ဟုတ်တယ်"

"အဲဒီမြေအောက် အခန်းကျဉ်းကို ဘယ်သူတွေက အသုံးပြုကြတာလဲ"

"ရွာမြောက်ဘက် မြေကွက်လပ်မှာ အဆောက်အအုံသစ်ဆောက်လုပ်နေတဲ့အဖွဲ့က ခေါင်းဆောင်အဘိုးကြီး သုံးယောက်ပဲ"

"တောင်ပိုင် လူဆန်းနှစ်ယောက်နဲ့ သမာဓိလက်ဝါးတို့ဟာ ဒီရွာကိုအလျင်တုန်းက ရောက်ဖူးကြတာ မဟုတ်ဘူး၊ အခုရောက်လာတာနဲ့ ဒီနေရာမှာ မြေအောက်အကျဉ်း ခန်းရှိတယ်လို့ ဘယ်လိုလုပ်ပြီး ဒက်ခနဲသိကျတာလဲ"

ထန်ဟာန်က မထီထရီပြုံးလိုက်ကာ …

"ဒါက ရှင်းနေပါတယ်၊ သူတို့သုံးယောက် ကိုယ်တိုင်ရောက်မလာပေမယ့် ဒီရွာမှာ သူတို့လူတွေ လျှပ်ရှားကျက်စားနေကြတာ ကြာနေပါပြီ"

ကျန်းထင်ကျင့်က နားလည်သွားဟန်ဖြင့် ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်ကာ …

"အဲဒီ မြေအောက်ခန်းထဲမှာ လီပေါက်တစ်ယောက်တည်းကို ချုပ်နှောင်ထားတာလား"

"အခြားတစ်ယောက် ရှိနေပါသေးတယ်"

"ဘယ်သူလဲ"

"အဲဒီလူ ဘယ်သူဆိုတာ ခင်ဗျားစဉ်းစားကြည့်ရင် သိနိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ထုံချိုးလား"

ထန်ဟန်က ခေါင်းညိတ်ပြသည်။

ထန်ဟန်၏ အေးအေးဆေးဆေး ရှိနေပုံကြောင့် ကျန်းထင်ကျင့်မှာ အားမလိုအားမရဖြင့် ဒေါသထွက်လာကာ ...

"ထုံချိုးနဲ့ လီပေါက်တို့နှစ်ယောက် ရန်သူ့လက်မှာ အဖမ်းခံနေရတဲ့ နေရာကို သိလျက်နဲ့တောင် ခင်ဗျားက အခုလို အေးအေးဆေးဆေး အရက်သောက်နေနိုင်သေးလား"

"ကျွန်တော်က ဘာလုပ်နေရမှာလဲ၊ ကျွန်တော်ဟာ အရာရာကို အောင်မြင်နိုင်စွမ်းရှိတဲ့ နတ်မင်းလည်း မဟုတ်ဘူး"

"အပိုစကားတွေ ပြောမနေစမ်းပါနဲ့၊ အခုခင်ဗျား ဘာလုပ်မှာလဲ"

"အင်း ... ကျွန်တော် ဘာလုပ်မယ် ဆိုတာကို ပြောပြရရင်တော့ ဓားသိုင်းတစ်ခုကို ကြည့်ရှုလေ့လာမလို့ပဲ"

"ခင်ဗျားက ကျွန်တော့်ကို ဒီခေါ်လာပြီး အရက်သောက်တာဟာ ဓားသိုင်းပညာကို လေ့လာချင်လို့လား"

"ဟုတ်တယ်"

"ဘယ်လို ဓားသိုင်းပညာမျိုးကို လေ့လာမှာလဲ"

"နဂါးမြူးဟန် ဓားသိုင်းပဲ"

ကျန်းထင်ကျင့်၏ မျက်နှာညိုးခနဲ ဖြစ်သွားသည်။

နဂါးမြူးဟန် ဓားသိုင်းသည် ကျန်းထင်ကျင့်၏ ကိုယ်ပိုင်ဓားသိုင်းပညာဖြစ်သည်။ ထန်ဟန်က ထိုဓားသိုင်းပညာကို လေ့လာချင်သည်ဟု ပြောခြင်းသည် မိမိကိုစိန်ခေါ်သည့် သဘောဖြစ်သည်ဟု ကျန်းထင်ကျင့်က တွက်ယူလိုက်သည်။



"ခင်ဗျားက ဒီလိုရှင်းရှင်းပြောတော့ ကျွန်တော် နားလည်ပြီ၊ ကဲ ... လာ အပြင်ကိုထွက်ကြစို့၊ ကျန်းထင်ကျင့်ရဲ့ သိုင်းပညာဟာ အဆင့်မမြင့်လှပေမယ့် ခင်ဗျားနဲ့တော့ ရင်ဆိုင်နိုင်ပါလိမ့်မယ်"

ကျန်းထင်ကျင့်က ထိုသို့ပြောပြီး ထိုင်နေရာမှ ထရပ်သည်။

ထန်ဟန်က အသာလက်ကာပြကာ

"ထိုင်ပါဦးလေ၊ ကျွန်တော်ပြောတာကို ရှင်းအောင် နားထောင်စမ်းပါအုံး၊ ကျွန်တော်က နဂါးမြူးဟန်ဓားသိုင်းကို လေ့လာချင်တယ်လို့သာ ပြောတာ၊ ခင်ဗျားနဲ့ ရင်ဆိုင် တိုက်ခိုက်ဖို့စိန်ခေါ်တာ မဟုတ်ပါဘူး"

ကျန်းထင်ကျင့်မှာ ကြောင်အမ်းအမ်းဖြစ်သွားကာ တစ်စုံတစ်ခုကို စဉ်းစားမိသည့်အတွက် ...

"ကျွန်တော်က တစ်ယောက်နဲ့တစ်ယောက် ရင်ဆိုင်မတိုက်ခိုက်ဘူးဆိုရင် ကျွန်တော့်ရဲ့ နဂါးမြူးဟန်ဓားသိုင်းကို ခင်ဗျားအနေနဲ့ ဘယ်လိုလုပ် လေ့လာနိုင်မှာလဲ"

"အဲဒီ အခြေအနေဟာ အခုပဲ ပေါ်ပေါက် လာပါတော့မယ်"

"ကျွန်တော့်ကို ရန်ပြုမယ့်လူ ရောက်လာတော့မယ်လို့ ဆိုချင်တာလား"

"ခင်ဗျား တစ်ယောက်တည်းကို မဟုတ်ပါဘူး၊ ခင်ဗျားရော ကျွန်တော်ရော နှစ်ယောက်လုံးကို ရန်ပြုမယ့် လူပါ"

"အဲဒီလူ ဘယ်သူလဲ"

"ကျွန်တော်တို့နှစ်ယောက် ရွှေဝါ လောင်းကစားဝိုင်းက ထွက်လာကတည်းက နောက်ယောင်ခံ လိုက်လာတဲ့လူရှိတယ်၊ ကျွန်တော်တို့ ဒီဆိုင်ထဲကိုဝင်တော့ အဲဒီလူ လှည့်ထွက်သွားတယ်၊

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က အရက်ကို ကြာကြာခွဲသောက်ပြီး စကားရှည်နေတာဟာ အဲဒီလူကို သွားသတင်းပို့ အကြောင်းကြားနိုင်ဖို့ အချိန်ပေးလိုက်တာပဲ"

ထန်ဟန်၏ စကားအဆုံးတွင် ဝိုးခနဲ လေပြင်းတစ်ချက်တိုက်ခက်လာကာ လေပြင်း၏ အဟုန်ကြောင့် ဆိုင်ထဲတွင် ထွန်းညှိထားသော မီးခွက်မှာ မီးငြိမ်းသွားသည်။

ထန်ဟန်နှင့် ကျန်းထင်ကျင့်တို့သည် အတွေ့အကြုံပြည့်ဝသူများဖြစ်ကြရာ ရုတ်ခြည်းပင် လေပြင်းတိုက်ခတ်လာမှု အကြောင်းရင်းကို နားလည်ပြီး၊ လှမ်းကြည့်လိုက်ကြရာ ဆိုင်တံခါးဝတွင် ဖိတ်လျှက် အဘိုးကြီးတစ်ယောက် ရပ်နေသည်ကို တွေ့ရသည်။

"ဘယ်နှယ်လဲ၊ ကျွန်တော်ပြောတာ ဟုတ်တယ်မဟုတ်လား။ အဲဒါ တောင်ပိုင်းလူဆန်းနှစ်ယောက်ထဲက နှောင်ကြိုးမဲ့ ဟူယိတုဆိုတာပေါ့၊ သူ့ရဲ့သိုင်းပညာက သိပ်ကိုအဆင့်မြင့်တယ်၊ သိုင်းကွက်တစ်ကွက်လောက် ထုတ်သုံးလိုက်တာနဲ့ ခင်ဗျား အရေးရှုံးနိမ့်သွားနိုင်တယ်"

ထန်ဟန်က ကျန်းထင်ကျင့်ကို ပြောသည်။

သူ့အမူအရာက အေးအေးဆေးဆေး ရှိနေသည်။ နှုတ်မှ ဟူယိတုကို ချီးမွမ်းစကားဆို နေသော်လည်း အမူအရာကို ကြည့်ခြင်းဖြင့် ဟူယိတုကို လုံးဝအရေးမစိုက်ကြောင်း ထင်ရှားနေပေသည်။

နှောင်ကြိုးမဲ့ ဟူတိတုက အေးစက်စက်လေသံဖြင့်

"အခုလို ကျွန်တော်ကို ချီးမွမ်းပြောဆိုတာကို ကျေးဇူးတင်ပါတယ်"

ကျန်းထင်ကျင့်က ဟူယိတုကို လှမ်းကြည့်ကာ ...



"ခင်ဗျား ဒီကိုရောက်လာတာ ဒီစကားမျိုး ပြောဖို့ပဲလား"

"မင်းတို့ နှစ်ယောက်ရဲ့ သိုင်းပညာအစွမ်းကို စမ်းကြည့်ချင်လို့ဆိုပါတော့"

"ကျွန်တော်တို့ အချင်းချင်း ဘာပြဿနာမှ မရှိခဲ့ပါဘူး၊ သူ့စည်းကိုယ့်စည်း သီးသီးခြားခြား နေခဲ့ကြပါတယ်၊ ဘာကြောင့် ...ား ခင်ဗျားကလာပြီး ရန်ပြုချင်ရတာလဲ"

ကျန်းထင်ကျင့်က မေးလိုက်ပြန်သည်။

"အခု ရက်ပိုင်းအတွင်း မင်းဘာလုပ်ခဲ့သလဲဆိုတာကို ...ဉ်းစားကြည့်ရင် မင်းနားလည်နိုင်ပါလိမ့်မယ်"

ယခုရက်ပိုင်းအတွင်း လက်မရွံ့ ဝမ်လစ်ထုနှင့်တကွ ...နှယန်ရဲတိုက်၏ ကျားရဲအချို့ကို ချေမှုန်းတိုက်ခိုက်ခြင်းသည် ...န်ဟန်၏ လတ်ချက်ဖြစ်သည်။ ကျန်းထင်ကျင့်နှင့် မည်သို့မျှ ...သက်ဆိုင်ပေ။

ဟူယိတု၏ စွပ်စွဲစကားကြောင့် ကျန်းထင်ကျင့်မှာ ဒေါသ ...ာင်းခနဲထလာကာ ခက်ထန်သောလေသံဖြင့်

"ခင်ဗျားက ဒီလိုအကြောင်းမျိုးတွေ လာပြောမနေနဲ့၊ သိုင်းပညာ ...ချင်တယ်ဆိုရင် ကျွန်တော်က အသင့်ပါပဲ"

"ဒေါသသိပ်မကြီးနဲ့လေ၊ ခင်ဗျားက ဒေါသကြီးပြီး စိတ်လှုပ်...နေရင် ရန်သူကို အခွင့်အလမ်းပေးသလို ဖြစ်နေမှာပေါ့"

ကျန်းထည်ကျင့်သည် သိုင်းပညာအဆင့်မြင့်သည့် အား...ကစွာ ထန်ဟန်၏ သတိပေးစကားကို နားလည်သည်။ သိုင်း...ာတွင် စိတ်တည်ငြိမ်မှုသည် အလွန်ပင် အရေးကြီးသည်။ ...င်းပညာစွမ်းရည် မြင့်မားထက်မြက်လှသည်ဖြစ်စေကာမူ

www.burmeseclassic.com

www.burmeseclassic.com



စိတ်တည်ငြိမ်ခြင်း မရှိပါက အကြိတ်အနယ် တိုက်ပွဲများတွင် အရေးနိမ့်ဖို့ လမ်းများပေသည်။

ကျွန်းထင်ကျင့်သည် ချက်ချင်းပင် ဒေါသစိတ်ကို ဖျောက်ကာ စိတ်အာရုံကို ပြေလျှော့လိုက်သည်။

"ကဲ ... လာ ကျွန်တော်တို့ သွားကြစို့လား"

ထန်ဟန်ကပြောသည်။

ထို့နောက် ထန်ဟန်နှင့် ကျွန်းထင်ကျင့်တို့ နှစ်ယောက်သည် ဆိုင်ပြင်သို့ ထွက်လာခဲ့ကြသည်။

* * *

အဘိုးကြီးဟူအန်း၏ ယုန်သားဆိုင်မှ ထွက်သောအခါ မြေနီးလမ်းလေးတစ်ခုသို့ ရောက်သည်။ နံနက်စာစားချိန်နှင့် နေ့လယ်စာ စားချိန်တို့တွင် ထိုမြေနီးလမ်းလေးပေါ်တွင် ယုန်သားဆိုင်သို့ သွားသူများ စားသောက်ပြီး ပြန်လာကြသူများနှင့် စည်ကား နေတတ်သည်။

ယုန်သားဆိုင်နှင့် ပေ(၃၀၀)ခန့်အကွာ မြေနီလမ်း၏ တစ်ဖက်တစ်ချက်တွင် လူများစီ၍ ရပ်နေကြသည်။

ဤကဲ့သို့ လုပ်ဆောင်ရန် ဟူယီထုတို့သုံးယောက်က ကြိုတင် စီစဉ်တိုင်ပင် ထားခဲ့ကြဟန်တူသည်။ ကျားရဲသုံးမှာမူ ဘာမသိ ညာမသိ ကျန်းထင်ကျင့် သိုင်းပညာ အခြေအနေကို ဟူယီထုတို့ စူးစမ်းကြည့်နိုင်ရေးအတွက် ဈေးပြေးအသေခံကာ တိုက်ပွဲဝင်ပေးနေ ရပေသည်။



နန်းဗိမာန်ဂိုဏ်း၏ ကိုယ်ရံတော်ကြီး သုံးယောက် ရှေ့မှောက်တွင် အစွမ်းပြခွင့်ရသည်ကိုပင် အတော်ဝမ်းသာနေသည်။ ဒီအချိန်အခါသည် မိမိ၏ အစွမ်းအစကိုပြကာ တက်လမ်း ရှာနိုင်မည့် အခွင့်အခါကောင်းဟုလည်း ထင်နေသည်။

သည်လို သိုင်းသမားဆိုး ကိုယ်ကျိုးရှာသမားများသည် မည်သို့သော ကောင်းကျိုးကိုမျှ မလုပ်သလို မည်သူ့ကိုမျှလည်း ကောင်းကျိုးမပေးပေ။ သူတို့ကိုသူတို့လည်း ကောင်းကျိုးမပေး။ အခြားသူများကိုလည်း ကောင်းကျိုးမပေး။

သူတို့၏ ဘဝဇာတ်သိမ်းသည် အရှုံးနှင့်သာ နိဂုံးချုပ်ရမြဲဖြစ်သည်။

ကျန်းထင်ကျင့်သည် စိတ်တည်ငြိမ်အောင် ထိန်းသိမ်းကာ အကွက်ကျကျ သိုင်းကွက်လှုပ်ရှား တိုက်ခိုက်နေရသော်လည်း ခေါင်းထဲတွင်တော့ အတွေးများစရာတွေ အတော်များနေသည်။

သူသည် ထင်ရှားသော သိုင်းသမားမိသားစုမှ ဆင်းသက်လာသူဖြစ်သည့်အတွက် မိုးကုပ်စက်ဝိုင်းသန့်စင်အတွင်းအား အကြောင်းကို ကြားဖူးသိဖူးထားသည်။

ကျန်းထင်ကျင့်သည် အရုပ်ဆိုးသော်လည်း စိတ်ထားဖြောင့်မတ်ပြီး ဉာဏ်ထက်မြက်သူ တစ်ယောက်ဖြစ်ရာ ကျားရဲသုံးသည် မိုးကုပ်စက်ဝိုင်း သန့်စင်အတွင်းအားသိုင်းနှင့် ဝက်သက်မှုမရှိနိုင်ပဲ ယင်ကြီးမဲ့ ဟူယီထုတို့ သုံးယောက်သည် ဤသိုင်းပညာအကြောင်းကို သိလိုနေခြင်းဖြစ်မည်ဟု စဉ်းစားမိသည်။

"ဟား ... ဟား ... ဟား ကျွန်တော်က မိုးကုပ်စက်ဝိုင်း သန့်စင်အတွင်းအားသိုင်းကို လေ့ကျင့်ခဲ့တယ်ထားဦး၊ ခင်ဗျားလို

www.burmeseclassic.com

www.burmeseclassic.com



နောက်ပေါက်သိုင်းသမား အငယ်စားလေးနဲ့ ရင်ဆိုင်တိုက်ခိုက်တဲ့ အခါမှာ ထုတ်သုံးရမှာလား”

ကျန်းထင်ကျင့်က ရယ်မောပြောဆိုလိုက်သည်။

ကျန်းထင်ကျင့်၏ အချက်ပိုင်ပိုင် ပြောလိုက်သော စကားသည် ကျားရဲသုံး၏ အရှိက်ကို ထိုးနှက်လိုက်သလို ဖြစ်သွားလေသည်။

“ဘာ ... ကျုပ်က နောက်ပေါက်အငယ်စားလေး ဟုတ်စ၊ သေပေတော့”

ကျားရဲသုံးသည် ဒေါသတကြီးအော်ဟစ်ပြီး လက်နှစ်ဖက်ကို လှုပ်ရှားလိုက်ရာ ပြာလဲ့လဲ့အရောင်များ လင်းလက်လျက် ဓားပြား နှစ်ခုသည် ကျန်းထင်ကျင့်၏ ပခုံးနှစ်ဖက်ကို ဦးတည် ထိုးစိုက်လာသည်။

ကျန်းထင်ကျင့်သည် ဓားရှည်ကို ခပ်ထောင်ထောင်ပြုကာ ရင်ဘတ်ရှေ့တွင် ကာထားသော်လည်း တုံ့ပြန်တိုက်ခိုက်ခြင်းမပြုဘဲ ကိုယ်ခန္ဓာကိုသာ ဘေးသို့လှစ်ခနဲ ရွေ့လျားရှောင်တိမ်းပေးလိုက်သည်။

လွှမ်း၍ ထိုးနှက်လိုက်သော ကျားရဲသုံး၏ ဓားပြားများသည် လေကိုသာ ထိုးမိသည်။

ကျားရဲသုံးသည် လက်နှစ်ဖက်ကို ဆန့်ထုတ်ကာ လက်တွင် ကိုင်ထားသော ဓားနှစ်လက်ကို မြေကြီးထဲ ထိုးစိုက်ချလိုက်သည်။

ကျားရဲသုံးသည် ဓားနှစ်လက်ကို မြေကြီးထဲ ထိုးစိုက်ချပြီးနောက် ဓားရိုးများကို လက်ဖြင့် တင်းကျပ်စွာ ဆုပ်ကိုင်ကာ ကင်းမြီးကောက်ထောင်သည့် အသွင်မျိုးဖြင့် ခြေထောက်နှစ်ဖက်ကို



အပေါ်သို့ထောင်လိုက်သည်။ ထိုသို့ ထောင်တက်သွားသော ခြေထောက်နှစ်ဖက်က ကျန်းထင်ကျင့်၏ဓားရှည်ကို လှမ်းကန်သည်။

ကျန်းထင်ကျင့်မှာလည်း ခေသူမဟုတ်ပေ။ မိမိလက်ထဲရှိ ဓားရှည် လွတ်ထွက်သွားအောင် အကန်ခံမည်မဟုတ်ပေ။ ညာလက်ကောက်ဝတ်ကို လှုပ်ရှားလိုက်သည်နှင့် ဓားရှည်သည် စက်ဝိုင်းသဏ္ဍာန်လှုပ်ရှားကာ ကျားရဲသုံး၏ ဆန့်တန်းကန် ထုတ်လိုက်သော ခြေထောက် နှစ်ခုကြားသို့ တိုးဝင်သွားသည်။

ကျားရဲသုံး၏ ခြေကန်ချက်မှာလည်း ကျန်းထင်ကျင့်၏ ဓားကို လွတ်ထွက်သွားအောင် ကန်ထုတ်ခြင်း မပြုနိုင်တော့ပေ။

ကျားရဲသုံးသည် ကျန်းထင်ကျင့်၏ တန်ပြန်တိုက်စစ်ကို မျှော်လင့်ထားမိုရသည်။ ကျန်းထင်ကျင့်၏ ဓားချက်ဝင်လာသည်နှင့် ကျားရဲသုံးသည် ခြေထောက်ကို အောက်သို့ရုတ်ခြည်း ပြန်ချကာ ကိုယ်မှာလည်း မတ်မတ်ပြန်ရပ် လိုက်လေသည်။

ကိုယ်ခန္ဓာပြန်၍ မတ်မတ်ရပ်သည်နှင့် ကျားရဲသုံးသည် လက်နှစ်ဖက်ကို လှုပ်ရှားကာ ဓားပြားနှစ်ဖက်ကို ကျန်းထင်ကျင့် ရှိရာသို့ ပစ်ပေါက်ထုတ်လိုက်သည်။

အပြာရောင်များ လင်းလက်သွားသည်။

ဓားတစ်လက်က ကျန်းထင်ကျင့်၏ လည်မျိုသို့ ဦးတည်ပြီး ကျန်တစ်လက်က ဝမ်းဗိုက်ဆီသို့ ဦးတည်ဝင်ရောက်လာသည်။

အလွန်ရက်စက်ပြီး စွန့်စားသော တိုက်ခိုက်မှုဖြစ်သည်။

မိမိ၏ စွန့်စားတိုက်ခိုက်မှု အလွန်ပိုင်နိုင်သည်ဟု ကျားရဲသုံးက ယူဆထားသည်။

သို့ရာတွင် ...

www.burmeseclassic.com

www.burmeseclassic.com



ကျားရဲသုံး ရင်ဆိုင်ရသည်မှာ သိုင်းမင်းသား ကျန်းထင်ကျ
ဖြစ်နေသည်။ကျန်းထင်ကျင့်၏ နဂါးမြူးဟန် ဓားသိုင်းကွက်
လည်း တစ်မူထူးခြားကာ စွမ်းအားသတ္တိ အပြည့်ရှိသည်။

ကျန်းထင်ကျင့်သည် အပြာရောင်နှစ်ချက် လင်းလက်သွ
သည်ကို တွေ့ရသည်နှင့် ချက်ချင်းပင် ဓားရှည်ဖြင့်ဆီးကာ ထ
ထုတ်ပစ်လိုက်သည်။

"ထန် ..."

"ထန် ..."

ဓားချက်ထိသံနှစ်ချက် ဆက်တိုက်ပေါ်လာပြီးနောက်
ပြားနှစ်ချက်သည် လမ်းကြောင်းပြောင်းလွဲသွားသည်။

ကျန်းထင်ကျင့် ရှိရာသို့ ဦးတည်ကာ မသွားတော့ပဲ
လက်က ကျားရဲ(၂)ထံသို့ တန်းဝင်သွားသည်။

ဆားကောင်းလိုအနေဖြင့် သတိရှိနေသူ ဖြစ်သည့်အပြ
သိုင်းပညာအဆင့်လည်း မြင့်မားသည့်အတွက် သူ့ထံသို့လ
ကြောင်းပြောင်းကာ ဝင်ရောက်လာသည့် ဓားကို ရင်ဆိုင်ဖယ်ရှား
မခက်ပေ။ ကိုယ်ကို အသာယိမ်းလိုက်သည်နှင့် ဓားကိုလွတ်အော
ရှောင်ထွက်သွားနိုင်သည်။

ကျားရဲနှစ်၏ အခြေအနေမှာမူ ဤသို့မဟုတ်ပေ။

ကျားရဲနှစ်မှာ ပါးစပ်မာနိုင်သော်လည်း အားပေး
ဟစ်သံကို မပြုနိုင်တော့ပဲ ဓားစိုက်ဝင်ကာ ကားခနဲ လဲကျသွားသ

ထိုအချိန်မှာပင် ကျန်းထင်ကျင့်သည် သွက်လက်
ဓားချက်တစ်ချက် ထုတ်သုံးကာ ကျားရဲသုံးကို အနိုင်တိုက်
ချေမှုန်းပစ်လိုက်သည်။



ပထမယှဉ်ပြိုင်ပွဲ အဆုံးသတ်သွားသည်။ သည်ပွဲတွင်
ကျန်းထင်ကျင့်သည် အဆစ်ပင်ရကာ အပြတ် အနိုင်ယူလိုက်နိုင်
သည်။

* * *

ပထမယှဉ်ပြိုင်ပွဲ အဆုံးသတ်သွားသည်။

ဝတ်စုံဝါဝတ် လူလေးယောက်သည် မိမိတို့ ကိုင်ဆောင်
ထားသည့် လက်နက်များကို ခပ်တင်းတင်းဆုပ်ကိုင်ကာ ဒေါသ
ထွက်နေသည့် သွင်မျိုးရှိနေသည်။ သူတို့ကိုင်ဆောင်ထားသည့်
လက်နက်များမှာ တစ်ယောက်နှင့်တစ်ယောက် မတူကြပေ။
ဓားရှည်၊ လှံတံ၊ ကျာပွတ်၊ တုတ်ရှည်တို့ကို အသီးသီး ကိုင်ဆောင်
ထားကြသည်။

ဟွာယီထုတို့ သုံးယောက်မှာမူ မည်သို့မျှ မလှုပ်ရှားနိုင်ပဲ
အေးစက်စက်ပင် ရှိနေကြသည်။

စုရှင်းဟန်က ဟွာယီတုဘက်သို့ လှည့်ကြည့်ကာ

"ကျန်းထင်ကျင့်ရဲ့ ဓားသိုင်းပညာအစွမ်းက အတော့်ကို
ထက်မြက်တယ်၊ မိုးကုပ်စက်ဝိုင်း သန့်စင်အတွင်းအားသိုင်းနဲ့
ပတ်သက်မှု ရှိနိုင်သလား"

ဟွာယီတုက ခေါင်းကိုခါယမ်း၍

"မပတ်သက်နိုင်ဘူး"

"ဒါဆိုရင် ကျန်းထင်ကျင့်ဟာ မိုးကုပ်စက်ဝိုင်းသန့်စင်
အတွင်းအားသိုင်းကွက်ကို မတတ်မြောက်ဘူးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



“သူစောစောက သုံးသွားတဲ့ သိုင်းကွက်တွေဟာ မိုးကုပ်စကော်ပိုင်းသန့်စင် အတွင်းအားသိုင်းနဲ့ မပတ်သက်ဘူး ဆိုတာကိုပဲ ပြောနိုင်တယ်”

“ဒါဆိုရင် ထန်ဟာန်ကို တိုက်ပွဲဝင်လာအောင်လုပ်ပြီး သူ့ရဲ့သိုင်းကွက်ကို အကဲခတ်ကြည့်ရင် မကောင်းဘူးလား”

ထိုသို့ပြောပြီးနောက် ဟွာယီတုသည် ဝတ်စုံဝါဝတ်လူများ၏ လက်ချောင်း ငါးချောင်းထောင်ပြကာ လက်လေးချောင်းကို ကွေးလျက် လက်ညှိုးကိုသာ ချန်ထားပြီး ထိုလက်ညှိုးကို ထန်ဟာန်ရှိရာသို့ ညွှန်ပြလိုက်သည်။

ဝတ်စုံဝါဝတ် လူလေးယောက်အနက်မှ တုတ်ရှည် ကိုင်ဆောင်ထားသူသည် ချက်ချင်းပင် ခြေလှမ်းကျဲကျဲဖြင့် ရှေ့သို့ လျှောက်လှမ်း ထွက်သွားသည်။

သူ၏တုတ်ရှည်မှာ ခြောက်ပေခန့်ရှည်ကာ ရွှေရောင်တဝင်းဝင်း လင်းလက်နေသည်။

ထန်ဟာန်ကလည်း ခြေလှမ်းမှန်မှန်ဖြင့် ရှေ့သို့လျှောက်လှမ်း တက်လာခဲ့သည်။

ကျန်းထင်ကျင့်က နောက်သို့ဆုတ်မလာပဲ

“ခင်ဗျား အသာနေစမ်းပါဦး ဒီပွဲကိုလည်း ကျုပ်ပဲ ဆက်ပြီး နွှဲလိုက်မယ်”

ကြယ်တံခွန်စေတမန်ငါးက စိတ်မရှည်သည့်အသွင်ဖြင့်

“ကျန်းထင်ကျင့် အသာဘေးမှာ ဖယ်နေစမ်းပါ၊ ကျုပ်တိုက်ချင်တာက မင်းလိုအရုပ်ဆိုးဆိုး ကောင်းလေးမဟုတ်ဘူး”

ကျန်းထင်ကျင့်ကလည်း အားကျမခံပင်



“ကျွန်တော်က ရုပ်ဆိုးပေမယ့် သတ္တိရှိတယ်၊ ကျွန်တော့်မျက်နှာကို သိတဲ့အတိုင်း လူမြင်ခံရဲတယ်၊ အဝတ်စုတ်တွေနဲ့ မျက်နှာကို ဖုံးမထားဘူး”

“မင်းက တယ်စွာတာကိုး အညောင်းပြေ မင်းနဲ့တစ်ပွဲ တစ်လမ်းလောက် စမ်းကြည့်ရင် ကောင်းမယ်ထင်တယ်”

“ကောင်းတယ် စမ်းကြည့်ကြတာပေါ့”

စကားဆုံးသည်နှင့် ကျန်းထင်ကျင်းသည် ကြယ်တံခွန်စေတမန်ငါးကို ဓားရှည်ဖြင့် လှမ်းထိုးသည်။ ကျန်းထင်ကျင့်ကို ဟန့်တား၍မရနိုင်မှန်း နားလည်သောကြောင့် ထန်ဟာန်သည် ဘာမျှမပြောဘဲ နောက်သို့အသာ ဆုတ်သွားသည်။

တိုက်ပွဲအခြေအနေကို အကဲခတ်ကြည့်နေသော ဟွာယီထုက မျက်မှောင်ကြုတ်လိုက်ကာ

“ကြယ်တံခွန် စေတမန်ငါးဟာ သိုင်းပညာအမ်းထက်မြက်ပေမယ့် ဒေါသစိတ်ကို မထိန်းနိုင်ဘူး အခုသူ့ကို ထန်ဟာန်နဲ့ တိုက်ခိုက်ဖို့ လွှတ်လိုက်တာ အလကား ကျန်းထင်ကျင့်နဲ့ စကားများပြီး ရင်ဆိုင်ထိုးခုတ်နေပြီ၊ သူ့ကိုတိုက်ပွဲဝင်ခိုင်းတဲ့ ရည်ရွယ်ချက်ကို နားလည်ပုံမရဘူး”

ထိုအချိန်တွင် ကျန်းထင်ကျင့်နှင့် ကြယ်တံခွန်ငါးတို့မှာ အကြိတ်အနယ် တိုက်ခိုက်နေကြပြီ ဖြစ်သည်။

ကျန်းထင်ကျင့်နှင့် ကြယ်တံခွန်စေတမန်ငါးတို့ အကြိတ်အနယ် ရင်ဆိုင်တိုက်ခိုက်နေကြသည်။

ကြယ်တံခွန် စေတမန်ငါး၏အတွင်းအားမှာ ကျန်းထင်ကျင့်ထက် သာလွန်သည်။ သိုင်းပညာလည်း အနည်းငယ် မြင့်မားသည်။

www.burmeseclassic.com

www.burmeseclassic.com



သာမန် အခြေအနေဆိုလျှင် ကျန်းထင်ကျင့်သည် ကြယ်တံခွန်စေတမန်ငါးကို ယှဉ်နိုင်ဖို့မလွယ်ပေ။

ယခု သူတို့နှစ်ယောက် လက်နက်ကိုယ်စီ ကိုင်စွဲကာ တိုက်ခိုက်ကြသော အခါတွင်မူ အခြေအနေက တစ်မျိုးဖြစ်နေ၏။

ကြယ်တံခွန်စေတမန်ငါး၏ တုတ်ရှည်သိုင်းက လေးလံခြင်း ပြင်းထန်ခြင်း၊ ကြမ်းတမ်းခြင်းလည်း မဟုတ်။ ပေါ့ပါးခြင်း အကွက်ဆန်းခြင်း၊ ပျော့ပျောင်းခြင်းလည်း မဟုတ်။

လျှင်မြန်ရန်သာ အရေးကြီးဆုံး ဖြစ်သည်။ လျှင်မြန်မှုက တိုက်ပွဲကို အဆုံးအဖြတ်ပေးစေသည်။

ယခု ရင်ဆိုင်တိုက်ခိုက်နေကြသည့် လက်နက်နှစ်မျိုးတွင် ကြယ်တံခွန်စေတမန်ငါး၏ တုတ်ရှည်နှင့်နှိုင်းယှဉ်လျှင် ကျန်းထင်ကျင့်၏ ဓားရှည်က သွက်လက်မြန်ဆန်မှုတွင် သာသယောင်ယောင် ရှိသည်။

ထို့ပြင် ကျန်းထင်ကျင့်သည် နဂါးမြူးဟန်ဓားသိုင်းကို အပြည့်အဝ အသုံးပြုကာ ကိုယ်ဟန်ကိုလည်း နေရာအမျိုးမျိုး ပြောင်းလဲ လှုပ်ရှားတိုက်ခိုက်နေရာ ကြယ်တံခွန်စေတမန်ငါး၏ အသာစီးရစ ပြုလာသည်။

"အင်း ... ကျန်းထင်ကျင့်ရဲ့ သိုင်းပညာစွမ်းရည်က ကျုပ်တို့ ထင်ထားတာထက်တောင် ပိုကောင်းနေပါလား၊ စောစောက တိုက်ခိုက်သွားမှုထက် အများကြီးပိုကောင်းအောင် တိုက်ခိုက်နိုင်တာကိုး"

တိုက်ပွဲကို အကဲခတ်ကြည့်နေသော ဗျူယိထုက သက်ပြင်းချကာ ပြောသည်။



"ကျန်းထင်ကျင့်ရဲ့ ဓားသိုင်းပညာ ဒီလောက်အစွမ်းထက်မှန်း စောစောကသိခဲ့ရင် ကြယ်တံခွန်အမှတ်သုံးကို စောလွှတ်လိုက်ဖို့ ကောင်းတယ်"

ဆားကောင်းလိုက ပြောသည်။

"ဘာကြောင့်လဲ"

စုရှင်းဟန်က ဝင်မေးသည်။

"ကြယ်တံခွန်စေတမန်သုံးရဲ့လှံတံက ပေါ့ပါးတယ်၊ ပြီးတော့ သူ့ရဲ့ လှံတံ တံခွန်သိုင်းဟာ ကျန်းထင်ကျင့် အခုသုံးနေတဲ့ ဓားသိုင်းကွက်မျိုးကို အုပ်စီးနိုင်မယ်"

"ကြယ်တံခွန်သုံးဟာ စိတ်ကို ချုပ်ထိန်းနိုင်တယ်၊ သူ့ကိုသာ ပွဲထုတ်လိုက်ရင် စီစဉ်ပေးလိုက်တဲ့အတိုင်း ထန်ဟန်နဲ့ ရင်ဆိုင် တိုက်ခိုက်မှာပဲ၊ အခုလို ကျန်းထင်ကျင့်နဲ့ တိုက်နေစရာ အကြောင်း မရှိဘူး"

"ဟာ ... ဒုက္ခပဲ"

သူ့စကားမှာ တကယ်ဟုတ်သည်။ ကြယ်တံခွန်ငါးမှာ တကယ်ပင် ဒုက္ခတွေ့သွားသည်။ ကြယ်တံခွန်စေတမန်ငါးသာမက ကျန်းထင်ကျင့်လည်း ဒုက္ခတွေ့နေရလေပြီ"

တိုက်ခိုက်နေမှုသည် ရုတ်တရက် ရပ်တန့်သွားသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကြယ်တံခွန်စေတမန်ငါးနှင့် ကျန်းထင်ကျင့်တို့နှစ်ယောက် တိုက်ခိုက်နေမှု ရပ်တန့်သွားသည်။

ကျန်းထင်ကျင့်သည် မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်ကာ ခြေလှမ်း ဒယီးဒယိုင်နှင့် နောက်သို့ဆုတ်သွားသည်။

ခြေလှမ်းသုံးလှမ်းမျှသာ ဆုတ်နိုင်ပြီး ခွေယိုင်ကာ လဲကျသွား သည်။

ကြယ်တံခွန်စေတမန်ငါးမှာမူ ကျန်းထင်ကျင့် နောက်သို့ ဒယီးဒယိုင်ဖြင့် ဆုတ်သွားချိန်မှာပင် မြေကြီးပေါ် ပုံလျက်သား လဲကျနေပြီဖြစ်သည်။

ကြယ်တံခွန်စေတမန်ငါးသည် ကျန်းထင်ကျင့်ကို အလွယ်နှင့် အနိုင်မယူနိုင်သည့်တွင် ဒေါသပိုထွက်ပြီး အတင်းတိုးဝင် တိုက်ခိုက် မိရာ ဟာကွက်တစ်ကွက်ပေါ်ကာ ချက်ကောင်းနေရာကို ဓားချက် တစ်ချက် အထိခံလိုက်ရသည်။

ထိုသို့ အထိခံလိုက်ရ၍ လဲကျမသွားမီ အချိန်ပိုင်းလေးမှာပင် ကြယ်တံခွန်စေတမန်ငါးသည် ရှိသမျှ အားကုန်အင်ကုန်သုံးကာ ကျန်းထင်ကျင့်ကို လက်ဝါးနှင့် လှမ်းရိုက်လိုက်သည်။

ကျန်းထင်ကျင့်မှာ ရန်သူ့ချက်ကောင်းနေရာကို ဓားဖြင့် ထိုးစိုက်ချနေချိန်ဖြစ်၍ မည်သို့မှ မကာကွယ် မရှောင်တိမ်းနိုင်ဘဲ လက်ဝါးရိုက်ချက် အထိခံရကာ အတွင်းဒဏ် ပြင်းပြင်းထန်ထန် ရသွားခဲ့သည်။



တစ်ဖက်ရှိ ရန်သူခြောက်ယောက်တွင် ဟူယိထုတို့ သုံး ယောက်နှင့် ကြယ်တံခွန်စေတမန် သုံးဦးတို့မှာ အကောင်းပကတိ ရှိနေပြီး ထန်ဟန့်တို့ဘက်မှ နှစ်ယောက်တွင်မူ ကျန်းထင်ကျင့်မှာ ဒဏ်ရာပြင်းပြင်းထန်ထန်ရကာ လဲကျနေသည်။

အကယ်၍ တစ်ဖက်ရန်သူက အင်အား အကုန်သုံးကာ ဝန်းရံတိုက်ခိုက်လာလျှင် ထန်ဟန် တစ်ယောက်တည်းအနေဖြင့် မည်သို့မှ ခုခံကာကွယ်နိုင်မည် မဟုတ်ပေ။

ထန်ဟန်အဖို့ စိတ်လွတ်လက်လွတ်လည်း မတိုက်ခိုက်နိုင်။ အပြင်းအထန် ဒဏ်ရာရထားသော ကျန်းထင်ကျင့်ကို ကာကွယ် ပေးရန်ကလည်း ရှိနေသေးသည်။

ထို့ကြောင့် ခြောက်ယောက်နှင့်နှစ်ယောက် ရင်ဆိုင်နေရသည် ဆိုသော်လည်း တကယ်စင်စစ် ခြောက်ယောက်နှင့်တစ်ယောက် ရင်ဆိုင်နေရသည်ဟုပင် မဆိုနိုင်တော့ပေ။

ထန်ဟန်အဖို့ အကျဉ်းအကျပ် အခြေအနေ ကြုံတွေ့နေရပြီ ဖြစ်သည်။

အန္တရာယ် ကြုံတွေ့နေရသော်လည်း ထန်ဟန်သည် စိုးရိမ် ထိတ်လန့်ခြင်း မရှိပေ။ တည်တည်ငြိမ်ငြိမ်ပင် ရှိနေပြီး ကျန်းထင် ကျင့်ရှိရာသို့ လျှောက်လှမ်းသွားကာ အသာပေးမတွဲယူလာလျက် သမ်းဘေးတစ်နေရာတွင် သက်သောင့်သက်သာ လဲလျောင်းလျက် ရှိနေအောင် ပြုပြင်ပေးထားလိုက်သည်။ အိတ်ထဲမှ အနီရောင် ဆေးလုံးလေးနှစ်လုံးထုတ်ကာ ကျန်းထင်ကျင့်၏ ပါးစပ်ထဲသို့ ခွံ၍တိုက်ကျွေးလိုက်သည်။ ဆေးအာနိသင် အမြန်ဆုံး ပျံ့နှံ့သွား အောင်လည်း သွေးကြောကွက်အချို့ကို ဖိနှိပ်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းထင်ကျွင့်ကို အရေးပေါ် ပြုစုကုသပေးပြီးနောက် ထန်ဟန်သည် မတ်တတ်ထရပ်လိုက်ကာ ...

"ကဲ ... ခင်ဗျားတို့ဘက်က ဘယ်သူ ထွက်လာဦးမှာလဲ"

* * *

ထန်ဟန်က ရန်သူများကို ရဲဝံ့စွာ စိန်ခေါ်လိုက်သည်။

"ဒီကောင်လေး နှစ်ကောင်ဟာ အန္တရာယ်ပဲ၊ အခုလို အခွင့်အခါကောင်းရတုန်း သူတို့နှစ်ယောက်ကို အပြတ်ရှင်းပစ်လိုက်ကြပါစို့လား"

ဆားကောင်းလိုက ဟူယီထုကို တိုးတိုးပြောသည်။

"ဒါဟာ ခင်ဗျားရဲ့ သဘောထားလား၊ ကေရာဇ်မင်းရဲ့ သဘောထားလား"

"ခင်ဗျားက ဘာကိုဆိုလိုတာလဲ"

"စောစောက ခင်ဗျား ပြောလိုက်တဲ့စကားရဲ့ ဆိုလိုချက်ကို ကျုပ် နားလည်ရင် ခင်ဗျားလည်း ကျုပ်စကားကို သဘောပေါက်ပါလိမ့်မယ်"

"ကျုပ် စောစောက ပြောခဲ့တဲ့စကားကို ခင်ဗျားက ဘယ်လိုများ နားလည်ထားလို့လဲ"

"ထန်ဟန်က ခင်ဗျားတပည့် ကူးကျင့်ယုံတို့ သုံးယောက်ကို လက်ရဖမ်းပြီး သူတို့ရဲ့ အပြစ်တွေကို ဖော်ထုတ်ခဲ့တာကို ခင်ဗျားက အတော်ကို ခံပြင်းနေတယ်လေ၊ ဒါကြောင့် ထန်ဟန်ကို အပြတ်ရှင်းချင်နေတာ မဟုတ်လား"



ဆားကောင်းလိုမှာ မျက်နှာ ကွက်ခနဲပျက်သွားကာ လေသံမာမာဖြင့် ...

"ဟုတ်တော့ကော ဘာဖြစ်သလဲ"

"ကိုယ်ရေးကိုယ်တာကိစ္စကို ရှေ့တန်းတင်ပြီး လုပ်ဆောင်နေရင် ဂိုဏ်းရဲ့လုပ်ငန်းတွေ နှောင့်နှေးကုန်မှာပေါ့၊ ဒီတော့ ကေရာဇ်မင်း ချမှတ်ထားတဲ့ အမိန့်အတိုင်းပဲ လုပ်ရမယ်"

အခြေအနေ တင်းမာလာတော့မည်ဖြစ်၍ ဟူယီထုမှာ နေသာတော့ဘဲ လေသံတိုးတိုးဖြင့် ...

"ဒီမယ် စုရှင်းဟန်နဲ့ ဆားကောင်းလို၊ ကျုပ်တို့ သုံးယောက်ဟာ နန်းစိမာန်မှာ ဘယ်လိုအဆင့်မျိုး ရှိနေကြတယ်ဆိုတာကို သတိထားကြပါဦး၊ ထန်ဟန်လို အပြင်လူတစ်ယောက်နဲ့ ကြယ်တံခွန်အတမန်တွေရှေ့မှာ အငြင်းပွားနေကြရင် လူရယ်စရာ ဖြစ်ကုန်မယ်"

စုရှင်းဟန်နှင့် ဆားကောင်းလိုတို့နှစ်ယောက် အသံတိတ်ကာ ငြိမ်သွားကြသည်။

"ခင်ဗျားက ဟိုဘက်က ကျောက်တုံးပေါ်ကို ခုန်တက်ပြီး အသင့်နေရာယူထား၊ ထန်ဟန်ဟာ မိုးကုပ်စက်ဝိုင်းအတွင်းအား ဘတ်မြောက်တာကို အကဲခတ်မိတယ်ဆိုတာနဲ့ ဟမ်ပီကျူးကို သွားပစ်ဖို့ အချက်ပြလိုက်ပေတော့"

ဟူယီထုက စုရှင်းဟန်ကြားနိုင်ရုံ လျှို့ဝှက်အသံဖြင့် တိုးတိုး ပြောလိုက်သည်။

စုရှင်းဟန်သည် ခေါင်းညိတ်ပြပြီး ဟမ်ပီကျူး ပန်းအောင်းနေရာမှ ကောင်းစွာလှမ်းမြင်နိုင်သည့် ကျောက်တုံးကြီးပေါ်သို့ ခုန်တက်နေရာယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"အခု ကြယ်တံခွန်စေတမန် သုံး၊ လေးနဲ့ခုနစ် သုံးယောက်လုံးကို တိုက်ပွဲဝင်ခိုင်းလိုက်မယ်၊ သူတို့သုံးယောက် ဝန်းရံတိုက်ခိုက်ရင် ထန်ဟာန်အနေနဲ့ အစွမ်းကုန် ခုခံရလိမ့်မယ်၊ ဗဲကယ်လို့ သူက မိုးကုပ်စက်ဝိုင်းသန့်စင် အတွင်းအားသိုင်းကို တတ်မြောက်ထားတယ်ဆိုရင် ဘယ်လိုမှ လှုံ့ဝှက်မထားနိုင်ဘူး၊ ထုတ်ကိုသုံးရမယ်၊ ခင်ဗျားနဲ့ကျုပ်ကတော့ ဒီနေရာကနေပြီး အခြေအနေကို ဝင်ကူညီဖို့လိုရင် ချက်ချင်း ဝင်ကူညီပေးနိုင်မဲ့အပြင် ထန်ဟာန်ကို ရှောင်တိမ်းထွက်ပြေး မသွားနိုင်အောင်လည်း အချိန်မီ ပိတ်ဆို့နိုင်တယ်"

ဟူယိထုက ဆားကောင်းလိုကို ပြောသည်။

ထိုသို့ပြောပြီးနောက် ကြယ်တံခွန်စေတမန် သုံးယောက်တို့ကို တိုက်ပွဲဝင်ရန် လက်ဟန်ပြ အချက်ပေးလိုက်သည်။

* * *

ကြယ်တံခွန်စေတမန် သုံးလေးနှင့်ခုနစ်တို့သည် ထန်ဟာန်ကို ဝန်းရံလိုက်ကြလေသည်။ သူတို့ ကိုင်ဆောင်ထားသော ဓားရှည်၊ လှံတံနှင့် ကျာပွတ်တို့ကလည်း ယခုပင် ထန်ဟာန်ကို ထိုးခုတ် တိုက်ခိုက်တော့မည့် အသွင်မျိုး ခြိမ်းခြောက်နေကြလေသည်။

ထန်ဟာန်ကတော့ ကြောက်ရွံ့ဟန်မရှိ။ မထီတရီပြုံးကာ မိမိတို့ ဝန်းရံထားသော ကြယ်တံခွန်စေတမန် သုံးယောက်တို့ကို ကြည့်နေသည်။



ခဏမျှ ငြိမ်နေကြပြီးနောက် ကြယ်တံခွန်စေတမန်တို့က စတင်တိုက်ခိုက်သည်။ ဓားခုတ်ချက်များက လျှပ်ပြက်သလို မြန်ဆန်သည်။ လှံတံ၏ ထိုးနှက်ချက်များက မိုးကြိုလို ပြင်းထန်သည်။ ကျာပွတ်ရိုက်ချက်တို့က လေပွေအားနှယ် ပြည့်ပေသည်။

ထန်ဟာန်ကတော့ ဓားရှည်ကိုပင် မထုတ်သေးပေ။ လက်နက်မဲ့ဖြင့် ကြယ်တံခွန်စေတမန် သုံးယောက်တို့၏ ဝိုင်းဝန်းတိုက်ခိုက်မှုကို ရင်ဆိုင်သည်။

ထန်ဟာန်သည် မာန်သွင်းကာ တစ်ချက်အော်ဟစ်ပြီး ရုတ်တရက် လှံတံရှည် ကိုင်ထားသော ကြယ်တံခွန်စေတမန်လေးဆီသို့ လွှားခနဲ ခုန်ဝင်သွားသည်။

ကြယ်တံခွန်စေတမန်လေးသည် ချက်ချင်းပင် လှံတံသိုင်းကွက်ကိုပြောင်းပြီး ခုန်ဝင်လာသော ထန်ဟာန်ကို လှံတံဖြင့်ဆီး၍ ထောက်လိုက်သည်။

မိမိထံသို့ အရှိန်ဖြင့်ခုန်ဝင်လာသော ထန်ဟာန်သည် မိမိ၏ လှံတံအဖျားတွင် တံစို့အသီခံရသော ငါးတစ်ကောင်လို ဖြစ်ရပေတော့မည်ဟု ကြယ်တံခွန်စေတမန်လေး၏ စိတ်ထဲမှ ကျူးဝါးမိသည်။

သို့သော်။

ကြယ်တံခွန် စေတမန်လေး၏ တွက်ကိန်း လွဲသွားခဲ့လေသည်။

ခုန်လွှားဝင်လာသည့် ထန်ဟာန်၏ ကိုယ်ဟန်သည် ချက်ချင်းပင် ပြောင်းလဲသွားကာ လှမ်းထိုးလိုက်သော လှံတံ ထိုးနှက်ချက်ကိုလည်း လွဲချော်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဒီကောင်လေးရဲ့ ကိုယ်ဟန် အပြောင်းအလဲ သိပ်မြန်တယ် သတိထား၊ ပန်းကြီးဟန် လုံကွက်ကိုပြောင်းလိုက်"

ဓားရှည်ကိုင်ထားသော ကြယ်တံခွန်စေတမန်သုံးက ကြယ်တံခွန်စေတမန်လေးကို လှမ်းအော်သတိပေးသည်။ ကြယ်တံခွန်စေတမန်သုံးသည် ဓားရှည်ကို ကိုင်ဆောင်ထားသော်လည်း လုံတိုက်ကွက်တွင်လည်း ကျွမ်းကျင်ပုံရသည်။

ကြယ်တံခွန်စေတမန်သုံး၏ သတိပေးစကားမှာ မဆုံးသေး ထန်ဟန်၏ ကိုယ်ဟန်ပြောင်းလဲမှုသည် တကယ်ပင်မြန်သည်။

ကြယ်တံခွန်စေတမန်သုံးမှာ သတိပေးသံအဆုံးတွင် နောက်ကျွမှာ အော်ဟစ်ကာ မြေကြီးပေါ် လဲကျသွားသည်။ ထန်ဟန်က ကိုယ်ကို တစ်ဖန်ပြောင်းလဲကာ ကြယ်တံခွန်စေတမန်သုံးကို ခြေထောက်နှင့် လှမ်းကန်လိုက်ခြင်း ဖြစ်သည်။

သူတစ်ပါးကိုသာ သတိပေးနေပြီး မိမိကိုယ်တိုင်မှ သတိလွတ်နေခဲ့သော ကြယ်တံခွန်စေတမန်သုံးမှာ ခြေကန်ချက်ကောင်းကောင်း အထိခံရကာ လဲကျသွားရလေပြီ။

ထန်ဟန်သည် လဲကျသွားသော ကြယ်တံခွန်စေတမန်သုံး၏ လက်မှ ဓားရှည်ကို ဆတ်ခနဲလုယူကာ ကြယ်တံခွန်စေတမန်လေးထံသို့ ဆတ်ခနဲ ပစ်ပေါက်လိုက်သည်။

ထန်ဟန်၏ လှုပ်ရှားတိုက်ခိုက်မှုများသည် အလွန်ပင် သွက်လက်မြန်ဆန်သည်။

ကြယ်တံခွန်စေတမန်လေးမှာ ပန်းကြီးဟန် လုံကွက်ကိုပင် အပြည့်အဝ မသုံးနိုင်သေးဘဲ ဓားချက်ထိုးစိုက်မိကာ ကားခနဲ လဲကျသွားသည်။



ကျားပွတ်ကိုင်ဆောင်သော ကြယ်တံခွန်စေတမန်ခုနစ် တစ်ယောက်တည်းသာ ကျန်နေပေတော့သည်။

ကြယ်တံခွန်စေတမန် ခုနစ်သည် မိမိအဖော်နှစ်ယောက် ထန်ဟန်၏ လက်ချက်ဖြင့် လဲကျကုန်သော်လည်း ကြောက်ရွံ့စိုးထိတ်သည့် အမူအရာမပြပေ။ ကျားပွတ်ကို တဝိုးဝိုံ ဝှေ့ယမ်းရင်း ထန်ဟန်ကို ဝင်ရောက်တိုက်ခိုက်လာသည်။

ထန်ဟန်သည် လွှမ်းမိုးတိုက်ခိုက်လာသော ကျားပွတ် ရိုက်ချက်များအကြားမှ လွတ်အောင်ရုန်းထွက်လိုက်ကာ ...

"ခင်ဗျားက ကျွန်တော့်ကို ညစာနှစ်ခါ ဖိတ်ကျွေးခဲ့တယ်၊ ကောင်းကောင်းမွန်မွန်လည်း ညှော်ခံခဲ့တယ်၊ ဒါတွေကို ထောက်ထားပြီး ခင်ဗျားရဲ့ ကျားပွတ်ရိုက်ချက်တွေကို မတုံ့ပြန်တော့ဘူး၊ နောက် ကံဆိုရင် အရက်အတူသောက်၊ ထမင်း အတူစားကြတာပေါ့"

ထန်ဟန်သည် ကြယ်တံခွန်စေတမန် ခုနစ်နှင့် ဆက်လက်မတိုက်ခိုက်တော့ဘဲ ကျွန်းထင်ကျင့် ရှိရာသို့သာ ခြေပေါ့မ်းမှန်မှန်နှင့် လျှောက်လှမ်းသွားသည်။

* * *

တိုက်ပွဲကို အကဲခတ် ကြည့်ရှုနေသော ဟွေယိထုနှင့် ဆားကောင်းလိုတို့ နှစ်ယောက်မှာ ထန်ဟန်၏ သွက်လက်မြန်ဆန်စွာ တိုက်ခိုက်သွားပုံကိုကြည့်ရင်း အလွန်အံ့သြကာ ငေးကြောင်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



စုရှင်းဟန်သည် မိမိကိုယ်မိမိ အလွန်အထင်ကြီးသူ တစ်ယောက်ဖြစ်သည်။

ထန်ဟန်ရှိ လှူငယ်ဆိုင်းသမား တစ်ယောက်ကို ချေမှုန်းရန် အတွက် မိမိတို့ ကိုယ်ရံတော်သုံးယောက်နှင့် ကြယ်တံခွန်စေတမန် လေးယောက်တို့ကို ပူးပေါင်းစေလွှတ်လိုက်သည့် နန်းဗိမာန် ဂိုဏ်းချုပ် ကေရာဇ်မင်း၏ အစီအမံကို စုရှင်းဟန်သည် အစက သိပ်မကျေနပ်လှပေ။

ဂိုဏ်းချုပ်ကိုယ်တိုင် အမိန့်ပေး စေခိုင်းလိုက်သည့် အတွက် ကြောင့်သာ ယခုလို အင်ကြီးအားကြီးနှင့် လာခဲ့ရခြင်းဖြစ်သည်။ စုရှင်းဟန်၏ သဘောအရဆိုလျှင် ဤမျှလောက် လူအင်အားကို ခေါ်လာမည် မဟုတ်ပေ။

သို့သော် ထန်ဟန်၏ မြင့်မားလှသော သိုင်းပညာအစွမ်းအစ ကို မျက်ဝါးထင်ထင် တွေ့မြင်ရသောအခါတွင်မူ စုရှင်းဟန်မှာ အလွန်ပင် အံ့ဩထိတ်လန့်သွားရသည်။

ထို့ပြင် ထန်ဟန်သည် မိမိတို့ စုံစမ်းရှာဖွေနေသည့် မိုးကုပ်စက်ဝိုင်းသန့်စင် အတွင်းအားသိုင်းကို တတ်မြောက်ထားသူ ဟုတ်မဟုတ် စုရှင်းဟန်အဖို့ စဉ်းစားစရာဖြစ်လာသည်။

နန်းဗိမာန်ဂိုဏ်း၏ ဂိုဏ်းချုပ်ဖြစ်သူ ကေရာဇ်မင်းမှလွဲ၍ မည်သူမှ မိုးကုပ်စက်ဝိုင်းသန့်စင် အတွင်းအားသိုင်း အကြောင်းကို သေသေချာချာ မသိပေ။

မိုးကုပ်စက်ဝိုင်းသန့်စင် အတွင်းအားသိုင်းသည် ပျော့ပျောင်း ညင်သာမှုပေါ်တွင် အခြေခံသည့် သိုင်းပညာမျိုးဖြစ်ပြီး တိုက်ခိုက် ရာတွင် အပြင်ပန်းကြည့်လျှင် အလွန်ပင် ပျော့ပျောင်းညင်သာသည် ထင်ရသော်လည်း အရိပ်မဲ့အားများက တစ်ဖက်လူကို ပြင်းပြင်း ထန်ထန် ထိုးနှက်နိုင်ကြောင်း၊ လက်ဝါးရိုက်ချက် အထိခံရလျှင် လက်ဝါးရာမျှပင် ထင်သော်လည်း အတွင်းဒဏ်မှု ပြင်းပြင်းထန်ထန် ရနိုင်ကြောင်း စသည်ဖြင့် ကေရာဇ်မင်းက ရှင်းပြထားခဲ့သည်။



စောစောက ထန်ဟန်၏ လှုပ်ရှားတိုက်ခိုက်ပုံများသည် သွက်လက်မြန်ဆန်လှသော်လည်း အားအင်ပြင်းထန်သော တုတ် ရိုက်ချက်များသာ ဖြစ်သည်။ ပျော့ပျောင်းညင်သာမှုကို အခြေခံသည့် တိုက်ခိုက်မှုမျိုး မဟုတ်ပေ။

စုရှင်းဟန်၏ တာဝန်သည် ထန်ဟန်တစ်ယောက် မိုးကုပ် စက်ဝိုင်းသန့်စင် အတွင်းအားသိုင်း တတ်မြောက်ထားသည်ဟု ထင်မိသည်နှင့် အချက်ပြလိုက်ရသာ ဖြစ်သည်။ ထိုသို့ အချက်ပြ သည်နှင့် ပုန်းအောင်းနေသော ဟမ်ပီကျိုးက ထန်ဟန်ကို လေးနှင့် လှမ်းပစ်ခတ်ပေးလိမ့်မည်။

ယခု အခြေအနေက အလွန်အရေးကြီးနေသည်။

ထန်ဟန်ကို လေးနှင့်ပစ်ဖို့ အချက်ပြရတော့မည်လား။

စုရှင်းဟန်အနေဖြင့် ထန်ဟန်တစ်ယောက် မိုးကုပ်စက်ဝိုင်း သန့်စင် အတွင်းအားသိုင်း တတ်မြောက်ထားခြင်း ရှိမရှိ ရေရေ ရာရာ အကဲမခတ်နိုင်သေးပေ။

အခြေအနေကလည်း အလွန်အရေးကြီးနေသည်။

စဉ်းစားဖို့အချိန်မရ။

နောက်ဆုံးတွင်တော့ စုရှင်းဟန်သည် ဆုံးဖြတ်ချက်တစ်ခု ချကာ လေးပစ်ရန် လက်ချမြှောက် အချက်ပြလိုက်လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



လေးပစ်သံတစ်ချက် ပေါ်လာသည်။

ထို့နောက် မြားတံတစ်ချောင်းသည် လေးကိုခွင်းကာ အဟုန်ပြင်းစွာ တိုးဝင်လာသည်။

ဖောက်ခနဲ မြားထိမှန်သွားသံနှင့် လူတစ်ယောက်၏ နာကျင်စွာ အော်လိုက်သံ၊ ဘိုင်းခနဲ လဲကျသွားသံများ ဆက်တိုက်ပေါ်လာသည်။

နန်းဗိမာန်ဂိုဏ်းသားများ ကြိုတင်စီမံထားသည့်အတိုင်း လေးဖြင့် ချောင်းမြောင်းပစ်ခတ်မှု ပေါ်လာသော်လည်း အဖြေက တစ်မျိုးဖြစ်နေသည်။

မြားထိမှန်ခံပြီး လဲကျသွားသူမှာ ထန်ဟန် မဟုတ်ပေ။ လေးဖြင့်ပစ်ခတ်ရန် အချက်ပြလိုက်သူ စုရှင်းဟန်သာလျှင် ဖြစ်လေသည်။ စုရှင်းဟန် မြားမှန်ပြီး လဲကျသွားသည်ကို တွေ့လိုက်ရသောအခါ ဟူယိထုမှာ အံ့ဩပြီး ဒေါသလည်း ထွက်လာရပေသည်။

"ဟမ်ပီကျူး ဒါဘာလုပ်တာလဲ သေချင်လို့လား၊ အပြင်ကို ထွက်လာစမ်း"

ဟူယိထုက ဒေါသတကြီး အော်ဟစ်လိုက်သည်။

ဟူယိထု၏ အော်သံအဆုံးတွင် ဟမ်ပီကျူး ပုန်းအောင်းနေရာမှ ထွက်လာသည်။ ခြေထောက်ဖြင့် လျှောက်လှမ်းကာ ထွက်လာခြင်းတော့မဟုတ်။ ဟမ်ပီကျူး၏ ကိုယ်ခန္ဓာသည် လွင့်ပျံကာ ထွက်လာခြင်းဖြစ်သည်။



ထိုပြင် အဝတ်အစား စုတ်စုတ်ပြတ်ပြတ် ဝတ်ထားသော အဘိုးကြီးတစ်ယောက်လည်း ထိုနေရာမှ ခြေလှမ်းမှန်မှန်နှင့် လျှောက်လှမ်းထွက်လာသည်။

ဟူယိထုက ထိုအဘိုးကြီးကို အကဲခတ်ကြည့်ရင်းမှ ...

"ခင်ဗျားက ဘယ်သူလဲ"

"အိုးယန်ကျွင့်"

ထိုအဘိုးကြီးက ခပ်အေးအေးပင် ပြန်ဖြေသည်။

"ကျင်လင်သိုင်းညီနောင် သုံးဖော်ထဲက အငယ်ဆုံး ကျားသစ်မျိုး အိုးယန်ကျွင့်လား"

"ကျုပ် ဆိုင်းလောကကို ကျောခိုင်းပြီး ဓာတ်မြုပ်နေခဲ့တာ ကြာလှပြီ၊ ကျုပ်နာမည်နဲ့ ကျုပ်အကြောင်းကို ခင်ဗျားက အာရုံစိုက်ပြီး မှတ်မိနေသေးတာ ဝမ်းသာပါတယ်"

"ဟမ်ပီကျူးကို ခင်ဗျား သုတ်သင်လိုက်တာပေါ့"

"သူဟာ သိုင်းသမားဆိုး တစ်ယောက်ဖြစ်တယ်၊ ပြီးတော့ အမှန်တရားအကြက ရဝ်တည်ပြီး မကောင်းမှုတွေကို တိုက်ဖျက်နေတဲ့ ထန်ဟန်လို သိုင်းသမားကောင်း တစ်ယောက်ကို ချောင်းမြောင်းလုပ်ကြံဖို့ ပြင်ဆင်နေတယ်၊ ဒါကြောင့် လက်ဦးအောင် ချေမှုန်းလိုက်ရတာပဲ"

ဟူယိထုသည် တိုယ်တိုင် တိုက်ပွဲဝင်ရန် ဆုံးဖြတ်လိုက်ရလေတော့သည်။

"ခင်ဗျားနဲ့ ကြယ်တံခွန်စေတမန် ခုနစ်တို့က ထန်ဟန်ကို အသင့်ကြည့်ပေးထားပါ၊ ကျုပ် ကျားသစ်ပျံကို ရင်ဆိုင်မယ်"

ဟူယိထုက အားကောင်းလိုကို ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ပြောပြီးသည်နှင့် အိုးယန်ကျွင့်ဘက် လှည့်ကြည့်ကာ ...

"ကိုင်း ... ခင်ဗျားနဲ့ကျုပ် ရင်ဆိုင်ကြပါစို့"

အိုးယန်ကျွင့်က ပြုံးရယ်ကာ ခေါင်းကို ခါယမ်းပြလိုက်ပြီး ...

"ကျုပ် ခင်ဗျားကို အဖော်ပြုပြီး မယှဉ်ပြိုင်နိုင်ပါဘူး"

"ခင်ဗျားက အတိအလင်း ရင်ဆိုင်မတိုက်ပဲ ကွယ်ရာကနေ မြားနဲ့ချောင်းပစ်တာမျိုးကိုပဲ လုပ်ရဲသလား"

"ဒါက အပစ်ခံရတဲ့လူဟာ ဘယ်လို လူစားမျိုးလဲဆိုတာ ပေါ်မှာ မူတည်ပါတယ်၊ ခုစရိုက် သိုင်းသမားဆိုးတွေကိုတော့ ဒီလိုနည်းနဲ့ပဲ ချေမှုန်းရမှာပဲ"

"ခင်ဗျားက မလိုလားပေမဲ့ ကျုပ်ကတော့ ခင်ဗျားကို တိုက်ရလိမ့်မယ်"

"ကျုပ်ကို မတိုက်ခင် ကျုပ်ပြောချင်တဲ့ စကားတစ်ခွန်းကိုတော့ နားထောင်ပါဦး"

"ဘာစကားလဲ"

"ကျုပ်ပြောမဲ့ စကားကို နားထောင်ပြီးလို့ ခင်ဗျားက ကျုပ်နဲ့ သိုင်းပညာယှဉ်ချင်စိတ် ရှိသေးတယ်ဆိုရင် ကျုပ်က ခင်ဗျားကို အဖော်ပြုယှဉ်ပြိုင်ပါ့မယ်"

"ခင်ဗျား ပြောစရာရှိတာကိုသာ ပြောစမ်း၊ ကျုပ် အချိန် သိပ်မစောင့်နိုင်ဘူး"

"ဒီနေ့ည ခင်ဗျားအတွက် အရေးတကြီး လုပ်စရာကိစ္စ ရှိနေတယ်"



"ကျုပ်မှာ အရေးတကြီး ကိစ္စရှိတယ်လို့ ခင်ဗျားက ဘာကြောင့် အတပ်ပြောနိုင်တာလဲ၊ ဘယ်ကိစ္စဖြစ်ဖြစ် ခင်ဗျားနဲ့ ယှဉ်ဖို့လောက် အရေးမကြီးနိုင်ပါဘူး"

"နောက်ကိုသာလှည့်ပြီး ကြည့်လိုက်စမ်းပါ၊ ဘယ်လိုကိစ္စလဲဆိုတာ ခင်ဗျား သိပါလိမ့်မယ်"

* * *

ဟွာယီထုသည် အတွေ့အကြုံ ရင့်ကျက်နေသော သမ္မာရင့် သိုင်းသမားကြီးတစ်ယောက် ဖြစ်သည်။

ထို့ကြောင့် အိုးယန်ကျွင့် အလစ်ဖမ်းကာ ကိုက်ခိုက်ရန် အခွင့်မသာနိုင်သည့် အကွာအဝေးသို့ရောက်အောင် ဆုတ်သွားပြီး နောက် နောက်သို့ လျင်မြန်စွာ လှည့်ကြည့်သည်။

ဟွာယီထုသည် နောက်သို့ တစ်ချက်သာလှည့်ကြည့်ပြီး မိမိ၏နောက်ဘက်တွင် ဘာရှိနေသည်ကို သိရပြီးသည်နှင့် အိုးယန်ကျွင့်ကို ချက်ချင်း ပြန်မျက်နှာချင်းဆိုင်ရန် စိတ်ကူးထားသည်။

သို့သော် နောက်သို့ လှည့်ကြည့်ရာမှ ဟွာယီထုသည် အိုးယန်ကျွင့်ဘက်သို့ မျက်နှာမမူနိုင်တော့ပေ။ နောက်လှည့်လျက်သားဖြင့် သူ၏ကိုယ်မှာ ကျောက်ရုပ်လိုမျိုး ဖြစ်သွားရသည်။

အိုးယန်ကျွင့်သည် မြောက်ဘက်သို့ မျက်နှာမူကာ ရပ်နေသည်။ အိုးယန်ကျွင့်နှင့် မျက်နှာချင်းဆိုင် နေရာယူထားသော ဟွာယီထုသည် တောင်ဘက်သို့ မျက်နှာမူကာ မြောက်ဘက်သို့ ကျောပေးထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု နောက်လှည့်ကြည့်လိုက်ရာတွင် မြောက်ဘက်သို့ လှမ်းမြင်ရသည်။

မြောက်ဘက်ကောင်းကင်တွင် ထူးခြားချက်တစ်ခု ဖြစ်ပေါ်နေသည်။ ထိုထူးခြားချက်ကို ဟွယ်ထု မြင်ရသည့်အတွက် အလွန်ပင် အံ့သြသွားရခြင်း ဖြစ်သည်။

တိမ်ကင်းစင်သော ကောင်းကင်မှာ ကြည်လင်ပြာလဲ့နေသည်။

သို့သော် မြောက်ဘက် ကောင်းကင်တွင်မူ နီရဲ၍နေသည်။ အတွေ့အကြုံ ရင့်ကျက်သူတွေအဖို့ ကောင်းကင်တွင် နီရဲနေခြင်းမှာ ပြင်းထန်စွာ တောက်လောင်နေသော မီးလျှံမီးတောက်တို့၏ ရောင်ပြန်ဟပ်မှုဖြစ်ကြောင်း သိနိုင်ပေသည်။

ထိုမြောက်ဘက်နေရာသည် ဟွယ်ထုတို့က ကြီးကြပ်ကာ နန်းဗိမာန် တည်ဆောက်နေသည့် နေရာဖြစ်သည်။

ဟွယ်ထုသည် နန်းဗိမာန်ဆောက်လုပ်ရန် စုပုံထားသော သစ်သားပုံကြီးကို မြင်ယောင်လာသည်။ အခြားပစ္စည်းများကိုလည်း သတိရလာသည်။ ယခု ထိုပစ္စည်းများကို မီးလောင်မြိုက်နေလေပြီ။

ဟွယ်ထုမှာ မိမိ၏ကိုယ်ခန္ဓာကို မီးလောင်သည့်နှယ် ခံစားရသည်။ အလွန်ပင် စိတ်လှုပ်ရှားမိသည်။ အတွေ့အကြုံ ကြွယ်ဝလှသော ဝါရင့်သိုင်းသမားကြီး တစ်ယောက်ပင် ဖြစ်လင့်ကစား စိတ်ကို တည်ငြိမ်အောင် မထိန်းနိုင်တော့ပေ။

ဟွယ်ထုသည် ငေးကြောင်နေရာမှ သတိဝင်လာသည်နှင့် အသံကုန်အော်ဟစ်ကာ တစ်ဟုန်ထိုး ပြေးထွက်သွားလေတော့သည်။



အိုးယန်ကျွင့်ကို တိုက်ခိုက်ရန် မဆိုထားဘိ၊ အိုးယန်ကျွင့် ရှိနေရာဘက်သို့ လှည့်၍ပင် ကြည့်မသွားနိုင်တော့ပေ။

* * *

ရွာမြောက်ဘက် မြေကွက်လပ်ရှိ အဆောက်အအုံ ဆောက်လုပ်နေရာသို့ ဟွယ်ထု ရောက်ရှိသွားချိန်တွင် ပစ္စည်းအားလုံးနီးပါး မီးဟုန်းဟုန်း တောက်လောင်နေပြီ ဖြစ်သည်။ သစ်သားများ၊ ပျဉ်ချပ်များမှာမူ မြာကျလုနီးနီးပင် ရှိနေသည်။

မီးလောင်ပြင်တွင် လူအများသည် အော်ဟစ်ကာ ပြေးလွှားနေကြသည်။ သူတို့ အသံကုန် အော်ဟစ်နေကြသော်လည်း မီးစွယ်များကိုကား ကျိုးအောင်မလုပ်နိုင်ကြပေ။

ထိုအချိန်တွင် အညိုရောင်ဝတ်စုံ ဝတ်ထားသော လူကြီးတစ်ယောက် ဟွယ်ထုအနားသို့ အပြေးရောက်လာသည်။

ထိုသူမှာ အလုပ်သမားများကို ကြီးကြပ်ရသော သိုင်းသမားတစ်ယောက်ဖြစ်သည်။

"ဒီလောက်တောင်မှ ဘာကြောင့်-အကြီးအကျယ် မီးလောင်နေရတာလဲ၊ မြန်မြန်ပြောစမ်း"

ဟွယ်ထုက မေးလိုက်သည်။

"မိန်းမသုံးယောက် လာပြီးရှို့သွားကြတာပါ"

အညိုရောင်ဝတ်စုံ ဝတ်ထားသူက အမြန်ဆုံး အဖြေပေးလိုက်သည်။

"ခေါင်းညိုအစိမ် သုံးဖော်လား"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကိုတော့ ကျွန်တော် အတိအကျ မပြောနိုင်ဘူး"

"မိုးလှာရှိတဲ့ မိန်းမသုံးယောက်ကို မင်းကိုယ်တိုင် မြင်ခဲ့တာ မဟုတ်လား"

"မဟုတ်ပါဘူး၊ လီစန်းထောင်က မြင်ခဲ့ရတာ ၊"

လီစန်းထောင်မှာလည်း အလုပ်သမားများကို ကြီးကြပ်ရသော သိုင်းသမားတစ်ယောက် ဖြစ်သည်။

"လီစန်းထောင်ကို အမြန်သွားခေါ်ခဲ့စမ်း"

ထိုအချိန်မှာပင် လူသုံးယောက် ဟူယီထုရှိရာသို့ အပြေးရောက်လာကြသည်။

သမားစီလက်ဝါး ဆားကောင်းလို၊ ကြယ်တံခွန်စေတမန် ခုနစ်နှင့် ကျောင်းကြီးဘုံကျောင်းတွင် အစောင့်တာဝန်ကျနေသူ တစ်ယောက်ဖြစ်သော ရှောင်ပိန်းတို့ ဖြစ်ကြသည်။

ရှောင်ပိန်းသည် အခြားသိုင်းသမား လေးယောက်နှင့်အတူ ကျောင်းကြီးဘုံကျောင်းတွင် ချုပ်နှောင်ထားသော ထုံချီဖေးနှင့် လီပေါက်တို့အား စောင့်ကြည့်ရန် တာဝန်ပေးထားခြင်းခံရသူ ဖြစ်သည်။

ရှောင်ပိန်းသည် သည့်နေရာသို့ ရောက်လာသည့်အတွက် ဟူယီထုမှာ အံ့အားသင့်သွားသည်။

"ရှောင်ပိန်း မင်းက ဘယ်လိုလုပ်ပြီး ဒီနေရာကို ရောက်လာရတာလဲ"

ရှောင်ပိန်းက အဖြေမပေးသော်လည်း ဤအမှုအရာကို ကြည့်ခြင်းဖြင့် ကျောင်းကြီးဘုံကျောင်းတွင် ဘာတွေဖြစ်ခဲ့သည်ကို ဟူယီထုအနေဖြင့် ခန့်မှန်းနိုင်သည်။



"ဒီနေ့ညတော့ ကျုပ်တို့တစ်တွေ ကောင်းကောင်း အလှည့်စားခံလိုက်ရတာပဲ"

ဆားကောင်းလိုက သက်ပြင်းချကာ ပြောသည်။

မည်သို့အလှည့်စားခံရသည်ကို ဟူယီထုက မမေးတော့ပေ။ ဆားကောင်းလိုကလည်း ရှင်းမပြပေ။ သည်အကြောင်းကို သူတို့နှစ်ယောက်လုံး ကောင်းစွာသိနေကြသည် မဟုတ်ပါလား။

အတန်ကြာ ငြိမ်နေပြီးနောက် ဟူယီထုက ရှောင်ပိန်းကို ကြည့်လိုက်ကာ ...

"ကျောင်းကြီးဘုံကျောင်းကို လာတိုက်ခိုက်ကြတာ ဘယ်သူတွေလဲ"

"ဓားမပျံဂိုဏ်းသားတွေပါ"

ရှောင်ပိန်းက လေသံတိုးတိုးဖြင့် ပြန်ပြောသည်။

"အင်အား ဘယ်လောက်ရှိလဲ"

"နှစ်ဆယ်လောက်ရှိပါတယ်"

"ဂိုဏ်းမှူးကြီးလေးယောက်က ဦးဆောင်လာတာလား"

"ဟုတ်ပါတယ်"

"ထုံချီဖေး လွတ်မြောက်သွားပြီပေါ့"

"ဟုတ်ကဲ့"

"လီပေါက်လည်း ပါသွားသလား"

"ပါသွားပါတယ်"

"ကျောင်းကြီးဘုံကျောင်းမှာ အစောင့်တာဝန်ကျတဲ့ လူလေးယောက်ထဲမှာ မင်းတစ်ယောက်တည်းပဲ အသက်ရှင် ကျန်နေတော့တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့"

ယနေ့ည အထိနာခဲ့ရမှုများအတွက် အပြစ်တင်ထိုက်ဆုံးလူမှာ မိမိကိုယ်တိုင်သာဖြစ်ကြောင်းကို ဟူယီထု ကောင်းကောင်းနားလည်သည်။

စိတ်တိုင်းကျပြည့်စုံရှာသို့ ရောက်ရှိနေကြသည့် နန်းဗိမာန်ဂိုဏ်းဝင်များကို ဦးစီးခေါင်းဆောင်သူမှာ ဟူယီထုဖြစ်ရာ ယခုလို အကြီးအကျယ် ထိခိုက်ဆုံးရှုံးရမှုများအတွက် သူသာလျှင် တာဝန်ရှိနေပေသည်။

ဟူယီထုသည် ဒုစရိုက်သမား သိုင်းသမားတစ်ယောက်ပီပီ မိမိကိုယ်မိမိတော့ အပြစ်မတင်လိုပေ။ မိမိ၏ အပြစ်ကိုလည်း ဝန်မခံလိုပေ။ ထိုအချိန်မှာပင် လီစန်းထောင် ရောက်ရှိလာသည်။

လီစန်းထောင်သည် အသက် နှစ်ဆယ့်ရှစ်နှစ်ခန့်ရှိပြီး ရုပ်ရည်ချောမောသည်။ နန်းဗိမာန်ဂိုဏ်းတွင် ကြယ်တံခွန်စေတမန် ရှစ်လည်း ဖြစ်သည်။

"မီးရှို့သွားတာ ခေါင်းညီအစ်မသုံးဖော် ဖြစ်တယ်ဆိုတာ သေချာသလား"

ဟူယီထုက ဆီး၍မေးသည်။

"သေချာပါတယ် အဲဒီတို့က မျက်နှာကို အဝတ်စည်းပြီး ယောကျ်ားလေး အဝတ်အစားတွေ ဝတ်လာကြပေမဲ့ သူတို့ရဲ့ ကိုယ်ဟန်လှုပ်ရှားမှုကို ကျွန်တော် ကောင်းကောင်း မှတ်မိပါတယ်"

ခေါင်းညီအစ်မသုံးဖော်တို့သည် သိုင်းပညာစွမ်းရည် အဆင့်မနိမ့်ကြသော်လည်း နန်းဗိမာန်ဂိုဏ်းကို အန်တုနိုင်လောက်သည့် အခြေအနေမျိုးကား မရှိပေ။



ဟူယီထုသည် အစဉ်းစားရခက်သော ဤကိစ္စကို ခဏဘေးဖယ်ထားကာ လက်ရှိဖြစ်ပေါ်နေသော အခြေအနေများအရ ဆက်လက်လုပ်ဆောင်ရန် အမိန့်များကိုသာ တစ်ခုပြီးတစ်ခု ပေးနေသည်။

အဆောက်အအုံ ဆောက်လုပ်ရန်ပစ္စည်းများ မီးလောင်ပျက်စီးကုန်ကြပြီဖြစ်ရာ နန်းဗိမာန်ဆောက်လုပ်မှုကို ဆက်လက်မလုပ်ဆောင်နိုင်တော့သောကြောင့် အလုပ်သမားများအား အလုပ်နားကြောင်း ပြောကြားလူစုခွဲပစ်ရန် ဆားကောင်းလိုကို အမိန့်ပေးသည်။

ယနေ့ည ဖြစ်ပျက်ပုံတို့ကို နန်းဗိမာန်ဂိုဏ်းချုပ် ကေရာဇ်မင်းအား ချက်ချင်းသွားရောက် သတင်းပို့ရန်နှင့် အဆင့်မြင့်သိုင်းသမားများ စေလွှတ်ပေးရန်အတွက် အကူအညီတောင်းခံရန် ရှောင်ပိန်းကို တာဝန်ပေးစေလွှတ်သည်။

ကြယ်တံခွန်ခုနစ်ကိုမှ အမတ်ကြီး ပိုင်ထင်ထိန် နှင့် ချက်ချင်းသွားရောက်ဆက်သွယ်ကာ နန်းဗိမာန်ဆောက်လုပ်မှု ပြန်လည်လုပ်ဆောင်နိုင်ရေးအတွက် ငွေကြေးများ စုဆောင်းရှာဖွေရေးအတွက် တာဝန်ပေးစေလွှတ်သည်။

ထိုသို့ အမိန့်အသီးသီး ပေးအပ်စေလွှတ်ပြီးနောက် ဟူယီထုသည် ကြယ်တံခွန်စေတမန်ရှစ်ဘက် လှည့်ကာ ...

"ခေါင်းညီအစ်မသုံးဖော်ရဲ့ ရုပ်ရည်ရူပကာကို ဘယ်လိုသဘောရသလဲ"

ကြယ်တံခွန်စေတမန်ရှစ်ထံမှ အဖြေစကား ရုတ်တရက် ပေါ်မလာပေ။

www.burmeseclassic.com

www.burmeseclassic.com



မဖြေကြားနိုင်သောကြောင့်တော့ မဟုတ်။ မည်သို့ဖြေရလျှင် ကောင်းမည်နည်းဟု ရုတ်တရက် စဉ်းစားမရသေးသောကြောင့် ဖြစ်သည်။

ရန်သူ့ပရိယာယ်ဆင်ကွက်ထဲ တိုးဝင်မိကာ အဆုံးရှုံးကြီး ဆုံးရှုံးခဲ့ရမှုကြောင့် ဒေါသထွက်နေသော ဟူယီထုက မည်သည့် အတွက်ကြောင့် မဆီမဆိုင်မေးခွန်းတွေ မေးလာရသည်ကို လိစန်း ထောင်မှာ စဉ်းစား၍မရပေ။

မည်သို့ပင်ဆိုစေ ယခုလို အချိန်အခါမျိုးတွင် ဟူယီထုကို ပိုမိုဒေါသထွက်မလာစေလိုလျှင် မေးသည်ကို အမှန်အတိုင်း ဖြေကြားခြင်းသည်သာ အကောင်းဆုံးဖြစ်မည်ဟုတွေးကာ ...

"ဒေါင်းညီအစ်မသုံးဖော်ရဲ့ ရုပ်ရည်ရူပကာက မဆိုးပါဘူး"

"သိုင်းပညာကကော"

"အတော်လေး စွမ်းပါတယ်"

"မင်းအနေနဲ့ သူတို့သုံးယောက်ကို ရင်ဆိုင်နိုင်မလား"

"ဖြစ်ပါတယ်၊ ဒေါင်းညီအစ်မသုံးဖော်တို့ရဲ့ သိုင်းပညာက အတော်မြင့်မားတာမှန်ပေမဲ့ ကျွန်တော်တို့အဖို့တော့ အရေးမလုပ်လောက်ပါဘူး"

"မင်းကို လက်မရွံ့ သိုင်းသမားသုံးယောက် အကူထည့်ပေးပြီး စေလွှတ်လိုက်ရင် ဒေါင်းညီအစ်မသုံးဖော်ကို အပိုင်အနိုင် တိုက်ခိုက်ဖမ်းယူနိုင်မလား"

"ရပါတယ်"

"အချိန် ဘယ်လောက်လိုချင်သလဲ"

"သုံးရက်တော့ အချိန်ပေးပါ"



"ကောင်းပြီ သုံးရက်အချိန်ပေးမယ်၊ ဒီအချိန်အတွင်း ဒေါင်းညီအစ်မသုံးဖော်ကို အမိအရ ဖမ်းခေါ်လာခဲ့ပါ၊ မလုပ်နိုင်ရင်တော့ မင်း ခေါင်းပြတ်ပြီမှတ်ပေတော့၊ အောင်မြင်ရင် မင်းကို ရာထူးတစ်ဆင့်တိုးပေးမယ်၊ ဆုငွေတစ်သောင်းချမယ်၊ မင်း ဖမ်းခေါ်လာခဲ့တဲ့ ဒေါင်းညီအစ်မသုံးဖော်ကိုလည်း မင်း စိတ်ကြိုက်ပျော်ပါးကို နိုင်တယ်"

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

ရွာမြောက်ဘက် မြေကွက်လပ်ရှိ အဆောက်အအုံဆောက်ပစ္စည်းများကို မီးရှို့ခဲ့သည့်လုပ်ရပ်သည် ကြေးခေါင်းပျို ချန်ဝမ်လန်၏ ဆန္ဒအရ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ရွှေခေါင်းပျို ချန်မေယောင်နှင့် ငွေခေါင်းပျို ချန်လီလီတို့က အင်အားကြီးမားသော နန်းဗိမာန်ဂိုဏ်းနှင့် ပြဿနာဖြစ်ရမည့် သည့်လုပ်ရပ်ကို မလုပ်လိုကြပေ။

ညီအစ်မသုံးယောက်တို့ အငြင်းပွားပြီးနောက် မိမိတို့သဘောထားကို လျှို့ဝှက်စာရွက်ပေါ်တွင်ရေးကာ လျှို့ဝှက်မဲခွဲသည့်နည်းဖြင့် ဆုံးဖြတ်ကြရာ မီးသွားရှို့ရန် သဘောတူသည့်ဘက်က တစ်မဲ၊ သဘောမတူသည့်ဘက်က နှစ်မဲ ဖြစ်နေခဲ့သည်။

မိမိလို အငယ်ဆုံးတစ်ယောက်ကို အစ်မနှစ်ယောက်က ကြီးနိုင်ငယ်ညှဉ်းလုပ်သည်ဟု ကြေးခေါင်းပျိုက အကြောင်းပြ၍ အစ်မနှစ်ယောက်၏ ကန့်ကွက်မဲများကို ပယ်ဖျက်ပေးရန် တောင်းဆိုခဲ့သည်။

စကားသည် အတော်ပင် ထိရောက်သည်။ ခေါင်းညီအစ်မသုံးယောက်သည် တစ်ယောက်ကိုတစ်ယောက် အလွန်ချစ်ခင်ကြသည်။



ညီအစ်မရင်းချာများလည်း ဖြစ်ကြသည်။ အငယ်ဆုံး ကြေးခေါင်းပျိုကို အစ်မနှစ်ယောက်က ပို၍ချစ်သည်။ အလိုလိုက်သည်။

ကြီးနိုင်ငယ်ညှဉ်းတည်းဟူသော အကြောင်းပြချက်ဖြင့် ပြောဆိုလာသည့်တွင် ကြေးခေါင်းပျို၏စကား အောင်မြင်သွားသည်။ ရွှေခေါင်းပျိုနှင့် ငွေခေါင်းပျိုတို့က မိမိတို့မဲများကို ပယ်ဖျက်ပေးလိုက်သည်။

ဤတွင် မီးသွားရှို့ရန်ကိစ္စသည် မဲတစ်မဲဖြင့်ပင် အတည်ဖြစ်သွားခဲ့လေတော့သည်။

ကြေးခေါင်းပျိုက မည်သည့်အတွက်ကြောင့် ဤသို့ လုပ်ဆောင်ရသနည်း။ အဖြေက ရှင်းနေပါသည်။

ထန်ဟန် အတွက်ကြောင့်သာ ဖြစ်သည်။

ယုခုရဲက်ပိုင်းအတွင်း ကြေးခေါင်းပျို ချန်ဝမ်လန်သည် အသွင်အပြင် အမျိုးမျိုးပြောင်းလဲ ရုပ်ဖျက်ကာ ထန်ဟန်၏နောက်မှ တိတ်တဆိတ် နောက်ယောင်ခံကာ လိုက်ကြည့်နေခဲ့သည်။

ထန်ဟန်သည် ရွှေဝါ ဆောင်းကစားဝိုင်းသို့ဝင်ကာ သိုင်းမင်းသား ကျန်းဆင်ကျင့်ကိုခေါ်ပြီး အဘိုးကြီးဟူအန်း၏ ယုန်သားဆိုင်သို့ သွားခဲ့သည်ကို ချန်ဝမ်လန် တွေ့ခဲ့သည်။

ထို့နောက် ယုန်သားဆိုင်နှင့် မလှမ်းမကမ်းရှိ မြေနီလမ်းပေါ်တွင် နန်းဗိမာန်ဂိုဏ်းမှ ကိုယ်ရံတော်ကြီးသုံးဦး အပါအဝင် အဆင့်မြင့် သိုင်းသမားများနှင့် ထန်ဟန်တို့ ရင်ဆိုင်မိကြသည်ကိုလည်း ကြေးခေါင်းပျိုက တွေ့ရှိခဲ့သည်။

ထို့ကြောင့် ရန်သူတို့ စိတ်အာရုံတွေပြား ဗျာများကုန်စေရန်အတွက် ရွာမြောက်ဘက် မြေကွက်လပ်ရှိ အဆောက်အအုံ

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများကို မီးရှို့ပစ်ရန် စိတ်ကူးရတာ အစ်မနှစ်ယောက်ရှိရာသို့ အကူအညီတောင်းခဲ့သည်။

နောက်ဆုံးတွင်တော့ ကြေးခေါင်းပျို၏ အကြံအောင်ကာ နန်းဗိမာန်ဂိုဏ်းမှာ အထူးပင် အထိနာသွားလေတော့သည်။

မိမိက ယခုလို တစ်ဖက်မှကြိုးစားကာ ကူညီပေးခဲ့သည်ကို ထန်ဟန်အနေဖြင့် သိကောင်းမှသိမည်ကိုလည်း ကြေးခေါင်းပျို နားလည်သည်။ အကယ်၍ သိသည့်တိုင်အောင် ထန်ဟန်သည် ကျေးဇူးတင်ရုံကလွဲ၍ မိမိအပေါ်တွင် မေတ္တာသက်ဝင်လာမည် မဟုတ်ဟု ချန်ဝမ်လန်က တွေးဆထားသည်။

သို့သော် ချန်ဝမ်လန်က ဒါတွေကို ဂရုမစိုက်ပေ။ မိမိ တစ်ဖက်သတ် ချစ်ခဲ့မိသူ ထန်ဟန်ကို ကူညီလိုက်ရသည်ကိုပင် ကြေးခေါင်းပျိုက ကျေနပ်နေသည်။

အစ်မနှစ်ယောက်သည် ညီမငယ်၏ တစ်ဖက်သတ်အချစ်ကို အစမိုင်းတွင် လှောင်ပြောင်ခဲ့သည်။ နောက်ပိုင်းတွင်တော့ သနားလာကြသည်။ ယောကျ်ားတစ်ယောက်ကို တစ်ဖက်သတ် စွဲလမ်းနေသော ကြေးခေါင်းပျို ချန်ဝမ်လန်အဖို့ ကြေကွဲဖွယ်ရာ တစ်သိမ်းရမည်လားဟု တွေးပူနေမိကြသည်။

* * *

ရွာမြောက်ဘက် မြေကွက်လပ်ရှိ အဆောက်အအုံပစ္စည်းများ မီးလောင်ပြာကျသွားပြီးသည့် နောက်တစ်နေ့နံနက်အချိန်တွင် ဖြစ်သည်။



ခေါင်းညီအစ်မသုံးဖော်တို့ တည်းခိုနေထိုင်ရာ အခန်းထဲတွင် ရွှေခေါင်းပျိုနှင့် ငွေခေါင်းပျိုတို့နှစ်ယောက် စကားပြောဆိုနေကြသည်။ ထိုအချိန်တွင် ကြေးခေါင်းပျိုမှာ အပြင်သို့ ထွက်နေသောကြောင့် အခန်းထဲတွင်မရှိပေ။

"တို့တစ်တွေ စိတ်တိုင်းကျပြည့်စုံရွာကို လာခဲ့ကြတာဟာ ပွဲကြီးပွဲကောင်းကို ကြည့်ကြဖို့ပဲဖြစ်တယ်၊ အခုတော့ မင်းတို့ နှစ်ယောက် အငြိမ်မနေနိုင်တာကြောင့် တို့တစ်တွေဟာ ပွဲကြည့်ရုံ မဟုတ်တော့ပဲ စင်ပေါ်ကို တက်နေကြပြီလေ"

ရွှေခေါင်းပျိုက ပြောသည်။

"စင်ပေါ်ကို တက်မိပေမဲ့ ကျွန်မတို့ပါတဲ့အခန်းက တစ်ခန်း နှစ်ခန်းလောက်ပါ၊ တစ်ဇာတ်လုံး မဟုတ်ပါဘူး၊ ကိုယ့်အခန်းပြီးတာနဲ့ ပြန်ဆင်းလာခဲ့ပေါ့"

ငွေခေါင်းပျိုက ပြောသည်။

"မင်းက ခပ်ပေါ့ပေါ့ ပြောမနေနဲ့၊ ပြည့်စုံစားသောက်ဆိုင်က ပိုင်ထင်တိန်းဟာ လွယ်လွယ်အ မဟုတ်ဘူး၊ ဝမ်စန်းတောင်မှတ်ဆိတ်ကြီး ရှန်ဗမ်ကျုံးနဲ့ မိုးတစ္ဆေမယ် လန်ယောင်ယောက်တို့နဲ့ ပတ်သက်တဲ့ကိစ္စကို ပိုင်ထင်တိန်းက မေ့ထားမယ်မှတ်နေလား"

"ကျွန်မက ဒီလိုသဘောမျိုးပြောတာ မဟုတ်ပါဘူး"

"ဒါဆိုရင် မင်းက ဘာကြောင့် ခပ်ပေါ့ပေါ့နဲ့ ပျော်မြူးနေရတာလဲ"

"စိတ်ပျက်လက်ပျက် ဖြစ်နေလို့ကော ပြဿနာတွေက ရှင်းသွားမှာမှ မဟုတ်တာ၊ ကျွန်မကတော့ ဘေးအန္တရာယ် ပေါ်လာရင်လည်း ပျော်ပျော်ရွှင်ရွှင်နဲ့ပဲ ရင်ဆိုင်ချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ရွှေဒေါင်းပျို၏ စိုးရိမ်ပူပန်မှုမှာ အလကားသက်သက် မဟုတ်ကြောင်းကို ချန်လီလီ သိသည်။

သူတို့ ညီအစ်မသုံးဖော်သည် ဖုန့်ယန်ရဲတိုက်နှင့် ဆက်ဆံမှုများရှိသောကြောင့် နန်းမိဖာန်ဂိုဏ်းအကြောင်းကို အတော်အသင့် သိထားကြသည်။ ဖုန့်ယန်ရဲတိုက်နှင့် ပြည့်စုံစားသောက်ဆိုင်တို့သည် နန်းဗိမာန်ဂိုဏ်း၏ ဂိုဏ်းခွဲနေရာများလို ဖြစ်နေကြသည်ကိုလည်း ရိပ်မိကြသည်။

စိတ်တိုင်းကျပြည့်စုံရွာ၏ မြောက်ဘက်မြေကွက်လပ်တွင် ဆောက်လုပ်နေသော အဆောက်အအုံမှာ နန်းဗိမာန်ဂိုဏ်း၏ ဌာနချုပ် ဖြစ်နိုင်ကြောင်းကိုလည်း ချန်လီလီတို့က တွက်ဆမိကြသည်။ ယခု မိမိတို့၏ လုပ်ဆောင်မှုသည် နန်းဗိမာန်ဂိုဏ်းကို အတိအလင်း စိန်ခေါ်သလိုဖြစ်ကြောင်းလည်း နားလည်သည်။

"အန္တရာယ် ပေါ်လာမှာကိုတော့ စိုးရိမ်မနေနဲ့၊ အရှင်းဆုံးပြောရရင် တို့ညီအစ်မသုံးဖော်ဟာ သေလူလို ဖြစ်နေကြပြီ သေရမဲ့အချိန်ကို စောင့်နေဖို့ပဲ လိုတော့တယ်"

ချန်မေယောင်က ပြောသည်။

"အင်း ... ညီမငယ် ဝမ်လန်အတွက်ကြောင့် တို့တစ်တွေ ဒီမှာဆက်နေကြရတာပဲ၊ မင်းညီမကို မင်း အကဲခတ်မကြည့်ဘူးလား၊ အချစ်ရူး ရူးနေလိုက်တာ အန္တရာယ်ကိုလည်း မမှုမဲ့မရှိဘူး။ ဒီရွာက ထွက်သွားဖို့လည်း စိတ်ကူးမှာမဟုတ်ဘူး"

"အင်း ... ဒီလိုဆိုတော့ ဘာများတတ်နိုင်မှာလဲ မမရယ်"

"ဘာပဲဖြစ်ဖြစ်လေ ဝမ်လန်ကို စိတ်ပြောင်းလာအောင်တော့ အတတ်နိုင်ဆုံး ဖျောင်းဖျပြောဆိုရမှာပဲ"



"မမက ဘယ်လိုဖျောင်းဖျမှာလဲ"

"ထန်ဟန်ဟာ မေတ္တာများတဲ့လူ ဖြစ်တယ်၊ ဟိုမိန်းကလေးနဲ့ ရှုပ်လိုက်၊ ဒီမိန်းကလေးနဲ့ရှုပ်လိုက် လုပ်နေတယ်၊ ဘာညာဆိုပြီး ပြောလိုက်မှာပေါ့"

"ဒီလိုဖျောင်းဖျလို့ ရမယ်မထင်ဘူး"

"ဘာကြောင့်လဲ"

"မမထက်အလျှင် ကျွန်မက ဖျောင်းဖျပြောဆိုပြီးပြီ"

"မင်းက ဖျောင်းဖျတော့ ဝမ်လန်က ဘာပြန်ပြောလဲ"

"ဘာပဲဖြစ်နေနေ သူကတော့ ထန်ဟန်ကို ချစ်ခင်နေမှာပါပဲတဲ့"

ရွှေဒေါင်းပျို ချန်မေယောင်အဖို့ သက်ပြင်းချရုံမှလွဲ၍ ဘာမျှ မတတ်နိုင်တော့ပေ။

* * *

ရွှေဒေါင်းပျိုနှင့် ငွေဒေါင်းပျိုတို့ အချီအချ စကားပြောဆိုနေကြသည့် အချိန်မှာပင် ပြည့်စုံစားသောက်ဆိုင်၏ လျှို့ဝှက်ခန်းတစ်ခုထဲတွင် ပိုင်ထင်တိန်းနှင့် ကြယ်တံခွန်စေတမန်ရှုစ်ဖြစ်သော ရှင်မိန်ယန်တို့သည် မျက်နှာချင်းဆိုင်ထိုင်ကာ စကားပြောနေကြသည်။

ပိုင်ထင်တိန်းက သက်ပြင်းတစ်ချက် ချလိုက်ကာ

"နန်းဗိမာန် ဆောက်လုပ်ဖို့အတွက် ငွေကြေးက ဒီလောက်ပြဿနာ မဟုတ်ပါဘူး၊ ကျုပ် ရှာဖွေပြည့်ဆည်းပေးနိုင်ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com

ကျုပ်တို့ရဲ့ လျှို့ဝှက်ချက်တွေ ပေါ်ပေါက်ကုန်တာက သိပ်ဆိုးတယ် ကျုပ်တို့အဖို့ ရှေ့လျှောက်လှုပ်ရှားရမှာ သိပ်ခက်နေပြီ"

"ကျွန်တော် ဒီကိုရောက်လာစက အမှတ်ကြီးကို ပြောခဲ့သားပဲ မဟုတ်လား၊ ကျွန်တော့်အကြောင်းသာ မပေါက်ကြားရင် ထန်ဟာန်နဲ့ ကျွန်းထင်ကျင့်ကို ကျွန်တော် တာဝန်ယူ ဖြေရှင်းနိုင်ပါတယ်၊ အခုတော့ ကိုယ်ရံတော်ကြီး ဟူယီထုတို့က စိတ်လောကြီးပြီး လုပ်လိုက်ကြတာ လျှို့ဝှက်ချက်တွေသာ ပေါက်ကြားကုန်တယ် ဘာအကျိုးမှ မရလိုက်ဘူး၊ အကျိုးမရတဲ့အပြင် ကိုယ့်ဘက်ကတောင် အများကြီး နစ်နာဆုံးရှုံးကုန်ရတယ်၊ ကောရာစ်မင်းကို ဘယ်လိုရှင်းပြရမယ် ဆိုတာကိုတောင် မစဉ်းစားတတ်တော့ဘူး"

"အင်း ... မိုးကုပ်စက်ဝိုင်းသန့်စင် အတွင်းအားသိုင်း တတ်မြောက်ထားတဲ့ သိုင်းသမားတစ်ယောက်ယောက် ရှိနေနိုင်တယ်ဆိုတဲ့အစွဲကို မပျောက်နိုင်တာဟာ ကြီးမားတဲ့ပျော့ကွက်တစ်ခု ဖြစ်နေတယ်၊ ပြီးတော့ ဒီသိုင်းပညာ တတ်ထားတဲ့လူကို လိုက်ရှာနေတာကလည်း အမှားပဲ"

"ဒီလိုလိုက်မရှာရင် ဘယ်လိုလုပ်သင့်သလဲ"

"ကိုယ်က လိုက်မရှာပဲ သူ့ကို ကိုယ့်ဆီ လာစေတာက ပိုကောင်းတာပေါ့"

"ခင်ဗျား ဆိုလိုတာက မိုးကုပ်စက်ဝိုင်းသန့်စင် အတွင်းအားသိုင်း တတ်မြောက်ထားတဲ့ လူကိုယ်တိုင်က ကောရာစ်မင်းကို လာရှာတာကို ဆိုလိုတာလား"

"မှန်တယ်"



"ဘာကြောင့်လို့ စောင့်ကြည့်နေမယ် အဲဒီလူ ပေါ်မလာဘူး ဆိုရင်ကော"

"ဒီလိုဆိုရင် အဖြေနှစ်ခုပဲ ရှိတော့တယ်"

"ပြောစမ်းပါဦး"

"တစ်ခုက မိုးကုပ်စက်ဝိုင်းသန့်စင် အတွင်းအားသိုင်းကို အမွေဆက်ခံ သင်ယူထားတဲ့လူ မရှိတော့ဘူးဆိုတာပဲ"

"နောက်တစ်ခုကကော"

"မိုးကုပ်စက်ဝိုင်းသန့်စင် အတွင်းအားသိုင်းကို အမွေဆက်ခံ တတ်မြောက်ထားတဲ့ အဲဒီလူအနေနဲ့ ဒီသိုင်းပညာကိုသုံးပြီး နန်းဗိမာန်ဂိုဏ်းချုပ် ကောရာစ်မင်းကို ချေမှုန်းတိုက်ခိုက်နိုင်တယ်ဆိုတာကို မသိလို့ဖြစ်လိမ့်မယ်"

"အမတ်ကြီးပြောတာ သဘာဝကျပါတယ်"

"ကျုပ် သဘောကတော့ မိုးကုပ်စက်ဝိုင်းသန့်စင် အတွင်းအားသိုင်း တတ်မြောက်ထားတဲ့လူ တစ်ယောက်တစ်လေ ရှိနေတာလောက်ကို အရေးလုပ်စရာ မလိုဘူးထင်တယ်၊ နန်းဗိမာန်ဂိုဏ်းကို အခြေတကျထူထောင်ပြီး အင်အား စုစုစည်းစည်းရှိနေရင် ဒီလူမျိုးကို ဘာမှစရာလိုတော့မှာလဲ၊ ဒါကြောင့် ဒီလူကို အရေးတကြီး လိုက်လံစုံစမ်းရှာဖွေနေတာထက် နန်းဗိမာန်ဂိုဏ်းကို အတိအလင်း အခြေချထူထောင်ဖို့က ပိုအရေးကြီးတယ်"

ရင်မိန်ယန်သည် မိုင်စောင်တိန်း၏ ဉာဏ်သွားပုံကို ကျိတ်ကာ ချီးမွမ်းမိသည်။

"အခုလက်ရှိအခြေအနေအပေါ် အမတ်ကြီးက ဘယ်လိုများ မြင်ပါသလဲ"

www.burmeseclassic.com

www.burmeseclassic.com



ရှင်မိန်ယန်က မေးလိုက်ပြန်သည်။

"ကျုပ်တို့ဘက်က အများကြီး ဆုံးရှုံးခဲ့ရပေမဲ့ မိုးကုပ်စက်ဝိုင်းသန့်စင် အတွင်းအားသိုင်း တတ်မြောက်ထားတဲ့လူကို မရှာဖွေနိုင်သေးဘူး၊ ထန်ဟာန်၊ ကျန်းထင်ကျင့်၊ စွန်းလူ့ယီ၊ အိုက်တာရှင်း ကောင်းလင်ဖုန်းတို့ဒါ့အပြင် ကျားသစ်ပျံ အိုးယန်ကျွင်နဲ့ ခေါင်းညီ အစ်မသုံးယောက်တို့ပါ သံသယဖြစ်စရာကောင်း ဝင်လာကြပြီ၊ ဒါတော့ သူတို့နဲ့ အချင်းပွားခဲ့ရတဲ့အပြင် ခုံးမပျံကိုတင်းနဲ့ပါ ရင်ဆိုင်နေရတယ်၊ ဒီလူတွေကို တစ်ခုချင်း တစ်ယောက်ချင်းတော့ အရေး လုပ်စရာ မရှိပါဘူး၊ အားလုံး စုစည်းမိရင်တော့ တကယ့်အန္တရာယ် ဖြစ်လာနိုင်တယ်"

ပိုင်ထင်တိန်း ပြောသည်မှာဟုတ်သည်။ စည်းရုံးခြင်းသည် အင်အားဟုဆိုသည် မဟုတ်ပါလား။

သို့ရာတွင် ဤလူစုသည် နေရာမျိုးစုံမှ ရည်ရွယ်ချက်မျိုးစုံဖြင့် စိတ်တိုင်းကျပြည့်စုံရှာသို့ ရောက်လာကြခြင်း ဖြစ်သည်။ သူတို့အကြားတွင် ရင်းနှီးမှုလည်း မရှိလှပေ။ ကောင်းလင်ဖုန်းနှင့် ချန်လီလီတို့အကြားတွင် အကြိတ်အခဲများပင် ရှိနေသည်။ ထို့ကြောင့် ညီညွတ်စွာ စုစည်းပေါင်းစပ်မိရန် သိပ်တော့မလွယ်ဟု ရှင်မိန်ယန် ထင်မိသည်။

"ဘာပဲဖြစ်ဖြစ် သည်လူစုကို မပေါင်းစည်းမိအောင် အတတ်နိုင်ဆုံး လုပ်ဆောင်ထားရမယ်၊ အဓိက ခြားဦးဖြစ်နေတဲ့ မိုး... ထန်ဟာန်ကို အလျင်ဆုံး ရှင်းပစ်ရမယ်"

ပိုင်ထင်တိန်းက အေးစက်သောလေသံနှင့် ပြောလိုက်သည်။

* * *



ပိုင်ထင်တိန်းနှင့် ရှင်မိန်ယန်တို့ စကားပြောဆိုနေကြသည့် အချိန်မှာပင် ထန်ဟာန်နှင့် အိုးယန်ကျွင့်တို့သည် အဘိုးကြီးကျောက်၏ ခေါင်းမြီးလှုပ် ရောင်းချသောဆိုင်၏ အနောက်ဘက်မှ အိပ်ခန်းတစ်ခုထဲတွင် စိုးရိမ်ကြောင့်ကြနေသော အမူအရာများဖြင့် ထိုင်နေကြသည်။

ထိုအခန်းထဲတွင် သူတို့နှစ်ယောက်တည်း မဟုတ်ပေ။

ကျန်းထင်ကျင့်နှင့် ရိုပ်ရှင်ကူတို့လည်း ရှိကြသည်။

မှုယီစုတို့လူစု ပြေးထွက်သွားကြပြီးနောက် ထန်ဟာန်နှင့် အိုးယန်ကျွင့်တို့သည်လည်း ဒဏ်ရာပြင်းပြင်းထန်ထန် ရထားသော ကျန်းထင်ကျင့်ကို ဤအိပ်ခန်းသို့ ခေါ်ဆောင်လာခဲ့ကြသည်။

ကျန်းထင်ကျင့် ရထားခဲ့သော အတွင်းဒဏ်သည် အတော်ပင် ပြင်းထန်သည့်အတွက် ထန်ဟာန် တိုက်ကျွေးခဲ့သော ဒဏ်ကြေအားတိုးဆေးက သက်သာအောင် မလုပ်နိုင်ခဲ့ပေ။

ကျန်းထင်ကျင့်မှာ သတိပင်မရတော့ပဲ မေ့မြောနေခဲ့လေသည်။

ရိုပ်ရှင်ကူသည် လီပေါက်၏ နေအိမ်တွင် ဆက်လက်ပုန်းအောင်းမနေတော့ပဲ အဘိုးကြီးကျောက်၏ ဤအိပ်ခန်းတွင် လာရောက်နားခိုနေသည်ဖြစ်ရာ ကျန်းထင်ကျင့် ရောက်လာသည်ကို မြင်ရသည့်တွင် ပျာပျာသလဲပင် ခုတင်ပေါ်တွင် သက်သောင့်သက်သာ ဖြစ်စေရန် ပြုပြင်ပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာတွင် ကျန်းထင်ကျင့်၏ မှိတ်နေသောမျက်လုံးတစ်ချက်ပွင့်လာသည်။ ခုတင်ဘေးနားတွင် မျက်ရည်အဝဲသားနှင့်ထိုင်နေသော ရိပ်ရင်ကူကို တွေ့ရသောအခါတွင် ကျန်းထင်ကျင့်၏ ဖြူဖပ်ဖြူရော် ဖြစ်နေသောမျက်နှာသည် သွေးရောင်အနည်းငယ်လျှမ်းလာသည်။

ရိပ်ရင်ကူကို တွေ့လိုက်ရသည့်အတွက် ကျန်းထင်ကျင့်မှာ အတော်ပင် အားတက်သွားသည်မှာ သံသယဖြစ်စရာ မလိုပေ။

ထန်ဟန်နှင့် အိုးယန်ကျွင့်တို့သည် တစ်ယောက်ကို တစ်ယောက်ကြည့်ကာ အိပ်ခန်းအပြင်ဘက်သို့ အသာအယာပင် ထွက်လာခဲ့ကြသည်။

ယနေ့သည် တိမ်ထူထပ်သောနေ့ ဖြစ်သည်။ ကောင်းကင်တွင် တိမ်တောင်တိမ်ယိပ်များ ဖုံးအုပ်နေရာ နေရောင်ပင် ကောင်းစွာ မလင်းနိုင်ပေ။

ထန်ဟန်နှင့် အိုးယန်ကျွင့်တို့ နှစ်ယောက်၏ ရင်ထဲတွင်လည်း ခဲခဲ့ထားသလို လေးလံနေသည်။

ကျန်းထင်ကျင့်၏ ဒဏ်ရာအခြေအနေမှာ အတော်ပင်ဆိုးသည်ကို သူတို့ သိကြသည်။ ရိပ်ရင်ကူကို တွေ့ရ၍ ကျန်းထင်ကျင့် အားတက်သွားသည်မှာ မှန်သော်လည်း ထိုသို့အားတက်မှုက ဒဏ်ရာကို ထုံးဝပျောက်ကင်းအောင်ကား မစွမ်းဆောင်နိုင်ပေ။

အစွမ်းထက်သော သမားတော် တစ်ယောက်ယောက်ကို ရှာဖွေကုသစေမှသာ ဖြစ်ပေတော့မည်။

"ကောင်းလင်ဖုန်းက သေသူရှင်စေ သမားတော်ကြီးကို တွေ့အောင် ရှာပေးနိုင်ပါ့မလား မသိဘူး"



အိုးယန်ကျွင့်က စိတ်ပျက်စွာ ရေရွတ်လိုက်သည်။

ထန်ဟန်သည် ကျန်းထင်ကျင့်ကို ဤအိမ်ခန်းသို့ ခေါ်လာပြီးနောက် သေသူရှင်စေ သမားတော်ကြီး ချင်ကျီဖုကို သွားရောက်ရှာဖွေရန် ကောင်းလင်ဖုန်းအား တာဝန်ပေး စေလွှတ်ခဲ့သည်။ အိုးရန်ကျွင့်က ယင်းအချက်ကို ရည်ရွယ်ကာ ပြောလိုက်ခြင်းဖြစ်သည်။

"မိုးစပ်စု ကောင်းလင်ဖုန်းဟာ နာမည်နဲ့လိုက်အောင် စပ်စပ်စုစု လုပ်တတ်ပါတယ်၊ ချင်ကျီဖုသာ ဒီရွာထဲမှာ ရှိနေသေးရင် ရရအောင် လိုက်ရှာနိုင်ပါလိမ့်မယ်၊ ဒီအချိန်တစ်ခုပဲ စိုးရိမ်စရာရှိတယ်၊ ချင်ကျီဖုကို စုံစမ်းလို့မရသေးခင် ကျန်းထင်ကျင့်ရဲ့ အခြေအနေ ဆိုးမလာပါစေနဲ့လို့ ဆုတောင်းရမယ်"

"မင်းကို မေးမလို့ မေ့နေလိုက်တာ၊ ညက ဟိုလူတွေရဲ့ ခန်းက မှုန်စည်းတွေကို မီးတင်ရှို့ဖို့ ဘယ်သူ့ကို ခိုင်းလိုက်တာလဲ"

ဤအမေးစကားကို ကြားရသောအခါ ကြောင်အမ်းအမ်းဖြစ်သွားပြီး ...

"ဟင် ... အဲဒီမီးကို အဘရှို့ခဲ့တာ မဟုတ်လား"

"မဟုတ်ပါဘူး၊ ကျုပ်က မီးလောင်နေတာကို လှမ်းသတိပြုမိခဲ့တာပါ"

ထိုအချိန်မှာပင် သူတို့ရှေ့သို့ လူတစ်ယောက် လစ်ခနဲပြေးလာ ရောက်ရှိလာသည်။ ထိုသူမှာ ကောင်းလင်ဖုန်းပင် ဖြစ်သည်။

"ဘယ်လိုလဲ ရှာလို့တွေ့ပြီးပြီလား"

ထန်ဟန်က ဆီး၍မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းလင်ဖုန်းက ခေါင်းညိတ်ပြကာ ...

"တွေ့ပါပြီ"

"ဘယ်မှာလဲ"

"ပြည့်စုံစားသောက်ဆိုင်မှာ"

ထန်မာန်သည် ကောင်းလင့်ဖုန်း၏ အဝတ်အစားများက စုတ်ပြတ်ကာ မြေကြီးများ၊ ဖုန်မှုန့်များ ပေကျံနေသည်ကို သတိပြုမိသည်။ ထို့ပြင် တံတောင်ဆစ်၊ ဒူးခေါင်း စသည်တို့တွင်လည်း မှန်းပွဲနေသည်ကို မြင်ရသည်။

ဤသို့ မြင်လိုက်ရသည်နှင့် ကောင်းလင်ဖုန်း မည်သို့မည်ပုံ လုပ်ဆောင်ခဲ့သည်ကိုလည်း တွေးမိလိုက်သည်။

"ခင်ဗျားက ပြည့်စုံစားသောက်ဆိုင်ထဲ ဝင်တဲ့နေရာမှာ ဝင်းခြံကို ခုန်ကျော်မသွားဘဲ မြေကြီးအောက်က တွင်းတူးပြီး ဝင်သွားတာကိုး ..."

ထန်ဟန်က မေးသည်။

"မှန်ပါတယ်၊ သိစ်ကိုလျှို့ဝှက်ပြီး အစောင့်အကြပ်ရှိတဲ့ နေရာမျိုးကိုဝင်ချင်ရင် ဒီနည်းဟာ အသင့်လျော်ဆုံးပဲ"

အဆင့်မြင့်သိုင်းသမား အများစုသည် ကိုယ်ဖော့ပညာလည်း ကောင်းကြသူများ ဖြစ်ကြရာ တစ်နေရာရာကိုသွားလျှင် ခုန်ပျံကျော်လွှားကာ သွားရောက်ကြသည်က များသည်၊ ထို့ကြောင့် အစောင့်သိုင်းသမားများသည် ခေါင်မိုးပေါ်နှင့် ခုန်ကျော်ဝင်ရောက်နိုင်မည့် နေရာများကိုသာ အထူးဂရုပြုကာ စောင့်ကြည့်နေတတ်ကြသည်။

မြေအောက်မှ ကျင်းတူးကာ ဝင်ရောက်ခြင်းသည် အရိုးရှင်းဆုံးနှင့် အထိရောက်ဆုံးသော ထိုးဖောက်ဝင်ရောက်နည်း ဖြစ်သည်။



"သမားတော်ကြီးကို ဘယ်နေရာမှာ ရှာတွေ့တာလဲ"

"စာကြည့်ခန်းလေး တစ်ခုထဲမှာဗျ"

"ခင်ဗျား ရောက်သွားတော့ သမားတော်ကြီးက ဘာလုပ်နေသလဲ"

"ဆေးကျိုနေတယ်"

"ဆေးကျိုနေတာယ် ဟုတ်လား၊ ဂမိုင်ထင်တိန်း နေထိုင်မကောင်း ဖြစ်နေလို့လား"

"လူအတော်များများဟာ နေထိုင်မကောင်းဖြစ်မှ ဆေးဝါးမှီဝဲကြတာ မဟုတ်ပါဘူး"

"ဪ ... အားရှိအောင် အားဆေး ကျိုပေးနေရတာလား"

"ဟုတ်တယ် ယောကျ်ားတစ်ယောက်ရဲ့ အားမာန်ကို ထက်မြက်စေတဲ့ အားဆေးပဲ"

ကောင်းလင်ဖုန်းပြောသည့် စကားသည် နောက်ပြောင်ပြောခြင်း မဟုတ်ပေ။

"အခု ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ"

ထန်ဟန်က အိုးယန်ကျွင့်ကို ကြည့်ပြီးမေးသည်။

"သမားတော်ကြီး ရှိနေတဲ့နေရာကို အရောက်သွားနိုင်မယ့် မြေပုံကိုသာ ဆွဲပေးနိုင်ပါ၊ ညကျတော့ မင်းနဲ့ငါသွားပြီး သမားတော်ကြီးကို ကယ်ထုတ်ကြတာပေါ့"

အိုးယန်ကျွင့်က ပြန်ပြောသည်။

ညနေစောင်း အချိန်ရောက်မှ ကြေးခေါင်းဖျို ချန့်ဝမ်လန်သည် အစ်မနှစ်ယောက်ရှိရာ စည်းခိုခန်းသို့ ပြန်ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်ဝမ်လန်သည် ထင်းခုတ်သမား တစ်ယောက်အသွင် အယောင်ဆောင်ထားသည်။ ဖါဝင်းသော အသားကိုလည်း အနုပ်ကြမ်းသမား တစ်ယောက်၏ နေလောင်နေသော အသားရောင်နှင့်တူအောင် ရုပ်ဖျက်ဆေးများဖြင့် ပြုပြင်ထားလေသည်။

"ဘယ်လိုလဲ ထန်ဟန်က တစ်နေ့ကုန် လျှောက်သွားနေတာကို နောက်ကနေ ထပ်ကြပ်ကြောက် လိုက်ခဲ့ရလို့ ပင်ပန်းနေပြီလား"

ရွှေခေါင်းပုန္နိ ချန်မေယောင်က ညီမငယ်ကို မေးသည်။

"ဟင့်အင်း ... သူ ဒီနေ့ ဘယ်ကိုမှမသွားပါဘူး"

"ဒါနဲ့များ မင်းက ဘာကြောင့်ဒီလောက် စိတ်ပင်ပန်း လူပင်ပန်း ဖြစ်လာရတာလဲ"

"တစ်နေ့ကုန် လှုပ်ရှားသွားလာနေရတာ ဘာမှပင်ပန်းစရာ မရှိပါဘူး၊ ဒါပေမဲ့ တစ်နေ့ကုန် ဘာမှမလုပ်ရဘဲ ငြိမ်ထိုင်နေခဲ့ရတာကတော့ တကယ့်ကို ပင်ပန်းတာပဲ၊ ဒါကို မမကြီး နားလည်နိုင်ပါလိမ့်မယ်"

"ထန်ဟန်က ဘယ်မှမသွားဘဲ ဘာလုပ်နေတာလဲ"

"အရက် ထိုင်သောက်နေတယ်လေ"

"ဘာကိစ္စကြောင့် ဒီလို အရက်ပဲ ထိုင်သောက်နေတာလဲ"

"သူက မိုးချုပ်တဲ့အထိ အချိန်ကိုစောင့်နေတာပါ"

"မိုးချုပ်ရင် သူက ဘာလုပ်မှာမို့လဲ"

"လူတစ်ယောက်ကို သွားကယ်ထုတ်လိမ့်မယ်"

"ဘယ်သူ့ကိုလဲ"

"သေသူရှင်စေ သမားတော်ကြီး ချင်ကျိဟို"



"ချင်ကျိဟိုဆိုတာ တစ်ကိုယ်တည်းနေတတ်တယ်၊ သူများနဲ့လည်း အပေါင်းအသင်း မလုပ်ဘူး၊ ထန်ဟန်က ဘာကြောင့် ဒီအဘိုးကြီးကို ဂရုစိုက်နေရတာလဲ"

"ကျုန်းထင်ကျင့် အတွက်ကြောင့်ပဲ"

"ကျုန်းထင်ကျင့် ဒဏ်ရာက သိပ်ပြင်းထန်နေလို့လား"

"ဟုတ်တယ် ချင်ကျိဟိုကိုသာ ကယ်မထုတ်နိုင်ရင် သုံးရက်တောင် ခံတော့မယ်မထင်ဘူး"

"ပြည့်စုံစားသောက်ဆိုင်မှာ အဆင့်မြင့် သိုင်းသမားတွေ အများကြီးရှိတယ်၊ လှို့ဝှက်ထောင်ချောက်တွေကလည်း မနည်းဘူး၊ ထန်ဟန်က ဒါတွေကို ထည့်စဉ်းစားမိရဲ့လား"

"သူ့လို လူတစ်ယောက်ဟာ စိတ်ဆုံးဖြတ်ပြီးရင် ဘာအခက်အခဲပဲတွေ့တွေ့ နောက်ဆုတ်မှာ မဟုတ်ဘူး"

"မင်းက ထန်ဟန်နဲ့ စကားပြောခဲ့ရသလား"

"ဟင့်အင်း ... မပြောခဲ့ရဘူး"

"ထန်ဟန်နဲ့ စကားမပြောခဲ့ဘဲ သူတို့ရဲ့ အကြံအစည်တွေကို မင်းက ဘယ်လိုလုပ် သိတာလဲ"

"အိမ်ခေါင်မိုးက ချောင်းပြီးနားထောင်တာပေါ့"

"မင်းရဲ့ ကိုယ်ဖော့ပညာက တယ်ကောင်းတာပဲကိုး၊ ထန်ဟန်လို လူတစ်ယောက် မရိပ်မိအောင်ထောင် ချောင်းနားထောင်နိုင်တယ်"

"ကျွန်မလို ပါမွှားမဆိုထားပါနဲ့ ဟူယီထုတို့လို ထိပ်သီးသိုင်းသမားတွေတောင်မှ ထန်ဟန်အနားကို မသိအောင် ကပ်နိုင်ဘူး၊ သူက ကျွန်မရှိနေမှန်း သိပါတယ်၊ ဒါပေမဲ့ ဘယ်လိုမှ

www.burmeseclassic.com

www.burmeseclassic.com



မပြောဘူး၊ အသာပဲ မသိချင်ယောင်ဆောင်ပြီး နေနေတယ်၊ ဒါပေ
ကျွန်မကို ငဲ့ညှာတဲ့သဘောပေါ့"

ငွေဆေါင်းပုံ ချန်လီလီက အသာရယ်မောလိုက်ပြီး ...

"ဟွန့် ... အချစ်ရူးမ"

ချန်ဝမ်လန်က ချန်လီလီကို မျက်စောင်းတစ်ချက်ထိုးလိုက်
ပြီး ...

"မမလတ်ကော ဘာဖြစ်သွားလို့လဲ"

"အလိုတော် ငါကဘာဖြစ်နေလို့လဲ"

"မမလတ်က စကားပြောရင် အိုက်တင်ရင့် အကြောင်
မပါရင် မပြီးဘူး၊ မမလတ်နဲ့ ဘာဆိုင်လို့ သူ့အကြောင်းတ
ခဏခဏ ပြောနေတာလဲ၊ ဟိုတလောက နတ်နန်းဆောင် တည်း
ခန်းရှေ့မှာ အိုက်တင်ရင့်က အမှတ်တမဲ့ တစ်ချက်လှမ်းကြည့်သွား
တာနဲ့ မမလတ်မှာ ကြည်နူးဝမ်းသာနေလိုက်တာ ရူးမတတ်ဘဲ၊ ဒါ
ကော အချစ်ရူးလို့မခေါ်ဘဲ ဘယ်လိုခေါ်ရမှာလဲ"

"တယ် ... ဒီကောင်မလေး ဘာတွေ လျှောက်ပြော
တာလဲ၊ တော်တော့ ဆက်ပြောရင် ဆိမ်ထုစ်ရမယ်"

"တော်ပါပြီတဲ့ရင် တော်ပါပြီတဲ့၊ ကျွန်မလည်း မမလတ်
လူကြီးအကြောင်း မပြောချင်တော့ပါဘူး"

* * *



## အခန်း(၅)

လမိုက်ည မဟုတ်သော်လည်း လက မထွက်သေးသည့်
အပြင် ကောင်းကင်တွင် တိမ်ထုထပ်စွာ ဖုံးအုပ်နေသောကြောင့်
ကြယ်ရောင်လည်း မလက်နိုင်ဘဲ ညသည် မှောင်မည်းရှိနေသည်။

ဤလို အချိန်အခါမျိုးသည် ခိုးဝှက်တိုက်ခိုက်ရန်နှင့်
ချောင်းမြောင်းလုပ်ကြံရန်အတွက် အလွန်ကောင်းသော အချိန်အခါ
ဖြစ်သည်။

ပြည့်စုံစားသောက်ဆိုင်၏ ဝင်းခြံအနီးသို့ လူသုံးယောက်
ချဉ်းကပ်လာကြသည်။ ထိုလူသုံးယောက်သည် ထန့်ဟန်၊ အိုးယန်
ကျွင့်နှင့် ကောင်းလင်ဖုန်းတို့ပင် ဖြစ်ကြသည်။

လူတစ်ယောက်ကို ကယ်ထုတ်ပြီး အခြားလူနှစ်ယောက်၏
အသက်အန္တရာယ်ကို ကာကွယ်ကယ်တင်ပေးရန် ဖြစ်သည်။

လူတစ်ယောက်ကို ကယ်ထုတ်ရန်မှာ တစ်ခါတစ်ရံတွင်
ခက်ခဲပေသည်။

အထူးသဖြင့် ပြည့်စုံစားသောက်ဆိုင်လို နေရာမျိုးတွင်ရှိ
နေသည့် ဆေးသမားရှင်စေ သမားတော်ကြီး ချင်ကျိုဟိုကို ကယ်ထုတ်
ရန်မှာ ပိုမိုခက်ခဲပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထုံချိမေးနှင့် လီပေါက်တို့ကို ဘုံကျောင်း မြေအောက်ခန်းထဲမှ ကယ်ထုတ်နိုင်ခဲ့ပြီး ဖြစ်သော်လည်း နှစ်ယောက်လုံး ဒဏ်ရာကိုယ်စီ ရထားကြသည်။

လီပေါက်၏ ဓားဒဏ်ရာမှာ မပြင်းထန်သော်လည်း ထုံချိမေးမှာမူ အခြေအနေ အတော်ဆိုးသည်။ ထို့ပြင် ကျန်းထင်ကျင့်မှာလည်း အပြင်းအထန် ဒဏ်ရာရထားပြန်သည်။

ထုံချိမေးနှင့် ကျန်းထင်ကျင့်တို့ နှစ်ယောက်ကို အချိန်မီပြု ကုသနိုင်ရေးအတွက် ချင်ကျိဟိုကို အရကယ်ထုတ် ပေးရပေမည်။

ကောင်းလင့်ဖုန်း ပြုလုပ်ခဲ့သော မြေအောက်ဥမင်လမ်းအတိုင်း ထန်ဟာန်တို့သည် ပြည့်စုံစားသောက်ဆိုင် ပရဝဏ်ထဲသို့ ဝင်ရောက်လာခဲ့ကြသည်။ အထဲသို့ရောက်သည်နှင့် ကြိုတင်စီစဉ် ထားကြသည့်အတိုင်း လှုပ်ရှားလုပ်ဆောင်ကြလေတော့သည်။

* * *

ပြည့်စုံစားသောက်ဆိုင်၏ စားကြည့်ဆောင် အခန်းငယ်တစ်ခုတွင် ဖြစ်သည်။

ဆေးသူရှင်စေ သမားတော်ကြီး ချင်ကျိဟိုသည် ကွပ်မျက် တစ်လုံးပေါ်တွင် အေးဆေးစွာ တစ်ခေါင်းလဲလျောင်းနေလေသည်။

သူ့ဘေးနားတွင် ငယ်ရွယ်ပျိုမျစ်သော မိန်းကလေး နှစ်ယောက်က လိုအပ်သည်များကို ပြုစုပေးနေသည်။

သို့ရာတွင် ယခုအခါတွင်မူ ချင်ကျိဟိုမှာ အပြည့်အဝ မပျော်ရွှင်နိုင်ပဲ အတော်ပင် ကသိကအောက် ဖြစ်နေရသည်။



ထိုသို့ ဖြစ်ရခြင်းမှာ အကြောင်းနှစ်ချက် ရှိသည်။

ပထမအကြောင်းမှာ ချင်ကျိဟိုသည် အလုပ်နှင့်စည်းစိမ်ခံမှုကို စည်းခြားထားသူ ဖြစ်သည်။

အလုပ်လုပ်ရင်း စည်းစိမ်မခံချင်သလို၊ စည်းစိမ်ခံရင်းလည်း အလုပ်မလုပ်လိုပေ။

ချင်ကျိဟိုလဲလျောင်းနေရာ ကွပ်ပျစ်နှင့် မလှမ်းမကမ်းတွင် ဆေးကျိုနေသော မီးဖိုတစ်ခုရှိသည်။

မီးဖိုတွင် မီးခဲများနီရဲနေကာ ဆေးအိုးထဲမှဆေးရည်များ ပွက်ပွက်ဆူလျက် သင်းပျံ့သော ဆေးရနံ့များက ကြိုင်လှိုင်နေသည်။

ဆေးကျိုနေသည့် မီးဖိုဘေးနားတွင် သက်လတ်ပိုင်းအရွယ် အမျိုးသမီးကြီးတစ်ယောက် ရှိသည်။

ထိုအမျိုးသမီးကြီးသည် ချင်ကျိဟို လှမ်းအမိန့်ပေး ညွှန်ကြားသည့်အတိုင်း မီးဖိုတွင် မီးသွေးထပ်ဖြည့်ခြင်း မီးအားကောင်းအောင် ယပ်ခတ်ခြင်း၊ ဆေးအိုးကို မွှေပေးခြင်းများ ပြုနေသည်။

ချင်ကျိဟိုအဖို့ တစ်ဖက်မှ အလုပ်ကလည်းရှိနေ၍ စည်းစိမ်ခံရသည်မှာ နောက်ဆံတင်းလျက်ရှိသည်။

ဒုတိယအကြောင်းမှာ ချင်ကျိဟိုသည် အေးချမ်းသည့်နေရာတွင်သာ စည်းစိမ်ခံစားချင်သည်။

အခန်း၏ တံခါးဝတွင် အစောင့်သိုင်းသမား နှစ်ယောက်ရှိသည်။ ထိုအစောင့်သိုင်းသမား နှစ်ယောက်သည် အခန်းဝတွင် ရပ်ကာ ချင်ကျိဟိုကို အလစ်မပေးပဲ စောင့်ကြည့်နေသည်။

ချင်ကျိဟိုသည် ဆေးပညာ ကျွမ်းကျင်သည့်အပြင် သိုင်းပညာလည်း အတော်အသင့် တတ်မြောက်သည်။ တံခါးဝတွင်

www.burmeseclassic.com

www.burmeseclassic.com



စောင့်နေသည့် အစောင့်သိုင်းသမား နှစ်ယောက်ကို တိုက်ခိုက် အနိုင်ယူနိုင်စွမ်း ရှိသည်။

သို့သော် ထိုသိုင်းသမား နှစ်ယောက်အပြင် အပြင်ဘက် ခန်းတွင် အခြားသိုင်းသမား ဆယ်ဦးခန့် ရှိနေသေးသည်ကို ချင်ကျိုဟို သိသည်။

ထို့ပြင် အနီးပတ်ဝန်းကျင်တွင်လည်း အစောင့်များ ရှိနေ ပေသေးသည်။

ချင်ကျိုဟိုအနေဖြင့် တံခါးဝရှိ အစောင့်သိုင်းသမား နှစ်ယောက်ကို တိုက်ခိုက်အနိုင်ယူရန် မခက်သော်လည်း အပြင်ဘက် ခန်းတွင် ရှိနေသော သိုင်းသမားဆယ်ယောက်နှင့် အနီးဝန်းကျင်ရှိ အစောင့်များကိုမူ တိုက်ခိုက်ကျော်ဖြတ်ရန် မလွယ်ပေ။

ထို့ကြောင့်လည်း သည်နေရာမှ ထွက်ပြေးချင်လျက်နှင့် မပြေးနိုင်ပဲ အလွန်ပင် စိတ်ကျဉ်းကျပ်စွာ ရှိနေရပေတော့သည်။

"ဝှတ် ဝှတ် ဝှတ် ဝှတ် ဝှတ်"

စူးရှသော ခွေးဟောင်သံများ ပေါ်လာသည်။

ခွေးဟောင်သံများသည် အသည်းထိတ်စရာပင်ကောင်း သည်။ ခွေးဆယ်ကောင်ခန့် တစ်နေရာတည်းတွင်ရကာ ဟောင်လိုက်သည့် အသံမျိုးလည်းဖြစ်သည်။

"ဘယ်လိုဖြစ်တာလဲ ပီအော်လို၊ ခွေးဆယ်ကောင်လုံး ဘာကြောင့် ဒီအဆောင်နောက်ဘက်က ဝါးတောကို စုရောက်လာပြီး စူးစူးဝါးဝါး ဟောင်နေကြတာလဲ"

အစောင့်သိုင်းသမား တစ်ယောက်က ကျန်အစောင့်သိုင်း သမားကို မေးသည်။



"ထူးခြားတာ တစ်ခုခုတွေ့လို့ ဖြစ်ပါလိမ့်မယ်၊ ဒါကတော့ ကျုပ်ကိစ္စ မဟုတ်ပါဘူး၊ တခြားလူတွေ သွားကြည့်ကြလိမ့်မယ်၊ ခင်ဗျားနဲ့ကျုပ်ရဲ့ တာဝန်က ဒီတံခါးဝမှာ စောင့်ကြပ်ပေးဖို့ပဲ၊ အခြားနေရာမှာ မိုးကြိုးပဲပစ်ချပစ်ချ၊ မီးပဲလောင်လောင် ကျုပ်တို့နဲ့ မဆိုင်ဘူး"

ပီအော်လိုက သူ့အဖော်ကို ပြောသည်။

ခွေးဟောင်သံများသည် အဝေးဆီသို့ရွေ့သွားကာ ခွေးဟောင် သံများသည် ရွေးသွားသည့်ဘက်သို့ အပြေးလိုက်သွားကြသည့် ခြေသံများလည်း ပေါ်လာသည်။

ခွေးဟောင်သံနှင့် ခြေသံများ အဝေးဆီသို့ရောက်လာ ပျောက်ကွယ်သွားချိန်မှာပင် အခန်းတံခါးဝသို့ လူတစ်ယောက် ရုတ်တရက် ကိုယ်ထင်ပြလိုက်သလို ဘွားခနဲ ရောက်ရှိလာသည်။

"ဟင် … မီးခဲထန်ဟန်"

အစောင့်သိုင်းသမား နှစ်ယောက်သည် ပြိုင်တူပင် အလန့် တကြား အော်လိုက်သည်။

ထန်ဟန်က မထိတရိပြုံးကာ သွက်လက်လှုပ်ရှားပြီး အကြော ပိတ်ပစ်လိုက်ရာ အစောင့်သိုင်းသမားနှစ်ယောက် ပျော့ခွေကာ လဲကျသွားလေတော့၏။

အစောင့်သိုင်းသမား နှစ်ယောက်ကို အကြောပိတ်ပြီးနောက် ထန်ဟန်သည် အခန်းထဲသို့ ပြေးဝင်လာခဲ့သည်။

"ဟော … ထန်ဟန် ရောက်လာပြီကိုး၊ ကျုပ်ကို မင်း လာပြီးကယ်လိမ့်မယ်လို့ ကျုပ်က မျှော်လင့်ပြီးသားပါ"

ချင်ကျိုဟိုက ပြုံးရယ်ကာပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

ထန်ဟာန်သည် ချင်ကျိုဟိုကို ဘာမှမပြောပဲ အမျိုးသမီးကြီးနှင့် မိန်းကလေး နှစ်ယောက်ကို လှမ်းကြည့်ကာ ...

"အစ်မကြီးနဲ့ ညီမငယ်တို့ အလန့်တကြား ဖြစ်ကုန်ကြရတယ် မှတ်တယ်၊ ဒီအတွက် တောင်းပန်ပါတယ်၊ ကျွန်တော့်နာမည် ထန်ဟာန်လို့ ခေါ်တယ်၊ ပြည့်စုံစားသောက်ဆိုင်ရဲ့ ဖောက်သည်တစ်ယောက်ပါ၊ အရေးကြီးတဲ့ ကိစ္စလေးတွေရှိနေလို့ ဟောဒီက သမားတော်ကြီးကို ပင့်ခေါ်သွားတယ်လို့သာ ဆိုင်ရှင်လူတွင်ကျယ် ပိုင်ထင်တိန်းကို ပြောလိုက်ပါ"

ထိုသို့ ပြောပြီးနောက် ထန်ဟာန်သည် ချင်ကျိုဟိုကို လက်ပါတွဲခေါ်ကာ အခန်းအပြင်သို့ ထွက်လာခဲ့သည်။

* * *

ထန်ဟာန်တို့သည် သေသူရှင်စေ သမားတော်ကြီး ချင်ကျိုဟိုကို အောင်မြင်စွာ ကယ်တင်နိုင်ခဲ့သည်။

ပြည့်စုံစားသောက်ဆိုင်မှ ပြန်လာခဲ့ကြသည့်လမ်းတွင် ထန်ဟာန်တို့ သုံးယောက်လုံး ပျော်ရွှင်ဝမ်းသာနေကြသည်။

ကောင်းလင်ဖုန်းမှာမူ ဝမ်းအသာဆုံး ဖြစ်သည်။

ချင်ကျိုဟိုကို ကယ်တင်နိုင်ခဲ့ခြင်းတွင် ကောင်းလင်ဖုန်းသည် အလွန်အရေးပါသော နေရာမှ ဆောင်ရွက်နိုင်ခဲ့သည် မဟုတ်ပါလား။

ကောင်းလင်ဖုန်း၏ စွန့်စားစုံစမ်းမှုကြောင့် ချင်ကျိုဟိုရှိနေသည့်နေရာကို အတိအကျ သိနိုင်ခဲ့သည်။ ကောင်းလင်ဖုန်း



တူးထားသော မြေအောက်ဥမင်ကြောင့် ချင်ကျိုဟိုရှိရာသို့ အခက်အခဲမရှိပဲ ရောက်နိုင်ခဲ့သည်။ ထို့ပြင် ကောင်းလင်ဖုန်းက ခွေးဆောင်သံများ ပြုလုပ်ကာ အစောင့်အများစုကို တစ်ဖက်လှည့် ခေါ်ဆောင်သွားသောကြောင့် ထန်ဟာန်အနေဖြင့် ချင်ကျိုဟိုကို အလွယ်တကူဝင်ရောက်ကယ်ထုတ် လာနိုင်ခဲ့လေသည်။

ကောင်းလင်ဖုန်းက ရှေ့ဆုံးမှသွားနေကာ ထန်ဟာန်က ချင်ကျိုဟိုကို အဖော်ပြုကာ အလယ်မှလိုက်သည်။

ကိုယ်ဖော့ပညာသုံး၍ လာခဲ့ကြရာ အချိန်အနည်းငယ်အတွင်းမှာပင် အဘိုးကြီးကျောက်၏ ခေါင်းပြုလုပ်ရောင်းချသောဆိုင်သို့ ရောက်လာကြသည်။

ကောင်းလင်ဖုန်းသည် အိမ်ခန်းထဲသို့ အလျင်ဆုံး ဝင်သွားလေသည်။

"ကျွန်တော်တို့ ပြန်ရောက်လာကြပြီ၊ မီးအိမ်ထွန်းပါဦး မမရင့်ကျူရဲ့"

အခန်းထဲတွင် မီးခွက်ထွန်းမထားပဲ မည်းမှောင်နေသောကြောင့် ကောင်းလင်ဖုန်းက ပြောလိုက်သည်။

အခန်းထဲတွင် မှောင်မြဲမှောင်နေသည်။

မီးအိမ်လည်း လင်းလက်မလာ။

ပြန်ထူးသံလည်း မကြားရ။

တိတ်ဆိတ်ခြင်းနှင့် မှောင်မည်းခြင်းက ကြောက်မက်ဖွယ်ရာပင်။

"မမရင်ကျူ မမရင်ကျူ"

ကောင်းလင်ဖုန်းက ထပ်မံ အသံပြုလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့မှ ထူးခြားမလာပဲ အိမ်ခန်းထဲတွင် တိတ်ဆိတ်ငြိမ်သက်မြဲ တိတ်ဆိတ်ငြိမ်သက်နေသည်။

အိုးယန်ကျူင့်သည် အခြေအနေမဟန်ကြောင်း အကဲခတ်မိကာ အခန်းထဲသို့ လျှောက်လှမ်းဝင်ရောက်သွားပြီး မီးခတ်ကျောက်ကိုထုတ်ကာ မီးခတ်လျက် မီးအိမ်ကို မီးတွန်းညှိလိုက်လေသည်။

မီးရောင်လင်းလာကာ အခန်းထဲရှိမြင်ကွင်းကို ထင်ရှားစွာ မြင်ကြရလေ၏။

မြင်ကွင်းကတော့ စိုးရိမ်ဖွယ်ရာ ဖြစ်သည်။

* * *

အိမ်ခန်းထဲတွင် ကျန်းထင်ကျင့်နှင့် ရိပ်ရင်ကူတို့ မရှိကြတော့။ သူတို့နှစ်ယောက်မှာ ထူးဆန်းစွာ ပျောက်ကွယ်နေလေသည်။

ကျန်းထင်ကျင့် လဲလျောင်းအိပ်နေခဲ့သည့် ခုတင်ဘေးတွင်မူ မှောက်လျက်သားဖြစ်နေသော လူသေလောင်းတစ်ခု ရှိသည်။

သေဆုံးသူမှာ ကျန်းထင်ကျင့် မဟုတ်။ ရိပ်ရင်ကူလည်း မဟုတ်ပေ။ ဆိုင်ရှင် အဘိုးကြီးကျောက်ဆာ ဖြစ်သည်။

ထန်ဟန်၊ အိုးယန်ကျူင့်၊ ချင်ကျိုဟိုနှင့် ကောင်းလင်ဖုန်းတို့ လေးယောက်မှာ ဘာဆက်လုပ်ရမည်ကို ရုတ်တရက် မစဉ်းစားနိုင်ပဲ ကြောင်အမ်းအမ်းဖြင့် ရပ်နေမိကြသည်။

ထန်ဟန်တို့အဖို့ ချင်ကျိုဟိုကို ကယ်ထုတ်နိုင်ခဲ့သည့်အတွက် ပျော်ရွှင်ဝမ်းသာမှုမှာလည်း ပျောက်ကွယ်ကုန်ကြသည်။

တစ်ဖက်ရန်သူက လက်ဦးသွားခဲ့လေပြီ။



ရန်သူ့လက်ကို ပါသွားရသော ကျန်းထင်ကျင့်နှင့် ရိပ်ရင်ကူတို့ နှစ်ယောက်လုံး၏ အခြေအနေမှာ စိုးရိမ်ဖွယ်ရာအပြည့် ဖြစ်နေသည်။

ကျန်းထင်ကျင့်က ဒဏ်ရာပြင်းပြင်းထန်ထန် ရရှိထားသည်။ အချိန်မီ ပြုစုကုသနိုင်ခြင်း မရှိပါက အသက်သေဆုံးသွားနိုင်သည်။ ကျန်းထင်ကျင့်ကို ကုသကယ်တင်ပေးနိုင်သူမှာ သမားတော်ကြီး ချင်ကျိုဟို တစ်ယောက်သာရှိသည်။

ရန်သူတို့က သူတို့လက်တွင် ဖမ်းမိထားသော ကျန်းထင်ကျင့်ကို စိတ်ကောင်း စေတနာကောင်းထားကာ ဆေးကုသပေးနေမည် မဟုတ်။ ဆေးကုသပေးလိုသည့်တိုင် သမားတော်ကို မည်သည့် ဓနရာတွင် သွားရှာမည်နည်း။

"ဓားမပျံဂိုဏ်းက ဂိုဏ်းချုပ်ကြီးလေးယောက် ခေါင်းဆောင်နေတဲ့ တောတွင်းထင်းခုတ်စခန်းကို ဆရာကြီး သွားတက်သေးတယ် မဟုတ်လား"

အတန်ကြာ တိတ်ဆိတ်နေပြီးနောက် ထန်ဟန်က ချင်ကျိုဟိုကို မေးသည်။

ချင်ကျိုဟိုက ခေါင်းညိတ်ပြပြီး ...

"မှတ်မိပါသေးတယ်"

"ဂိုဏ်းချုပ် ထုံချိုပေးနဲ့ လီပေါက်တို့ ဓနီးမောင်နှံတို့ပါ အဲဒီမှာ ရှိနေကြတယ်၊ ဆရာကြီး အဲဒီစခန်းကို ဆေးလေးဘာလေး ယူပြီးသွားပါ၊ ဂိုဏ်းချုပ် ထုံချိုပေးဟာလည်း အရေးတကြီး ဆေးကုသမှု လိုအပ်နေတယ်၊ ဘာအိုးယန်ကျူင့်နဲ့ ကောင်းလင်ဖုန်းတို့က ဆရာကြီးကို အဖော်ပြု စောင့်ကြပ်သွားကြပါ"

www.burmeseclassic.com

www.burmeseclassic.com



ထန်ဟာန်သည် ချင်ကျိုဟိုကို ပြောနေရာမှ အိုးယန်ကျွင့်နှင့် ကောင်းလင်ဖုန်းတို့ကို လှည့်ကြည့်၍ ဆက်ပြောသည်။

"ခင်ဗျားကတော့ လိုက်မလာဘူးလား"

ကောင်းလင်ဖုန်းက မေးသည်။

"ကျွန်တော်က ဒီမှာနေခဲ့ပြီး ကျန်းထင်ကျင့်နဲ့ ရှိပ်ရင်ကူ တို့ကို ဘယ်နေရာမှာ ဖမ်းချုပ်ထားကြတယ်ဆိုတာကို မရရအောင် စုံစမ်းကြည့်မယ်"

ထန်ဟာန်က ထိုသို့ ပြောနေချိန်မှာပင် အိမ်ခန်းဝတွင် လူတစ်ယောက် ရပ်လာသည်။

သူသည် နေလောင်ထားဟန်ဖြင့် အသားအရည်များ ညိုမည်းနေကာ ထင်းခုတ်သမားဝတ်စုံကို ဝတ်ဆင်ထားလေသည်။

"ကျန်းထင်ကျင့်နဲ့ ရှိပ်ရင်ကူတို့ ရှိတဲ့နေရာကို သိပ်ပင်ပန်းခံပြီး စုံစမ်းနေစရာ မလိုပါဘူး"

ထင်းခုတ်သမားအသွင် ဝတ်စားထားသူက ပြောသည်။

စကားသံက သာယာချိုလွင်သော မိန်းမသံလေးဖြစ်၏။

မဖိတ်ခေါ်ဘဲ ရောက်လာကာ မိန်းမသံလေးနှင့် စကားပြောသော ထင်းခုတ်သမားကိုကြည့်ပြီး ထန်ဟာန်တို့ လေးယောက်၏ ခေါင်းထဲတွင် အတွေးကိုယ်စီ ပေါ်ပေါက်လာကြသည်။

ထန်ဟာန်သည် ထင်းခုတ်သမား မည်သူဖြစ်ကြောင်း ချက်ချင်းပင် သိလိုက်သည့်အတွက် သိကျွမ်းဟောင်းတစ်ယောက်ကို တွေ့ဆက်သည့် အမူအရာမျိုး ပြလိုက်သည်။

ကောင်းလင်ဖုန်းမှာ စပ်စပ်စုစု နေတတ်သူဖြစ်ပြီး အိုးယန်ကျွင့်ကလည်း အတွေ့အကြုံ ရင့်ကျက်နေသော သိုင်းသမားကြီး တစ်ယောက် ဖြစ်သည့်အတွက် ထိုထင်းခုတ်သမား မည်သူဖြစ်မည်ကို ခန့်မှန်းနိုင်ကြသည်။

ချင်ကျိုဟိုသာလျှင် ထိုထင်းခုတ်သမားသည် မိန်းကလေး တစ်ယောက်ဖြစ်ကြောင်း အကဲခတ်မိသည်မှအပ မည်သူမည်ဝါ ဖြစ်မည်ဟူ၍တော့ တိတိကျကျ မတွေးတတ်ပေ။

"ဒီမိန်းကလေးက ဘယ်သူလဲ"

ချင်ကျိုဟိုက ထန်ဟာန်ကို လှည့်ကြည့်၍မေးသည်။

"ဒေါင်းညီအစ်မသုံးဖော်ထဲက အငယ်ဆုံး ကြေးဒေါင်းပျို ချန်ဝမ်လန်ပါပဲ"

ထန်ဟာန်က ပြန်အဖြေပေးသည်။

ချင်ကျိုဟိုက ထင်းခုတ်သမားအသွင် ရပ်ဖျက်ထားသော ချန်ဝမ်လန်ဘက် လှည့်ကြည့်လိုက်ပြီး ...

"ကျန်းထင်ကျင့်နဲ့ ရှိပ်ရင်ကူတို့ကို ရန်သူက ဘယ်နေရာကို ခေါ်သွားပြီး ချုပ်နှောင်ထားတယ်ဆိုတာ မင်းက သိသလား"

ချန်ဝမ်လန်က ခေါင်းညိတ်ပြကာ ...

"သိပါတယ်"

"သိရင် ပြောပြစမ်းပါဦး"

"ရွာတောင်ဘက် သချိုင်းကုန်းဟောင်းက ဇရပ်ပျက်ကြီးကိုပါ"

"အဲဒီနေရာဟာ ရန်သူတွေရဲ့ စခန်းထောက်နေရာလား"

"မှုတ်တယ်"

"ဖမ်းခေါ်သွားတဲ့ ရန်သူတွေကို ဘယ်သူခေါင်းဆောင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပင်လယ်ဓားချိတ် ယီထိုက်ဖိန်နဲ့ ဆေးမိစ္ဆာ ရှင်ကိုးတို့ပါပဲ"

ထန်ဟာန်နှင့် အိုးယန်ကျွင့်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

ပင်လယ်ဓားချိတ် ယီထိုက်ဖိန်နှင့် ဆေးမိစ္ဆာ ရှင်ကိုးတို့သည် ဆိုးရွားမိုက်မဲလှသော လမ်းလွဲ သိုင်းသမားဆိုးကြီးများ အဖြစ် သူတို့ ကောင်းကောင်းသိကြပေသည်။

"အခု လောလောဆယ်မှာတော့ ယီထိုက်ဖိန်နဲ့ ရှင်ကိုးတို့ဟာ ဗရှပ်ပျက်မှာ ရှိမနေကြဘူး၊ ပြည့်စုံစားသောက်ဆိုင်ကို သွားနေကြတယ်၊ ဒီအချိန်ဟာ ကျန်းထင်ကျင့်တို့ကို ဝင်ကယ်ထင်ဖို့ အကောင်းဆုံးအချိန်ပဲ"

ချန်ဝမ်[illegible]နံက ဆက်ပြောသည်။

ထို့နောက် သူတို့လှုရသည် ကျန်းထင်ကျင့်နှင့် ရိပ်ရင်ကူတို့ကို သွားရောက်ကယ်တင်ရမည့် အစီအစဉ်များကို အသေးစိတ် တိုင်ပင်ကြလေတော့သည်။

* * *



အခန်း(၇)

စိတ်တိုင်းကျပြည့်စုံရွာ၏ တောင်ဘက်နှစ်မိုင်ခန့် အကွာတွင် သချိုင်းကုန်းဟောင်း တစ်ခုရှိသည်။

လွှမ်းခဲ့သော နှစ်ပေါင်းများစွာက မင်းမ၊ မင်းနွယ်များသို့မဟုတ် အလွန်ချမ်းသာ ကြွယ်ဝသူများ၊ မင်းစိုးရာဇာ သွေးမျိုးစုများကို မြှုပ်နှံကြရာ သချိုင်းကုန်းမြေတစ်ခုခု ဖြစ်မည်ဟူ၍သာ ထင်ကြေးပေးနေကြသည်။

ထိုသချိုင်းကုန်းဟောင်း တည်ရှိရာနေရာ၏ အနီးဝန်းကျင်မှာ လွင်တီးခေါင်လို ဖြစ်နေသည်။

သစ်ပင်ဝါးပင် ကြီးကြီးမားမား ပေါက်ရောက်ခြင်းမရှိ။ ဆူးပင်၊ ချုံဖုတ်များသာရှိသည်။ ရေဟူ၍လည်း မရှိအောင် ရှားပါးသည်။ ထို့ကြောင့် တောကောင်ငယ်လေးများပင် ကျက်စား လေ့မရှိ။

ဤသို့ဖြင့် တောလိုက်မုဆိုးများ၊ ထင်းခုတ်သမားများလည်း ထိုသချိုင်းကုန်းဟောင်း နေရာသို့ အရောက်အပေါက် မရှိကြပေ။

လူသူကင်းဝေးရာ တစ်ပြင်နေရာတစ်ခု ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ထင်တိန်းက ထိုသချိုင်းကုန်းဟောင်း နေရာသည် လျှို့ဝှက်စခန်းထောက် တစ်ခုအဖြစ် အသုံးချရန် အလွန်သင့်လျော်သော နေရာဖြစ်မည်ဟု တွေးမိသည်။ တိတ်တဆိတ် စူးစမ်းလေ့လာမှုများ ပြုလုပ်ခဲ့ရာ ထိုသချိုင်းဂူဟောင်းများထဲတွင် လျှို့ဝှက်ခန်းများ၊ မြေအောက်ခန်းများ အတော်များများရှိကြောင်း တွေ့ရှိခဲ့သည်။

သချိုင်းဂူများအနက် အကြီးဆုံးနှင့် လျှို့ဝှက်ခန်း၊ လျှို့ဝှက်လမ်းကြောင်း အများဆုံးရှိသော သချိုင်းဂူကြီးကို ရွေးချယ်ကာ အနည်းငယ် ပြုပြင်မွမ်းမံပြီး နန်းဗိမာန်ဂိုဏ်း၏ အရေးပေါ် လျှို့ဝှက်စခန်းထောက်အဖြစ် ပြုလုပ်ထားခဲ့သည်။

ထိုလျှို့ဝှက် စခန်းထောက်နေရာကို ယခု တာဝန်ယူ အုပ်ချုပ်ရသူတို့မှာ ဝင်လယ်ဆူးချိတ် ယီထိုက်ဖိန်နှင့် ဆေးမိစ္ဆာ ရှင်ကျိုးတို့ပင် ဖြစ်သည်။

ကျန်းထင်ကျင့်နှင့် ရိပ်ရင်ကူတို့ နှစ်ယောက်ကို ဖမ်းဆီးပြီး အတိုးကြီးကျောက်ကို သတ်ဖြတ်ခဲ့ရာတွင် ဝင်လယ်ဆူးချိတ် ယီထိုက်ဖိန်နှင့် ဆေးမိစ္ဆာရှင်ကျိုးတို့ ကိုယ်တိုင်ပါဝင်ခဲ့ခြင်း မရှိပေ။

ရှင်ကျိုး၏တပည့် ထင်လုက ခေါင်းဆောင်ကာ လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

ဤသို့ အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့မှုကို ဆုချသည့်အနေဖြင့် ရှင်ကျိုးက ရိပ်ရင်ကူကို ထင်လု၏လက်သို့ ဝကွက်ကာ ပေးအပ်လိုက်သည်။

* * *



သချိုင်းဂူ အနောက်ဘက်မှ အခန်းတစ်ခန်းထဲတွင် ဖြစ်လေသည်။

ရိပ်ရင်ကူသည် အကြောပိတ်ခံထားရကာ မလှုပ်ရှားနိုင်ပဲ ခုတင်ပေါ်တွင် လဲလျောင်းနေသည်။ ထင်လုသည် ခုတင်ဘေးမှ ထိုင်ခုံတစ်ခုတွင် ထိုင်နေသည်။

"ရှင့်နာမည် ဘယ်လိုခေါ်သလဲ"

ရိပ်ရင်ကူက မေးလိုက်သည်။

အသံကိုလည်း တမင်ပင် ချိုချိုသာသာလေး ပြထားသည်။

"ထင်လုလို့ခေါ်တယ်၊ ကျုပ်နဲ့တွေ့ရတာ မင်း ကုသိုလ်ထူးတယ်လို့ မှတ်ပါ၊ ကျုပ်က သိပ်ကိုညင်သာပြီး သနားတတ်တာ ဟဲ ဟဲ ဟဲ"

ထင်လုက ပြန်ပြောသည်။

"တော်စမ်းပါ ရှင့်လိုလူကများ ညင်သာသလေး ကြင်နာသလေးနဲ့ ဟွန့်"

"အခု မင်း မျက်မြင်ပဲလေ မင်းကို ကျုပ်က ဘာများ ကြမ်းကြမ်းရမ်းရမ်း လုပ်လို့လဲ"

"ကျွန်မကို အကြောပိတ်ထားတာကကော ကြင်နာတာလား၊ ရှင် တကယ်ညင်သာပြီး ကြင်နာတယ်ဆိုရင် ကျွန်မကို အကြောဖွင့် ပေးပါလား"

"ဟာ ... ဒါတော့ မဖြစ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့် မဖြစ်ရမှာလဲ"

"မင်းက သိုင်းပညာ တတ်မြောက်နေတာကိုး"

"သိုင်းတတ်ထားတော့ကော ဘာဖြစ်သလဲ၊ ဒီနေရာက ရှင်တို့ရဲ့နေရာ၊ ရှင်တို့လူတွေက အများကြီး ကျွန်မ ဘယ်လိုလုပ် လက်လွတ်ထွက်ပြေးနိုင်မှာလဲ"

"မဖြစ်ပါဘူးလေ မဖြစ်ပါဘူး"

"ရှင်က စိတ်မချဘူးဆိုရင် ကျွန်မရဲ့ လက်နှစ်ဖက်ကို မလှုပ်နိုင်အောင် အကြောပိတ်ထားပြီး ကျန်တဲ့နေရာတွေ လှုပ်ရှားနိုင်အောင် အကြောဖွင့်ပေးပေါ့၊ ဒါဆိုရင် ကျွန်မ ရှင့်ကို ဘယ်လိုလုပ် အန်တုနိုင်မှာလဲ"

ထင်လုသည် တွေးတောစဉ်းစားနေသည်။ —

ရိပ်ရင်ကူ၏ ပြောစကားက ထင်လုကို ကောင်းကောင်း ချုပ်ကိုင်လိုက်နိုင်သည်။

ထင်လုသည် ခေတ္တစဉ်းစားကြည့်ပြီးနောက် ရိပ်ရင်ကူ၏ လက်နှစ်ဖက် အောက်ပိုင်းရှိ ကိုယ်ခန္ဓာအစိတ်အပိုင်းများ လှုပ်ရှားနိုင်အောင် အကြောအချို့ ဖွင့်ပေးလိုက်သည်။

ထိုသို့ အကြောဖြေဖွင့်ပေးလိုက်သည်နှင့် ရိပ်ရင်ကူသည် သွေးများလည်ပတ်မှု ကောင်းလာစေရန် ထောက်ကူသည့်အနေဖြင့် ခါးလေးကိုနွဲ့ကာ လှုပ်ရှားသည်။ ခြေထောက်များကိုမြှောက်ကာ ကွေးချည်ဆန့်ချည် ပြုနေသည်။

ဤလှုပ်ရှားမှုတို့က ထင်လုကို ပို၍စိတ်လှုပ်ရှားလာစေသည်။ သွေးတွေ တရှိန်းရှိန်း တက်လာသည်။

"ကျွန်မကို ရေနည်းနည်းလောက် တိုက်ပါဦး"



ရိပ်ရင်ကူက တောင်းပန်သည့်လေသံဖြင့် ပြောသည်။

"နောက်မှသောက်"

"ကျွန်မ ရေသိပ်ငတ်နေတယ်"

ထိုအပြောနှင့် ထိုအသံလေးကြောင့် ထင်လုသည် စိတ်ကို အသာချုပ်တည်းကာ အလျှော့ပေးလိုက်ရသည်။ ထိုသို့ အလျှော့ပေး လိုက်ရခြင်းသည် ထင်လု၏ အမှားတစ်ခုဖြစ်သလို ရိပ်ရင်ကူ၏ ပရိယာယ်ညွှတ်ကွင်းအတွက်လည်း အကွက်တစ်ခုသာသွားခဲ့သည်။

ထင်လုသည် ခုတင်ပေါ်မှဆင်းကာ အခန်းထောင့်နားရှိ ရေအိုးသို့လျှောက်သွားပြီး ရေတစ်ခွက်ခပ်ယူသည်။ ထိုသို့ ရေခပ် နေချိန်တွင် ထင်လုသည် ရိပ်ရင်ကူ ရှိရာဘက်သို့ ကျောခိုင်း လျက်သား ဖြစ်နေသည်။ လက်နှစ်ဖက် အကြောပိတ်ခံထားရသော ရိပ်ရင်ကူအနေဖြင့် ဘာမှတတ်နိုင်မည်မဟုတ်ဟု ထင်လုက တွက်ထားခဲ့သည်။

ဒါက သူ၏ ဒုတိယအမှား ဖြစ်သည်။ ရိပ်ရင်ကူ၏ သိုင်းပညာစာစ်မြစ်ကို ထင်လုက သတိမေ့နေခဲ့သည်။

ရိပ်ရင်ကူသည် ရင်စန်းတောင် အရိုးပျော့ဂိုဏ်းဝင် ဖြစ်လေသည်။

ရင်စန်းတောင် အရိုးပျော့ဂိုဏ်း၏ သိုင်းပညာသည် တစ်မူထူးဆန်းသည်။ ကိုယ်ခန္ဓာအတွင်းရှိ အရိုးများကို ပျော့ပျောင်းအောင် လေ့ကျင့်ထားသည်ဖြစ်ရာ ကိုယ်ကို ထင်သလို ကွေးနိုင်ညွတ်နိုင် သည်။

ထင်လုက ကျောခိုင်းပြီး ရေခပ်နေသည့်အချိန်တွင် ရိပ်ရင်ကူသည် ခါးကိုကွေးကာ ခြေထောက်ဖြင့် မိမိလက်နှစ်ဖက်ပေါ်မှ

www.burmeseclassic.com

www.burmeseclassic.com

ပိတ်နေသော သွေးကြောကွက်နေရာကို ထိုးနှိပ်ကာ ပြေဖွင့်လိုက်သည်။

ထင်လှ ရေခပ်ပြီး ခုတင်ဘက်လှည့်ကာ ပြန့်လာချိန်တွင် ရိပ်ရင်ကူမှာ သွေးကြောအားလုံး ပြေပွင့်နေပြီဖြစ်သည်။ သို့သော် အသာဟာန်မပျက်ပင် လက်နှစ်ဖက် မလှုပ်ရှားနိုင်သေးသည့်အသွင်မျိုး အယောင်ဆောင်ကာ နေနေသည်။

"ဟောဒီမှာ ရေ အချစ်လေး စိတ်ကြိုက်သောက်ပေတော့"

ထင်လှက ခပ်မြူးမြူးပြောသည်။

"ကျွန်မ လက်နှစ်ဖက်မှ လှုပ်လို့မရတာ ရေဘယ်လိုလုပ်ယူသောက်နိုင်မှာလဲ၊ ရှင်က တိုက်ပေးမှပေါ့"

ရိပ်ရင်ကူက ထင်လှကို မျက်လုံး ခပ်မှေးမှေးပြုကာကြည့်ရင်း ပြောသည်။

"ကျုပ်က ဘယ်လိုတိုက်ရမှာလဲ"

"ဒါကတော့ ရှင့်သဘောပေါ့ တိုက်ချင်သလိုတိုက်"

ထင်လှသည် အကောင်းဆုံး ရေတိုက်နည်းကို စဉ်းစားမိလိုက်သည့်အတွက် မျက်လုံးထဲတွင် အရောင်ပင် ဝင်းခနဲလက်သွားသည်။ ထိုသို့ စဉ်းစားမိကာ အလွန်ပင် ပီတိဖြစ်နေသည်။ ဤနည်းသည် သူ့ကို ငြိုဟ်ဆိုးဝင်စေမည့်နည်း ဖြစ်သည်ကိုကား ထင်လှ မသိခဲ့ပေ။

မိမိ၏ ရေတိုက်နည်းကို မိမိဘာသာ အလွန်ကျေနပ်ကာ သဘောကျနေသော ထင်လှမှာ အန္တရာယ်ကို မသိမမြင်နိုင်တော့။

နှုတ်ခမ်းချင်း ထိလုလုအချိန်တွင် ရိပ်ရင်ကူသည် ထင်လှ၏ နံစောင်းကို လက်ဝါးဖြင့် တအားရိုက်ချလိုက်သည်။



ပက်လက်လှန်လျက် ခပ်ပျော့ပျော့လေး လဲလျောင်းနေရာမှ ရိုက်လိုက်သည့် လက်ဝါးရိုက်ချက် ဖြစ်သောကြောင့် အတွင်းအားကို အပြည့်အဝ ထည့်သွင်းနိုင်ခြင်းမရှိပေ။

သို့သော် အလစ်တွင် ခံလိုက်ရသည်မို့ ထင်လှမှာ ထိချက်အတော်နာသည်။

"အွတ်"

ထင်လှသည် နှုတ်မှရေရွတ်ကာ ငုံထားသောရေတွေ ပြန်ထွက်လာကာ ခုတင်အောက်သို့ လည်ကျသွားသည်။

ရိပ်ရင်ကူလည်း ခုတင်ပေါ်မှ အောက်ကိုခုန်ဆင်းလိုက်၏။

ယခုအချိန်တွင် ရိပ်ရင်ကူက နောက်ထပ် လက်ဝါးရိုက်ချက်များ ထပ်ဆင့် ရိုက်နှက်တိုက်ခိုက်လိုက်ပါက ထင်လှကို ကောင်းကောင်း မှောက်သွားစေနိုင်သည်။

ရိပ်ရင်ကူသည် ထင်လှကို ဆက်တိုက်ခိုက်မည်လား၊ အခန်းထဲမှ ထွက်ပြေးရမည်လားဟု ဝေခွဲမရဖြစ်ကာ တုံ့ဆိုင်းနေသည်။

ထိုအချိန်မှာပင် ထင်လှက ရိပ်ရင်ကူကို ခြေထောက်ဖြင့် လှမ်းကန်သည်။

ထင်လှ၏ ခြေပျံကတော့ ရိပ်ရင်ကူ ဝေခွဲမရဖြစ်နေသည်ကို စောင့်မနေ။

အရှိန်အဟုန်ပြင်းစွာပင် ရိပ်ရင်ကူရှိရာသို့ တန်းဝင်လာသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ထန်ဟန်တို့ လူစုသည် စိတ်တိုင်းကျမြည့်စုံ ရွာ၏တောင်ဘက် သချိုင်းကုန်းဟောင်းသို့ လာခဲ့ကြသည်။

သူတို့လူစုတွင် ထန်ဟန်၊ အိုးယန်ကျွင့်၊ ကောင်းလင်ဖုန်း၊ ချင်ကျိဟိုနှင့် ချန်ဝမ်လန်တို့ ပါဝင်ကြသည်။

ချန်ဝမ်လန်က ညွှန်ပြသောကြောင့် နန်းဗိမာန်ဂိုဏ်း၏ လျှို့ဝှက်စခန်း ပြုလုပ်ထားသော သချိုင်းဂူကြီးကို အလွယ်တကူ ရှာတွေ့ကာ အတွင်းဘက်သို့လည်း အခက်အခဲမရှိပဲ ဝင်ရောက်လာနိုင်ခဲ့သည်။

အထဲသို့ ဝင်မိသည်နှင့် ရန်သူများနှင့် ရင်ဆိုင်တိုက်ခိုက်ကြရသည်။ ရန်သူများက ထန်ဟန်နှင့် အိုးယန်ကျွင့်နောက်သို့ မလိုက်သွားချိန်တွင် ချန်ဝမ်လန်၊ ကောင်းလင်ဖုန်းနှင့် ချင်ကျိဟိုတို့ သုံးယောက်က နောက်ဆုံးတွင်ရှိနေသော ရန်သူ အစောင့်သိုင်းသမား တစ်ယောက်ကို ဖမ်းယူကာ သချိုင်းဂူထဲ ဝင်လာခဲ့ကြသည်။

ကျန်ရန်သူများသည် ထန်ဟန်နှင့် အိုးယန်ကျွင့်တို့ကို မနေကြပေရာ သူတို့လူတစ်ယောက် အဖမ်းခံလိုက်ရသည်ကိုလည်း မသိ။ ကောင်းလင်ဖုန်းတို့လူစု သချိုင်းဂူထဲ ဝင်သွားကြသည်ကိုလည်း သတိမမူကြပေ။

ကောင်းလင်ဖုန်းတို့က ဖမ်းမိသော အစောင့်သိုင်းသမားကို ဗိုနှိပ်စစ်ဆေးကြည့်ရာ ကျန်းထင်ကျင့်နှင့် ရိပ်ရင်ကူတို့အား ချုပ်ဖမ်းထားရာနေရာကို သိကြရသည်။



ဒဏ်ရာရထားသူ ကျန်းထင်ကျင့်ကို အလျင်ဦးစွာ သွားရောက်ရှာဖွေ ကယ်တင်ကြသည်။

ကျန်းထင်ကျင့်၏ အခြေအနေမှာ အတော်ပင် ဆိုးနေပြီဖြစ်ရာ အပြင်ဘက်သို့ ချက်ချင်း ခေါ်ထုတ်လာပြီး ချင်ကျိဟိုက အရေးပေါ်ကုသမှုများ ပြုလုပ်သည်။

ရိပ်ရင်ကူ ရှိနေသည့်အခန်းထဲသို့ ကောင်းလင်ဖုန်း ရောက်ရှိသွားချိန်တွင် ထင်လုက ရိပ်ရင်ကူအား ခြေပုံ့ဖြင့် လှမ်းကန်လိုက်ချိန် ဖြစ်လေသည်။

ကောင်းလင်ဖုန်းသည် လက်နှေးမနေတော့ပဲ ထင်လုကို ကြေးပြားဝိုင်း လက်နက်ပုန်းဖြင့် ဆတ်ခနဲ လှမ်းပစ်လိုက်သည်။

ကောင်းလင်ဖုန်းသည် ကိုယ်ဖော့ပညာနှင့် လက်နက်ပုန်း ပစ်ခတ်မှုတို့တွင် ထူးချွန်သူဖြစ်သည်။ လက်နက်ပုန်းဖြင့် ပစ်ခတ်ရာတွင်လည်း အလစ်အငိုက်ဖမ်းကာ ပစ်ခတ်ခြင်းမပြုပဲ အမြဲပင် ရှေ့တည့်တည့်မှ ပစ်တတ်သည်။ နောက်ဘက်မှ ပစ်ရမည်ဆိုလျှင်လည်း ကြိုတင်အော်ဟစ် သတိပေးတတ်သည်။

ကောင်းလင်ဖုန်း ပစ်လိုက်သော ကြေးပြားဝိုင်းသည် ထင်လု၏ ချက်ကောင်းနေရာကို ထိမှန်သည်။ ထင်လုမှာ ရိပ်ရင်ကူကို ခြေထောက်ဖြင့် ထိအောင်မကန်နိုင်တော့ဘဲ ခိုမှန်သွားသော ငှက်တစ်ကောင်လို နောက်သို့ ဘိုင်းခနဲ ပြုတ်ကျလာလေသည်။

ရိပ်ရင်ကူသည် အခန်းအပြင်ဘက်သို့ တစ်ဟုန်ထိုး ပြေးထွက်သွားသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



သချိုင်းဂူ အပြင်ဘက်သို့ ရိပ်ရင်ကူ ရောက်ရှိလာသည်။

သူမသည် ကျန်းထင်ကျင့်အတွက် အလွန်စိုးရိမ်နေမိသည်။ မိမိနှင့်အတူ ကျန်းထင်ကျင့်ပါ ရန်သူ့လက်သို့ အဖမ်းခံခဲ့ရကြောင်း သိသော်လည်း ကျန်းထင်ကျင့်ကို ရန်သူများ မည်သို့ ပြုလိုက်ကြသည်ကို ရိပ်ရင်ကူ မသိပေ။

သတ်သင်ပစ်လိုက်ကြပြီလား။

ချုပ်နှောင်ထားကြလေသလား။

ချုပ်နှောင်ထားကြသေးသည်ဆိုလျှင် မည်သည့်နေရာတွင် ချုပ်နှောင်ထားမည်နည်း။ ကျန်းထင်ကျင့်၏ ဒဏ်ရာအခြေအနေ မည်သို့ရှိမည်နည်း။

ရိပ်ရင်ကူသည် အမျိုးမျိုး တွေးတောပူပန်နေမိသည်။

သချိုင်းဂူ အပြင်ဘက်သို့ ရောက်သောအခါ ခပ်လှမ်းလှမ်းဆီမှ အော်ဟစ်တိုက်ခိုက်နေသံများကို ရိပ်ရင်ကူ ကြားရသည်။

"မမရင်ကူ ဒီဘက်ကိုလာ"

ရုတ်တရက် လှမ်းခေါ်လိုက်သံတစ်ခု ပေါ်လာသည်။

အသံသည် သချိုင်းဂူတစ်ခု၏ နောက်ကွယ်မှပေါ်လာခြင်း ဖြစ်သည်။

သချိုင်းဂူ ကွယ်နေသောကြောင့် အသံရှင်ကို မမြင်ရသော်လည်း ကြေးခေါင်းပျို ချန်ဝမ်လန်၏ အသံဖြစ်ကြောင်းကိုကား ရိပ်ရင်ကူ သိလိုက်သည်။



ရိပ်ရင်ကူသည် အသံပေါ်လာရာဘက်သို့ အပြေးလာခဲ့သည်။

သချိုင်းဂူ နောက်ဘက်သို့ ရောက်သောအခါ ရိပ်ရင်ကူ အလွန်တွေ့လိုလှသော ကျန်းထင်ကျင့်ကို တွေ့လိုက်ရလေတော့သည်။

သချိုင်းဂူနံရံတွင် တံခါးရွက်တစ်ခုကိုထောင်ကာ ခုတင်သဖွယ် ပြုလုပ်ထားသည်။ ထိုတံခါးရွက်ပေါ်တွင် ကျန်းထင်ကျင့်သည် လဲလျောင်းလျက်ရှိနေသည်။ ကျန်းထင်ကျင့်၏ မျက်လုံးများ မှိတ်ထားသည်။ သတိရနေသလား၊ သတိလစ်နေသည်လား မခွဲခြားနိုင်ပေ။

ရင်ဘတ် နိမ့်ချည်မြင့်ချည် ဖြစ်ကာ အသက်ရှူနေသောကြောင့် အသက်ရှင်နေကြောင်းသာ သိသာနိုင်သည်။

ကျန်းထင်ကျင့်၏ ဘေးနားတွင် သေသူ့ရှင်စေ သမားတော်ကြီး ချင်ကျိုဟို ရှိနေသည်။ ချင်ကျိုဟိုသည် ကျန်းထင်ကျင့်ကို ရွှေအပ်များဖြင့် ထိုးစိုက်ကာ ကုသပြုစုပေးနေသည်။

မလှမ်းမကမ်းတွင် ကြေးခေါင်းပျို ချန်ဝမ်လန် ရပ်နေလေသည်။

"ကျန်းထင်ကျင့်ရဲ့ အခြေအနေ ဘယ်လိုလဲဟင်၊ အန္တရာယ် ရှိနိုင်သလား"

ရိပ်ရင်ကူက စိုးရိမ်တကြီး မေးလိုက်သည်။

"အခြေအနေ အတော်ဆိုးတယ်၊ အသက်ရှူနေတာကလွဲလို့ လှုပ်ရှားမှု မရှိသေးဘူး၊ ဒါပေမဲ့ သူ့ကံကြမ္မာကတော့ ကောင်းပါတယ်"

ကြေးခေါင်းပျိုက ပြန်ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သေသူနဲ့မခြားအောင် ဖြစ်နေတာတောင် ကံကြမ္မာကောင်းတယ်လို့ ပြောနိုင်သလား"

"မမက ကျွန်မစကားကို ရှင်းအောင် နားမထောင်လို့ပါ၊ သေသူရှင်စေ သမားတော်ကြီးနဲ့ တွေ့တာကြောင့် ကျန်းထင်ကျင့်ရဲ့ ကံကြမ္မာ ကောင်းတယ်လို့ပြောတာပါ၊ ဆရာကြီးနဲ့သာ မတွေ့ရင် သူ့ အသက်သေဆုံးဖို့ ကျိန်းသေပဲ၊ အခုတော့ အသက်အန္တရာယ်က လွတ်မြောက်ပါလိမ့်မယ်"

ထိုအခါကျမှပင် ရိပ်ရင်ကူ စိုးရိမ်ပူပန်စိတ်များ လျော့ပါးသွားသည်။

"အသံတွေကြားရတာ တိုက်ပွဲ အတော်ပြင်းထန်နေပုံပဲ၊ သူတို့ကို သွားအကူအညီ ပေးရအောင်လား"

"သူတို့အတွက် စိုးရိမ်မနေပါနဲ့၊ ဒီလို တိုက်ပွဲပြင်းထန်နေအောင် ထန်ဟာန်တို့က တမင် ဖန်တီးထားကြတာပါ"

"ဟင် ... ဘာကြောင့်လဲ"

"ကျန်းထင်ကျင့်ဟာ ဒဏ်ရာ သိပ်ပြင်းထန်နေတော့ သူ့ကို သယ်ယူမသွားခင် အရေးပေါ်ကုသမှု လုပ်ပေးရမှာကို ထန်ဟာန်က ကြိုတွက်မိတယ်၊ ဒါကြောင့်လည်း ကြိုတင်တိုင်ပင် စီစဉ်ထားကြတယ်၊ သူတို့က ဒီနေရာက ရန်သူတွေကို မျှားခေါ်ပြီး တိုက်ခိုက်ထားမယ်၊ ကျွန်မရယ်၊ ကောင်းလင်ဖုန်းရယ်၊ ဆရာကြီး ချင့်ရှယ်က အထဲဝင်ပြီး ရှင်တို့နှစ်ယောက်ကို ရှာကြမယ်ဆိုပြီး စီစဉ်ခဲ့တယ်၊ ဒီအစီအစဉ်အတိုင်းလုပ်တော့ အခု အောင်မြင်နေပြီ မဟုတ်လား၊ ပြီးတော့ အချိန်ဆွဲပြီး အပြန်အလှန် တိုက်နေတာကလည်း ရန်သူတွေက ထန်ဟာန်တို့ကို သူတို့အနေနဲ့ ထိန်းထား



အနိုင်ယူထားနိုင်မယ်လို့ ထင်အောင်လုပ်တာပဲ၊ ဒီလိုလုပ်ထားတော့ ရန်သူတွေက ပိုင်ထင်တိန်းတို့ဆီကို သွားပြီးသတင်းပို့ဖို့ မကြံကြတော့ပဲ အားလုံးစုပြီး ထန်ဟာန်တို့ကိုပဲ တိုက်ခိုက်နေကြတော့တာပေါ့"

ချန်ဝမ်လန်က ထန်ဟာန်၏ အစီအစဉ်များကို ပြောပြသည်။

မိမိ ချစ်နေရသူ၏ ပိရိသေသပ်သော အစီအစဉ်များကို ပြောပြနေရသောကြောင့် ချန်ဝမ်လန်မှာ ဂုဏ်ယူနေမိသည်။ ပြော၍လည်း အားရပါးရရှိလှသည်။

"ဪ ... မေးဖို့မေ့နေလိုက်တာ တို့တစ်တွေ ဒီနေရာမှာ ဖမ်းချုပ်ခံထားရတယ်ဆိုတာ ဘယ်သူက စုံစမ်းပြီးသိတာလဲ"

"ကျွန်မပါပဲ"

"ဒါဆို ညီမကို ကျေးဇူးတင်တယ်လို့ ပြောရမှာပဲ"

* * *

အချိန်အနည်းငယ်အကြာတွင် ချင်ကျိဟိုသည် ရိပ်ရင်ကူ တို့ဘက် လှည့်ကြည့်ပြီး ...

"အင်း ... အတော်ဟုတ်သွားပြီ၊ အသက်အန္တရာယ် စိုးရိမ်စရာ မရှိတော့ဘူး"

၎င်းစကားကြောင့် ရိပ်ရင်ကူ၏ ရင်ထဲမှ အလုံးကြီးကျသွားလေသည်။

ထိုအချိန်မှာပင် သချိုင်းဂူပေါ်မှ ကောင်းလင်ဖုန်း ခုန်ဆင်းလာပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်းထင်ကျင်ကို သယ်လို့ရမယ်ဆိုရင် သယ်သွားကြပါစို့"

"ဘာတွေ ဖြစ်ကုန်ပြန်လို့လဲ၊ ဘာကြောင့် ဒီနေရာကနေ အရေးတကြီး ထွက်သွားရမှာလဲ"

ချန်ဝမ်လန်က မေးသည်။

"ဟိုဘက်က တိုက်ပွဲအခြေအနေ တစ်မျိုးပြောင်းသွားလို့ပါ"

"ထန်ဟာန်တို့ ဘာဖြစ်ကုန်ကြပြီလဲ"

ချန်ဝမ်လန်က စိုးရိမ်တကြီး မေးလေ၏။

"သူတို့ ဘာမှ မဖြစ်ပါဘူး၊ ပိုင်ထင်တိန်းဆီကို သွားနေကြတဲ့ ပင်လယ်ဓားချိတ် ယီထိုက်ဖိန်နဲ့ ဆေးမိစ္ဆာ ရှင်ကျီးတို့ ရုတ်တရက် ပြန်ရောက်လာကြလို့ပါ"

"ဒီလူနှစ်ယောက်က သိုင်းပညာ တော်တော်ကောင်းတယ်၊ ထန်ဟာန်တို့က သူတို့နဲ့ ရင်ဆိုင်ရရင် အတော်အခက်တွေ့နိုင်တယ်"

"ခင်ဗျားတို့ကို ရှောင်သွားခိုင်းတာက ထန်ဟာန်တို့အနေနဲ့ ဒီလူတွေကို မယှဉ်နိုင်လို့ မဟုတ်ပါဘူး"

"ဒါဖြင့် ဘာကြောင့်လဲ"

"ယီထိုက်ဖိန်နဲ့ ရှင်ကျီးတို့ တိုက်ပွဲထဲ ဝင်လာတာနဲ့ ကျန်တဲ့လူတွေကို နောက်ဆုတ် ဖယ်ရှားခိုင်းကြမှာပဲ၊ အဲဒီလို ဖယ်ရှားပေးလိုက်ရတဲ့ ရန်သူတွေက ဒီဘက်ကိုရောက်လာချင် ရောက်လာနိုင်တယ်၊ ဒါကြောင့် ခင်ဗျားတို့က ကျွန်းထင်ကျင့်ကို စောင့်ရှောက်ပြီး ရှောင်ထွက်သွားဖို့ ပြောရတာပါ"

"ရှင်ကကော"

"ကျွန်တော်ကတော့ ဒီမှာ နေခဲ့ဦးမယ်"

***



ပင်လယ်ဓားချိတ် ယီထိုက်ဖိန်သည် အမည်ထူးခြားသလောက် ရုပ်ရည်သွင်ပြင် ဆန်းပြားသူလည်း ဖြစ်သည်။ သူ၏ ရုပ်ရည်သွင်ပြင်ကို တစ်ကြိမ်တစ်ခါ တွေ့မြင်မိလျှင် တစ်သက်မေ့မရတော့ဘဲ ကောင်းစွာ မှတ်မိနေပြီ ဖြစ်သည်။

ယီထိုက်ဖိန်၏အရပ်သည် ခြောက်ပေကျော်ကျော် ခုနစ်ပေနီးပါး ရှည်သည်။

အရပ်ရှည်သလောက် ကိုယ်ခန္ဓာက ပိန်လှီလှသည်။ ဝါးခြမ်းပြားတစ်ခု ထောင်ထားသည့်အသွင်မျိုး ရှိနေသည်။ မျက်နှာကပြားကား ခေါင်းက ပိန်ပြီး ချွန်သည်။ အသက် (၆၅)နှစ်ခန့် ရှိသည်။ ဆေးမိစ္ဆာ ရှင်ကျီးကတော့ ယီထိုက်ဖိန်နှင့် ဆန့်ကျင့်ဘက် ဖြစ်သည်။ သူ့အသက်သည် ယီထိုက်ဖိန်နှင့် နှစ်နှစ်သာငယ်ပေသည်။

ယီထိုက်ဖိန်နှင့် ရှင်ကျီးတို့ ရောက်လာကြသည်နှင့် ထန်ဟာန်နှင့် အိုးယန်ကျွင့်တို့ကို ဝန်းရံတိုက်ခိုက်နေကြသည့် ရန်သူများသည် ရှုံကာ နောက်ဆုတ်သွားကြသည်။

"အဘက ရှင်ကျီးကို ကြည့်ထိန်းထားပါ၊ ကျွန်တော်က ယီထိုက်ဖိန်ကို ရင်ဆိုင်မယ်"

ထန်ဟာန်က အိုးယန်ကျွင့်ကို တီးတိုးပြောသည်။

အိုးယန်ကျွင့်က ထန်ဟာန် ပြောသည်ကို နားလည်ကြောင်း ခေါင်းညိတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com

ယီထိုက်ဖိန်နှင့် ရှင်ကျီးတို့သည် ထန်ဟန်နှင့် မလှမ်းမကမ်းတွင် ရပ်လိုက်ကြသည်။

"မင်းဟာ မိုးကုပ်စက်ဝိုင်း သန့်စင်အတွင်းအားသိုင်းကို တတ်မြောက်ထားတယ်လို့ ကြားရတယ်၊ ဟုတ်လား"

ယီထိုက်ဖိန်က ထန်ဟန်ကို စိန်းစိန်းကြည့်ပြီး မေးလိုက်၏။

ထန်ဟန်က မထီတရီ ပြုံးလိုက်ကာ ...

"သိချင်ရင် ခင်ဗျားကိုယ်တိုင် ရင်ဆိုင်ပြီး စမ်းကြည့်ပေါ့၊ ဒါနဲ့ နေပါဦး ခင်ဗျားက နန်းဗိမာန်ဂိုဏ်းမှာ ရာထူးအဆင့် ဘာယ်လိုရှိသလဲ"

"နန်းရင်းဝန် အမတ်ချုပ်ကြီး ဖြစ်တယ်"

ထန်ဟန်က ရှင်ကျီးကို မေးငေါ့ပြပြီး ...

"သူကကော"

"ကေရာဇ်မင်းရဲ့ အပါးတော်မြဲ ဖြစ်တယ်"

"ဪ ... ကေရာဇ်မင်းဆိုတဲ့ လူအတွက် အားတိုးဆေးတွေ ဖော်စပ်ပေးနေတာကိုး"

ထန်ဟန်၏ ခနဲ့တဲ့တဲ့ နှိမ်ချပြောလိုက်သော စကားကြောင့် ရှင်ကျီးမှာ အကြီးအကျယ် ဒေါသထွက်သွားကာ ...

"မင်းက တယ် မိုက်ရိုင်းလှချည်လား"

ယီထိုက်ဖိန်က ကြားဝင်ကာ ...

"ဒီလောက် မိုက်ရိုင်းတဲ့ကောင်လေးကို အကြောင်းနည်းနည်းပါးပါး ပြလိုက်စမ်းပါ၊ မဟုတ်ရင် ကျုပ်တို့ကို အထင်သေးနေကြလိမ့်မယ်"



ယီထိုက်ဖိန်သည် ကောက်ကျစ်ဉာဏ်များသူပီပီ ထန်ဟန်ကို ကိုယ်တိုင်ရင်မဆိုင်သေးဘဲ ရှင်ကျီးနှင့် ရန်တိုက်ပေးလိုက်သည်။

ထန်ဟန်နှင့် ရှင်ကျီးတို့ ရင်ဆိုင်တိုက်ခိုက်ကြပုံကို အကဲခတ်ကြည့်ကာ ထန်ဟန်၏ သိုင်းပညာကို စူးစမ်းကြည့်ရန်လည်း ယီထိုက်ဖိန်က စိတ်ကူးထားသည်။

ရှင်ကျီးသည် ထန်ဟန်ရှိရာသို့ ခြေသံပြင်းပြင်းဖြင့် လျှောက်လှမ်းလာရာ အိုးရန်ကျွင့်က ကြားဖြတ်ကာ ဝင်တားသည်။

"ကျုပ် အိုးယန်ကျွင့်က ခင်ဗျားရဲ့အစွမ်းကို စမ်းကြည့်ချင်တယ်"

အိုးယန်ကျွင့်၏ စိန်ခေါ်စကားကြောင့် ရှင်ကျီးသာမက ယီထိုက်ဖိန်ပါ အံ့သြသွားကြသည်။

သူတို့နှစ်ယောက်သည် မီးခဲထန်ဟန်ကိုသာ အလေးထားနေကြသည်။

ထန်ဟန်နှင့်အတူ ရှိနေသော အဝတ်အစား စုတ်စုတ်ပြတ်ပြတ်ဝတ်ထားသည့် အဘိုးကြီးကို ဂရုမပြုကြပေ။

ထိုအဘိုးကြီးကို စိတ်တိုင်းကျ ပြည့်စုံရှာတွင် ထင်းခုတ်ရောင်းနေသော အဘိုးကြီးဖန်းအဖြစ်သာ သူတို့ သိထားကြသည်။ အဘိုးကြီးဖန်းသည် ကျားသစ်ပျံ အိုးယန်ကျွင့် ဖြစ်လိမ့်မည်ဟု သူတို့ မထင်ကြပေ။

အိုးယန်ကျွင့်က အမည်ကိုထုတ်ပြောလိုက်ရာတွင် မထင်မှတ်သော ကိစ္စဖြစ်သောကြောင့် အံ့သြမိကြသော်လည်း ကြောက်လန့်ခြင်းကား မရှိပေ။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက ကျွားသစ်ပျံ အိုးယန်ကျွင့်ကို ကျင်လင်သိုင်း ညီနောင်သုံးဖော်ထဲမှာ ကျားသစ်ပျံက သိုင်းပညာ အညံ့ဆုံးပဲ၊ သိုင်းပညာတတ်တဲ့ အစ်ကိုကြီးနဲ့ အစ်ကိုလတ်တို့တောင် အရှုံး ဆွေးကုန်ကြပြီဆိုတော့ ခင်ဗျားဟာလည်း မှလောက်စရာ မရှိပါ ဘူး၊ ခင်ဗျားက နှစ်ပေါင်းများစွာ တွင်းထဲကကြွက်လို ပုန်းရှောင် ပြီး ဘယ်လို သိုင်းပညာစွမ်းတွေ ထပ်လေ့ကျင့်ထားတယ်ဆိုတာကို စမ်းကြည့်ရအောင်လား"

ရှင်ကျိုးက ပြောလိုက်သည်။

ငယ်စဉ်ကလို စိတ်မျိုးနှင့်ဆိုလျှင် အိုးယန်ကျွင့်သည် ယခု လို အပြောခံရသည်နှင့် ဒေါသထောင်းခနဲထကာ အတင်းတရ ကြမ်း တိုက်ခိုက်ပစ်လိုက်မည်သာ ဖြစ်သည်။

သို့သော် အချိန်ကာလ၏ ပြုပြင်မှုကြောင့် အိုးယန်ကျွင့် သည် ဒေါသစိတ်ကို ချုပ်တည်းနေတတ်ပြီ ဖြစ်သည်။

အချိန်သည် အရှိန်အဟုန်ပြင်းလှသော မီးပိုကြီးနှင့်ပင် တူသည်။

ထိုမီးပိုကြီးသည် အရာများစွာကို ပျက်စီးယောက်ကွယ်သွား အောင် လောင်မြိုက်နိုင်သလို သံမဏိ အရိုင်းတုံးများကို ဓားကောင်း များဖြစ်အောင်လည်း သွန်းလုပ်ပေးနိုင်သည်။

ကျင်လင်သိုင်းညီနောင် သုံးဖော်အနက်မှ နဂါးနိုင်ဓား ဝိစ္စာနှင့် မလွေ့နက်သိုင်းသမား စွန်ချုံမင်တို့ ထိုမီးပိုကြီး၏ လောင်မြိုက်မှုကြောင့် ပျောက်ကွယ်သွားကြပြီဖြစ်သော အိုးယန်ကျွင့် မှာမူ သံမဏိ အရိုင်းတုံးဘဝမှ ကျစ်လျစ်မာကျောသော ဓားကောင်း တစ်လက်အသွင်သို့ ပြောင်းလဲရောက်ရှိခဲ့လေပြီ။



အိုးရန်ကျွင့်သည် ရှင်ကျိုး၏ နှိမ်ချပြောဆိုသော စကား ကြောင့် ဒေါသထွက်ခြင်း မရှိတော့ပေ။

ရှင်ကျိုးသည် စကားဆုံးသည်နှင့် လက်တွင်ကိုင်ထားသော ဖုန်ခါတံကို ဝှေ့ယမ်းကာ အိုးယန်ကျွင့်ကို အတင်းတိုက်ခိုက်လေ တော့သည်။

* * *

ရှင်ကျိုးက အိုးယန်ကျွင့်ကို တိုက်ခိုက်လာသည်။

ရှင်ကျိုး၏ ဖုန်ခါတံသည် အထူးစီမံ ပြုလုပ်ထားသော လက်နက် ဖြစ်သည်။ ဖုန်ခါတံ၏ အမျှင်များသည် သံမဏိငါးမျိုး ပေါင်းစပ်ကာ လျှို့ဝှက်ရှေးဟောင်းနည်းလမ်းဖြင့် စီမံထားသည့် အတွက် ပျော့ပျောင်းပြီး မာကျောလှသည်။

တော်ရုံတန်ရုံ ဓားကောင်းပင်လျှင် ထိုဖုန်ခါတံ အမျှင်များ ကို ခုတ်ဖြတ်နိုင်ခြင်း မရှိပေ။

ရိုက်ချက်ထိလျှင် ဖုန်ခါတံအမျှင်များသည် အသားထဲ ဝင်ကုန်ပြီး အသက်သေဆုံးသွားနိုင်သည်။

အိုးယန်ကျွင့်သည် ကိုယ်ဖော့ပညာနှင့် လက်ဝါးသိုင်းတွင် ထူးချွန်အားသန်သည့်အတွက် ရှင်ကျိုးကို လက်နက်မဲ့ဖြင့်ပင် ရင်ဆိုင်သည်။ အထူးစီမံ ပြုလုပ်ထားသည့် လက်နက် ကိုင်ဆောင် ထားသူ တစ်ယောက်ကို လက်နက်မဲ့ဖြင့် ရင်ဆိုင်ရခြင်းမှာ သိပ် တော့ မလွယ်ပေ။ ရင်ဆိုင်မိသည်နှင့် အိုးယန်ကျွင့်မှာ အောက်ကျနေးမှ ဖြစ်နေကာ ရှင်ကျိုးက အသာရနေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကဲ ... ကဲ မင်းနဲ့ကျုပ်လည်း တစ်ပွဲတစ်လမ်း စမ်းကြည့်ရအောင်၊ မင်းက မိုးကုပ်စက်ဝိုင်း သန့်စင်အတွင်းအား တတ်ထားတယ်ဆိုရင်လည်း ထုတ်သုံးဖို့မမေ့နဲ့၊ တော်ကြာ အရေးနိမ့်သွားမှ ဒီပညာ မသုံးမိတာကို နောင်တရနေမယ်"

ယီထိုက်ဖိန်က ထိုသို့ပြောပြီး ကြေးတုတ်တစ်ချောင်းကို ခါးမှ ဆွဲထုတ်လိုက်သည်။ ထိုကြေးထုတ်သည် တစ်ပေခွဲသာသာ ရှည်ကာ ကျုပ်လုံးခန့် တုတ်သည်။

ယီထိုက်ဖိန်၏စကားက ထန်ဟန်အတွက် စဉ်းစားစရာဖြစ်ခဲ့သည်။ ယီထိုက်ဖိန်က ဘာကြောင့် မိုးကုပ်စက်ဝိုင်း သန့်စင်အတွင်းအားသိုင်း ထုတ်သုံးရန် တဖွဖွ ပြောဆိုနေရသနည်း။ မိမိကို အကဲစမ်းလိုသောကြောင့်လား။ ယီထိုက်ဖိန်အနေနှင့် မိုးကုပ်စက်ဝိုင်း သန့်စင်အတွင်းအားသိုင်းကို ထိန်းချုပ်အနိုင်ယူနိုင်မည့် သိုင်းပညာဆန်းတစ်မျိုးကို တတ်မြောက်ထားသောကြောင့်လား။

"လာပါကွ စတိုက်စမ်းပါ၊ ဘာ လက်နှေးနေတာလဲ"

ယီထိုက်ဖိန်က ပြောလာပြန်သည်။

ထန်ဟန်သည် တုံ့ဆိုင်းမနေဘဲ ယီထိုက်ဖိန်ကို လက်ဝါးဖြင့် လှမ်းရိုက်သည်။

"မင်းက အလကားကြီးပဲကိုး၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလိုလှည့်ကွက်မျိုးလည်း တတ်နေပါလား"

ယီထိုက်ဖိန်က ခနဲ့သံနှင့် ပြောသည်။

ခပ်အေးအေး ပြောနေသော စကားသံနှင့် ကြမ်းတမ်းရက်စက်စွာ တိုက်ခိုက်လိုက်သော တိုက်ချက်တို့က ဘယ်လိုမှ မလိုက်ဖက်ပေ။



အကယ်၍ ယီထိုက်ဖိန်နှင့် အေးဆေးသော စကားသံကို စိတ်အာရုံပြု ညွှတ်တိမ်းမိလျှင် ပြင်းထန်ကြမ်းတမ်းသော ကြေးတုတ်တိုက်ချက် အထိခံရမည်မလွဲပေ။

ထန်ဟန်ကတော့ သတိလက်မလွတ်ပေ။ ယီထိုက်ဖိန်၏ ပရိယာယ်ဆင်ကွက်ထဲသို့လည်း တိုးမဝင်ပေ။

ထန်ဟန်သည် ကိုယ်ကို အသာတိမ်းကာ ယီထိုက်ဖိန်၏ ရိုက်ချက်ကို ရှောင်လိုက်ပြီး တစ်ချိန်တည်းမှာပင် ညာလက်ဝါးစောင်းကို ဓားသွားသဖွယ်သုံးကာ ယီထိုက်ဖိန်၏ ခြေထောက်ကို ဖြတ်ခုတ်ချသည်။

အရပ်ရှည်သော လူတစ်ယောက်၏ ခြေထောက်ပိုင်းကို တိုက်ခိုက်ခြင်းသည် ထိရောက်သော တိုက်ခိုက်မှုပင် ဖြစ်သည်။ ယီထိုက်ဖိန်မှာလည်း ခေသူတစ်ယောက် မဟုတ်ပေ။

ထန်ဟန် မည်သို့သော တိုက်ကွက်ဆင်လာခြင်းသည်ကို ကြိုတင်ခန့်မှန်းမိကာ လေကိုသာ ထိုးမိသည့် ကြေးတုတ်တံကို အောက်သို့ ဆွဲနှိမ်ကာကာ ထန်ဟန်၏ လက်မောင်းကို ရိုက်ချလိုက်သည်။

ထန်ဟန်ကလည်း ယီထိုက်ဖိန်၏ ခြေထောက်ကို ဖြတ်ခုတ်လိုက်သည့် တိုက်ကွက်ကိုရုပ်သိမ်းကာ ကြေးတုတ်တံကို ဖြတ်ရိုက်လိုက်ပြန်သည်။

ယီထိုက်ဖိန်သည် ကြေးတုတ်တံကို အထိမခံလိုသောကြောင့် ချက်ချင်းပင် ပြန်ရုပ်သိမ်းပြီး နောက်ဆုတ်သွားသည်။

ထိုအချိန်မှာ အိုးယန်ကျွင့်နှင့် ရှင်ကျီးတို့ တိုက်ခိုက်နေသည့် နေရာဘက်မှ ရူးရူးဝါးဝါး အော်သည့်အသံ ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထန်ဟာန်၏ ရင်ထဲတွင် ထိတ်ခနဲဖြစ်ကာ လှမ်းကြည့်လိုက်ရာ အိုးယန်ကျွင့်မှာ ရှင်ကျိုး၏ ဖုန်ခါတ်ရိုက်ချက်များကို အလူးအလဲခံနေရသည်ကို တွေ့ရသည်။

အိုးယန်ကျွင့်၏ အဝတ်အစားများ စုတ်စုတ်အပြတ်ပြတ်ဖြစ်ကာ သွေးတွေလည်း တစ်ကိုယ်လုံး ချင်းချင်းနီ၍နေ၏။

သို့ရာတွင် စူးစူးဝါးဝါး အော်ဟစ်လိုက်သူမှာ အိုးယန်ကျွင့်မဟုတ်ဘဲ ရှင်ကျိုး ဖြစ်နေပေသည်။

ထန်ဟာန် လှမ်းကြည့်လိုက်ချိန်တွင် ရှင်ကျိုး၏ လက်ထဲတွင် သုံးလက်မခန့်ရှည်သော ငွေအပ်တစ်ချောင်း ကိုင်ထားသည်။ အပ်ထိပ်ဖျားတွင် သွေးများ နီရဲနေသည်။

ထို့နည်းတူ ရှင်ကျိုး၏ ညာဘက်ပါးရိုးတွင်လည်း သေးငယ်သော သွေးကွက်ဖြစ်နေကာ ထိုသွေးကွက်မှ သွေးတို့သည် ပိုးကြိုးမျှင် အနီလေးပမာ စီးကျနေသည်။

ရှင်ကျိုး၏ လက်ထဲတွင်ကိုင်ထားသော ငွေအပ်ရှည်သည် ညာဘက်ပါးပေါ်ရှိ ဒဏ်ရာမှ ... ခြင်းဖြစ်ကြောင်း သိသာသည်။

ရှင်ကျိုး၏ ဖုန်ခါတ်ရိုက်ချက်ကို အိုးယန်ကျွင့် အလူးအလဲခံနေရချိန်တွင် ကောင်းလင်ဖုန်းက ကြားဝင်လာကာ လက်နက်ပုန်းဖြင့် ပစ်ခတ်ကူအညီပေးခဲ့ခြင်း ဖြစ်သည်ကို ထန်ဟာန် သိလိုက်သည်။

"ထန်ဟာန် သတိထား"

အိုးယန်ကျွင့်၏ လှမ်းအော်သတိပေးလိုက်သံ ပေါ်လာ၏။

သို့သော် အိုးယန်ကျွင့်၏ သတိပေးလိုက်သံသည် နောက်ကျသွားပြီ ဖြစ်သည်။

* * *



အိုးယန်ကျွင့်၏ သတိပေးသံ ပေါ်ထွက်လာချိန်မှာပင် ထန်ဟာန်၏ ကိုယ်ခန္ဓာမှာ ပေါ့ပါးကာ ခြေအစုံလည်း မြေကြီးပေါ်မှ ကြွတက်သွားသည်။

ယီထိုက်ဖိန်၏ ပင်လယ်ဆူးချိတ်လက်နက်သည် ငါးများတတ်ခုသဘောမျိုး ဖြစ်သည်။ ဆူးချိတ်ကြိုးသည် သေးမျှင်သော်လည်း ခိုင်ခန့်လှသည်။ ငွေရောင်အဆင်းရှိသော သတ္တုတစ်မျိုးနှင့် ပြုလုပ်ထားခဲ့သည်။

ကြိုး၏ ထိပ်ဖျားတွင် သံမဏိဆူးချိတ်တစ်ခု ရှိသည်။ ယခု ထိုဆူးချိတ်သည် ထန်ဟာန်၏ အင်္ကျီလည်ကုပ်စကို မိမိရရ ချိတ်မိထားသည်။

ဆူးချိတ်သည် ထန်ဟာန်၏ အင်္ကျီလည်ကုပ်တွင်သာ ချိတ်မိနေသည်။ ထန်ဟာန်က အင်္ကျီကိုပင် ချွတ်ပစ်လျှင်ဖြစ်စေ၊ အင်္ကျီ ချိတ်ခံထားရမှုက လွတ်မြောက်စေနိုင်မည် ဖြစ်သည်။

ထန်ဟာန်က လက်နှေးမနေပေ။ ဆူးချိတ်ဖြင့် ချိတ်မိထားသော အင်္ကျီလည်ကုပ်စကို ဆုတ်ဖြဲပစ်လိုက်သည်။

ယီထိုက်ဖိန်မှာလည်း သာမန် သိုင်းသမားတစ်ယောက် မဟုတ်ပေ။ ကောက်ကျစ် ဉာဏ်များသော တကယ့် သိုင်းသမားကြီးတစ်ယောက် ဖြစ်သည်။

သို့သည် ထန်ဟာန်၏ အင်္ကျီလည်ကုပ်စကို ပင်လယ်ဆူးချိတ်ဖြင့် လှမ်းချိတ်ဆွဲရာတွင် ထန်ဟာန်ကို အနိုင်အမိုင် ချုပ်ဖမ်း

www.burmeseclassic.com

www.burmeseclassic.com



ချိတ်ဆွဲထားရန် မေ့ညွှန်ကြားသွားပြီး ခေတ္တချိတ်ဆွဲထားပြီး ထန်ဟာန်၏ စိတ်အာရုံကို ရှုပ်ထွေးအောင် ပြုလုပ်ရန်သာ ရည်ရွယ်သည်။

"စစ်ကဲကြီးနှစ်ယောက် ပစ်ကြပါတော့လား"

ထန်ဟာန်က အကျီလည်ကုပ်စကို ဆုတ်ဖြဲပစ်လိုက်ချိန်မှာပင် ယီထိုက်ဖိန်၏ အော်ဟစ်ပြောဆိုသံ ပေါ်လာသည်။ ဖုန့်ယန်ရဲတိုက်သခင်များဖြစ်ကြသော မီးနဂါးတုကူးကျုက်နှင့် စူးနဂါး တုကူးဝေတို့သည် နန်းဗိမာန်ဂိုဏ်းတွင် လက်ဝဲလက်ယာ စစ်ကဲကြီးများအဖြစ် တာဝန်ထမ်းဆောင်နေကြသည်ကို ထန်ဟာန် သိထားပြီး ဖြစ်သည်။

ထန်ဟာန် အမျိုးမျိုး တွေးတောနေချိန်မှာပင် ဝှစ်ခနဲ ဝှစ်ခနဲ လေခွင်းသံနှစ်ချက် ပေါ်လာသည်။ အပြာရောင် အလင်းတန်းနှင့် အနီရောင်အလင်းတန်းတို့ ဘယ်ဘက်နှင့်ညာဘက်ဆီမှ ပြိုင်တူ ထွက်ပေါ်လာသည်။

အပြာရောင် အလင်းတန်းသည် စူးနဂါးတုကူးဝေ၏ အရိုးဆွေးသဲမှုန့် အဆိပ်လက်နက် ဖြစ်သည်။ အနီရောင် အလင်းတန်းမှာမူ မီးနဂါးတုကူးကျုက်၏ မိုးကြိုးအဆိပ်လက်နက် ဖြစ်လေသည်။

အိုးယန်ကျွင့်သည် ပါးစပ်မှအော်ဟစ်ပြီး ထန်ဟာန်ရှိရာသို့ ခုန်ဝင်လာကာ ဘယ်ညာလက်ဝါးနှစ်ဖက်ကိုလည်း ထန်ဟာန်၏ ဘေးတစ်ဖက် တစ်ချက်ဆီသို့ ရိုက်ထုတ်လိုက်သည်။ သူ၏ လက်ဝါးရိုက်ချက် ပြင်းထန်လှသည်ဟု အားထားကာ ထန်ဟာန် ထံသို့ ဝင်ရောက်လာသည့် အရိုးဆွေးသဲမှုန့် အဆိပ်လက်နက်နှင့် မိုးကြိုးအဆိပ်လက်နက်တို့ကို လက်ဝါးရိုက်ချက် လေလှိုင်းအဟုန်ဖြင့် ရိုက်ထုတ်ဖယ်ရှားပစ်ရန် ကြိုးစားခြင်း ဖြစ်သည်။



တစ်ချိန်တည်းမှာပင် အဖြူရောင် အလင်းတန်းနှစ်ခုလည်း ထန်ဟာန်၏ ဘေးတစ်ဖက်တစ်ချက်သို့ တန်းဝင်လာပြန်သည်။ ကောင်းလင်ဖုန်းက ငွေပြားဝိုင်း လက်နက်ပုန်းဖြင့် လှမ်းပစ်ဟန့်တားလိုက်ခြင်း ဖြစ်သည်။

အိုးယန်ကျွင့်၏ ဟန့်တားမှုရော ကောင်းလင်ဖုန်း၏ ဟန့်တားချက်ပါ မည်သို့မှ အကျိုးမရှိနိုင်ကြောင်း ထန်ဟာန် ရိပ်မိလိုက်သည်။ အရိုးဆွေး အဆိပ်လက်နက်ပုန်းနှင့် မိုးကြိုးအဆိပ်လက်နက်ပုန်းတို့ကို ယခုလို တားဆီးချေဖျက်နိုင်လျှင် မီးနဂါးနှင့် စူးနဂါးတို့သည် နန်းဗိမာန်ဂိုဏ်းတွင် လက်ဝဲလက်ယာ စစ်ကဲကြီးများအဖြစ် ကြာရှည်စွာ နေရာယူနိုင်ကြမည် မဟုတ်ပေ။

မိမိထံသို့ ခုန်လွှားဝင်လာသည့် အိုးယန်ကျွင့်တစ်ယောက် လက်နက်စက်ကွင်းမလွှတ်ဘဲ အထိခံရမည်ကို ထန်ဟာန် အလွန် စိုးရိမ်နေသည်။ ထို့ကြောင့် ထန်ဟာန်သည် တအားခုန်ထွက်ကာ အိုးယန်ကျွင့်ကိုပါ ဆတ်ခနဲ ဆွဲယူခေါင်းသွားသည်။

အိုးယန်ကျွင့်ကို ဆွဲယူခေါင်း၍ ခုန်ထွက်လာခဲ့သော ထန်ဟာန်၏ ခြေထောက် မြေပြင်သို့ ချမိသည့်အချိန်မှာပင် ကျယ်လောင်သော ပေါက်ကွဲသံတစ်ချက် မြည်ဟိန်းသွားသည်။

"ဝုန်း"

အရိုးဆွေးသဲမှုန့် အဆိပ်လက်နက်နှင့် မိုးကြိုးအဆိပ် လက်နက်တို့သည် ထန်ဟာန်ကိုမထိဘဲ အရှင်းချင်းထိမိကာ ပေါက်ကွဲသွားခြင်း ဖြစ်သည်။

ထန်ဟာန်သည် မြေကြီးပေါ် ခြေချမိသော်လည်း မတ်တတ်ရပ်မနေဘဲ မြေပြင်တွင်လှဲချကာ လှိမ့်၍ ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ လှိမ့်ထွက်လာရာတွင် အိုးယန်ကျွင့်ကိုလည်း အလွတ်မပေးဘဲ ဆက်လက်ဆွဲခေါ်သွားသည်။

ထိုအချိန်မှာပင် အပြာရောင်နှင့် အနီရောင်အခိုးအငွေ့များက ပြန့်ကျဲလွှမ်းခြုံလာသည်။

ထန်ဟန်နှင့် အိုးယန်ကျွင့်တို့မှာ ကံကောင်းထောက်မစွာ အနီရောင်နှင့် အပြာရောင်အခိုးအငွေ့များ ပြန့်ကျဲလွှမ်းခြုံရာ နယ်ပယ်စက်ဝိုင်းအပြင်သို့ ရောက်နေကြသည့်အတွက် ဘေးရန်ကင်းသွားသည်။

နန်းဗိမာန်ဂိုဏ်းသားများကိုမူ ထိုအခိုးအငွေ့များက လွှမ်းခြုံမိလေရာ အော်ဟစ်သံများ ဆူညံသွားကြသည်။

ရန်သူများ ဗရိုမရဲနှင့် ရုတ်ရုတ်သဲသဲ ဖြစ်နေကြသည်ကို အခွင့်ကောင်းယူကာ ထန်ဟန်၊ အိုးရန်ကျွင့်နှင့် ကောင်းလင်ပုန်းတို့သုံးယောက် ကျောင်းတိမ်းတွက်ခွာလာခဲ့ကြသည်။

***



## အခန်း(၉)

နံနက် မိုးလင်းလုပြီ။

တောင်ခြေရှိ အမဲလိုက်မှုဆိုး ချိုက်တာ့ဟူ၏ တဲအိမ်လေးထဲမှ မီးရောင်များ လင်းလက်နေသည်။ အခြားအချိန်များတွင် ချိုက်တာ့ဟူ တစ်ကိုယ်တည်းသာ နေထိုင်ရာ တဲအိမ်တွင် ယခုအခါတွင်တော့ လူအတော်များများ၍နေသည်။

ထိုတဲအိမ်သည် ဓားမပျံဂိုဏ်းမှ ဂိုဏ်းချုပ် ထုံချီဖေးမူလက ပုန်းအောင်းနေခဲ့ရာ နေရာဖြစ်သည်။ ထုံချီဖေးသည် သမားတော်ကြီး ချင်ကျိုဟိုထံမှ ဆေးကုသမှုခံယူသောအခါတွင် အသွားအလာ အဆင်ပြေစေရန် အဘိုးကြီးကျောက်၏ အိပ်ခန်းသို့ လျှို့ဝှက်စွာ ပြောင်းရွှေ့သွားခဲ့ရာမှ နန်းဗိမာန်ဂိုဏ်းမှ သိုင်းသမားများ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။

ထို့နောက် ဖမ်းဆီးထားမှုမှ တစ်ဖန် လွတ်မြောက်လာခဲ့ရာတွင် ထိုတဲအိမ်တွင် ပြန်၍ ပုန်းအောင်းနေထိုင်ခဲ့သည်။

ထုံချီဖေးတို့လူစုသာမက လီဝေါက်တို့ ဧနီးမောင်နှံလည်း အတူပါလာခဲ့သည်။ယခုတစ်ဖန် ထန်ဟန်တို့လူစုလည်း ရောက်လာကြပြန် ထိုတဲအိမ်တွင် လူအတော်စုမိသည်ဟု ဆိုရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



သမားတော်ကြီး ချင်ကျိုဟိုသည် တကယ်ပင် ဆေးပညာ တူးချွန်လှပေသည်။ သူ၏ ပြုစုကုသပေးမှုကြောင့် ကျွန်းထင်ကျင့်၏ဒဏ်ရာမှာ အသက်အန္တရာယ် ဖြစ်နိုင်လောက်သည့် အခြေအနေမှ ကင်းလွတ်ခဲ့ရသည်။ ထိုချိုဖေး၏ ရောဂါအခြေအနေလည်း သိသိသာသာ သက်သာသွားသည်။

လီပေါက်၏ ဓားဒဏ်ရာမှာတော့ လုံးဝနီးပါးပင် ပျောက်ကင်းနေပေပြီ။ အိုးယန်ကျွင့်၏ ဖုန်ခါတံ အရိုက်ခံရသည့် ဒဏ်ရာများကိုလည်း ချင်ကျိုဟိုက ဆေးထည့်ကာ ကုသပေးသည်။

ကောင်းလင်ဖုန်း၏ ကိုယ်ခန္ဓာမှ မွန်းရာ ပဲ့ရာများကိုမူ ချင်ကျိုဟိုက ဆေးဖယောင်းပြားများကပ်ကာ ကုသပေးသည်။

ကောင်းလင်ဖုန်းသည် ပြည့်စုံ စားသောက်ဆိုင်ထဲသို့ မြေကျင်းတူးကာ ဝင်ရောက်ခဲ့ရာမှ တစ်ကိုယ်လုံးတွင် မွန်းပဲ့ ထိနိုက် ဒဏ်ရာရခဲ့သည်။ ဆေးဖယောင်းချက်ပြားများမှာ သူ့တစ်ကိုယ်လုံး နေရာအနှံ့ ကပ်လျက်သား ရှိနေသည်။

ကောင်းလင်ဖုန်းသည် ဆန်ပြုတ် နှစ်ပန်းကန်ကုန်အောင် စားပစ်လိုက်ပြီးနောက် ရိပ်ရှင်ကူဘက် လှည့်ကြည့်ကာ ...

"ချန်ဝမ်လန်က မမတို့နဲ့ အတူတူထွက်လာပြီး ဒီကို လိုက်မလာဘဲ ဘယ်သွားတာလဲ"

"သူ့အစ်မနှစ်ယောက်ကိုတွေ့ဖို့ ရွာထဲကို ဝင်လိုက်ဦးမယ် ပြောပြီး လမ်းခွဲသွားတာပဲ၊ သူ့အစ်မနှစ်ယောက်ကို အတူတူခေါ်ပြီး ဒီကို လိုက်လာခဲ့မယ်လို့တော့ ပြောသွားတယ်"

"အခုအချိန်ဆို သူတို့ ရောက်ဖို့ကောင်းပြီ"

"မင်းက သူတို့နဲ့တွေ့စရာ အကြောင်းကိစ္စ ရှိနေလို့လား"



"အထူးအကြောင်းကိစ္စတော့ မရှိပါဘူး ခေါင်းညီအစ်မတွေထဲမှာ ငွေခေါင်းပျို ချန်လီလီက ဟင်းချက် သိပ်ကောင်းတယ်၊ သူ ရောက်လာရင် ကျွန်တော့်အကြိုက် ဝက်သားချိုချဉ်ဟင်း ကောင်းကောင်း ချက်ခိုင်းချင်လို့ပါ"

"ငွေခေါင်းပျို ဒီကို ရောက်လာတဲ့အခါ မင်း က တကယ်ပဲ အခုလိုပြောပြီး ဟင်းချက်ခိုင်းရဲပါ့မလား"

"အလကား ကျွန်တော်က နောက်ပြောတာပါ မမရယ်၊ ချန်လီလီကို ဘယ် ဟင်းချက်ခိုင်းရဲမှာလဲ"

ထန်ဟန်က တဟားဟား ရယ်မောလျက် ...

ကျန်လူများကလည်း ကောင်းလင်ဖုန်းကို ဝိုင်းဝန်းနောက်ပြောင် ရယ်မောကြရာ ကောင်းလင်ဖုန်းမှာ မချိသွားဖြဲသာ လုပ်နေရှာသည်။

သူတို့၏ ရယ်မောသံများသည် အခန်းထဲသို့ ပြေးဝင်လာသော လူတစ်ယောက်ကြောင့် ရုတ်တရက် ရပ်တန့်သွားကြသည်။

* * *

အခန်းထဲသို့ ဝင်ရောက်လာသူမှာ ဓားမပျံဂိုဏ်း၏ ဂိုဏ်းမှူး အုံး ဝိညာဉ်ဓား ဟွမ်းလျှံယိ ဖြစ်သည်။ တဲအိမ်ပတ်လည်တွင် ဓားမပျံဂိုဏ်း၏ ဂိုဏ်းသားလေးယောက်တို့သည် အရပ်မျက်နှာ တစ်ခုစီ ခွဲဝေတာဝန်ယူကာ ကင်းစောင့်ပေးနေကြသည်။

"အခု လာနေတာဟာ ချန်လီလီ မဟုတ်ဘူး၊ ကြေးခေါင်းပျို ချန်ဝမ်လန်ပဲ ဖြစ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟွမ်းလျှံယိက အလောတကြီး ပြောသည်။

"ချန်ဝမ်လန် ရောက်လာတာကို ဘာကြောင့် ဒီလောက်တောင် အရေးတကြီး ပြောနေရတာလဲ"

ထန်ဟန် အံ့သြဟန်ဖြင့် မေးသည်။

"ချန်ဝမ်လန်ဟာ အတော်တော့ အလှမ်းဝေးနေပါသေးတယ်၊ ဒါပေမဲ့ ကျုပ်ရဲ့ မျက်လုံးအကြည့်ကတော့ ဒီလောက် မညံ့သေးပါဘူး၊ သူ့ရဲ့ အမူအရာဟာ အတော်လေး ထူးခြားတာကို တွေ့ရတယ်"

ဤအခါတွင်တော့ ထန်ဟန်အပါအဝင် အားလုံးပင် စိတ်လှုပ်ရှားသွားကြသည်။

ချန်ဝမ်လန် ဘာဖြစ်လာသနည်း။ မည်သည့်အန္တရာယ်နှင့် ကြုံခဲ့ရသနည်း။

"ဘယ်လို ထူးခြားတာလဲ"

ထန်ဟန်ကပင် မေးလိုက်ပြန်သည်။

"သူ့ကို ကြည့်ရတာ ဒေါသထွက်ပြီး စိတ်ထိခိုက် လှုပ်ရှားနေပုံရတယ်၊ ဆံပင်တွေ ရှုပ်ပွနေပြီး အဝတ်အစားကလည်း သေသေသပ်သပ် မရှိဘူး၊ ခြေလှမ်းကလည်း မမှန်ဘဲ ဒယီးဒယိုင် ဖြစ်နေတယ်"

"လာ မြန်မြန် သွားကြည့်ကြစို့"

စကားဆုံးသည်နှင့် ထန်ဟန်သည် တဲအိမ်အပြင်ဘက်သို့ ပြေးထွက်သွားသည်။

ဟွမ်လျှံယိနှင့်အတူ ဟောင်းလင့်ဖုန်း၊ ဆိုးယန်ကျွင်း၊ ရှိုင်ရှင်ကျူ သီဖေါက်ဆိုလည်း လိုက်ပါသွားကြသည်။



သူတို့လူစုသည် ဟွမ်းလျှံယိ ကင်းစောင့်တာဝန်ကျရာ နေရာဖြစ်သော တောင်ကုန်းမြင့်လေးသို့ ရောက်လာကြသည်။

ထိုတောင်ကုန်းမြင့်ပေါ်မှ လှမ်းကြည့်လိုက်လျှင် အဝေးဆီမှ အပြေးလာနေသော ချန်ဝမ်လန်ကို လှမ်းမြင်နိုင်သည်။

ဟွမ်းလျှံယိ၏ ပြောစကား မှန်နေပေသည်။

ချန်ဝမ်လန်၏ မျက်နှာအမူအရာ အလွန်ပင် ထူးခြားနေသည်။ အရူးမတစ်ယောက် အသွင်မျိုးပင် ဖြစ်နေသည်။

ထန်ဟန်သည် တောင်ကုန်းအောက်သို့ ပြေးဆင်းသွားလိုက်ပြီး ...

"ဝမ်လန် ... ဝမ်လန် ဘယ်လိုဖြစ်တာလဲ ဘိုတွေ ဒီမှာ ရှိတယ်"

ချန်ဝမ်လန်သည် ထန်ဟန်ရှိရာသို့ ပြေးလာသည်။ အနီးသို့ ရောက်သောအခါ ထန်ဟန်ကို ပြေးဖက်လိုက်ပြီး ...

"အစ်ကို ... အစ်ကို ကျွန်မရဲ့ အစ်မနှစ်ယောက်"

ထန်ဟန်သည် ချန်ဝမ်လန်အား အသာဖေးမကာ ဖက်ထားရင်း ...

"သိပ်စိတ်မလှုပ်ရှားမနေပါနဲ့ ဘာပြဿနာပဲဖြစ်ဖြစ် ဝမ်လန်တို့အတွက် ကို ဖြေရှင်းပေးမယ်၊ ဖြည်းဖြည်းပြော"

"ဟို ... လူယုတ်မာ လီစန်းထောင်တို့က"

ချန်ဝမ်လန်မှာ ထိုမျှသာပြောပြီး သတိလစ်ကာ မေ့မြောသွားသည်။

ထိုအချိန်တွင် ကျန်လူများသည် ထန်ဟန်အနီးသို့ အပြေးရောက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗွမ်လျှံယိသည် မိမိ ကင်းတာဝန်ကျရာ နေရာသို့ ပြန်သွားပြီး ကျန်လူများက ထန်ဟာန်နှင့်အတူ တဲအိမ်သို့ လိုက်လာခဲ့လေသည်။

* * *

သမားတော်ကြီး ချင်ကျိဟိုး၏ ပြုစုပေးမှုကြောင့် ချန်ဝမ်လန်သည် မကြာမီမှာပင် သတိပြန်ရလာသည်။ ချင်ကျိဟိုက စိတ်တည်ငြိမ်စေသည့် ဆေးဆေးများလည်း တိုက်ကျွေးပေးခဲ့ရာ ချန်ဝမ်လန်မှာ စိတ်လှုပ်ရှားမှု အတော်အသင့် သက်သာနေသည်။

ချန်ဝမ်လန်က ဖြစ်ပျက်ခဲ့ပုံများကို ပြန်ပြောပြသည်။

ချန်ဝမ်လန်သည် ရိပ်ရင်ကူတို့နှင့်အတူ သချိုင်းကုန်းပေါင်းနေရာမှ ပြန်လာခဲ့ရာတွင် ချိုက်တာဟူ၏ တဲအိမ်ရှိရာသို့ လိုက်မလာသေးဘဲ အစ်မနှစ်ယောက်ကို အကျိုးအကြောင်း ပြောပြပြီး အတူခေါ်သွားရန် ရွာထဲသို့ ပြန်ဝင်လာခဲ့သည်။

သူတို့ညီအစ်မတစ်စု တည်းခိုနေထိုင်ရာ အိပ်ခန်းထဲသို့ ရောက်လာသောအခါတွင် ထိတ်လန့်တုန်လှုပ်ဖွယ်မြင်ကွင်းကို တွေ့မြင်လိုက်ရသည်။

ရွှေခေါင်းပျို ချန်မေယောင်နှင့် ငွေခေါင်းပျို ချန်လိလိတို့ နှစ်ယောက်သည် သွေးအိုင်များထဲတွင် လဲနေကြသည်။ လိစန်းထောင် ဦးဆောင်သော သိုင်းသမားဆိုးတစ်စုလည်း ရှိနေကြလေသည်။



ထိုမြင်ကွင်းကို တွေ့လိုက်ရသည်နှင့် မိမိ၏အစ်မနှစ်ယောက်မည်သို့သော အဖြစ်ဆိုးမျိုး ကြုံရသည်ဆိုခြင်းကို ချန်ဝမ်လန်က ချက်ချင်းပင် နားလည်လိုက်သည်။

ကျေနပ်အားရခြင်း မရှိကြသေးသော လိမော်စန်းတို့လူစုသည် ချန်ဝမ်လန် ရောက်လာသည်ကို တွေ့သည်နှင့် အတင်းပင် ဖမ်းဆီးကြပြန်သည်။

ချန်ဝမ်လန်က သူတို့လက်သို့ အရောက်မခံ။ ရှိသမျှ စွမ်းအားနှင့် အတင်းပင် တိုက်ခိုက်ကာ ထိုးဖောက်ထွက်လာခဲ့သည်။

ဒေါသစိတ်၊ ရှက်စိတ်၊ ဝမ်းနည်းစိတ်တို့ဖြင့် ခြောက်တည်ရာမရဖြစ်နေသော ချန်ဝမ်လန်သည် ထန်ဟာန်တို့ရှိနေမည်ဖြစ်သော တဲအိမ်လေးသို့ အရောက်ပြေးလာခဲ့လေတော့သည်၊ ထန်ဟာန်ကို တွေ့လိုက်ရသည်နှင့် အားခဲကာ တင်းလာသမျှ စိတ်များလျှော့ချကာ သတိလစ်မေ့မြောသွားခြင်း ဖြစ်ပေတော့သည်။

"တရားလက်လွှတ်နဲ့ မတရားပြုလုပ်တဲ့လူတွေဟာ ဇာတ်သိမ်းမကောင်းပါဘူးကွယ်၊ လိစန်းထောင်တို့ကို ဟိုကိုယ်တိုင် ဆုံးမဒဏ်ခတ်ပေးပါ့မယ်"

ချန်ဝမ်လန်က ပြောပြ၍ အကြောင်းစုံကို သိရပြီးနောက် ထန်ဟာန်က အလေးအနက်ပင် ကတိပေးစကား ပြောကြားလေသည်။

ထို့နောက် အိုက်တာရှင့်၊ စွန်းလှေယိနှင့် ရွှေလုံရှင် ကိုးရန်မိန်တို့ကို ဤနေရာသို့ စုစည်းခေါ်လာခဲ့ရန် ကောင်းလင်ဖုန်းကို တာဝန်ပေး စေလွှတ်လိုက်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဟူယီထု၏ တာဝန်ပေးချက်အတိုင်း လီစန်းထောင်သည် လက်မရှိ သိုင်းသမား သုံးယောက်ကို ဦးဆောင်ကာ ဒေါင်းအစ်မ သုံးဖော်တို့ တည်းခိုနေထိုင်ရာအနီးသို့ ခေါ်လာခဲ့သည်။ လက်မရှိ သိုင်းသမားများအပြင် လက်ပါးစေ သိုင်းသမားခြောက်ယောက်ကိုပါ ခေါ်လာခဲ့သည်။

ရောက်သည်နှင့် အိမ်ခန်းထဲသို့ တစ်ရှိန်ထိုး ဝင်ရောက်ကာ တိုက်ခိုက်ကြသည်။

အိမ်ခန်းထဲသို့ ရောက်သောအခါ ရွှေဒေါင်းပျိုနှင့် ငွေဒေါင်းပျိုသာရှိပြီး ကြေးဒေါင်းပျိုကို မတွေ့ရပေ။ သို့သော် စမိပြီဖြစ်သောကြောင့် ပြန်မဆုတ်သာဘဲ ရွှေဒေါင်းပျိုနှင့် ငွေဒေါင်းပျိုတို့ကိုသာ တိုက်ခိုက်ဖမ်းဆီးကြသည်။

ရွှေဒေါင်းပျိုနှင့် ငွေဒေါင်းပျိုတို့သည် သိုင်းပညာစွမ်းထက်သော်လည်း နန်းဗိမာန်ဂိုဏ်း၏ ကြယ်တံခွန်စေတမန်နှင့် လက်မရှိ သိုင်းသမား သုံးယောက်တို့ကို မယှဉ်နိုင်ဘဲ နောက်ဆုံးတွင် အကြောပိတ်ဖမ်းဆီးခြင်း ခံကြရသည်။

ထိုသို့ ဖမ်းမိသည်နှင့် လီစန်းထောင်သည် ဟူယီထုက ပေးအပ်လိုက်သော အခွင့်အရေးကို ချက်ချင်း အသုံးချလေတော့သည်။

လက်ပါးစေ သိုင်းသမားနှစ်ယောက်၏ မလိမ္မာမှုကြောင့် ရွှေဒေါင်းပျိုနှင့် ငွေဒေါင်းပျိုတို့ အကြောများပွင့်သွားကာ အတွင်း ထတိုက်ခိုက်ကြရာ ထိုလက်ပါးစေသိုင်းသမားနှစ်ယောက် သေဆုံး



သွားသည်။ ရွှေဒေါင်းပျိုနှင့် ကြေးဒေါင်းပျိုတို့မှာလည်း ကျန် လက်ပါးစေသိုင်းသမားတို့၏ လက်ချက်ဖြင့် အသက်ပျောက်ခဲ့ရသည်။

လီစန်းထောင်မှာ ဝင်ရောက်တားဆီးရန် အချိန်မရလိုက်တော့ပေ။

ရွှေဒေါင်းပျိုနှင့် ငွေဒေါင်းပျိုတို့ သေဆုံးကြပြီး ကြေးဒေါင်းပျို ရောက်လာရာ အတင်း ဝိုင်းဖမ်းကြပြန်သည်။

သူတို့၏ အင်အားနှင့်ဆိုလျှင် ကြေးဒေါင်းပျိုကို အမိဖမ်းရန် မခက်ပေ။ သို့သော် သူတို့သည် စိတ်အထူးတက်ကြွနေကာ သူ့ထက်ငါ အမိဖမ်းလိုစိတ် ပြင်းထန်နေသောကြောင့် အချင်းချင်းတိုးဝင်တိုက်ခိုက်မိကြသည့်အပြင် ကြေးဒေါင်းပျို၏ အစွမ်းကုန်ခုခံမှုများကိုလည်း ရင်ဆိုင်ရကာ ဘယ်လိုမှ အမိမဖမ်းနိုင်ဘဲ လက်လွှတ်သွားခဲ့သည်။

အချင်းချင်း တိုက်ခိုက်မိသောကြောင့် လက်မရှိ သိုင်းသမားတစ်ယောက်နှင့် လက်ပါးစေသိုင်းသမားနှစ်ယောက် ထိခိုက်ဒဏ်ရာရကြသည်။

ဒေါင်းညီအစ်မသုံးဖော်မှ နှစ်ယောက်ကို သုတ်သင်နိုင်ခဲ့သော်လည်း လီစန်းထောင်တို့ဘက်မှာလည်း အတော်ပင် အထိနာခဲ့သည်။

ထို့ပြင် ကြေးဒေါင်းပျို လွတ်မြောက်သွားခဲ့လေသည်။

ထို့ကြောင့် ဟူယီထုထံတွင် အကျိုးအကြောင်း ပြန်လည်သတင်းပို့သောအခါ လီစန်းထောင်မှာ မရှင်မပျနိုင်ဘဲ အတော်လေးပင် ထိတ်လန့်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို နောက်ဆုံး အခွင့်အရေး ပေးလိုက်မယ်၊ သုံးရက်အတွင်း ကြေးခေါင်းပျို ချန်ဝမ်လန်ကို အရှင်ရအောင် အမိဖမ်းပေးရမယ်၊ ဖမ်းနိုင်ရင် မင်းကို ချီးမြှင့်ပြီး ရာထူးတိုးပေးမယ်၊ မဖမ်းနိုင်ရင် မင်းကိုယ်မင်း ကြည့်စီရင်လိုက်တာက ကောင်းလိမ့်မယ်"

ဟုယီထုက အမိန့်ချမှတ်သည်။

အမိန့်မှာ ပြင်းထန်သော်လည်း လီစန်းထောင်အဖို့ကား သေမင်းခံတွင်းမှ လွတ်မြောက်သွားသလို ဖြစ်ခဲ့သောကြောင့် အတော်ပင် ဝမ်းမြောက်သွားသည်။

သူ့တွက်ကိန်း မှန်နိုင်ပါမည်လား။

* * *

လီစန်းထောင်သည် ကြေးခေါင်းပျိုကို လိုက်မရှာဘဲ ဂျပုကြီး ပီအိုင်ကို အရင်လိုက်ရှာသည်။

ပီအိုင်သည် ကျဲဖမ်းအလုပ်ဖြင့် အသက်မွေးနေသော ရွာသားတစ်ယောက် ဖြစ်သည်။ နေရာတကာ နှံ့စပ်ကာ သတင်းမျိုးစုံ သိတတ်သည်။

လီစန်းထောင်သည် ပီအိုင်ကို အရက်ဆိုင် တစ်ဆိုင်တွင် ရှာတွေ့သည့်အတွက် မိမိကိုယ်မိမိ အတော်ကံကောင်းသည်ဟု ထင်လိုက်မိသည်။ ပီအိုင်က ကြေးခေါင်းပျို ပုန်းအောင်းနေသည့် နေရာကို လိုက်ပြပေးမယ်ဟု ဆိုသောအခါတွင်မူ လီစန်းထောင်သည် မိမိ၏ကံ တစ်စခန်းထတော့ တက်လာပြီဟု တွက်လိုက်မိ



ပြန်သည်။ ပီအိုင် တောင်းသော သတင်းရေးခ အသပြာတစ်ရာကိုလည်း နှမြောတွန့်တိုခြင်းမရှိဘဲ ရက်ရက်ရောရောပင် ပေးသည့်အပြင် ပီအိုင် သောက်နေသော အရက်ဖိုးကိုလည်း ပေးချေလိုက်သေးသည်။

ပီအိုင်ကလည်း ငွေရသည်နှင့် ချက်ချင်းပင် အရက်သောက်မှုကို လက်စသိမ်းကာ လီစန်းထောင်ကို လမ်းပြကာ ခေါ်သွားသည်။

ပီအိုင်၏ လမ်းပြမှုအတိုင်း လိုက်လာခဲ့ရာ ရွာမြောက်ဘက်ရှိ တောအုပ်ထဲသို့ ရောက်လာကြသည်။

ပီအိုင်သည် ရုတ်တရက် ခြေလှမ်းရပ်လိုက်ကာ ...

"ဟို ... ရှေ့နားက မီးခိုး တလူလူထွက်နေတဲ့ ကျောက်ဂူကိုမြင်တယ်မဟုတ်လား"

"အင်း ... တွေ့တယ်"

"အဲဒီဂူထဲမှာ ကြေးခေါင်းပျို ရှိနေတယ်၊ ဒီ မီးခိုးတွေက အစားအသောက်တစ်ခုခု ပြုလုပ်နေရာက ထွက်လာတဲ့ မီးခိုးပဲ"

"ယုန်သားကင်တာ ဖြစ်ဖို့များတယ်"

"ဟုတ်ပါလိမ့်မယ်"

"ကျုပ်တော့ အဖော်ပြုပြီး လိုက်ပေးရမလား"

"ကိစ္စမရှိပါဘူး ခင်ဗျား သွားချင်ရာ သွားနိုင်ပါပြီ ဒီအကြောင်းကိုသာ နှုတ်လုံပါစေ"

ထိုသို့ ပြောပြီးနောက် လီစန်းထောင်သည် မီးခိုးများ ထွက်နေရာဘက်သို့ အသာလျှောက်လှမ်းလာခဲ့သည်။ ဂူအားသို့ နီးလာသည်နှင့်အမျှ အသားကင်းနံ့က ပို၍ မွှေးပျံ့လာသည်။

www.burmeseclassic.com

www.burmeseclassic.com



လီစန်းထောင်၏ ထင်ကြေး မလွဲပေ။ မီးခိုးများသည် ယှန်သားကို ကင်နေသည့် မီးဖိုမှ ထွက်လာခြင်း ဖြစ်သည်။

သို့သော် ယှန်သားကင်နေသူမှာမူ လီစန်းထောင် ထွက်ထားသလို ကြေးဒေါင်းပျို ချန်ဇမ်လန် မဟုတ်ပေ။

မီးခဲထန်ဟန် ဖြစ်နေသည်။

* * *

ထန်ဟန်ကို မမျှော်လင့်ဘဲ ရင်ဆိုင်တိုးမိသည့် အတွက် လီစန်းထောင်မှာ ထိတ်လန့်သွားရသည်။

ထန်ဟန်က လီစန်းထောင်ကို စေ့စေ့ကြည့်ပြီး ...

"ခင်ဗျားရဲ့ဓားကို ထုတ်လိုက်ပါ"

ထန်ဟန်၏အသံက အေးစက်မာကျောလှသည်။

လီစန်းထောင်သည် တစ်ကိုယ်လုံးအေးကာ ကြက်သီးဖျန်းဖျန်း ထသွားသည်။ သို့သော် နောက်ဆုတ်ထွက်ပြေးလျှင်လည်း ရနိုင်မည်မဟုတ်ကြောင်း တွေးမိသည့်အတွက် လက်ဦးမှုအရယူကာ အပိုင်တိုက်ခိုက်ရန် ဆုံးဖြတ်ကာ ဓားရှည်ကို ဆွဲထုတ်ပြီး ထန်ဟန်ကို ခုတ်ချလိုက်သည်။

ဓားရောင်တစ်ချက် လက်သွားသည်။

လျှပ်ရှားမှုတစ်ခု ရိုပ်ခနဲ ဖြစ်ပေါ်လာသည်။

နောက်ထပ် ဓားရောင်တစ်ချက် ထပ်လက်သွားသည်။

နောက်ဆုံးတွင် လူတစ်ယောက် မြေကြီးပေါ် ဘိုင်းခနဲ လဲကျသွားသည်။



ထို့နောက် လှုပ်ရှားမှုတွေအားလုံး ရပ်တန့်သွားသည်။

ဖြစ်ပျက်ပုံသည် အလွန်မင် မြန်လှသည်။

တိုတောင်းလှသော အချိန်ပိုင်းလေးအတွင်း ဆက်တိုက်ဖြစ်ပွားသွားခဲ့သည်။

ပထမလက်သွားသော ဓားရောင်သည် လီစန်းထောင်က ထန်ဟန်ကို ခုတ်ချလိုက်သည့်ဓားချက်မှ အရောင်ဖြစ်သည်။ ပေါ်ထွက်လာသော လှုပ်ရှားမှုမှာ ထန်ဟန်က လီစန်းထောင်၏ လက်မှ ဓားရှည်ကို လုယူလိုက်ခြင်းဖြစ်ပြီး ဒုတိယပေါ်လာသည့် ဓားရောင်က လီစန်းထောင်ကို ထန်ဟန်က ခုတ်ချလိုက်ခြင်း ဖြစ်သည်။

နောက်ဆုံးတွင် လီစန်းထောင်မှာ ဓားချက်အထိခံရကာ မြေကြီးပေါ် ဘိုင်းခနဲ လဲကျသွားခဲ့သည်။

သိုင်းကွက်တစ်ကွက်တည်းသာ ရှိသည်။

လီစန်းထောင်မှာ နန်းဗိမာန်ဂိုဏ်း၏ ကြယ်တံခွန်စေတမန် အမှတ်ရှစ်ဖြစ်ပြီး သိုင်းပညာစွမ်း အတော်ထက်သည်။ သာမန်အားဖြင့်ဆိုလျှင် ထန်ဟန်သည် လီစန်းထောင်ကို အနိုင်တိုက်ခိုက်နိုင်သော်လည်း သိုင်းကွက်ငါးဆယ်ကျော် ရင်ဆိုင်တိုက်ခိုက်ပြီးမှသာ အနိုင်ယူနိုင်မည် ဖြစ်သည်။

ယခု ထန်ဟန်က ပထမဦးဆုံး အကြိမ်အဖြစ် မိုးကုပ်စက်ဝိုင်း သန့်စင်အတွင်းအားသိုင်းကို အသုံးပြုကာ လှုပ်ရှားတိုက်ခိုက်လိုက်သောကြောင့် လီစန်းထောင်ကို မျက်စိတစ်မှိတ်မျှသော အချိန်ပိုင်းလေးအတွင်း သိုင်းကွက်တစ်ကွက်တည်းဖြင့် ချေမှုန်းအနိုင်ယူလိုက်နိုင်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လိစန်းထောင်သည် ကြေးခေါင်းမျိုး ချန်ဝမ်လန်ကို ဆက်လက်စုံစမ်းရှာဖွေဦးမည်ဖြစ်ကြောင်း ထန်ဟာန်က တွက်ထားပြီး ဖြစ်သည်။ ထို့ကြောင့် ပိအိုင်နှင့်တိုင်ပင်ကာ အစီအစဉ်များကြိုတင်ပြင်ဆင်ထားခဲ့သည်။

ပိအိုင်သည် ရိုးသားသော ကျေးတောသားတစ်ယောက်ဖြစ်ပြီး မတရားမှုများကိုလည်း မုန်းတီးရာ ထန်ဟာန်နှင့် စိတ်ပါလက်ပါ ပူးပေါင်းဆောင်ရွက်ကာ လိစန်းထောင်ကို ထန်ဟာန်စောင့်ဆိုင်းနေသည့်နေရာသို့ အရောက်ခေါ်လာပေးခဲ့သည်။

လှယုတ်မာ လိစန်းထောင်သည် ဤနည်းဖြင့် မိုးစာတ်သိမ်းသွားခဲ့ရသည်။

* * *



## အခန်း(၁၀)

ငါးလပိုင်း တစ်ရက်နေ့။

ပြည့်စုံစားသောက်ဆိုင်ရှေ့တွင် ကြော်ငြာစာရွက်ကြီးတစ်ရွက်ကပ်ထားသည်။ ထိုစာရွက်ပေါ်တွင် အောက်ပါစာကြောင်းများကိုရေးထားသည်။

ယခုလ ငါးရက်နေ့ အရောင်းအဝယ်ပွဲကို မလုပ်ဆောင်ဘဲ တစ်ကြိမ် ရပ်နားလိုက်သည်။

ထိုသတင်းသည် စိတ်တိုင်းကျ ပြည့်စုံရွာတစ်ခုလုံးသို့ ချက်ချင်းပင် ပျံ့နှံ့သွားသည်။

ပြည့်စုံစားသောက်ဆိုင်၏ အရောင်းအဝယ်ပွဲကို ရပ်ဆိုင်းလိုက်မှုသည် စိတ်တိုင်းကျ ပြည့်စုံရွာ၏ ဇာတ်သိမ်းခန်းအစဟုလူတိုင်းက နားလည်ကြသည်။

စိတ်တိုင်းကျ ပြည့်စုံရွာသည် ခရီးအသွားအလာ အလွန်ခက်ခဲသည့် ဝေးသီခေါင်ဖျားနေရာတွင် တည်ရှိသည်။ ရွာ၏ တရားဝင်နာမည်ပင် မရှိပေ။

ပြည့်စုံစားသောက်ဆိုင်၏ ထူးဆန်းသော အရောင်းအဝယ်ပွဲလေးကြောင့် ဤရွာလေးသည် သိုင်းလောကတွင် လူသိများကာ

www.burmeseclassic.com

www.burmeseclassic.com



စည်ကားလာသည်။ သိုင်းလောကတွင် စိတ်တိုင်းကျ ပြည့်စုံရွာဟု အမည်ရလာခဲ့သည်။

ပြည့်စုံစားသောက်ဆိုင်၏ အရောင်းအဝယ်ပွဲသည် စိတ်တိုင်းကျပြည့်စုံရွာ၏ အသက်သွေးကြောဟုပင် ဆိုနိုင်ပေသည်။

အသက်သွေးကြောဖြစ်သော ထိုအရောင်းအဝယ်ပွဲ ရပ်ဆိုင်းသွားလျှင် စိတ်တိုင်းကျပြည့်စုံရွာအနေဖြင့် မည်သို့ ဆက်လက်စည်ကားနိုင်တော့မည်နည်း။

ပြည့်စုံ စားသောက်ဆိုင်၏ အရောင်းအဝယ်ပွဲကြောင့် သိုင်းသမားများ ဤရွာသို့ ရောက်လာကြပြီး ထိုသိုင်းသည်သည်များကြောင့် တည်းခိုရိပ်သာများ၊ စားသောက်ဆိုင်များ၊ အရက်ဆိုင်များ၊ ဆောင်ကြာမြိုင်များ လောင်းကစားဝိုင်းများ ပေါ်ပေါက်လာရခြင်း မဟုတ်ပါလား။

ထိုကြေညာချက်သည် ထွက်ပေါ်လာသည့်နောက် ညစဉ်ပင် ထန်ဟာန်သည် ခေတ္တစခန်းချရာ ချိုက်တာ့ဟူ၏ မုဆိုးတဲအိမ်လေးမှ ထွက်ကာ ရွာထဲသို့ဝင်ပြီး စုံစမ်းထောက်လှမ်းမှုများပြုကာ နံနက်မိုးလင်းမှသာ ပြန်လာတတ်သည်။

နေ့ပိုင်းတွင်လည်း စကားသိပ်မပြောဘဲ တစ်ယောက်တည်း စဉ်းစားကာ နေတတ်သည်။

ဤသို့ဖြင့် သုံးရက်အချိန် ကုန်လွန်သွားသည်။

ငါးလပိုင်း လေးရက်နေ့နံနက်တွင် ထန်ဟာန်သည် တဲအိမ်တွင်ရှိနေသော လူအားလုံးကို စုစည်းစေကာ သူ၏ လှုပ်ရှားမှုနှင့် အကြံအစည်များကို ပြောပြသည်။ ထိုအချိန်တွင် တဲအိမ်ထဲ၌ ရွှေလှံရှင် ကိုးရန်မိန်မှအပ ကျန်လူများ စုံစုံညီညီ ရှိနေသည်။



ကိုးရန်မိန်မှာ ကောင်းလင်ဖုန်းအနေဖြင့် မည်သို့မှ စုံစမ်းရှာဖွေ၍မရဘဲ ပျောက်ချက်သားကောင်းနေသည်။

တဲအိမ်တွင် စုစည်းရောက်ရှိနေသူများသည် ဒုစရိုက်မှုများကိုမုန်းတီးကာ အမှန်တရားဘက်မှ ရပ်တည်သူများ ဖြစ်သည်။ ဆိုးသွမ်းရမ်းကားသည့် နန်းဗိမာန်ဂိုဏ်းကို ချေမှုန်းရန် စိတ်အားထက်သန်နေကြသူများ ဖြစ်သည်။

အများကောင်းကျိုးအတွက် မိမိတို့၏ အသက်များကို စွန့်လွှတ်ရန် အသင့်ရှိနေကြသူများ ဖြစ်သည်။

ထန်ဟာန်၏ ဖြောင့်မှန်သော စိတ်ဓာတ်၊ ထက်မြက်သော လုပ်ရည်ကိုင်ရည်နှင့် ရဲဝံ့သော သတ္တိတို့ကို သူတို့ သိကြသည်။ ထန်ဟာန်ကို ယုံကြည်လေးစားကြသည်။ ထန်ဟာန်၏ ဦးဆောင်မှုဖြင့် သိုင်းသမားဆိုးများကို ချေမှုန်းရန် အသင့်ရှိနေကြသည်။

"ဒီတစ်ခေါက် ဒီရွာကိုမလာခင် ရှင်ချန်မြို့ကို အရင်ဝင်ပြီး အိမ်ဟောင်းတစ်လုံး ကျွန်တော် ဝယ်ထားခဲ့တယ်၊ အဲဒီ အိမ်ဟောင်းထဲမှာ အသုံးအဆောင် မရှိသော်ငြားလည်း အားလုံး အသင့်ရှိတယ်၊ ကျွန်တော်တို့အထဲက လူအချို့ အဲဒီအိမ်ဟောင်းမှာ သွားနေကြပို့ အရင်ဆုံး စီစဉ်မယ်"

ထန်ဟာန်က စတင်ပြောသည်။

ကျန်လူများဘက်မှ မည်သူကမှ စကားမဆိုကြ။ ထန်ဟာန်၏ ကြိုတင်စီစဉ်ထားမှုသည် အကွက်ကျလှကြောင်း သူတို့အားလုံး သိကြသည်။ နန်းဗိမာန်ဂိုဏ်းမှ ဒုစရိုက်သိုင်းသမားဆိုးများနှင့် အကြိတ်အနယ် တိုက်ခိုက်ရတော့မည်ဖြစ်ရာ မိမိတို့ဘက်မှ ကြိုတင်ပြင်ဆင်မှုများ လုပ်ထားရန် လိုသည်မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ရှင်ချန်မြို့သို့ သွားရောက် ရှောင်တိမ်းနေရသူများထဲတွင် ဒဏ်ရာရနေကြသူ ကျန်းထင်ကျင့်နှင့် ထုံချိုဖေးတို့နှစ်ယောက် ပါဝင်မည်ကတော့ သေချာသည်။

ကျန်းထင်ကျင့်ကို စောင့်ကြပ်ကြည့်ရှုရန် မည်သူကို ထည့်ပေးမည်နည်း။

ဒုစရိုက်သိုင်းသမားဆိုးများကို အပြီးသတ် ချေမှုန်းတိုက်ခိုက်မည့် ပွဲကြီးပွဲကောင်းတွင် ကိုယ်တိုင်ပါဝင် ဆင်နွှဲလိုသောကြောင့် ဖြစ်သည်။

"ကျန်းထင်ကျင့်ဟာ အနားယူဖို့ လိုနေတယ်၊ သူ့ကို စောင့်ရှောက်ကြည့်ရှုဖို့ ရိပ်ရင်ကူကို ထည့်ပေးလိုက်မယ်"

ထန်ဟန်က ဆက်ပြောသည်။

ချင်ကျိုဟို၏ အစွမ်းထက်သော ဆေးများနှင့် ထိရောက်သော ကုသချက်တို့ကြောင့် ကျန်းထင်ကျင့်၏ ဒဏ်ရာမှာ အတော်သက်သာနေပြီ ဖြစ်သော်လည်း အားအင်ပြည့်ဖြိုးရေးအတွက် ကောင်းကောင်း အနားယူရန် လိုနေသည်။

ကျန်းထင်ကျင့်သည် အပြီးသတ်တိုက်ပွဲတွင် ကိုယ်တိုင် ပါဝင်လိုသော်လည်း မိမိ၏ အခြေအနေကို နားလည်သောကြောင့် မည်သို့မျှ စောဒကမတက်ချေ။ ရိပ်ရင်ကူလည်း ကျန်းထင်ကျင့်ကို ပြုစုပေးရေးအတွက် လိုက်ပါသွားရန် သဘောတူ လက်ခံခဲ့သည်။

"ဂိုဏ်းချုပ် ထုံချိုဖေးဟာလည်း အားအင်ပြည့်ဝဖို့ အနားယူရဦးမှာ ဖြစ်တာကြောင့် ရှင်ချန်မြို့ကို လိုက်သွားသင့်တယ်"

ထန်ဟန်က ဆက်ပြောရာ ထုံချိုဖေးလည်း ခေါင်းညိတ် သဘောတူလိုက်သည်။



"ဂိုဏ်းချုပ်ထုံနဲ့ ကျန်းထင်ကျင့်တို့ကို ဆက်ပြီး ဆေးကုသပေးရဦးမှာဖြစ်လို့ ဆရာကြီးချင်လည်း လိုက်သွားရလိမ့်မယ်"

ချိုကျိုဟိုကလည်း သဘောတူလက်ခံသည်။

"ဂိုဏ်းချုပ်ထုံကို ကူညီပြုစုပေးဖို့အတွက် ချန်ဝမ်လန် လိုက်သွားပါ"

"ကျွန်မ လိုက်မသွားချင်ဘူး၊ ကျွန်မ အစ်မတွေကို သတ်သွားတဲ့ ရန်သူကို ကျွန်မကိုယ်တိုင် သုတ်သင်ချင်တယ်"

ချန်ဝမ်လန်က ပြောသည်။

"လီစန်းထောင်ကို ဒဏ်ခတ်ပေးပြီးပြီပဲ"

"အပြစ်ကျူးလွန်ခဲ့တဲ့လူတွေက လီစန်းထောင် တစ်ယောက်တည်းမဟုတ်ဘူး ကျွန်မသိတယ်"

"ဝမ်လန်ရဲ့ရန်သူ သိုင်းသမားဆိုးတွေဟာ အားလုံးရဲ့ ရန်သူပါပဲ၊ ဒီလို ရန်သူအားလုံးကို တိုက်ခိုက်ချေမှုန်းကြမှာပါပဲ၊ ဒီလို တိုက်ခိုက်ချေမှုန်းတဲ့နေရာမှာ ကိုယ်ရေးကိုယ်တာ လက်စားချေမှု သဘောမျိုးမဟုတ်ဘဲ မတရား မိုက်မဲရမ်းကားနေတဲ့ ဒုစရိုက်သမား သိုင်းသမားဆိုးတွေကို နှိမ်နင်းတဲ့ သဘောမျိုးပဲ ဖြစ်ရမယ်၊ ဒါကြောင့် တို့ပြောတာကို နားထောင်ပါ၊ ဝမ်လန် လိုက်သွားပါ၊ ကိစ္စတွေပြီးရင် ရှင်ချန်မြို့ကိုလာပြီး ဝမ်လန်ကို တွေ့ပါမယ်"

ချန်ဝမ်လန် မငြင်းသာပါ။ တရှုံ့ရှုံ့ငိုကြွေးရင်း ထန်ဟန်၏ အစီအမံကို လက်ခံလိုက်သည်။

ချန်ဝမ်လန် ငိုကြွေးသည်မှာ သေဆုံးသွားသော အစ်မနှစ်ယောက်ကို လွမ်းဆွတ်သတိရသောကြောင့်လား၊ ထန်ဟန်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ခွဲခွာသွားရမည်ကို ဝမ်းနည်း၍လား၊ နှစ်ခုစလုံးကြောင့်လား မည်သူမှ မပြောနိုင်ကြပါ။

ထန်ဟာန်က ဆက်လက်၍ ဂိုဏ်းမှူးကြီးလေးယောက်မှလွဲ၍ ကျန်ဓားမပျံဂိုဏ်းဝင် သိုင်းသမားများကိုလည်း ရှင်ချမ်းမြို့သို့ လိုက်ပါသွားကြရန် ပြောဆိုသည်။

ထို့ပြင် အိမ်ရှင် ချိုက်တာ့ဟွာကိုလည်း အသပြာ ငါးရာ ထုတ်ပေးကာ တစ်ရပ်တစ်ရွာသို့ ပြောင်းရွှေ့နေထိုင်ရန် ပြောဆိုသည်။

ဤသို့ဖြင့် တဲအိမ်စခန်းတွင် ကျန်နေကြမည့်လူများမှာ ထန်မာနီ၊ အိုးယန်ကျွင့်၊ အိုက်ဘာ့ရင့်၊ စွန်းလူယီ၊ ကောင်းလင်ဖုန်း၊ လီဝေါက်၊ လီယေါက်၏ဇနီး ဖန်ရှုယွင်း၊ ဓားမပျံဂိုဏ်း၏ ဂိုဏ်းမှူးကြီးများဖြစ်ကြသော ဗိုမဓား ချောင်လူပင်း၊ မိုးပျံဓား ယုံချွန်ယန်၊ ဝိညာဉ်ဓား ဟွမ်းလျံယီ၊ ခုနစ်စင်ကြယ်ဓား ချန်ချင်းယို အားလုံးပေါင်း (၁၁)ယောက်သာ ဖြစ်သည်။

ထွက်သွားသွားရမည့်လူများ ထွက်ခွာသွားကြပြီးနောက် ထန်ဟာန်က ကျန်လူများကို မိမိစုံစမ်းသိရှိရချက်များကို ပြောပြသည်။

နန်းဗိမာန်ဂိုဏ်း၏ ဂိုဏ်းချုပ်ဖြစ်သူ ကေရာဇ်မင်းကိုယ်တိုင် စိတ်တိုင်းကျပြည့်စုံရွာသို့ ရောက်ရှိနေသည်။ ထို့ပြင် အတူပါလာသော လူအင်အားအခြေအနေကို ကြည့်ခြင်းဖြင့် နန်းဗိမာန်ဂိုဏ်း၏ အင်အား အကုန်အစင်နီးပါးသည် စိတ်တိုင်းကျပြည့်စုံရွာတွင် စုမိနေသည်။

ဂိုဏ်း၏ အရေးပါသော သိုင်းသမားကြီးများ ဖြစ်ကြသည့် နန်းရင်းဝန်အမတ်ချုပ်ကြီး ယီထိုက်ဖိန်၊ အမတ်ကြီး ပိုင်ထင်တိန်း၊ ကိုယ်ရံတော်ကြီးများ ဖြစ်ကြသည့် ဟူယိယု၊ ဆားကောင်းလို၊ အပါးတော်မြဲရှင်းကျိုး၊ စစ်ကဲကြီးများဖြစ်ကြသော တုကူဝေးနှင့် ထုကူးကျုက်၊ ကြယ်တံခွန်စေတမန်များနှင့် မည်သူမည်ဝါဖြစ်ကြောင်း သေသေချာချာ မသိရသေးသည့် မျက်စိပေါက်ဖက်လပ်နေသော အဘိုးကြီးတစ်ယောက်တို့ ရှိနေသည်။

ထို့ပြင် မြောင်လူမျိုး အဝတ်အစားများ ဝတ်ဆင်ထားကြသော မိန်းမကြီးနှစ်ယောက်လည်း ရှိနေသည်။ အဆင့်အမျိုးမျိုးသော လက်မရွံ့သိုင်းသမား လက်ပါးစေ သိုင်းသမား အများအပြားလည်း ရှိသည်။ ကေရာဇ်မင်းသည် လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ခန့်က တိဘက်သူတော်စင် မိကျုံးနှင့် မိတ်ဆွေဖြစ်ခဲ့သည်။ မိကျုံးထံတွင် ရှိနေသော မိုးကုပ်စက်ဝိုင်း သန့်စင်အတွင်းအား သိုင်းပညာကျမ်း ကို တပ်မက်သောကြောင့် မိကျုံးကို လုပ်ကြံခဲ့၏။

မိကျုံးသည် လုပ်ကြံမှု ခံခဲ့ရသော်လည်း ရက်ခြည်း မသေသေးဘဲ အတွင်းဒဏ်သာ ရခဲ့သည်။ ကေရာဇ်မင် သည် မိုးကုပ်စက်ဝိုင်း သန့်စင်အတွင်းအားသိုင်းကျမ်းကို အရခိုးယူကာ ထွက်ပြေးလာခဲ့သည်။

ထိုအချိန်တွင် ကေရာဇ်မင်းသည် အသက် လေးဆယ် ရှိနေပြီ ဖြစ်သည်။ မိုးကုပ်စက်ဝိုင်း သန့်စင်အတွင်းအားသိုင်းကို အပြည့်အဝ အောင်မြင်အောင် လေ့ကျင့်နိုင်ရန်မှာ အသက်အရွယ် ငယ်ရွယ်နုပျိုရန် လိုအပ်သည်။

ကေရာဇ်မင်းသည် အသက် လေးဆယ်အရွယ်တွင်မှ စတင်၍ ကြိုးစားလေ့ကျင့်ခဲ့ရသေးရာ မိုးကုပ်စက်ဝိုင်း သန့်စင်အတွင်းအားသိုင်းကို ဆယ်ပုံ ခြောက်ပုံခန့်သာ အောင်မြင်အောင် လေ့ကျင့်နိုင်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ဆယ်ဖုံခြောက်ပုံစနစ် အောင်မြင်အောင် လေ့ကျင့်နိုင်မှုက အတော်ပင် အချိန်းထက်နေပြီ ဖြစ်သည်။

မိမိ၏ လုပ်ကြံမှုကြောင့် မိကျူးသည် ရုတ်ခြည်းမသေခဲ့သော်လည်း အတွင်းဒဏ် ရခဲ့သည့်အတွက် အချိန်ကြာကြာ ဆက်အသက်မရှင်နိုင်ကြောင်းကို ကေရာစ်မင်းက ကောင်းစွာ သိထားခဲ့သည်။

မိကျူး သေဆုံးသွားပြီးသည့်နောက်တွင် မိုးကုပ်စက်ဝိုင်းသန့်စင်အတွင်းအားသိုင်း ဆယ်ပုံ ခြောက်ပုံတတ်မြောက်ထားသော မိမိကို ယှဉ်နိုင်မည့်သိုင်းသမား ရှိနိုင်မည်မဟုတ်ဟုလည်း ကေရာစ်မင်းက တွက်ထားခဲ့သည်။

သို့ရာတွင် သူတော်စင် မိကျူးသည် အသက်မသေဆုံးမီ ယေရှုယ်သူတစ်ယောက်ကို တပည့်အဖြစ် လက်ခံကာ မိုးကုပ်စက်ဝိုင်း သန့်စင် အတွင်းအားသိုင်းကိုပြည့်စုံ တတ်မြောက်အောင် သင်ကြား လေ့ကျင့်ပေးခဲ့မည်ကို ကေရာစ်မင်းက အလွန် စိုးရိမ်နေသည်။

မိုးကုပ်စက်ဝိုင်းသန့်စင်အတွင်းအားသုံး အပြည့်အဝ တတ်မြောက်ထားသူသည် ကေရာစ်မင်းအတွက် အန္တရာယ်ပင် မဟုတ်ပါလား။

ထို့ကြောင့် ကေရာစ်မင်းသည် နန်းဗိမာန်ဂိုဏ်းကို ထူထောင်ခဲ့သော်လည်း အတိအလင်း ထွက်ပေါ်လာခြင်း မပြုရဲသေးဘဲ အသာလျှို့ဝှက်ကာ မိုးကုပ်စက်ဝိုင်း သန့်စင်အတွင်းအားသိုင်း တတ်မြောက်ထားသူ လူငယ်သိုင်းသမား ရှိမရှိကို အပြင်းအထန် စုံစမ်းခဲ့သည်။



သိုင်းလောကကို လွှမ်းမိုးကာ ဘုရင်တစ်ပါးသဖွယ် ကြာသည့်တိုင်အောင် မိုးကုပ်စက်ဝိုင်း သန့်စင်အတွင်းအားသိုင်း တတ်မြောက်ထားသူကို တိတိကျကျ ခိုင်ခိုင်မာမာ စုံစမ်း၍ မရသောကြောင့် ကေရာစ်မင်းက နောက်ဆုံးတွင် နန်းဗိမာန်ဂိုဏ်းကို အတိအလင်း ဖော်ထုတ်ထူထောင်ရန် ဆုံးဖြတ်ခဲ့သည်။ ဌာနချုပ်ကိုလည်း စိတ်တိုင်းကျ ပြည့်စုံစွာတွင် ပြုလုပ်ရန် စီစဉ်ခဲ့သည်။

ဤသည်တို့မှာ ထန်ဟာန်၏ စုံစမ်းတွေ့ရှိခဲ့ရချက်များ ဖြစ်၏။

ထန်ဟာန်က ဆက်လက်၍ မိမိ၏ လျှို့ဝှက်ချက်တို့ကို ထုတ်ဖော်ပြောပြပြန်သည်။

ထန်ဟာန်သည် ဖြူမည်း အဘိုးနှစ်ယောက်၏ တပည့် ဖြစ်သည်။ ဖြူမည်း အဘိုးကြီးနှစ်ယောက်ထံမှပင် သိုင်းပညာများ သင်ယူခဲ့သည်။

ထို့နောက် ကုသိုလ်ကံကောင်းသော သူတော်စင် မိကျူးနှင့် ဆုံမိပြီး မိကျူးက ထန်ဟာန်ကို တပည့်အဖြစ် လက်ခံလျက် မိုးကုပ်စက်ဝိုင်း သန့်စင်အတွင်းအား သိုင်းပညာကို အမွေပေး သင်ကြားပေးခဲ့သည်။

သူတော်စင် မိကျူးသည် စိတ်ထားဖြောင့်မှန်ကာ ပြည့်ဝသူတစ်ယောက်ဖြစ်ရာ မိမိအပေါ် မကောင်းကြံခဲ့သူ ကေရာစ်မင်းအပေါ် အပြစ်မယူ အငြိုးမထားခဲ့ပေ။ ထန်ဟာန်ကို မိုးကုပ်စက်ဝိုင်း သန့်စင်အတွင်းအားသိုင်းပညာ သင်ကြားပေးရာတွင်လည်း ကေရာစ်မင်းကို လက်စားချေ တိုက်ခိုက်ရန်မဟုတ်ကြောင်း အတိအလင်းပင် သွန်သင်ဆုံးမခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ကေရာစ်မင်းသည် သန့်စင်အတွင်းအားသိုင်းကို အသုံးပြုကာ မတရားမှုများ ပြုလုပ်လျက် ဆိုးသွမ်းရမ်းကားသော အခါတွင်မှ ထန်ဟာန်အနေဖြင့် ဒုစရိုက်သိုင်းသမားဆိုးများကို နှိမ်နှင်းသည့်အနေဖြင့် သက်ဆိုင်ရာ အာဏာပိုင်များနှင့် ပူပေါင်းကာ မိုးကုပ်စက်ဝိုင်း သန့်စင်အတွင်းအားသိုင်းကို တိုက်ခိုက်ရန် သေသေချာချာ မှာကြားထားခဲ့သည်။

ထန်ဟာန်ကို သိုင်းပညာ အမွေပေးသင်ကြားခဲ့ပြီးနောက် မကြာမီမှာပင် သူတော်စင် မီကျုံးသည် ကေရာစ်မင်း လုပ်ကြံမှုကြောင့် ရရှိခဲ့သည့် အတွင်းဒဏ်ဖြင့်ပင် ဘဝတစ်ပါးသို့ ပြောင်းလဲသွားခဲ့သည်။

ထန်ဟာန်သည် နေပြည်တော်တွင် ရာဇဝတ်အုပ်အဖြစ် အမှုထမ်းနေခဲ့ရာမှ နန်းဗီမာန်ဂိုဏ်း၏ လျှို့ဝှက်လှုပ်ရှားမှုများကို စုံစမ်းဖော်ထုတ်နှိမ်နင်းရန် အထူးတာဝန်ပေးချက်အရ သိုင်းလောကတွင် လေလွင့်ကာ လှုပ်ရှားသွားလာနေသည့် သိုင်းလုလင် တစ်ယောက်အသွင် ဟန်ဆောင်ကာ လိုက်လံစုံစမ်းနေခဲ့ခြင်းဖြစ်သည်။

ထို့နောက် နန်းဗီမာန်ဂိုဏ်းကို ရင်ဆိုင်ချေမှုန်းရန်အတွက် ပြောဆိုတိုင်ပင်ကြသည်။

"နန်းဗီမာန်ဂိုဏ်းက အင်အား အားလုံး စုစည်းမိနေကြတယ်၊ ကျုပ်တို့ လူအင်အား ဆယ့်တစ်ယောက်တည်းနဲ့ ရင်ဆိုင်ဖြိုခွင်းရမယ်ဆိုတော့ သိပ်တော့ မလွယ်လှဘူး၊ အရေးထဲမှာ ရှေ့လုံ့ရှင် ကိုးရန်မိန်ကလည်း ပျောက်နေပြန်တယ်၊ သူသာရှိရင် အထောက်ကို အားတက်လာနိုင်တယ်"

အိုးယန်ကျွင့်က ပြောသည်။



"လူအင်အားနည်းပေမဲ့ ကျွန်တော်တို့က အမှန်တရားဘက်ကရပ်တည်ပြီး ဒုစရိုက်သမားဆိုးတွေကို ချေမှုန်းတိုက်ခိုက်တာဆိုတော့ ရန်သူထက် တစ်ပန်းသာနေပါတယ်၊ ကိုးရန်မိန်ပျောက်ကွယ်နေတာတော့ သူ့အကြောင်းရှိလို့ ဖြစ်ပါလိမ့်မယ်၊ ပျောက်ကွယ်နေတဲ့လူကို အားကိုးမျှော်လင့်မနေပါနဲ့၊ ရှိတဲ့လူအင်အားနဲ့ပဲ အထိရောက်ဆုံး လှုပ်ရှားတိုက်ခိုက်ကြတာပေါ့"

ထန်ဟာန်က ပြောသည်။

"မင်းက ဘယ်အချိန်မှာ လှုပ်ရှားတိုက်ခိုက်မယ် စိတ်ကူးထားသလဲ"

"ဒီနေ့ညပဲ တိုက်ခိုက်ကြမယ်"

* * *

ငါးလပိုင်း လေးရက်နေ့ည။

ထိုညသည် လမိုက်ညမဟုတ်သော်လည်း ကောင်းကင်တွင် တိမ်မည်းညိုများ ထူထပ်စွာ ဖုံးအုပ်နေသည့်အတွက် လရောင်မရှိ။ ကြယ်ရောင်မရှိ။ မြေပြင်တွင် မှောင်မည်း၍နေသည်။

မိုးပေါက်ကလေးများက ခပ်ဖွဲဖွဲ ကျနေပြန်သေးသည်။

မိုးဖွဲဖွဲကျနေပြန်သောကြောင့် စိမ့်အေးကာ အတော်လည်း ချမ်းလှသည်။

ပြည့်စုံစားသောက်ဆိုင်၏ အခန်းကျယ်တစ်ခုထဲတွင် နန်းဗီမာန်ဂိုဏ်း၏ ဂိုဏ်းချုပ်ကေရာစ်မင်းသည် ထိုင်ခုံတစ်ခုပြင်၌ ထိုင်၍နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကေရာစ်မင်းသည် မျက်နှာဝိုင်းဝိုင်းဖြစ်ပြီး နှုတ်ခမ်းကျယ်ကျယ်ရှုးရှုသော မျက်လုံးအစုံ၊ ပါးလုပ်သော နှုတ်ခမ်းတို့ဖြင့် အတော်ဥပမိရုပ်ကောင်းသည်။ သူ့ဆားနားတွင် အပါးတော်မြဲ ရှင်ကျိုးမတ်တတ်ရပ်လျက်သား ရှိနေသည်။

"ရွှေနဒါင်းပျို ငွေဒေါင်းပျိုတို့ သေဆုံးသွားကြပြီး ကြေးဒေါင်းပျိုနဲ့ အပျော်မယ် ရိပ်ရင်ကူတို့ကလည်း အစအန ပျောက်နေကြတယ်၊ ဒီအတိုင်းဆိုင်ရင် ဒီရွာမှာ မိန်းမချော ဘယ်ရှိတော့မှာလဲ"

ကေရာစ်မင်းက ရှင်ကျိုးကို ကြည့်ပြီး ပြောသည်။

"သူတို့တစ်တွေထက် ပိုချောပြီး ဖွံ့ဖွံ့ဖြိုးဖြိုးစရာကောင်းတဲ့ မိန်းမချောတစ်ယောက်တော့ ရှိနေပါသေးတယ်"

ရှင်ကျိုးက ပြန်ပြောသည်။

"ဘယ်သူလဲ မြန်မြန်ပြောစမ်း"

"ကရားမွေး လက်ဖက်ရည်ဆိုင်ပိုင်ရှင် ထောင်စုရဲ့ ဇနီး လီမော်စန်းပါပဲ"

ကေရာစ်မင်းက စိတ်ပျက်သည့်အသွင်ဖြင့် ...

"ဟာ ... ဟုတ်မှဟုတ်ရဲ့လား"

"ဟုတ်ပါတယ်"

ရှင်ကျိုး၏ ကွက်ကွက်ကွင်းကွင်း မြင်လာသော ပြောလာသည့် စကားများကြောင့် ကေရာစ်မင်း၏ မျက်လုံးများ အရောင်တောက်လာသည်။

"ဒါပေမဲ့ သူက သူတစ်ပါးရဲ့ ဇနီးမယား ဖြစ်နေတော့ ခက်တယ်"

ရှင်ကျိုးက အဓိပ္ပာယ်ပါပါ ပြုံးလိုက်ကာ ...



"ဒီ မိန်းမချောလေး လီမော်စန်းဟာ အခုဆေးက ပန်းတစ်ပွင့် မဟုတ်ပါဘူး၊ ကိုယ့်ပန်းခြံထဲက ပန်းပွင့် ဖြစ်နေပါပြီ"

"ဒီ မိန်းမချောဟာ အခု ဒီနေရာကို ရောက်နေပြီလို့ ဆိုချင်တာလား"

ကေရာစ်မင်းက ထိုသို့ပြောပြီး ရွှေဒင်္ဂါးအတော်များများ ပါသည့် အိတ်တစ်ခုကို ရှင်ကျိုးအား ပေးလိုက်သည်။

ထို့နောက် ထိုင်ရာမှထကာ စက်ခန်းဆောင်ဆီသို့ လျှောက်လှမ်းသွားသည်။

* * *

ကျောင်းကြီးဘုံကျောင်းထဲရှိ နန်းဗိမာန်ဂိုဏ်းဝင် သိုင်းသမားများသည် တိုက်ပွဲဝင်ရန် အသင့်ဖြစ်နေသည်။

ကျောင်းကြီးဘုံကျောင်းတွင် ရှိနေသည့် နန်းဗိမာန်ဂိုဏ်း၏ အင်အားမှာ မနည်းပေ။ ဝံယာစစ်ကဲကြီးများဖြစ်သည့် တကျုးဝေနှင့် တကျုးကျက် ကြယ်တံခွန်စေတမန် ခုနစ်တို့ကို ကိုယ်ရံတော်ကြီး ဟူတိထုနှင့် ဆားကောင်းလိုတို့က ဦးစီးလျက် အသစ်ရောက်လာသော ကိုယ်ရံတော်ကြီး ကျားမျက်လုံး မာလူးကျောက်ပါ အားဖြည့် ပါဝင်ထားသည်။

ဘုံကျောင်း၏ အခန်းတစ်ခုထဲတွင် ဟူယိထုသည် ဆေးတံတစ်ခုကို လက်တွင်ကိုင်ကာ တွေဝေစဉ်းစားနေသည်။ ဆေးတံတွင် မီးငြိမ်းနေသော်လည်း ဟူယိထု၏ ရင်ထဲတွင်ကား မီးလောင်သလို ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ပြည့်စုံစားသောက်ဆိုင်ဘက်မှ လှုပ်ရှားမှုကို စောင့်နေသည်။ သို့သော် အချိန်သာကြာလာပြီး ပြည့်စုံစားသောက်ဆိုင်ဘက်မှ မည်သို့မျှ လှုပ်ရှားမလာသည့်အတွက် ဟူယိထုမှာ မနေတတ် မထိုင်တတ် ဖြစ်နေသည်။

တောင်ခြေရှိ တဲအိမ်တစ်ခုတွင် ထန်ဟန်တို့လူစု စခန်းချပုန်းအောင်းနေကာ မိမိတို့ကို တိုက်ခိုက်ရန် လျှို့ဝှက်ကြံစည်နေကြကြောင်း သတင်းများကို ဟူယိထုက စုံစမ်းရရှိခဲ့သည်။

ရရှိခဲ့သည့် သတင်းများကို လက်မရှိသိုင်းသမားတစ်ယောက်ဖြစ်သည့် ကျောက်ပေါက်ဝန်မာဆိုသူကို ပြည့်စုံစားသောက်ဆိုင်သို့ အကြောင်းကြားရန် စေလွှတ်လိုက်ပြီး ဖြစ်သည်။

ထိုသို့ အကြောင်းကြားပြီးနောက် ကျောင်းကြီးဘုံကျောင်းရှိ မိမိ၏လူများကို ဟူယိထုက စုစည်းကာ အသင့်ပြင်ထားသည်။ ပြည့်စုံစားသောက်ဆိုင်မှ အမိန့်ရလာသည်နှင့် ထန်ဟန်တို့၏ လျှို့ဝှက်စခန်းချနေရာကို သွားရောက်ဝန်းရံတိုက်ခိုက်တော့မည် ဖြစ်သည်။

ညဦးပိုင်း အချိန်ကပင် ဝန်မာကို စေလွှတ်ခဲ့ရာ ယခုညအတော်မိုးချုပ်သည်အထိ ဝန်မာလည်း ပြန်ရောက်မလာသေး။

ပြည့်စုံစားသောက်ဆိုင် ဆီမှာ ဘာလှုပ်ရှားမှုမှ မလုပ်သေး။

ဟူယိထုမှာ မနေတတ် မထိုင်တတ်နှင့် အလွန် စိတ်ကျဉ်းကျပ်နေရသည်။

ထိုအခန်းထဲတွင် ဟူယိထုအပြင် ဆားကောင်းလိုနှင့် ကျားမျက်လုံး မာလူးကျောက်လည်း ရှိနေသည်။



သူတို့နှစ်ယောက်မှာမူ ဟူယိထုလို စိတ်အနှောင့်အယှက်ဖြစ်မနေဘဲ အေးအေးဆေးဆေးပင် စကားပြောကာ ကျားထိုးနေကြသည်။

သူတို့နှစ်ယောက်၏ ရာထူးအဆင့်သည် နန်းဒမာန်ဂိုဏ်းတွင် ဟူယိထုနှင့်တန်းတူ ကိုယ်ရံတော်ကြီးများ ဖြစ်ကြသည်။ သို့သော် ဆုံးဖြတ်ဦးဆောင်မှုကို ဟူယိထုက တာဝန်ယူထားသောကြောင့် သူတို့နှစ်ယောက်မှာ အေးဆေးစွာ ကျားထိုးနေနိုင်ခြင်း ဖြစ်သည်။

မီးဖိုပေါ်ရှိ ဒယ်အိုးထဲမှ ပုရွက်ဆိတ်လို အဖြစ်မျိုး ကြုံနေရသော ဟူယိထု နေမတတ်ထိုင်မတတ် ဖြစ်နေချိန်မှာပင် ဝန်မာသည် အခန်းထဲသို့ ဝင်ရောက်လာသည်။

"ကေရာဇ်မင်းနဲ့ တွေ့ခဲ့ပြီလား"

ဟူယိထုက မေးသည်။

"မတွေ့ရသေးဘူး"

"အမတ်ကြီးပိုင်နဲ့ကော"

"မတွေ့ခဲ့ရဘူး"

ဟူယိထု အတော် စိတ်ပျက်သွားကာ ...

"ဟာ ... ဘယ်လိုဖြစ်တာလဲ၊ ပြည့်စုံစားသောက်ဆိုင်မှာ ဘယ်သူမှ မရှိတော့ဘူးလား"

"ဘယ်သူမှ မရှိဘူးတော့ မဟုတ်ပါဘူး"

"ဒါဆို ပြောစမ်း၊ မင်း ဘယ်သူနဲ့ တွေ့ခဲ့ရသလဲ"

"အပါးတော်မြဲကြီး ရှင်ကျီးနဲ့ တွေ့ခဲ့ရပါတယ်၊ သူက ကျွန်တော့်ကို ဟန့်တားခဲ့တာပါ"

www.burmeseclassic.com

www.burmeseclassic.com



"သူက မင်းကို ဘာကိစ္စ ဟန့်တားရတာလဲ၊ မင်းက ငါ့အမိန့်နဲ့ လာခဲ့တာလို့ မပြောဘူးလား"

"ပြောလိုက်ပါတယ်၊ ရှင်ကျိုးက ကေရာဇ်မင်းဟာ ခရီးဝေးက လာခဲ့ရတဲ့အတွက် ပင်ပန်းပြီး အနားယူနေတာကြောင့် အနှောင့်အယှက် မပေးရဘူးတဲ့၊ အကြောင်းကိစ္စ တစ်ခုခုပြောစရာရှိရင် မနက်ဖြန်ကျမှလာပြောပါလို့ ပြန်ပြောတယ်"

"အမတ်ကြီးပိုင်ကိုကော ဘာကြောင့် မတွေ့ခဲ့ရတာလဲ"

"အမတ်ကြီးပိုင်ဟာ **ဒီည** အရေးကြီးတကြီး စားသုံးရဖို့အတွက် ဆေးဖော်စပ်နေတာကြောင့် ဘယ်သူနဲ့မှ အတွေ့မခံနိုင်ဘူးလို့ ပြောပါတယ်"

"ရှင်းအောင်ပြောစမ်း"

"ကျွန်တော် ပြန်ထွက်အလာမှာ ကင်းစောင့်တာဝန်ကျနေတဲ့ ကျွန်တော့် မိတ်ဆွေတစ်ယောက် ကျွန်တော့်ကို တိုးတိုးတိတ်တိတ် ပြောလိုက်တယ်၊ အမတ်ကြီးပိုင်ဟာ အရေးတကြီးသောက်ဖို့ ဆေးဖော်စပ်နေတာ မဟုတ်ဘူးတဲ့၊ သူ့ရဲ့ စတုတ္ထမယားငယ်ဆီကို ရောက်နေတာတဲ့"

"ဪ ... ဟုတ်လား ဒါဆိုရင် ဂိုဏ်းချုပ်ကြီးကကော"

"သူလည်း ဒီလိုပါပဲ"

"ဘာ ဒီလိုလဲ"

ဝန်မာက ပြုံးစိစိအမူအရာဖြင့် ဘုံကျောင်းအရှေ့ဘက်ဆီသို့ လက်ညှိုးညွှန်ပြသည်။ ထိုနေရာမှာ ကရားမွှေး လက်ဖက်ရည်ဆိုင်တည်ရှိရာနေရာ ဖြစ်သည်။ ဟွယ်ထုသည် ဝန်မာ၏ လက်ဟန်အမူအရာ အချက်ပြမှုကို နားမလည်သေး။



"ဘာလဲ ကေရာဇ်မင်းက ကရားမွှေး လက်ဖက်ရည်ဆိုင်ကို သွားနေတာလား"

"မဟုတ်ပါဘူး၊ ကရားမွှေး လက်ဖက်ရည်ဆိုင်က လူတစ်ယောက် ဂိုဏ်းချုပ်ကြီးဆီ ရောက်နေတာပါ"

"ထောင်စုလား"

"ဟာ ... မဟုတ်ပါဘူး၊ ဒါပေမဲ့ နီးတော့ နီးစပ်တယ်"

"ထောင်စုရဲ့မိန်းမ လီမော်စန်းလား"

"ဟုတ်ပါတယ်"

"ဒါ ရှင်ကျိုးရဲ့ အစီအမံပဲ မဟုတ်လား"

"မလွဲပါဘူး"

"ထောင်စုကော ဘယ်လိုဖြစ်သွားလဲ"

"ဒါကတော့ ထုံးစံအတိုင်းပဲပေါ့၊ ကိုယ့်ရဲ့တော်ကြီးရယ်၊ လီမော်စန်းလည်း အိမ်ကိုပြန်ရောက်တော့မှာ မဟုတ်ပါဘူး၊ ကရားမွှေး လက်ဖက်ရည်ဆိုင်မှာ တစ်ခန်းရပ်သွားပြီလို့ ဆိုရမှာပေါ့"

သို့သော် သူသည် လက်နှေးသွားခဲ့သည်။

ယခုတော့ ဂိုဏ်းချုပ်ထံသို့ လီမော်စန်း ရောက်သွားသည်မို့ ဟွယ်ထုမှာ ကြိတ်မနိုင် ခဲမရ ဖြစ်ရုံမှလွဲ၍ ဘာမှ မတတ်နိုင်တော့ပေ။

"ဒီနေ့ည ဘာမှ မလုပ်နိုင်တော့မို့အတူတူ ကျွန်တော်တို့လည်းအပြင်ထွက်ပြီး လည်ကြရအောင်လား"

ဝန်မာက ပြောလိုက်သည်။

"မင်းမှာ နေရာကောင်းရှိလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ရှိပါတယ် ကိုယ်ရံတော်ကြီး သဘောကျပါစေမယ်၊ လာပါ သွားကြစို့"

"ဖြစ်ပါ့မလားကွာ"

"ဖြစ်ပါတယ် လိုက်သာလိုက်ခဲ့ပါ၊ ကျွန်တော် အားလုံး စီစဉ်ပေးပါ့မယ်၊ အမတ်ကြီးပိုင်နဲ့ ဂိုဏ်းချုပ်ကြီးတို့တောင် စည်းစိမ်ခံနေကြတာ ကိုယ်ရံတော်ကြီးက တာဝန် သိပ်ကျေမနေစမ်းပါနဲ့၊ မိုးလည်း သိပ်အေးနေတယ် မဟုတ်လား"

ဝန်မာ အပြောကြောင်းသောကြောင့် နောက်ဆုံးတွင် ဟွယ်ထုသည် စိတ်ပါသွားကာ ဝန်မာနှင့်အတူ အခန်းထဲမှ ထွက်သွားကြလေတော့သည်။ ဝန်မာက ရှေ့ဆောင်၍ လာခဲ့ရာ ကျောင်းကြီးဘုံကျောင်းနှင့် မလှမ်းမကမ်းတွင်ရှိသည့် မြေကွက်လပ်တစ်ခုသို့ ရောက်လာကြသည်။

ရှေ့မှ လျှောက်လှမ်းသွားနေသော ဝန်မာသည် ရုတ်တရက် ခြေလှမ်းကိုရပ်ကာ နောက်သို့လှည့်၍ ဟွယ်ထုနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

ဟွယ်ထုလည်း ခြေလှမ်းတုံ့ရပ်ကာ မျက်လုံးပြူးသွား၏။

သူ့ရှေ့တွင် မျက်နှာချင်းဆိုင် ရပ်နေသူမှာ ဝန်မာ မဟုတ်တော့။ ဓါးခဲထန်ဟာန် ဖြစ်နေသည်။ အတွေ့အကြုံများနေပြီဖြစ်သော ဟွယ်ထုသည့် ချက်ချင်းပင် အခြေအနေကို ရိပ်စားမိလိုက်သည်။

"သြော် မင်းက ဝန်မာကိုရှင်းပစ်ပြီး ဝန်မာ့ အယောင်ဆောင်ထားတာကိုး"

"ဟုတ်ပါတယ် ဟွယ်ထု"



"ကောင်းပြီ မင်းနဲ့ ကျုပ်နဲ့ ရင်ဆိုင်ကြည့်ကြတာပေါ့"

ဟွယ်ထုသည် သိုင်းလောကအမှောင်နယ်မှ ထိပ်သီး သိုင်းသမားဆိုးကြီးတစ်ယောက် ဖြစ်သည်။ သိုင်းလောကတွင် နှစ်ပေါင်း နှစ်ဆယ်ကျော် ကျင်လည်ခဲ့ရာ ရင်ဆိုင်တိုက်ပွဲပေါင်း မြောက်မြားစွာ ဆင်နွှဲပြီး တစ်ပွဲမှ အရှုံးမရှိသေးပေ။

ထို့ကြောင့် ဟွယ်ထုသည် သူ၏ သိုင်းပညာစွမ်းရည်နှင့် ပတ်သက်၍ အလွန်ပင် မာန်တက်သည်။ ကေရာဇ်မင်းကလည်း ဟွယ်ထုကို အတော်အားကိုးသည်။

ထန်ဟာန်လို နောက်ပါလူငယ် သိုင်းသမားတစ်ယောက်ကို မိမိအနေဖြင့် ကောင်းစွာ ရင်ဆိုင်နိုင်မည်ဟု ဟွယ်ထုက တွက်ထားကာ အေးဆေးစွာ စိန်ခေါ်လိုက်ခြင်း ဖြစ်သည်။

ဟွယ်ထု သိုင်းပညာစွမ်း ထက်မြက်လှကြောင်းကို ထန်ဟာန် သိသည်။

ထို့ပြင် ယနေ့ညတွင် အခြား လျှပ်ရှား လုပ်ဆောင်စရာများလည်း ရှိနေသေးရာ ဟွယ်ထုကို အချိန်တိုတိုနှင့် အပြတ်ရှင်းနိုင်မှ ဖြစ်မည်ဟုလည်း နားလည်သည်။ ထို့ကြောင့် ထန်ဟာန်သည် မိုးကုပ်စက်ဝိုင်း သန့်စင်အတွင်းအားသိုင်းကို သုံးကာ ဟွယ်ထုကို လက်ဝါးဖြင့် ဆတ်ခနဲ ရိုက်ချလိုက်သည်။

ဟွယ်ထု၏ ဆောင်ပွဲဆင့်ခဲ့မှုများသည် အတိတ်တွင် အကုန်ကျန်ရစ်ခဲ့သည်။ ထန်ဟာန်၏ မိုးကုပ်စက်ဝိုင်း သန့်စင်အတွင်းအားသိုင်းကိုတော့ ဟွယ်ထုမှာ ဘယ်လိုမှ ရင်ဆိုင်ခြင်းမပြုနိုင်။

"ဖုန်း"

www.burmeseclassic.com

www.burmeseclassic.com



လက်ဝါးရိုက်ချက်က ဟွယ်ထု၏ ရင်ဘတ်ကို မိမိရရ ထိမိ၏။

ဟွယ်ထုသည် ပြင်းထန်သော လက်ဝါးရိုက်ချက်ကြောင့် လွင့်ထွက်သွားကာ မြေကြီးပေါ် ဘိုင်းခနဲ ကျသွားသည်။

အခြား အဆင့်မြင့်သိုင်းသမား တစ်ယောက်သာဆိုလျှင် ထိုလက်ဝါးရိုက်ချက် အထိခံရသည်နှင့် ဓိဝိန်ချုပ်သွားပြီး ဖြစ်ပေမည်။ ဟွယ်ထုမှာ အတွင်းအားကောင်းသောကြောင့် ချက်ချင်း အသက်မပျောက်သေးပေ။

"ဒါ ... ဒါ ဘာသိုင်းပညာလဲ"

မြေကြီးပေါ် ပက်လက်လဲကျနေရာမှ ဟွယ်ထုက အားတင်းကာ မေးသည်။

"မိုးကုပ်စက်ဝိုင်း သန့်စင်အတွင်းအားသိုင်းပညာပဲ"

ထန်ဟန်က ပြန်အဖြေပေးလိုက်သည်။

"အော် ... မင်းက မိုးကုပ်စက်ဝိုင်း သန့်စင်အတွင်းအား သိုင်း တကယ် တတ်နေတာကိုး၊ အင်း"

စကားဆုံးသည်နှင့် ဟွယ်ထုသည် မျက်စိမှိတ်ကာ အသက် ပျောက်သွားသည်။ ဆားကောင်းလိုနှင့် မာလူးကျောက်တို့၏ ကျားပွဲတစ်ပွဲ ပြီးဆုံးသွားသည်။ ကျားပွဲ ပြီးသွားသောအခါတွင်မှ အခန်းထဲတွင် ဟွယ်ထုမရှိဘဲ ပျောက်နေသည်ကို သူတို့နှစ်ယောက် သတိပြုမိကြလေသည်။

"ဟော ... စောစောက ကျောက်ပေါက်ဝနမ်မှာ ဝင်လာတာ မြင်လိုက်သလို ရှိပါတယ်၊ သူက ဂိုဏ်းချုပ်ကြီးရဲ့ ဆင့်ခေါ်အမိန့်



ကို ပြောပြလို့ ဟွယ်ထုတစ်ယောက် လိုက်သွားသလား မသိဘူး၊ ခင်ဗျား ဘယ်လိုကြားလိုက်မိလဲ"

ဆားကောင်းလိုက ပြောသည်။

"ကျုပ်လည်း ကျားပွဲကို အာရုံရောက်နေတာနဲ့ သူတို့ ဘာတွေ ပြောတယ်ဆိုတာကို ကြားတောင် မကြားလိုက်မိပါဘူး၊ ဒါတွေ ထားလိုက်စမ်းပါဗျာ၊ ဟွယ်ထုက ကလေး မဟုတ်ပါဘူး၊ ကိစ္စရှိလို့သွားတာ ဖြစ်မှာပေါ့၊ နောက်တစ်ပွဲ ကစားရအောင်"

"အင်း ... ကစားကြတာပေါ့"

ကျားမျက်လုံး မာဖူးကျောက်သည် ကျားကောင်များကို ကျားကွက်မျဉ်းပေါ်တွင် နေရာချထားမည်အလုပ်တွင် မျက်နှာ ကွက်ခနဲပျက်ကာ သူ၏ တစ်ခုတည်းသော မျက်လုံးတွင်လည်း အရောင်လင်းလက်လာသည်။

"ဟာ ... နားထောင်စမ်း ဘာသံလဲ"

မာလူးကျောက်က အလန့်တကြား ရေရွတ်လိုက်သည်။

"ဟာ ... မီးလောင်နေပြီဗျို့"

မာလူးကျောက်သည် ဆက်လက်အော်ဟစ်ပြီး ထိုင်နေရာမှ ထခုန်ကာ အခန်းအပြင်သို့ ပြေးထွက်သွားသည်။

ဆားကောင်းလိုလည်း မာလူးကျောက်၏နောက်မှ ပြေးလိုက်သွားသည်။ ဤမီးသည် တစ်စုံတစ်ယောက်၏ ပယောဂကြောင့် ပေါ်ပေါက်လာသော ရှို့မီးဖြစ်သည်ကို သူတို့နှစ်ယောက်စလုံး သိလိုက်ကြသည်။

ထိုအချိန်တွင် မိုးကာမစဲပဲ ခပ်ဖွဲဖွဲ ရွာသွန်းနေဆဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဘုံကျောင်း၏ ခေါင်မိုးများပေါ်တွင် မီးလောင်လွယ်သော လောင်စာများကို ကြိုတင်ဖြန့်ထားပြီးမှ မီးရှို့သောကြောင့် မီးအားမှာ တစ်ခဏအတွင်းပင် ကောင်းလာသည်။ မိုးစက်လေးများက မီးကို ပိုတောက်လာအောင် ဖန်တီးပေးသည့်သဘောပင် ဖြစ်နေသည်။

လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြသော လက်မရွံ့သိုင်းသမားများသည် မီးလွတ်ရာ နေရာများတွင် စုရုံးကာ အသင့်ရှိနေကြသည်။

တိုက်ပွဲဝင်ရန် အသင့်အနေအထား ရှိနေကြသော်လည်း မည်သည့်နေရာတွင် ရန်သူကို မည်သို့ရှာ၍ တိုက်ကြမည်ကိုမူ မသိကြ။ မီးနဂါး တုက္ကူးကျက်နှင့် ရွှေနဂါး ဇုက္ကူလဝေတို့လည်း လက်မရွံ့သိုင်းသမားများနှင့်အတူ အသင့်ရှိနေကြသည်။

"ဘာ ရပ်ကြည့်နေကြတာလဲ၊ လူစုခွဲပြီး ရန်သူကို လိုက်ရှာကြပါတော့လား"

ဆားကောင်းလိုက အော်ဟစ် အမိန့်ပေးသည်။

ဆားကောင်းလို၏ အမိန့်ပေးသံအဆုံးတွင် လက်မရွံ့သိုင်းသမားများသည် လက်နက်ကိုယ်စီ ကိုင်စွဲကာ အပြေးထွက်သွားကြရာ ဘုံကျောင်းပရဝဏ်ထဲတွင် လူရိပ်သဏ္ဌာန်များ လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြသည်။

ထိုအချိန်မှာပင် လူရိပ်သဏ္ဌာန်တစ်ခု ရွှေနဂါး တုက္ကူးဝေထံ ခုန်လွှားဝင်ရောက်လာသည်။

"တောက် ... သေချင်လို့ ဒီလို လာစမ်းတာလား"



တုက္ကူးဝေက ဓါးသွတကြီး ရှေ့တက်ကာ အဆိပ်ဆူးချွန်လက်နက်သုံးခုစီဖြင့် ဆီး၍ ပစ်ချလိုက်သည်။ ခုန်လွှားဝင်ရောက်လာသူသည် တုက္ကူးဝေ ပစ်လိုက်သည့် လက်နက်ပုန်းသုံးလုံးအထိခံရကာ ကားခနဲ လဲကျသွားသည်။

နောက်ထပ် လူရိပ်သဏ္ဌာန်တစ်ခု ခုန်လွှားဝင်ရောက်လာပြန်ရာ တုက္ကူးဝေလည်း စောစောကနည်းတူပင် အဆိပ်လက်နက်ပုန်းများဖြင့် ပစ်ချလိုက်ပြန်သည်။

"လက်ယာစစ်ကဲကြီး သတိထားပါ၊ အဲ့ ကျုပ်တို့ဘက်က လက်မရွံ့သိုင်းသမားတွေပါ၊ ရန်သူ့ ပရိယာယ် ထဲကို မဝင်ပါနဲ့"

ကျားမျက်လုံး မာလူးကျောက်က လှမ်းအော် သတိပေးလိုက်သည်။ ထိုအခါတွင် တုက္ကူးဝေသည် မိမိ မဆင်မခြင်ဘဲ လုပ်မိသည်ကိုရက်ကာ မျက်နှာကြီး ရဲခနဲ ဖြစ်သွားသည်၊ စောစောက မိမိ အဆိပ်လက်နက်ပုန်းများနှင့် ပစ်ချလိုက်သည့် လူနှစ်ယောက်မှာ ရန်သူက အကြံပိတ်ကာ မိမိထံ ပစ်ပေါက်လိုက်သည့် မိမိတို့၏ ဘက်တော်သားတွေ ဖြစ်သည်ကိုလည်း တုက္ကူးဝေ သေသေချာချာ သိလိုက်ရသည်။ ထိုအချိန်မှာပင် နောက်ထပ် လူရိပ်သဏ္ဌာန်တစ်ခု ခုန်လွှားဝင်ရောက်လာပြန်သည်။

တုက္ကူးဝေသည် စောစောကလို အလောတကြီး ပစ်ခတ်တိုက်ခိုက်ခြင်းမပြုတော့ဘဲ ထိုသူကို သေသေချာချာ ရှုစမ်းကြည့်လိုက်သည်။ ထိုသူသည် လက်မရွံ့သိုင်းသမားများ၏ဝတ်စုံကို ဝတ်ထားသည်။ ခုန်လွှားဝင်လာသော်လည်း ခြေလက် ကိုယ်ခန္ဓာတို့သည် ကွေးညွတ်လှုပ်ရှားခြင်းမရှိ။ ခပ်တောင့်တောင့်ကြီး ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



တကူးဝေသည် အဆိပ်လက်နက်ဖြင့် ပစ်ခတ်ခြင်းမပြုတော့ပဲ ထိုသူကို ဖမ်းမထိန်းကိုင်မွေးရန် လက်လှမ်းလိုက်သည်။

တကူးဝေ၏ တွက်ချက်အကဲဖြတ်မှု မှားသွားသည်။

တစ်ဖက်လူ၏ ပရိယာယ်ဆင်ကွက်ထဲသို့ တိုးဝင်မိခြင်း မရှိအောင် ရှောင်တိမ်းလိုက်ကာမှ တည့်တည့်ကြီး တိုးဝင်မိသည့် သဘောမျိုး ဖြစ်သွားသည်။

တောင့်တောင့်ကြီး ခုန်ဝင်လာသူသည် တကူးဝေနှင့် လက်တစ်ကမ်းအကွာသို့ရောက်မှ ရုတ်တရက် လှုပ်ရှားလာကာ ပြင်းထန်သော လက်ဝါးတစ်ချက် အနီးကပ် ရိုက်ထုတ်တိုက်ခိုက်လာသည်။

ထိုသူ၏ မျက်နှာကို မမြင်မိသော်လည်း ရိုက်နက်လာသော လက်ဝါးရိုက်ချက် အားအဟုန်ကိုထောက် ထိုလူ မည်သူဖြစ်သည်ကို တကူးဝေက ချက်ချင်း ရိပ်မိလိုက်သည်။

"ဟာ … အိုးယန်ကျွင့်"

တကူးဝေ၏ နှုတ်မှ ထိုအသံ ထွက်သွားချိန်မှာပင် ပြင်းထန်သော လက်ဝါးရိုက်ချက်ကလည်း တကူးဝေ၏ ရင်ဝကို ကန့်ကျနစ် ထိမိသည်။

တကူးဝေသည် ရပ်နေသော နံရံပေါ်မှ အောက်သို့ ပြုတ်ကျသွားသည်။

တကူးဝေကို သုတ်သင် ချေမှုန်းလိုက်သူမှာ ကျားသစ်ပျံ အိုးယန်ကျွင့် ဖြစ်သည်။ သူသည် ထန်တာန် ချမှတ်ပေးခဲ့သော ပရိယာယ် ဆင်ကွက်အတိုင်း လုပ်ဆောင်ခဲ့ရာ တကူးဝေကို အောင်မြင်စွာ ချေမှုန်းပစ်နိုင်ခဲ့သည်။



အိုးယန်ကျွင့်သည် တကူးဝေကို ချေမှုန်းပြီးသည်နှင့် ချက်ချင်းပင် မှောင်ရိပ်ကျရာ နေရာဘက်သို့ ပြေးထွက်သွား၏။

မီးနဂါး တကူးကျက်သည် တကူးဝေ ရပ်နေရာနှင့် မလှမ်းမကမ်းရှိ နံရံပေါ်တွင် ရပ်နေသည်။

အိုးယန်ကျွင့် ပြေးထွက်သွားသည်ကို တွေ့ရသောအခါ နောက်မှ အတင်းပြေးလိုက်ရင်း မိုးကြိုး အဆိပ်လက်နက်ဖြင့် အိုးယန်ကျွင့်ကို လှမ်းပစ်မည်ပြုသည်။

"ဒီနေ့ နဂါးဆိုးနှစ်ကောင် ဇာတ်သိမ်းရမဲ့နေ့ပဲ"

အေးစက်စက် စကားသံနှင့်အတူ အဖြာရောင် အလင်းတန်းတစ်ခု တကူးဝေ လဲကျနေသောနေရာမှ ထွက်ပေါ်လာလေသည်။

ထိုအချိန်တွင် မီးနဂါး တကူးကျက်သည် ထိုနေရာ၏ အပေါ်တည့်တည့်တွင် ရောက်နေပြီး အိုးယန်ကျွင့်ကို အမိလိုက်လံ တိုက်ခိုက်ရန်လည်း စိတ်စောနေသောကြောင့် အနီးကပ် ပစ်ခတ်လာသော လက်နက်ပုန်းကို မည်သို့မျှ မရှောင်နိုင်ပေ။

ထိုလက်နက်ပုန်းသည် တကူးကျက်၏ တင်ပါးကို ထိမှန်သည်။

တကူးကျက် တစ်ကိုယ်လုံး တုန်ယင်ကာ အေးစိမ့်သွားလေသည်။

တကူးဝေ၏ နာမည်ကျော် အရိုးဆွေးသဲမှုန် အဆိပ်လက်နက်ဖြစ်ကြောင်း တကူးကျက် သိလိုက်သည်။ ဒါပေမဲ့ ဘာမှမတတ်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



အေးစိမ့်မှုက ရင်ဘတ်ရှိ နှလုံးသားတိုင်အောင် ချက်ချင်း ရောက်လာပြီး တုကူးကျက်သည် တုကူးဧ ပြုတ်ကျသွားသည့် နံရံနေရာအထက်မှပင် အောက်သို့ ကျသွားပြန်သည်။

တုကူးကျက် အထိခံလိုက်ရသည်မှာ ကောင်းလင်ဖုန်းက တုကူးဧ၏ အလောင်းပေါ်မှယူကာ အပိုင်ပစ်ခတ်လိုက်သည့် အရိုးဆွေးသံမှုန့် အဆိပ်လက်နက် ဖြစ်သည်။

ကောင်းလင်ဖုန်းသည် လက်နက်ပုန်း ပစ်ခတ်မှုတွင် အလွန် ထူးချွန်ကာ အလစ်ဖမ်း၍ အနီးကပ် ပစ်ခတ်ခဲ့မှုဖြစ်သောကြောင့် တုကူးကျက် မရှောင်နိုင်ဘဲ မိုက်ဇာတ်သိမ်းသွားခဲ့ရသည်။

ကောင်းလင်ဖုန်းသည် လက်နက်ပုန်း အပစ်ကောင်းသလို၊ ကိုယ်ဖော့ပညာလည်း ကောင်းသည်ဖြစ်ရာ ပစ်ခတ်ပြီးသည်နှင့် ဆက်ခနဲ ပြေးထွက်ကာ အမှောင်ထဲသို့ တိုးဝင်ပျောက်ကွယ် သွားလေတော့သည်။

ဆားကောင်းလိုနှင့် ကျားမျက်လုံး မာလူးကျောက်တို့ ထိုနေ ရာသို့ ရောက်လာကြသောအခါ တုကူးဧနှင့် တုကူးကျက်တို့၏ အလောင်းများကိုသာ တွေ့ကြရလေတော့သည်။

နန်းဗိမာန်ဂိုဏ်း၏ လျှို့ဝှက်စခန်းထောက် နေရာတစ်ခု ဖြစ်သော ကျောင်းကြီးဘုံကျောင်းသည် မီးလောင်ကာ ပျက်စီး သွားသည်။

နန်းဗိမာန်ဂိုဏ်းမှာ အတော်ပင် အထိနာသွားသည်။

မိုးလင်းသောအခါ ကျောင်းကြီးဘုံကျောင်းနှင့် မလှမ်းမကမ်း တွင် ဟူယိထု၏ အလောင်းကို တွေ့ရပြန်သည်။



စိတ်တိုင်းကျ ပြည့်စုံရွာမှ လူများသည် ကျောင်းကြီးဘုံ ကျောင်း မီးလောင် ပျက်စီးသွားသည်ကို သိပ်အရေးမလုပ်ကြပေ။ ကာရားမွေး လက်ဖက်ရည်ဆိုင် မဖွင့်တော့သည်ကိုသာ ပို၍ စိတ်ဝင်စားနေကြသည်။

ကာရားမွေး လက်ဖက်ရည်ဆိုင် တံခါးပိတ်နေသည့်အပြင် ဆိုင်ရှင် ထောင်စုတို့ ဇနီးမောင်နှံကိုလည်း မမြင်ရတော့ပေ။

ထောင်စုတို့ ဇနီးမောင်နှံ ဘယ်ရောက်ကုန်ကြသနည်းဟု ရွာသူရွာသားများ အမျိုးမျိုး တွေးတောနေကြသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၁)

ပြည့်စုံ စာ.သောက်ဆိုင်ရှေ့တွင် ညီညာပြန့်ပြူးသော မြေကွက်လပ်ကြီးတစ်ခု ရှိသည်။ မြေကြီးကို သေသေချာချာ ဖြူပြင်ထားသည်ဖြစ်၍ မြေမျက်နှာပြင်သည် စည်မျက်နှာပြင်ကဲ့သို့ ဖြစ်နေသည်။

ထိုမြေကွက်လပ်သည် အတော်ပင် အသုံးဝင်သည်။ ဆန်စပါးများ နေလှန်းခြင်း၊ လဟာပြင်ကပွဲများ ပြုလုပ်ခြင်း၊ စုဝေးခြင်း၊ ညှော်ခံပွဲများ ပြုလုပ်ခြင်း စသည့် ကိစ္စအမျိုးမျိုးတို့အတွက် အသုံးပြုနိုင်သည်။

အမျိုးမျိုး အသုံးတည့်သော်လည်း တစ်ချိန်က ဤမြေကွက်လပ်ကို ပြန့်ပြူးနေအောင် မြေညှိဖြူပြင်ခဲ့သူသည် ထိုမြေကွက်လပ်ကို တိုက်ပွဲနေရာတစ်ခုအဖြစ် အသုံးချရန်မှ ရည်ရွယ်ချက် ရှိခဲ့ဟန်မတူပေ။

သည့်နေ့တွင်တော့ ထိုမြေကွက်လပ်သည် ဖြင်းထန်သော သွေးချောင်းစီး တိုက်ပွဲတစ်ခု၏ တိုက်ကွင်းနေရာ အဖြစ်သို့ ရောက်ရှိပေတော့မည်။



ယခုအခါတွင် ရင်ဆိုင်တိုက်ခိုက်ကြမည့် လူအပ်စုနှစ်စုသည် အသီးသီး နေရာယူထားကြပြီး ဖြစ်သည်။ တစ်ဖက်နှင့်တစ်ဖက် လူအင်အားကတော့ မမျှတပေ။

ပြည့်စုံစားသောက်ဆိုင်၏ တံခါးမကြီးရှေ့တွင် နန်းမိမာန်ဂိုဏ်း၏ လက်မရှိသိုင်းသမား နှစ်ဆယ်နှင့် လက်ပါးစေသိုင်းသမား သုံးဆယ်တို့သည် လူဆယ်ယောက်လျှင်တစ်တန်း အတန်းငါးတန်းဖွဲ့ကာ စီတန်းရပ်နေကြသည်။

ထိုသိုင်းသမားတို့၏ရှေ့တွင် လူရှစ်ယောက် ရပ်နေကြသေးသည်။

နန်းရင်ဝန် အမတ်ချုပ်ကြီး ယီထိုက်ဖန်၊ အမတ်ကြီး ပိုင်ထင်တိန်း၊ ကိုယ်ရံတော်ကြီးများဖြစ်ကြသော ဆားကောင်းလို၊ မာလူးကျောက်၊ အပါးတော်မြဲ ရှင်ကျီး၊ ကြက်တံခွန် စေတမန်ခုနစ်ရင်မိန့်ယန်၊ ကြယ်တံခွန် စေတမန်တစ်နှင့် နှစ်တို့ဖြစ်ကြသော မြောင်လူမျိုး အမျိုးသမီးနှစ်ယောက်တို့ ဖြစ်ကြသည်။ တစ်ဖက်အုပ်စုမှာမူ အိုးရန်ကျွင့် အမှူးပြုသော သိုင်းသမား ဆယ်ယောက်ဖြစ်သည်။

နန်းမိမာန်ဂိုဏ်း၏ အဆင့်မြင့်သိုင်းပညာရှင် ရှစ်ဦးကိုဖယ်ထားပြီး လက်မရှိသိုင်းသမား နှစ်ဆယ်နှင့် လက်ပါးစေသိုင်းသမားသုံးဆယ်တို့ ထွက်၍ တိုက်ခိုက်လျှင်ပင် အိုယန်ကျွင့်တို့လူစုမှာ အတော်ပင် အကျဉ်းအကျပ် တွေ့နိုင်သည်။

တစ်ဖက်ရန်သူက အင်အားများသော်လည်း အိုးယန်ကျွင့်တို့က ကြောက်ရွံ့ခြင်း မရှိကြပေ။ အမှန်တရားဘက်မှ ရပ်တည်သူများပီပီ သတ္တိအပြည့် ရှိနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ထန်ဟန်ဆိုတဲ့ကောင်လေး ပါမလာဘူးလား၊ ဘယ်မှာ ပုန်းကျန်နေခဲ့သလဲ"

ဆားကောင်းလိုက အိုးယန်ကျွင့်ကို လှမ်းမေးသည်။

"သူ ရှိပါတယ်၊ ခင်ဗျားတို့ရဲ့ ဂိုဏ်းချုပ်ကြီး ထွက်လာတာနဲ့ သူလဲ ထွက်လာဝါလိမ့်မယ်၊ ခင်ဗျားတို့လို နောက်လိုက်တွေနဲ့ ရင်မဆိုင်ချင်ဘူး၊ ဂိုဏ်းချုပ်ကြီး လုပ်တဲ့လူနဲ့မှ ရင်ဆိုင်လိမ့်မယ်"

အိုးယန်ကျွင့်က ပြန်ဖြေသည်။

"တယ် ... စခန်းကြီးနေပါလား၊ ထားပါတော့လေ၊ ခင်ဗျားကတော့ ကျုပ်နဲ့ ရင်ဆိုင်ရဲလား"

"အဆင်သင့်ပါပဲ"

ထို့နောက် ဆားကောင်းလိုနှင့် အိုးရန်ကျွင့်တို့နှစ်ယောက်လုံးသည် အသီးသီး ရှေ့ဘက်သွားကြသည်။ နှစ်ယောက်သား ရင်ဆိုင်မိသည်နှင့် စကားပင် မဆိုးကြတော့ပဲ အပြင်းအထန် တိုက်ခိုက်ကြလေတော့သည်။

နန်းဗိမာန်ဂိုဏ်းတွင် နန်းရင်ဝန်အမတ်ချုပ်ကြီး၊ အမတ်ကြီးနှင့် ကိုယ်ရံတော်ကြီးများသည် ရာထူးအဆင့်ချင်း မတိမ်းမယိမ်း ရှိသူများ ဖြစ်ကြသည်။ ယခု ကိုယ်ရံတော်ကြီး ဆားကောင်းလိုက ဖွင့်ဦးထွက် စတင်လိုက်ပြီဖြစ်ရာ ထုံးစံအရဆိုလျှင် ယီထိုက်ဖိန်နှင့် ပိုင်ထင်တီန်းတို့ကလည်း ထွက်ကာ စိန်ခေါ် တိုက်ပွဲဝင်ကြတော့မည်ဖြစ်သည်။

သူတို့နှစ်ယောက်လုံးသည် ကောက်ကျစ်ဉာဏ်များသူများ ဖြစ်ကြသည်။ ယနေ့ ရောက်ရှိလာကြသူများသည် အင်အားနည်း



သော်လည်း အနောက်တိုင်း သိုင်းပညာ ထူးချွန်ပြီး သတ္တိဗျတ္တိပြည့်စုံကြောင်းကို ယီထိုက်ဖိန်နှင့် ပိုင်ထင်တီန်းတို့က ကောင်းကောင်းအကဲခတ်မိသည်။

ထို့ကြောင့် သူတို့နှစ်ယောက်သည် အတာတ်နိုင်ဆုံး ချိုထားရန် စိတ်ကူးကာ တိုက်ပွဲဝင်ခြင်း မပြုသေးဘဲ အကဲခတ်သလိုသာ ရပ်ကြည့်နေကြသည်။

ရှင်ကျီးမှာမူ မိမိ၏အစွမ်းကို ပြလိုလှသူဖြစ်ရာ ဒုန်ခါတာကို ဟန်ပါပါ ဇွေ့ယမ်းရင်း ရှေ့သို့ ခြေလှမ်းတက်သွားလေသည်။

ရှင်ကျီးသည် ခြေလှမ်းကိုရပ်ကာ တစ်ဖက်လူများကို စိန်ခေါ်တော့မည်အပြုတွင် မြင်းခွာသံ တဖြောင်းဖြောင်းနှင့်အတူ မြင်းစီးသမားတစ်စု မြင်းများကို အပြင်းစိုင်းနှင်ကာ ရောက်လာကြသည်။

ထိုမြင်းစီးသမားတစ်စုတို့မှာ။ စုစုပေါင်း (၃၇)ဦး ဖြစ်ပြီး ရှေ့လုံးရှင် ကိုးရန်မိန်က ဦးဆောင်လာသည်။ သူနှင့်အတူ ပါလာသူများမှာ မြေပြန့်လုံသမား (၃၆)ယောက်တို့ပင် ဖြစ်ကြသည်။

နှစ်ဖက်လုံးက ကိုးရန်မိန်ကို အကဲခတ်သလို ကြည့်နေကြသည်။ ကိုးရန်မိန်သည် နောက်လိုက်များကိုပါခေါ်ကာ အင်အားအပြည့်နှင့် ရောက်လာခြင်းသည် မည်သည့်ဘက်က ပါဝင်ကူညီရန်ဖြစ်မည်ကို သူတို့ သိချင်နေကြသည်။

ကိုးရန်မိန်သည် နန်းဗိမာန်ဂိုဏ်းဘက်မှ ကူညီရန် ရောက်လာခြင်းလည်း ဖြစ်နိုင်သလို အိုးရန်ကျွင့်တို့ဘက်မှ ပါဝင်တိုက်ခိုက်ပေးရန် ရောက်လာခြင်းလည်း ဖြစ်နိုင်သည်။ ထို့ပြင် ကြားဝင်ကာ ဖျန်ဖြေပေးဖို့လည်း ဖြစ်နိုင်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုးရန်မိန်သည် ရွှေရောင်လက်နေသော လှံတံကို ဖြောက်ကာ မြင်းကို အပြင်းစိုင်းနှင်လာနေရာမှ ရှင်ကျိုး၏ရှေ့တွင် မြင်းကို ဇက်သတ်ရပ်လိုက်သည်။ မြင်းကြီး တုံ့ခနဲ ရပ်သွားချိန်မှာပင် ရွှေရောင်ကလည်း လက်ခနဲဖြစ်ကာ လှံသွားက ရှင်ကျိုးကို ထိုးစိုက်မိသွားသည်။

ဤသည်မှာ ကိုးရန်မိန်က မိမိ မည်သည့်အတွက် ရောက်လာကြောင်း လက်ဆောင်သက်သေပြလိုက်ခြင်း ဖြစ်သည်။

ကိုးရန်မိန်က ထိုသို့ စတင်လိုက်သည်နှင့် မြေပြန့်လှံသမား (၃၆)ဖော်တို့ကလည်း တိုက်ပွဲဝင်ကြလေတော့သည်။

မြေကွက်လပ်ထဲတွင် ဖုန်မှုန့်များ ပြန့်တက်လာသလို အော်ဟစ်တိုက်ခိုက်သံများ စီစီညံသွားသည်။

သွေးချောင်းစီးမည့် တိုက်ပွဲကြီးက တကယ်ပင် စတင်လာလေပြီ။ အစပိုင်းတွင် အိုးယန်ကျွင့်တို့ထက် နန်းဗိမာန်ဂိုဏ်းက လူအင်အား အဆများစွာ သာလွန်နေသည်။ ယခု ရွှေလှံရှင် ကိုးရန်မိန်တို့လူစု ရောက်လာသောအခါတွင်မူ အခြေအနေ တစ်မျိုး ဖြစ်သွားသည်။

မြင်း၊ လူနှင့် လှံတံတို့ သုံးခု ပူပေါင်းတိုက်ခိုက်မှုက အင်အားကြီးမား ပြင်းထန်လှပေသည်။

တိုက်ပွဲစပြီး မကြာခင်မှာပင် လက်ပါးစေ သိုင်းသမား တစ်ဝက်ကျော် ကျသွားပြီး လက်မရှိသိုင်းသမားများလည်း အတော်ပင် အထိနာကုန်သည်။

ရှင်ကျိုးမှာလည်း ကိုးရန်မိန်၏ လှံချက်ကြောင့် အသက်ပျောက်သွားခဲ့လေပြီ။



တိုက်ပွဲသည် အလွန် ပြင်းထန်လာသည်

လီပေါက်နှင့် ဖန်းရှယွင်းတို့ လင်မယားက ကျားမျက်လုံး မာလူးကျောက်ကို ဝိုင်းညှပ်တိုက်နေသည်။

လီပေါက်တို့ လင်မယားသည် သိုင်းပညာချင်း တူညီကြရုံသာမက သိုင်းထွာကိုလည်း အတူ လေ့ကျင့်ခဲ့ကြရာ လင်မယား နှစ်ယောက် ပူပေါင်းတိုက်ခိုက်မှုသည် အလွန်ပင် အံကွက်ကျကာ မာလူးကျောက်ကို ကောင်းကောင်း ထိန်းချုပ် တိုက်ခိုက်နိုင်သည်။

မိုမဘား ချောင်လှုဝင်းနှင့် ဝိညာဉ်ဓား ဟွမ်ယျှီယီတို့သည် ပိုင်ထင်တိန်းကို ဘယ်ညာညှပ်ကာ တိုက်ခိုက်နေသည်။ ပိုင်ထင်တိန်းသည် လက်နက်မဲ့ဖြင့် သူတို့နှစ်ယောက်ကို ရင်ဆိုင်နေသည်။

ပိုင်ထင်တိန်းသည် လက်နက် မသုံးသော်လည်း၊ သူ၏ လိပ်ပြာလက်ဝါးသိုင်းသည် ဓားမပါ ဂိုဏ်းမှူးကြီး နှစ်ယောက်ကို အသက်ရှူမှားလောက်အောင် လွှမ်းမိုး ခြိမ်းခြောက်နေသည်။

ကြာကြာတော့ ရင်ဆိုင်ခြင်း မပြုနိုင်။ သိုင်းကွက်သုံးကွက် အကျော်တွင် ချောင်လှုပင်း၏ ရင်ဘတ်ကို လက်ဝါးရိုက်ချက် တစ်ချက် ထိသွားပြန်သည်။

"ချောင်လှုပင်း တောင့်ထား၊ ကျုပ်လာပြီ"

အော်ဟစ် ပြောဆိုသံနှင့်အတူ ရွှေရောင် လက်ခနဲဖြစ်ကာ ရွှေလှံရှင် ကိုးရန်မိန်သည် ချောင်လှုဝင်း၏ဆီသို့ ရောက်လာကာ ပိုင်ထင်တိန်းကို ဝင်တိုက်ခိုက်သည်။

ကိုးရန်မိန် ဖါဝင်ကူညီပေးလိုက်မှုကြောင့် ချောင်လှုပင်း အပေါ် ဖိနှိပ်ထားသော လက်ဝါးရိုက်ချက်များ အတော်ပင် လျော့ပါးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် တဝုန်းဝုန်း လက်ဝါးရိုက်သံများ ရုတ်တရက် ပေါ်လာကာ တိုက်ပွဲအခြေအနေလည်း တစ်မျိုးပြောင်းသွားသည်။

နန်းဗိမာန်ဂိုဏ်း၏ ဂိုဏ်းချုပ် ကေရာစ်မင်းကိုယ်တိုင် တိုက်ပွဲဝင်လာပြီ ဖြစ်သည်။

ကေရာစ်မင်းသည် ငွေရောင်ဝတ်စုံကိုဝတ်ကာ မျက်နှာတွင် ရွှေရောင်တောက်နေသော မျက်နှာဖုံး တပ်ဆင်ထားသည်။

ကေရာစ်မင်း၏ လက်ဝါးရိုက်ချက်များက ပြင်းထန်လှသည်။ သူပေါ်ထွက်လာပြီး တစ်ခဏအတွင်းမှာပင် မြေပြန့်လုံသမားခြောက်ယောက် လက်ဝါးရိုက်ချက် အထိခံရကာ မြင်းပေါ်မှ ထိုးကျကုန်သည်။

လက်မရှိသိုင်းသမားနှင့် လက်ဝါးစေသိုင်းသမား လေးပုံသုံးပုံကို ချေမှုန်းပစ်ခဲ့ရာတွင်ပင် မြေပြန့်လုံသမား တစ်ဆယ့်သုံးဦးသာ ထိခိုက်ကျဆုံးခဲ့သည်။

ယခု ကေရာစ်မင်းတစ်ယောက်တည်းလက်ချက်ဖြင့် မြေပြန့်လုံသမားခြောက်ယောက် ကျဆုံးခြင်းမှာ ကြောက်စရာကောင်းလှပေသည်။

ကိုးရန်မိန်တို့ဘက်မှလူများ ထိတ်လန့်ကုန်ကြသလို နန်းဗိမာန်ဂိုဏ်းမှ သိုင်းသမားများသည် တုန်လှုပ်ကုန်ကြလေသည်။

သူတို့သည် ကေရာစ်မင်း၏ သိုင်းပညာစွမ်း မြင့်မားကြောင်း ကြားသိထားကြသော်လည်း ဤမျှလောက် ပြင်းထန်ကြမ်းတမ်းမည်ဟူ၍ မထင်မိကြပေ။

ထိုအချိန်မှာပင် အော်သံရှည်တစ်ခု ပေါ်လာပြီး တိုက်ပွဲဖြစ်နေရာမြေကွက်လပ်ထဲသို့ ထန်ဟာန် ပြေးဝင်လာသည်။



နှစ်ဖက်လုံးရှိ လူအသီးသီးတို့သည် မိမိတို့၏ တိုက်ခိုက်မှုများကို ရပ်တန့်လိုက်ကြသည်။

ယနေ့တိုက်ပွဲ၏ အနိုင်အရှုံးကို ကေရာစ်မင်းနှင့် ထန်ဟာန်တို့ နှစ်ယောက်၏ သိုင်းပညာအရည်အချင်းက ဆုံးဖြတ်ပေးမည်ကို သူတို့အားလုံး နားလည်ကြသည်။

အကယ်၍ ထန်ဟာန် အရေးနိမ့်သွားလျှင် အိုးယန်ကျွင့်တို့ဘက်မှ ကေရာစ်မင်းကို မည်သူမှ ရင်ဆိုင်တိုက်ခိုက်နိုင်မည်မဟုတ်။ အကြီးအကျယ် အရေးနိမ့်ပေမည်။

အကယ်၍ ကေရာစ်မင်း အရေးနိမ့်လျှင် နန်းဗိမာန်ဂိုဏ်းမှ ထန်ဟာန်ကို ယှဉ်နိုင်မည့်သူလည်း ရှိမည်မဟုတ်ပေ။

ထန်ဟာန်သည် ကေရာစ်မင်းရှေ့သို့ ရောက်သည်နှင့် ဘယ်ညာလက်ဝါးနှစ်ဖက်ကို ဆန့်ထုတ်ကာ လက်ဝါးနံ့ရိုက်ချလိုက်သည်။

ကေရာစ်မင်းကလည်း လက်ဝါးနှစ်ဖက်ကို ပြန်ဆန့်ထုတ်လျက် ထန်ဟာန်၏ လက်ဝါးရိုက်ချက်ကို ဆီးကြို ခံဆောင်လိုက်သည်။

ထန်ဟာန်၏ လက်ဝါးရိုက်ချက်နှင့် ကေရာစ်မင်း၏ လက်ဝါးရိုက်ချက်များသည် ဆိုင်မိသည်။ ထို့နောက် နှစ်ယောက်သား လက်ဝါးများ တစ်ခုနှင့်တစ်ခု ထိကပ်ကုန်သည်။

သူတို့နှစ်ယောက်လုံးက လက်ဝါးရိုက်ချက်သည် အလွန်မြန်ကာ အားအင်လည်းပြည့်သည်။ လက်ဝါးရိုက်ချက်များ ရိုက်ထုတ်လိုက်သည်ကို မည်သူမှမတွေ့ရဘဲ နှစ်ယောက်သား လက်ဝါးချင်းထိကပ်သွားတော့မှပင် တွေ့မိမြင်မိကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြေကွက်လပ်တစ်ခုလုံး တိတ်ဆိတ်နေသည်။ ကျောက်စိမ်း နှင့် ထန်ဟန်တို့သည် သိုင်းပညာယှဉ်ပြိုင်မှုတွင် အပြင်းထန်ဆုံးနှင့် ကြောက်စရာအကောင်းဆုံးဖြစ်သော အတွင်းအား ယှဉ်ပြိုင်မှု အဆင့်အသက်က သိုင်းသမားအားလုံးတို့အပေါ် လွှမ်းမိုးနေသည်။

နှစ်ယောက်စလုံးမှ သိုင်းသမားများသည် ကိုယ်တိုင် တိုက်ပွဲမဝင်ကြရသော်လည်း မိမိတို့ကိုယ်တိုင် တိုက်ပွဲဝင်နေကြရဘိသကဲ့သို့ စိတ်လှုပ်ရှားနေကြသည်။

သူတော်စင်မိကျုံး သေဆုံးသွားပြီးနောက် သိုင်းလောကတွင် မိုးကုပ်စက်ဝိုင်း သန့်စင်အတွင်းအားသိုင်း တတ်မြောက်သူအဖြစ် ထန်ဟန်နှင့် ကျောက်စိမ်းတို့နှစ်ဦးသာ ကျန်နေတော့သည်။

ယနေ့ ယခု သူတို့နှစ်ယောက် ရင်ဆိုင်မိကြလေပြီ။

ကျောက်စိမ်းသည် မိုးကုပ်စက်ဝိုင်း အတွင်းအားသိုင်းပညာကို ရရှိခဲ့သော်လည်း အသက်အရွယ်ကြီးမှ လေ့ကျင့်ယူရသောကြောင့် သိုင်းပညာ အပြည့်အဝ အလုံးစုံလေ့ကျင့်နိုင်ခြင်းမရှိ။ ဆယ်ပုံခြောက်ပုံခန့်သာ လေ့ကျင့်အောင်မြင်ခဲ့လေသည်။

ထန်ဟန်မှာမူ သူတော်စင် မိကျုံးကိုယ်တိုင် အမွေပေးသင်ပြခဲ့ပြီး အသက်ငယ်ရွယ်စဉ်တွင် လေ့ကျင့်သင်ယူရသောကြောင့် မိုးကုပ်စက်ဝိုင်း သန့်စင်အတွင်းအားသိုင်းကို အပြည့်အဝ တတ်မြောက်သည်။

သိုင်းပညာတွင် ထန်ဟန်က သာလွန်သည်ဟု ဆိုရပေမည်။

သို့ရာတွင် ကျောက်စိမ်းသည် အသက်အရွယ်ကြီးသည်နှင့်အမျှ အတွင်းအားအခြေခံက ထန်ဟန်ထက် ပိုမိုနက်ရှိုင်း ခိုင်ခံ့သည်။



မိုးကုပ်စက်ဝိုင်း သန့်စင်အတွင်းအားသိုင်း ၏ စွမ်းအင်ကို လေးလေးနက်နက် ထိထိရောက်ရောက် အသုံးချနိုင်မှုတွင် ကျောက်စိမ်းက သာလွန်သည်ဟု ပြောနိုင်သည်။

တစ်ဦးစီတွင် သာကွက်တစ်မျိုးစီရှိနေရာ သူတို့နှစ်ယောက်သည် လက်ရည်ညီကြသည့် အခြေအနေမျိုးတွင် ရှိနေပေသည်။

လက်ဝါးချင်းဆိုင်ကာ အတွင်းအားချင်း ယှဉ်ပြိုင်ရာတွင် သိုင်းပညာစွမ်းထက် အတွင်းအား နက်ရှိုင်းခိုင်ခံ့မှုက ပို၍ အရေးကြီးပေရာ ရင်ဆိုင်မှု အချိန်ကြာလာလျှင် ထန်ဟန်အတွက် အရေးရှုံးနိမ့်ရန် အခွင့်အလမ်း ပိုများပေသည်။

ထန်ဟန်အနေဖြင့် အချိန်တိုအတွင်း အရှုံးအနိုင် အပြေပေါ်အောင် လုပ်ဆောင်မှသာ ဖြစ်ပေမည်။

ထိုအချိန်တွင် ကျောက်စိမ်းအနီးတွင် ငင်မိန်ယန်ရှိနေပြီး ထန်ဟန်၏အနားတွင် အိုက်ထာရင့် ရှိနေသည်။

* * *

အချိန် တရွေ့ရွေ့ ကုန်လွန်သွားသည်။

ထန်ဟန်၏ မျက်နှာပေါ်တွင် ချွေးရောင်များလျှမ်းကာ နီးမြန်း၍ လာသည်။ ဆန့်တန်းကာ ဖိတွန်းထားသည့် လက်မောင်းနှစ်ဖက်မှာလည်း တဆတ်ဆတ် တုန်ယင်လာသည်။

နှန်းငီမာန်ဂိုဏ်းဘက်မှ ဘက်တော်သားတွေ ခမ်းသာအားတက်လာကြသည်။ အကယ်၍ အတွင်းအား ယှဉ်ပြိုင်နေမှုကို အနေအထားအတိုင်း အဆုံးသတ်ရမည်ဆိုလျှင် အနှောင့်အယှက် ဖြစ်မည်စိုး၍ အသံတိတ်နေခြင်း မဟုတ်လျှင်

www.burmeseclassic.com

www.burmeseclassic.com



နန်းဗိမာန်ဂိုဏ်း၏ ဘက်တော်သားများသည် အော်ဟစ်ခုန်ပေါက်နေကြသည်။

အိုးယန်ကျွင့်တို့တစ်တွေမှာမူ မျက်နှာပျက်နေကြသည်။ အလွှန်လည်း စိုးရိမ်ထိတ်လန့်နေကြသည်။ ထန်ဟာန်၏အနားတွင် ရပ်နေသော အိုးယန်ကျွင့်သည် အသက်စွန့်ကာ ကေရာဇ်မင်းကို အတင်း ဝင်ရောက်တိုက်ခိုက်ရန်ပင် ဆုံးဖြတ်ထား၏။

ထိုအချိန်မှာပင် အခြေအနေက တစ်မျိုးပြောင်းသွားတော့၏။

ကေရာဇ်မင်းသည် နောက်သို့ ခြေလှမ်းတစ်လှမ်း ဆုတ်သွားရသည်။ ထို့နောက် နှစ်လှမ်း၊ သုံးလှမ်း စုစုပေါင်း ငါးလှမ်းတိတိ ဆုတ်သွားသည်။

ထန်ဟာန်သည် ဖိကပ်ထားသော လက်ဝါးများကို မကွာစေဘဲ ရှေ့သို့ဆက်ကာ တိုး၍လိုက်ပါသွားသည်။

အသက်အရွယ်ကြီးပြီး အတွင်းအားအခြေခံ နက်ရှိုင်းခိုင်မာသော ကေရာဇ်မင်းသည် အတွင်းအား ရင်ဆိုင်ယှဉ်ပြိုင်မှုတွင် အချိန်ကြာလာသည်နှင့်အမျှ အသာစီးရ၍ လာသည်။ ထန်ဟာန်သည် ကေရာဇ်မင်း၏ နက်ရှိုင်းခိုင်မာသော အတွင်းအားတို့၏ ဖိနှိပ်မှုကို အထူးပင် အားတင်းကာ ခံနေရသည်။

ဤသို့ဖြင့် အနိုင်အရှုံး အဆုံးအဖြတ်ပေးတော့မည့်အချိန်တွင် ကေရာဇ်မင်း၏ ကိုယ်ခန္ဓာအတွင်း အတွင်းအားလည်ပတ်မှုသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားသည်။

သည်လိုအခြေအနေမျိုး ဖြစ်လာလိမ့်မည်ဟု ကေရာဇ်မင်းမှာ လုံးဝ မထင်ခဲ့ပေ။



ဤလို အခြေအနေမျိုး ပေါ်ပေါက်လာရခြင်းမှာ မည်သူမပြု မိမိမှုဆိုသလို ကေရာဇ်မင်း၏ စည်းစိမ်ခံမှု လွန်ခဲ့သောကြောင့် ဖြစ်သည်။

တိုးရန်မိန်တို့အုပ်စု ရောက်လာပြီး နန်းဗိမာန်ဂိုဏ်း၏ ဘက်တော်သားများ အခြေယိုင်လာသည့်အခါတွင် ကေရာဇ်မင်းသည် မတတ်သာတော့ အပြင်ထွက်လာကာ ထိုးပွဲဝင်ခဲ့ရသည်။

စည်းစိမ်ခံ အပျော်လွန်ခဲ့မှုကြောင့် အတွင်းအားချင်း အကြိတ်အနယ် ပြိုင်ဆိုင်ရသည့်အခါတွင် ကေရာဇ်မင်း၏ အတွင်းအားလည်ပတ်မှုကို တစ်မျိုးတစ်ဖုံ လမ်းကြောင်းလွဲသွားစေခဲ့သည်။

ကေရာဇ်မင်းသည် ကိုယ်ခန္ဓာအတွင်း သွေးလည်ပတ်မှုများကို မထိန်းနိုင်ဘဲ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာသည်။ တုန်ခါလွန်းသောကြောင့် မျက်နှာတွင် တပ်ဆင်ထားသော ရွှေရောင်မျက်နှာဖုံးပင် ပြုတ်ကျကာ ကေရာဇ်မင်း၏ ပင်ကိုမျက်နှာ ပေါ်လာသည်။

ကေရာဇ်မင်း၏မျက်နှာမှာ ချင်းချင်းနီနေသည်။ မျက်လုံးများပြူးကာ ပါးစပ်ကလည်း စောင်းရွဲ့၍နေသည်။ ကိုယ်ခန္ဓာအတွင်း သွေးလေလည်ပတ်မှု မမှန်တော့သောကြောင့် မျက်နှာအမူအရာလည်း ဆိုးရွား၍နေသည်။

ထန်ဟာန်မှာမူ မျက်နှာနီသော်လည်း ကေရာဇ်မင်းလို ပုံပျက်ခြင်းမရှိ။ လက်မောင်းနှစ်ဖက် တုန်ယင်နေသော်လည်း တစ်ကိုယ်လုံး တုန်ခါခြင်းမရှိ။

မည်သူကနိုင်၍ မည်သူက ရှုံးသည်ဆိုခြင်းမှာ ထင်ရှားသိသာနိုင်နေပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဖေဖေမလာနဲ့၊ ထန်ဟာန် အရမ်းမလုပ်ပါနဲ့ရှင်၊ အဲဒါ ကျွန်မ ဖေဖေပါ"

အလန့်တကြား အော်ဟစ်လိုက်သော အမျိုးသမီး တစ်ယောက်၏အသံ ရုတ်တရက် ပေါ်လာသည်။

အော်ဟစ်လိုက်သူမှာ လီပေါက်၏ဇနီး ဖန်ရှုယွင်းပင် ဖြစ်သည်။ ဖန်ရှုယွင်းက မိမိ၏ဖခင်ဟု ပြောဆိုလာသည့်အတွက် နန်းဗိမာန်ကိုထား၍ ကေရာစ်မင်းမှာ မိုးကြိုးကိုထားချုပ် ဖန်ကျုန်း ဖူးဖြစ်ကြောင်း ထင်ရှားသိသာနိုင်ပေပြီ။

ထန်ဟာန်သည် ကေရာစ်မင်းကို အသေသတ်ဖြတ်လိုသည့် စိတ် မရှိပေ။ တရားဥပဒေလက်တွင်းသို့သာ အပ်နှံလိုသည်။

ယခုအခါတွင် မိမိဘက်မှ အနိုင်ရကြောင်း ထင်ရှားနေပြီး ကေရာစ်မင်းမှာလည်း ဖန်ရှုယွင်း၏ဖခင် ဖြစ်သောကြောင့် သက်ညှာသည့်အနေဖြင့် ရှေ့သို့ခုန်တက်ကာ ထန်ဟာန်၏ အတွင်း အားကိုဖြေလျှော့ကာ ဖိတွန်းသောလက်ကို ပြန်ရုပ်လိုက်သည်။

ထန်ဟာန်၏ သက်ညှာပေးလိုက်မှုကို ကေရာစ်မင်းက အခွင့်ကောင်းယူကာ ထန်ဟာန်ကို လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

ထန်ဟာန် မရှောင်နိုင်။ ရင်ဘတ်တွင် လက်ဝါးရိုက်ချက် အထိခံရကာ ပက်လက်လန် လဲကျသွားသည်။ ကေရာစ်မင်းသည် ပွဲသိမ်းတိုက်ကွက် ဆင်သည့်အနေဖြင့် ရှေ့ခုန်တက်ကာ ထန်ဟာန်၏ လည်ပင်းကို ခြေထောက်ဖြင့် နင်းချသည်။

ထန်ဟာန်မှာ လက်ဝါးရိုက်ချက်ကြောင့် အသက်ရှုကျပ် နေသည့်အတွက် ကေရာစ်မင်း၏ ဆောင့်နင်းလာချက်ကို ခုန် ရှောင်တိမ်းခြင်း မပြုနိုင်ပေ။



ထိုအချိန်မှာပင် စားရောင်လက်ခန့်ဖြစ်ကာ ထန်ဟာန်ရှိရာသို့ ခုန်ဝင်လာသော ကေရာစ်မင်းသည် ထန်ဟာန်ထံသို့ မရောက်တော့ဘဲ မြားမှန်သည့်ငှက်ငယ်လို မြေကြီးပေါ် တုံးခနဲ ကျသွားသည်။

မြေကြီးပေါ်သို့ကျသည်နှင့် ကေရာစ်မင်းမှာ အသက်ပျောက် သွားသည်။

မထင်မှတ်သော တိုက်ခိုက်မှုကို ခံလိုက်ရသည့်အတွက် ကေရာစ်မင်းမှာ မိမိကို သုတ်သင်လိုက်သူမှာ မည်သူမည်ဝါဖြစ်သည် ဆိုခြင်းကိုပင် သိမသွားခဲ့ပေ။

အခြားလူများကတော့ ကေရာစ်မင်းကို ချုပ်ကိုင်းသုတ်သင် လိုက်သူ မည်သူမည်ဝါဖြစ်သည်ကို ကောင်းစွာ တွေ့မြင်လိုက်ကြ သည်။

မြင်ရသူအပေါင်းမှာ အထူးပင် အံ့အားသင့်သွားကြသည်။

ထိုသူမှာ ကြယ်တံခွန်စေတမန်ခုနစ် ရင်မိန်ယန်ပင် ဖြစ်ပေ တော့သည်။

* * *

"ရင်မိန်ယန် မင်းက သစ္စာဖောက်တယ်ပေါ့"

ပိုင်ထင်တိန်းက ဒေါသတကြီး အော်ပြောသည်။

"ကျွန်တော် သစ္စာမဖောက်ပါဘူး၊ ကျွန်တော်ဟာ နေပြည် တော်က အထူးတာဝန်ပေး စေလွှတ်ထားတဲ့ လျှို့ဝှက်အထောက် တော်တစ်ယောက်ဖြစ်ကြောင်း ခင်ဗျား မသိလို့ပါ"

ရင်မိန်ယန်က လေသံအေးအေးဖြင့် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကေရာစ်မင်း သေဆုံးသွားပြီးနောက် နန်းဗိမာန်ဂိုဏ်း၏ ဘက်တော်သားများသည် ဆက်လက် ခုခံတိုက်ခိုက်ခြင်းမပြုကြ တော့ပေ။

ထန်ထန်တို့သည် နန်းဗိမာန်ဂိုဏ်းဝင် သိုင်းသမားဆိုးများ ကို လက်ရဖမ်းဆီးလိုက်နိုင်ကြသည်။

နန်းဗိမာန်ဂိုဏ်းကြီးကို ပြိုခွဲချေမှုန်းနိုင်ခြင်းဖြင့် သိုင်းလောက ၏ ဘေးဆိုးဗိုဏ်းကြီးတစ်ခုကို ကာကွယ်တားဆီးနိုင်ခဲ့ကြလေသည်။

ထန်ဟန်တို့သည် ဖမ်းဆီးရမိထားသူများကို ခေါ်ဆောင် ကာ ရှင်ချန်မြို့သို့ ထွက်လာခဲ့ကြသည်။

ရှင်ချန်မြို့တွင် မိမိအလာကို စောင့်မျှော်နေလေသော ကြေးခေါင်းမျိုး ချန်ဝမ်လန် ရှိနေသည်ကို မမေ့ပေ။

* * *

ပြီးပါပြီ

တက္ကသိုလ်ဝင်းကြွယ်

ရွှင်လန်းချမ်းမြေ့ကြပါစေ။

BURMESE CLASSIC

www.burmeseclassic.com